
# ရွှေသွေး
ဂျာနယ်

ပေါင်းချုပ်



အတွဲ ၃ အမှတ် ၂၇ မှ အတွဲ ၃ အမှတ် ၅၂ ထိ

အတွဲ-၃၊ အမှတ်-၂၇၊

ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ ဝါဆိုလဆန်း ၁၁ ရက် (၃-၇-၇၀)


# ရဲရွှမ်းသတ္တိ

ဇာတ်လမ်း ဂယက်နီ
ပန်းချီ ဦးစိန်



မိုးဟိန်းသည် လယ်တဲအပြင်သို့ ထွက်လာပြီး ခပ်လှမ်းလှမ်းတွင် မြေဩဇာချနေသော သူ့ဖခင်အား လှမ်းမျှော်ကြည့်နေသည်။ ဝင်လုဆဲ နေလုံးကြီးမှာ နီရဲနေလေ၏။




ထိုအခိုက် ကျယ်လောင်သောသေနတ်သံများပေါ် ထွက်လာသည်။ မိုးဟိန်း၏ ဖခင် ဦးဘအောင်သည် လှည်းကိုအပြင်းမောင်းလာသည်။

စနေနေ့တိုင်း ထုတ်ဝေသည်။



ဒိုင်း
ဟေ့သား ဘာငိုင်
နေတာလဲ ဝပ်လေ
ဒိုင်း
ဒိုင်း
ဒိုင်း
ဒိုင်း
ဒိုင်း
ဘာဖြစ်လို့ ထလာတာ
လဲ သေချင်လို့လား
အဖေ ကလဲဗျာ သေနတ်သံ
တွေ ဝေးပါတယ်
အစိုးရတပ်နဲ့ နောက်ပိုင်းက
လူတွေ တိုက်ပွဲဖြစ်တာကွ
ဒိုင်း
ဟာ ထမင်းအိုး တူးနေပြီ
တဲပြင်သို့ ထမင်းအိုးတူးနံ့ ထွက်လာသဖြင့် မိုး
ဟိန်းသည် တဲအတွင်းသို့ ဝင်ပြေးလေ၏။
ငါ ကိုထွန်းဘောင်
တဲကိုသွားလိုက်အုံး
မယ်
ဟုတ်ကဲ့


တိုက်ပွဲဟာ သိပ်မဝေးဘူးကွ မြောက်ဖက် ငရဲ့ ဒိုင်လောက်မှာ ဖြစ်ထာ တဲထဲမှာဘဲနေ နော်
ဟုတ်ကဲ့
အဖေမရှိတုန်းငှက် ထောင်ချောက်ကို သွားကြည့်မှဘဲ
မိုးဟိန်းသည် တောစပ်တွင် ထောင်ထားသော သူ၏ ငှက်ထောင်ချောက်ကို အမှတ်ရလာသည်။
ထို့နောက် သူသည် လဟာတောစပ်သို့ဦးတည် ပြေးခဲ့လေသည်။
ဟာ ငှက်လဲ မမိပါလား
ငှက်ထောင်ချောက်ကိုသူမြင်ရပေပြီ။ အထဲတွင် ငှက်မတွေ့၊ သို့သော် တခါးကို ပိတ်လျက် တွေ့ရသည်။
ငှက် လွတ်သွားတာကိုး..တောက်!
ဘာသံပါလိမ့်
ချွတ်
ချွတ်




နွားများလား
ချွတ်
ချွတ်
ထိုအခိုက် အခြားချုံတခုမှ ချွီး ချွီး ချွတ် ချွတ် အသံများ ပေါ်ထွက်လာသည်။
သူသည် လေးခွကို အသင့်ပြင်လျက် အသံလာရာသို့ စူးစိုက်ကြည့်နေစဉ်။
ဟာ! လူသံ ပါလား
ကျွတ် ကျွတ်
ချုံထဲက ဘယ်သူလဲ
ဘယ်သူလဲလို့ မေး နေတာ မကြားဘူးလား လေးခွ နဲ့ပစ်လိုက်ရ မလား
ဟာ
ထိုအခါမှ ချုံသည် လှုပ်ရှားလာပြီး တဖြည်းဖြည်းနှင့်လူတယောက်၏ဦးခေါင်း ပေါ်လာသည်။


ဆက်ရန်


မိဖုရား ဝေါနန္ဒာ




ပြည်ထောင်အချင်းချင်း အေးချမ်းစွာနေနိုင်ရေး —
နိုင်ငံအချင်းချင်း ကုန်သွယ်ရေး စာချုပ်များကိုလည်း ချုပ်ဆိုကြလေသည်။
စာချုပ်ပေါ်မှာသာမက၊ လက်တွေ့တွင်လည်း ပြည်ရှင်မင်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိကြသဖြင့်၊ သိဝလီပြည်နှင့် အခြားအိမ်နီးချင်း နိုင်ငံများမှာ အေးချမ်းသာယာ ပါလေ့ရှိလေသည်။
ဘုရင်ယေသိဂုဏ်ကြီးမှာ၊ ပြည်ပအေးချမ်းသာယာမှု ရအောင်ဆောင်ရွက်သလို၊ ပြည်တွင်းအေးချမ်းမှုအတွက်လည်း အစွမ်းကုန်ဆောင်ရွက်ပေးသဖြင့်၊ တိုင်းပြည်မှာသာယာဝပြော ပါလေသည်။
ဘုရင်မင်းမြတ်-သက်တော် ကတော်ရှည်ပါစေ
ဘုရင်ယေသိဂကြီး အရွယ်မှာ အမြဲတမ်း မိန့်ကြားလေ့ရှိသော စကားတို့မှာကား —
ပြည်ထောင်အချင်းချင်း ခင်မင်မှုဖြစ် များကြောင့်၊ ပြည်သူပြည်သားတွေ ဒုက္ခကြောင့်ရတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးသာ မှတ်ထားဖို့ အကောင်းဆုံးဖြစ်တယ်။
ပြီး


ထူးဆန်းသော
နှံ့ကောင်သည် သူ၏
ကိုယ်အလျား အဆ နှစ်ရာကျော် အကွာ
အဝေးသို့ ရောက်အောင် ခုန်နိုင်သည်။
လုပ်သား "ပျားများ"
သည် ပျားရည်တပေါင်
(အစိတ်သားကျော်) ရ
ရှိရေး အတွက် ပန်းပွင့်
ပေါင်း တသိန်းမှ နှစ်
သိန်း အထိ စုတ်ယူ စု
ဆောင်းရသည်။
သားပိုက်ကောင်
သည် ခွေးထက် အရွယ်
ကြီး၏။ ပေါက်ခါစသားငယ်မှာမူ တ
အောင်စမျှ လေး၍ တလက်မခန့်သာ ရှိ၏။
စတားဖစ်ရှ်ခေါ်
ကြယ်ငါးသည် သူ့ကိုယ်ခန္ဓာ
အောက်ပိုင်းတပြင်လုံးဖြင့် အနံ့ခံသည်။
ပက်ကျိတကောင်သည်
တမိုင်ခရီးကို ၁၄ ရက်နှင့် ၅ နာရီကြာမျှ သွားရ၏။


# ဖြစ်ရပ်မှန်များ



"နဂါးပျံ"ခေါ် ဂျာဗာ ကျွန်းမှ ပုတ်သင်တမျိုးသည် နံဘေးအရေပြားများကို အတောင်ပံပြုလျက် ခုန်ပျံသည်။




ဖားသည်ပါးစပ်ဖွင့်ထားစဉ် အသက်ရှု၍မရ၊ ပါးစပ်ပိတ်ထားစဉ်တွင်သာ အသက်ရှုနိုင်သည်။



ဝေလငါးသည် ရေတွင်ကျက်စားသော်လည်း ငါးမဟုတ်။ ပါးဟက်မရှိ၊ အမြီးသည် ထောင်လိုက်မနေ၊ ငယ်ထိပ်ဝမှ ရေခိုးရေငွေ့ ပန်းထုတ်သည်။ ဥမအုံပဲ အကောင်လိုက်မွေးဖွားပြီး နို့တိုက်သည်။



အမျိုးမျိုးသော ဖားတို့တွင် အမွေးမရှိကြသော်လည်း အာဖရိကတိုက် ကင်မရွန်းနယ်မှ ဖားတမျိုးတွင် အမွေးအနည်းငယ်ရှိသည်။



သံချပ်အင်္ကျီလို အရေခွံမာ ပါသော သင်းခွေချပ်တမျိုးသည် ဘေးရန်ကြုံက ခွေလိပ်၍ ကာကွယ်တတ်၏။

# ဗလတို့တုံးစံ

ဇာတ်လမ်း
ကျော်မြင့်တင့် (အင်းဝ)
ပန်းချီ
ကျော်ကျော်













ဖိုးကျော် ထွက်သွားသောအခါ–
သူက ဒို့ထက် အတန်းသာလို့ အာဏာပြချင်တာကွ မခံနဲ့ဟေ့
ဂရုမစိုက်ပါဘူးကွာ
နောက်တနေ့ ကျောင်းဆင်းချိန်တွင် မလတို့လူစု တိုင်ပင်နေကြသည်။
ဒီနေ့ ထုံးစံအတိုင်း ဘဲ မဟုတ်လား
အေး.. ထုံးစံအတိုင်း ဘဲပေါ့
ဒို့ ထုံးစံကိုတော့ ဖျက်လို့မဖြစ်ဘူး
ဖိုးကျော် ရောက်လာသဖြင့် သူတို့ ထွက်သွားကြသည်။
ထုံးစံအတိုင်းဆိုပါလား ဘာပါလိမ့်
ဟေ့ဟေ့ . ဟိုမှာ ဖိုးကျော်လာနေပြီ
ကျောင်းအပြန်လမ်း၌–
ဒီနေ့တော့ ဖရဲသီး ဝင်ခိုးရအောင်ကွာ
အေး ကောင်းသားဘဲ
ငါတော့ ခပ်လန့်လန့်ဘဲကွာ ခြံထဲက ကုလားကြီးက ကြမ်းတယ်ကွ
လာ သာလာစမ်းပါ ငါကြည့်လုပ်မယ်


ဖိုးကျော်သည် လမ်း၌ ဆီးပင်အောက်တွင် ဆီးသီးကောက်စားနေခိုက်–
ဗလသည် ပြောင်းခင်းထဲသို့ တချိုးတည်း ဝင်ပြေးလေ၏။
ဖိုးကျော်က တောင်းပန်သဖြင့် လူကြီးမှာဒေါသ ပြေပြီး ပြန်သွားလေသည်။
အတန်ကြာသော် ပြောင်းခင်းထဲမှ ဗလထွက်လာပြီး-

## ပန်းပွင့်များ အဘယ်ပုံ မွှေးရနံ့ ထွက်သနည်း

ပန်းပွင့်များ၏ မွှေးရနံ့သည် အပင်ထဲမှချက်လုပ်၍ အပွင့်မှ ထွက်လာသော အထူး အဆီတမျိုးမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ယင်းအဆီကား လေထဲသို့ အခိုးအငွေ့အဖြစ် လွင့်ပြယ် တတ်သော သဘောရှိလေသည်။

ထို့ကြောင့် ပန်းပွင့်များ၏ မွှေးရနံ့ကို အဝေးမှရရှိနိုင်ခြင်း ဖြစ်သည်။ လေထဲတွင် အခိုးအငွေ့အဖြစ်ထွက်မလာပါက ကျွန်ုပ်တို့သည် ပန်းပွင့်၏ မွှေးရနံ့ကို အလွန်နီးကပ်စွာ ရှူရှိုက်မှ ရနိုင်မည် ဖြစ်သည်။




ယင်းအဆီသည် အပွင့်များထဲမှ ထွက်လာပြီး လေထဲသို့လွင့်ပြယ်သွားခြင်းဖြင့်ပျားများနှင့် ပိတုန်းများကို ဆွဲဆောင် ခေါ်ယူလေသည်။

ပျားနှင့် ပိတုန်းတို့သည် ရနံ့ထွက်ရာ ပန်းပွင့်များပေါ်တွင် လာရောက်နားကြပြီးလျှင် ချိုမြသော ပန်းဝတ်ရည်ကို စုတ်ယူကြသည်။ ယင်းတို့၏ အကူအညီဖြင့် ပန်းဝတ်ဆံများသည် တပွင့်မှတပွင့်သို့ ရောက်ရှိသွားပြီး ပန်းမျိုးဆက်ပြန့်ပွားနိုင်ပေသည်။

ကြယ်ဖြူ

## တယ်လီဖုန်းပြောမလား

ဖေါ်ပြပါ ဌာနကြီးများကို
တယ်လီဖုန်းပြောမယ်ဆိုယင်
ဘယ်နံပတ်နှင့်ပြောမလဲ
လိုင်းမှန်ကိုရှာကြည့်ပါ





# ဒါမျိုက်အများ

မောင်သက်ကြွေ

ကျွန်တော်တို့ စာဖြူစု ရွာက လေးတွင် ကျောင်းမရှိပါ။ ထို့ကြောင့် ကျွန်တော်တို့ရွာမှ က လေးများသည် ကျောင်းရှိသော အိုင်မကြီးရွာတွင်၎င်း၊ အလယ်စုရွာတွင်၎င်း ကျောင်းတက်ကြရပါသည်။

ကျွန်တော်တို့သည် လယ်ကွင်းများကို ဖြတ်ကျော်၍ နေ့စဉ် ကျောင်းတက်ကျောင်းဆင်း ပြုလုပ်ကြရပါသည်။

တနေ့တွင် ကျွန်တော် ကျောင်းက ပြန်လာစဉ် မနေ့က ဖိုးခ ဖုတ်စားသော လယ်ပုစွန်လုံးကို သွားသတိ ရမိပါသည်။ ဖိုးခ၏ လယ်ပုစွန်လုံး မီးဖုတ်နံ့ကိုလည်း သတိရ၏။ အလွန် မွှေးပါသည်။ ထို့ကြောင့် ကျွန်တော်သည် လယ်ပုစွန်ရှာဖို့ ပြင်ဆင်လိုက်ပါသည်။

အင်္ကျီကိုချွတ်၍ လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်ပြီး ပုဆိုးကို ခါးတောင်းကျိုက်လိုက်ပါသည်။ ထို့နောက် လယ်ကွင်းထဲသို့ ဆင်းလိုက်၏။ ထိုလယ်မှာ ဘကြီးဦး မောင်ကာတို့လယ် ဖြစ်ပါသည်။

ကျွန်တော် သည် စပါးပင်များ မလဲစေရန် ဂရုစိုက်ကြည့်၍သွားရ၏။ လယ်ပုစွန်ရမည့် အခြေအနေမရှိသဖြင့် နောက်လယ် ကွက် ထဲ သို့ ကူးလိုက် ပါသည်။ ထိုလယ်မှာ ဦးလေးဦး ထွန်းမောင်၏ လယ် ဖြစ်လေသည်။

ဦးထွန်းမောင်သည် လယ်ကို ကြိုးစား၍ လုပ်၏။ ထို့ကြောင့် သူ့လယ်ကွက်တွင်းရှိ စပါးပင်များသည် အလွန် ကောင်းပါသည်။ သို့သော် ကျွန်တော်က စပါးပင် များထက် လယ်ပုစွန်လုံးကိုသာစိတ်ဝင်စားနေသည်။

ကျွန်တော်သည် လယ်ပုစွန်ကျင်းများကို ဂရုစိုက်၍ လိုက်လံရှာကြည့်နေ၏။ ကန်သင်းဘေးနှင့်ကပ်လျက် လယ်ပုစွန်ကျင်းကိုတွေ့လိုက်ရသည်။ ကျွန်တော် ပျော်သွားမိ၏။ ကျွန်တော့်တွင် ပုစွန်လုံး ချိတ်ရန် ချိတ်ကလည်းမပါ။ ထို့ကြောင့် လက်နှင့်ပင်နှိုက်ရပေတော့မည်။

ကျွန်တော်သည် ကျင်းထဲသို့ လက်နှင့် ထိုးနှိုက် လိုက်လေသည်။ ကျင်းမှာ အတော်က လေးနက်သဖြင့် မမှီတမှီ ဖြစ်နေ၏။ ထို့ကြောင့် ကန်သင်းမြေကို ယက်ထုတ်လိုက်ပြီး တဖန်နှိုက်ပြန် ပါသည်။ တကျင်းမှ ပုစွန်လုံးကိုရပြီးသော် ဝမ်းသာအားရနှင့် အခြား ကျင်းသစ်သို့ ပြောင်းနှိုက်ပါသည်။ ရွာသို့ပြန်ရောက်သည်နှင့် ကျွန်တော်သည် ရရှိလာသော ပုစွန်လုံး များကို ပျော်ရွှင်စွာဖုတ်စား၏။

နောက်တနေ့ ကျွန် တော် ကျောင်းတက် သွားသော အခါ မြင်ရသောမြင်ကွင်းကြောင့် ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားပါသည်။ ဦးလေးဦးထွန်းမောင်၏ လယ်ကွက်ထဲတွင် ရေမရှိတော့ပါ။ ထိုအခါကျမှ မနေ့က ကျွန်တော်၏ အပြုအမူများကို ပြန်၍ သတိရမိပါတော့သည်။ အမှန်ပင် ကျွန်တော်နှိုက်ခဲ့သော ပုစွန်ကျင်းများမှ ရေများ ထွက်ကုန်ခြင်း ဖြစ်ပါသည်။ နှိုက်ပြီး မြေပြန်မဖို့ပိတ်မိ၍ ဖြစ်ပါသည်။

ကျွန်တော်သည် ကျောင်းတက်နေရသော်လည်း ဦးလေး ဦးထွန်းမောင်၏ လယ်ကိုသာ သတိရနေ မိပါသည်။ ဦးထွန်းမောင်သည်သူ၏လယ်ကို အလွန်ဂရုစိုက်၏။ သို့သော် ယနေ့ သူ၏လယ်ထဲတွင် ရေမရှိသည်ကို သူမသိသေးပေ။ ထို့ကြောင့် ကျွန်တော်နှင့် တတန်း တည်း သားထွန်းသိန်းကို မေးလိုက်ပါသည်။

"ထွန်းသိန်း မင်းတို့ အိမ်ဘေးက ဦး ထွန်း မောင် ကြီး ဘယ်သွားလဲကွ"

"ရန်ကုန်သွားတယ်။ လေးငါးရက်တော့ ကြာမယ် ပြောတာဘဲ။ ဘာကိစ္စ ရှိလို့လဲ"

"ဘာမှ ကိစ္စမရှိပါဘူးကွာ၊ မမြင်မိလို့ မေးကြည့်တာပါ"

ဦး ထွန်း မောင် ၏ လယ်ကို သည်အတိုင်း လေးငါးရက် နေပူထဲတွင် ပစ်ထားပါက စပါးပင်များ သေကုန်ပေမည်။ ကျွန်တော်အလွန်စိတ်ပူသွား၏။

ညနေ ကျောင်းဆင်း၍ အိမ်ပြန် ရောက်လျှင် ရောက်ချင်း ကျွန်တော်သည် ကျွန်တော်၏ အပြစ်များကို အဖေနှင့် အမေအား ဖွင့်ပြောလိုက်ပါသည်။

"မင်း တယ်မိုက် ပါလားကွာ"အဖေကဆူပါတော့သည်။

"ဒီတခါတော့ ရှိပါစေတော့ရှင်၊ သူ့အပြစ်သူ ဝန်ခံနေပြီဘဲ"

အမေသည် ကျွန်တော့်ဖက်သို့လှည့်ကာ –

"လူလေး–နောက်ဒီလို ဖြစ်ယင် မင်းကို ခွင့်မလွှတ်နိုင်တော့ဘူးနော်။ ကိုယ့်ကြောင့် ပျက်ယင် ပြန်ပြီး ပြုပြင်ပေးဖို့ ကိုယ့်မှာ တာဝန်ရှိတယ်ဆိုတာ မြဲမြဲမှတ်ထား"

"ဟုတ်ကဲ့–အမေ"

ကျွန်တော်သည် ပို၍ စိတ်မကောင်း ဖြစ်သွား မိပါသည်။ အဖေက ခနွဲနှင့်ရေပြန်သွင်းပေးမည်ဟု ပြောပါသည်။

နောက်တနေ့ မွန်းတည့်ချိန်တွင် အဖေသည် ဦးထွန်းမောင်၏လယ်ကို ခနွဲ ထိုးပေးနေ၏။ နေပူ ထဲတွင် ခနွဲ ထိုးရခြင်းကြောင့် အဖေ အလွန် ပင်ပန်းနေတော့မည်။ ထို့ကြောင့် နေ့လယ် ကျောင်းဆင်း ချိန် တွင် ကျွန်တော် အဖေ့ထံ လိုက်သွားသည်။

"မင်း ကျောင်းမတက် ဘူးလား"ဟု အဖေက မေးပါသည်။

"ကျွန်တော် အဖေ့ကို ဝိုင်းကူမလို့ ပြန်လာတာပါ"

"မင်း စာနောက်ကျနေလိမ့်မယ် ကျောင်းကိုပြန်တော့"

ကျွန် တော် ၏ မိုက် ပြစ်ကြောင့် အဖေသည် အလွန်ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းကြီးစွာ ခနွဲထိုးနေရပါသည်။

ကျွန်တော်သည် အဖေ့ကို ကြည့်ရင်း ဝမ်း နည်း စွာ ဖြင့် ကျောင်းသို့ ပြန်လာခဲ့ရပါတော့သည်။

× × × ×

# ဝါဆိုပွဲ

ဗုဒ္ဓဘာဂဝါ ရှင်ရဟန်းကို
ဝါဆိုသင်္ကန်း ကပ်ကြတာ။
သစ္စာပန်းနီ မြရည်လိမ်းတဲ့
စကားစိမ်းနဲ့ ခိုင်ရွှေဝါ။
လဝါဆိုမှာ တဖြာထူးသမို့
ဝါဆိုပန်းခူး ထွက်ကြတာ။
ဖယောင်းကြာခိုင်
ရွှေတိုင်လင်းလို့
သရေကြိုင်သင်း မွှေးနံ့သာ။
ဒါနပြုကာ သီလထိန်းလို့
သာယာငြိမ်းဘို့ လွှတ်လမ်းရှာ။
ဗုဒ္ဓဘာသာ ဝါဆိုပွဲမို့
သဒ္ဓါပိုကဲ စေတနာ။
ဘုရားကျောင်းကန်
ဇရပ်တန်ဆောင်း
ပွဲတင့်သံလောင်း ဓမ္မစကြာ။
မိဂဒါဝုန် ရိပ်မြုံတောမှ
ဗုဒ္ဓဟောခဲ့ ဒေသနာ။
ရွှတ်မှာ – ဖတ်မှာ။ ။

မင်းသူရ



R. 517



အတွေ့အမြင်ရနည်းသော်လည်း နာမည်လှသည့်အတွက် လူသိများသော ငှက်ကား ရွှေပြည်စိုး ဖြစ်လေသည်။

ငှက်အငယ်စားဖြစ်၍ အလျား ငါးလက်မခွဲခန့်သာ ရှိသည်။ မိတ်လိုက်ချိန်၌ ငှက်ဖို၏ အထက်ပိုင်းသည် ချောမွတ် မည်းနက် နေသည်။ အချို့ငှက်များသည် တင်ပါးကလွဲလျှင် တကိုယ်လုံး ချောမွတ် မည်းနက် နေသည်။ အချို့တွင်မူ တောင်ပံ၊ အမြီး၊ အမောက်၊ ကုပ်ပိုးနှင့် ကျောပေါ်ရှိ အမွေးအရောင် အနည်းငယ်သာ မည်းနက်နေသည်။

ရွှေပြည်စိုးသည် အမည်လှသကဲ့သို့ သူ၏အသံကလေးမှာလည်း ကြားရ သူတို့အား ကြည်နူး စေသည်။ တခါတရံသာယာညင်းပျောင်းစွာ လေချွန်တတ်သည်။ တခါတရံလည်း ငြီးငွေ့ဘွယ်ရာ အော်မြည်တတ်သည်။

ဧပြီလမှ ဇူလိုင်လအတွင်းတွင် ရွှေပြည်စိုးငှက်ငယ်များပေါက်ပွားသည်။ ချုံများ၊ သစ်ပင်များမှ အကိုင်းအခက်များတွင် အသိုက်ကို မြက်ဖြင့် ပြုလုပ်လေသည်။ တမြုံလျှင် နှစ်ဥမှ လေးဥအထိ ရှိတတ်သည်။ ဥမှာ ကြက်ဥပုံသဏ္ဍာန်ရှိ၍ ဥခွံအဖြူတွင် အနီမှတ်ကလေးများ၊ အစင်းကြောင်းများကို တွေ့နိုင်သည်။ အရွယ်မှာ ပျမ်းမျှ အလျား ၀.၆၉ လက်မနှင့် ပြက် ၀.၅၅ လက်မ ရှိသည်။

# ရွှေပြည်စိုး

ရွှေပြည်စိုးကို များသော အားဖြင့်သစ်ပင်ထိပ်ဖျားများတွင် တွေ့ရတတ်သည်။ သူ၏ အစာကား ပိုးမွှားများပင် ဖြစ်သည်။

ရွှေပြည်စိုးကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြား တွေ့ရသည်။ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းမှတပါး ကျန်ဒေသများတွင် ပေ ၄၀၀၀ မြင့်သည့်နေရာအထိ တွေ့နိုင်သည်။



စိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ-၃။ အမှတ်-၂၀။

# အဖျက်သမားများ

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-မြတ်မြေ

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ ဝါဆိုလဆုတ် ၃ ရက်။ (၁၀-၇-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။




အင်း...တန်တော့...
ခုလို-ငါတို့ကျီးတွေ
မသင့်မတင့်
ဖြစ်ကြတာဟာ...
ဟို-စွန်ကောင်
ရဲ့-မယေါက
ဘဲဖြစ်
ရမယ်
ကျီးတို့၏ခေါင်းဆောင်သည် စွန်ရဲကို မသင်္ကာ
ခုကွပါအဲ—စွန်ကောင်ကို
နှင်ထုတ်ဖို့ကလဲခက်။ ငါတို့
ကျီးတွေက-သူ့ကိုခင်မင်
နေတော့-ခပ်ရှင်းရှင်း
ပြောပြယင်
တောင်-ယုံ
ကြမှာ
မဟုတ်
ဘူး----
ဟင်---
ဖြစ်သော်လည်း နှင်ထုတ်ရန် ခက်နေ၏။
အလို
ထိုအချိန်မှာပင် သစ်ပင်အောက်၌
အချင်းတို့-ကြည့်ကြလော့—ခြင်္သေ့နှင့်
ကျွဲတို့သည်-ဘေးတွေ့ကြတော့မည်။
အဘယ်ကြောင့်နည်း-ခေါင်းဆောင်ကြီး-
မြေခွေးဆိုတာ
ကောက်ကျစ်တယ်ကွဲ့---
မြေခွေးက ကျွဲနှင့် ခြင်္သေ့တို့အား မိတ်ဖွဲ့နေထိုင်သည်ကို
တွေ့လျှင် ---
ကျုပ်က ကိုကျွဲ့ကိုခင်လို့
ပြောပြရဦးမယ်---
ကိုခြင်္သေ့က-ကိုကျွဲကို
ဒီညနေ အလစ်မှာ
ကိုက်အုံးမယ်တဲ့
ဟေ---
ဟုတ်လား-
သိကြရော
ပေါ့ကွာ--
မကြာမီ မြေခွေးသည် ကျွဲကို တနေရာသို့ ခေါ်
သွားပြီး ကုန်းတိုက်စကား ပြောတော့၏။
ကျုပ်က-ခင်များကိုလေးစားလို့ပြောပြတာ--
ကိုကျွဲက-ဒီညနေ-ခင်များကို
ခတ်သတ်
မယ်လို့
ကြိမ်းနေ
ပါလါ
အောင်မယ်-ကျွဲပါး၀-
လို့---တောက်---
ထိုနောက် ခြင်္သေ့ကိုလည်း တမျိုးပြောပြန်၏။


ထိုညနေတွင် ခြင်္သေ့နှင့်ကျွဲတို့ ရန်စောင်ပြီး ဒေါသကြီးစွာ ခွေခတ်ကိုက်သတ်ကြရာ ....
ဖေကြဲ့ တာမျှ-
ဖေကြဲ့ တာ-
ဟား ဟား
ဟား ဟား
နှစ်ကောင်လုံး သေလေသော် မြေခွေးသည် ပျော်ရွှင်စွာ ထ၍ ကတော့၏။
ကျွဲသားစားလဲ ----ရှိမ်ဘဲ—
ခြင်္သေ့သား စားလဲ ရှိမ်ဘဲ—
ထို့နောက် ကျွဲသားစားလိုက်၊ ခြင်္သေ့သား စားလိုက်နှင့် ဇိမ်ကျနေ၏။
ဟင်
အလို
ဟာ
ဟောဗျ
ကျီးတို့သည် ထိုမြင်ကွင်းကိုကြည့်၍ ထိတ်လန့်ကြကုန်၏။
အချင်းတို့- မြင်ကြဖို့ မဟုတ်ပါလေ- အမျက်သမား၏ ရန်ကြီး ကြီးမား လှပေစွ- ----
ကြောက်ဖွယ်ကောင်းပေစွ-
အမျက်သမား၊ ဆိုသူ- ရှိရန်သူ-
အမျက်သမား ပွန်သမျှ ချေမှုန်းကြ—
အမျက်သမား ကို- ရှိနယ်တွင်း အဝင်မခံကြနဲ့ ဟေ့-----
ကျီးတို့သည် တညီတညွတ်တည်း ကြွေးကြော်ကြ၏။


အချင်းတို့-----
သင်တို့၏အလယ်တွင်
အဖျက်သမား ရှိနေသည်ကို
သင်တို့ မသိကြသလော ----
ဟယ်---
ထို့နောက် ကျီးမင်းက ဆက်၍ပြော၏။
သင်တို့ စေ့စေ့တွေးကြလော့------
လေးလေးနက်နက်ရှုကြလော့------
စွန်ရဲ၏ -- ငါတို့
အတွက် -
အဖျက်သမား
မဟုတ်
လော----
ဟေ -
ဟာ
အေး
ဟုတ်သပေါ့
စွန်ရဲ ရောက်လာမှ - ငါတို့ ဝိဝါဒကွဲကြရသပေါ့
အား--- ဟုတ်မှာ
အိုးဟို-- လက်စသတ်တော့ - ဒီ စွန်ကောင်ကြီးဟာ - ငို့အမျိုးကို ဖျက်ဖို့ ရောက်လာတဲ့ အဖျက်သမားကို---
အဖျက်သမား ပိုင်းကြဟေ့----
အဖျက်သမားကို လက်စတုံး မဟေ့
အေးဟေ့..
ကဲလိုက်ဟေ့-
ဖမ်းဟေ့
ဆိတ်ဟေ့
ထိုးပေး
ဆွဲပေး
သတ်ပစ်
ပြောပြောဆိုဆိုနှင့် စွန်ရဲကို လိုက်ရှာပြီး ပိုင်းဝန်းထိုးဆိတ် သတ်ဖြတ်လိုက်လေသည်။


ရဲစွမ်းသတ္တိ
ပန်းချီ ဦးစိန်
ဇာတ်လမ်းဂယက်နီ
တပ်မတော်သားကြီး ပါလား
ဒီ နားက တဲကပါ
ငါ့ညီက ဘယ်ကလဲ
ဘယ်လောက် ဝေးသလဲ
မဝေးပါဘူးတအောင့် လောက်သွား ယင် ရောက်ပါတယ်
ဦးနားကိုလာပါအုံး မင်း တို့တဲမှာဘယ်သူ တွေရှိသေးသလဲ
ကျနော်တို့ သားအဖ နှစ်ယောက်ထဲပါ
ဪ.. ဪ..


မင်းတို့ ဆီကို သူပုန်တွေ လာတတ်သလား
ဟုတ်ကဲ့ သူပုန် တွေလာတတ် ပါတယ်
သူပုန်တွေလာယင် အဖေက ငွေလဲပေးရတယ် ထမင်းလဲ ချက်ကျွေးရတယ် သိပ်ဆိုး တာဘဲ ဦးလေးရယ်
မင်းတို့ သား အဖဘဲ နေတယ် ဆိုတော့ အမေက ကော
ကျနော့်ကိုမွေးပြီး အမေ သေသွား တယ်
ဪ…
ဦး ကျနော်တို့တဲကို လိုက်ခဲ့ပါလား


မင်းတို့ တဲကို လိုက်လို့ မဖြစ်ပါဘူး ဦးဒီမှာဘဲ နေမယ်
ဒီလိုဆိုယင် ဦးအတွက် ဘာယူပေးရမလဲ
ရေတော့သောက် ချင်တယ် ဒါပေမဲ့ နေပါစေကွာ...
ဦးက လမ်းမှ မလျှောက်နိုင်ဘဲ ထမင်း နဲ့ ရေကို ကျနော်ယူခဲ့ မယ်လေ
ဦး ဒီမှာရှိတယ်လို့ ဘယ်သူ့ကိုမှ မပြောနဲ့ နော်
စိတ်ချပါ ကျနော်မြန်မြန် လာခဲ့မယ် ဦး ဒီကဘဲ စောင့် နေ နော်
ဒီကောင်လေးကို စိတ်ချရပါ့မလား

ဆက်ရန်

# မြေအိုးမြေခွက်လုပ်ငန်း

ရေးသူ မုံရွာဝင်းဖေ    ပန်းချီ ကျော်ကျော်



မြေအိုးသည် မရှိမဖြစ်သော အိမ်သုံးပစ္စည်းတရပ်ဖြစ်၏။ ယခုခေတ် လူတို့သည် သောက်ရေအိုး၊ ဟင်းအိုး စသည်တို့ကို အသုံးပြုနေကြရသကဲ့သို့ ရှေးကမ္ဘာဦးလူတို့သည်လည်း အိုး၏အသုံးဝင်ပုံကို သိရှိခဲ့ကြသည်။ ရွှံ့စေးကို အိုးခွက်ပုံသဏ္ဍာန် ပြုလုပ်ပြီးလျှင် ခြောက်သွေ့အောင် နေလှန်းလိုက်သောအခါ စားဖွယ်သောက်ဖွယ်များ ထည့်ရန် အလွန်အသုံးဝင်သော ပစ္စည်းတခု ရရှိလာသည်ကို ကမ္ဘာဦးလူများ သိရှိခဲ့ကြသည်။

ဤသို့ဖြင့် မြေအိုးလုပ်ငန်းသည် ရှေးအကျဆုံးသော လက်မှုပညာတရပ် ဖြစ်ခဲ့ပြီး ယခုခေတ်အထိ အဆင့်ဆင့်တိုးတက်ထွန်းကားလာခဲ့ပေသည်။ ယခုခေတ်တွင် မြေအိုးလုပ်ငန်းသည် အလွန်ကြီးမားကျယ်ပြန့်သော လုပ်ငန်းတရပ်ဖြစ်လျက်ရှိပြီး လုပ်သားပေါင်းမြောက်မြားစွာတို့သည် အိုးခွက်ပစ္စည်းများစွာကို နေ့စဉ် ထုတ်လုပ်နေကြပေသည်။



ကမ္ဘာ့မြေအိုးလုပ်ငန်းတွင် ရွှံ့စေးဖော်စပ်ခြင်း၊ ပုံသွင်းခြင်း၊ မီးဖုတ်ခြင်း၊ ခြယ်သခြင်း ဟူ၍ အဆင့်လေးဆင့်ရှိသည်။ ပထမဦးစွာ ရွှံ့စေးကိုတူးဖော်ပြီးလျှင် စည်ပိုင်းကြီးများတွင်ထည့်၍ ရေနှင့်ရောစပ်ကာ နှူးပြီး သန့်စင်ရသည်။ ရွှံ့စေးနှူး၍ ပျော့ပျောင်းသောအခါ လိုအပ်သော ရွှံ့စေးအချောင်းများ ပြုလုပ်ပြီးလျှင် ဆုံလည်ဘီးပေါ်တွင်တင်၍ လက်ဖြင့် အိုးပုံဖော်ရသည်။ တခါတရံ အိုးပုံဖော်ခြင်းကို လက်ဖြင့် မပြုလုပ်ဘဲ ပုံစံခွက်ဖြင့် ပြုလုပ်သည်။ အိုးပုံဖော်ပြီးသောအခါ မီးဖုတ်ရသည်။ ခြောက်သွေ့သောအခါ အိုးတွင်



အဖုအထစ် အနာအဆာများ ကင်းစင်စေရန် ပွတ်စက်ဖြင့် ပွတ်တိုက်ပစ်ရသည်။ ထိုနောက် အိုးမျက်နှာပြင်ပေါ်တွင် ဆေးခြယ်သခြင်း၊ ပန်းခက်ပုံ၊ ငှက်ရုပ်ပုံ စသည့် ပန်းချီအလှရေးဆွဲခြင်းများကို နှစ်သက်ပါက ပြုလုပ်နိုင်လေသည်။ ဤကား ရွှံ့စေးဘဝမှ အိုးဖြစ်လာပုံ အဆင့်ဆင့်ပင် ဖြစ်၏။



သိပ္ပံပညာထွန်းကားသော အချို့နိုင်ငံများတွင် အိုးမီးဖုတ်ရာ၌ ထင်းမီးအစား လျှပ်စစ်မီးကို အသုံးပြုနေကြပေပြီ။

မြန်မာနိုင်ငံတွင် မြေအိုးလုပ်ငန်းသည် အရေးပါသော လုပ်ငန်းတရပ် ဖြစ်၏။ သောက်ရေအိုး၊ ဟင်းအိုး၊ ကလေးကစားစရာ အိုးပုတ်၊ လက်ဖက်ရည်ကရား စသည့် အိုးခွက်ပစ္စည်းမျိုးစုံကို ရွှေဘိုခရိုင်နှင့် တွံတေးမြို့တို့တွင် အများအပြား ပြုလုပ်ကြသည်။ မြန်မာ့မြေအိုးလုပ်ငန်းတွင် ရွှံ့စေးကို အိုးပုံစံဖော်ပြီးသောအခါ ကျစ်လစ်ခိုင်ခံ့စေရန်အတွက် လက်ရိုက်တုတ်နှင့် အထပ်ထပ် ရိုက်လေ့ရှိကြသည်။ မီးဖုတ်ရာတွင်မူ အချို့က အုတ်ဖြင့် ပြုလုပ်ထားသော ကူပုံ သဏ္ဌာန် မီးဖိုကို အသုံးပြုပြီး အချို့ကမူ မြေတွင်းမီးဖိုများကို အသုံးပြု၏။ မီးဖုတ်ပြီးသောအိုးများကို အိုးထိန်းစက်ဖြင့် အချောကိုင်ရလေသည်။



မြန်မာ့မြေအိုးများတွင် လူသုံးအများဆုံးမှာ သောက်ရေအိုးပင် ဖြစ်၏။ မြေအိုးများကိုမူ မြို့ပြဒေသများတွင် အသုံးမပြုကြသော်လည်း ကျေးလက်ဒေသများတွင် အသုံးပြုဆဲပင် ရှိသေးသည်။

အိုးသည် မြန်မာတို့နှင့် ရင်းနှီးသော အသုံးအဆောင် ဖြစ်ရာ “အိုးသည် အိုးကောင်းမသုံးရ” “သရက်နှင့်မိုး၊ ကြွက်နှင့်အိုး”၊ “အိုးကိုနာနာရိုက်လေ ကောင်းလေ”စသည့် အိုးနှင့်ပတ်သက်သော မြန်မာစကားပုံဆိုရိုးများ ရှိပေသည်။


ကိုယ့်ပစ္စည်း
ဟာကွ
ဒီမှာ - မင်း ပစ္စည်း တောင်မှ

# ကားရပ်မှ ဆင်းပါ


ဟာ ကား မရပ်ခင်ခုန် ဆင်းတာ တယ်ဟုတ်ပါလား
ကားရပ်မှဆင်း လို့ ကျွမယ် ချာတိတ်
အောင်မယ်သူက တော့ မရပ်ခင်ခုန် ဆင်းပြီ ငါ့ကျွမ်းမှာ ထင်သွားလို့ဆင်းကို ပြလိုက်အုံးမယ်
ခုန်လဲဆင်းလိုက်ရော ....
သတိပေးရက်နဲ့ ခုန် ချရ သလား ချာတိတ်ရ ဘာဖြစ်သွားသေးလဲ
ဘာမှမဖြစ်ပါဘူး - မှန်း ပဲ့ ဂုံတင်ပါ - ဦးဦး လိုရမ လားလို့ စမ်းကြည့်တာပါ
ဦးဦးသွားမယ် နောင် ဒီ လိုမလုပ်နဲ့ ကားမရပ်ခင် ခုန်ဆင်းတာ အသက်ပါ အန္တရာယ် ရှိတယ် ကွဲ့
ဟုတ်ကဲ့ ဆင်ခြင် ပါ့မယ်
ပြီး


မုန့်ခိုးစားတော့
ကာတွန်း ဝင်းရှု
ဇာတ်လမ်း ဇင်မာချစ်
မမေ မသိအောင် ယူစားမှ
မောင်ရွှေထွန်းသည် ညဖက် စာကြည့်ပြီး ဘီဒိုပေါ်မှ မုန့်များကိုခိုးယူခဲ့၏။
သူ့အဖေ မြင်မည်စိုး၍ အိပ်ရာထဲတွင် ပင် စားမိ၏။
အိပ်ရာထဲမှာ စားတော့ မသိဘူးပေါ့
ထိုစဉ်
သားရေ စာကြည့်ပြီးရင် စားဘို့မေမေ မုန့်ဝယ် ထားတယ် - လိမ်ပါးဒုံး
ဟင်! ဒုက္ခဘဲ
မစားသေးဘူးလား သားလေး
သား အိပ်တော့မယ် မနက်မှဘဲ စားတော့မယ် မေမေ
အလိမ်ပေါ်မည်စိုး၍ လက်နှင့်ပါးစပ် ကို စောင်နှင့်သုတ်လိုက်၏။
နံနက်
ဟော တော့.. မုန့်တွေမရှိပါလား ကြွက်လဲမဆွဲနိုင်ပါဘူး..
ညက သားလဲမစားပါဘူး မေးကြည့်အုံးမှ
သားရေ.. ဟော! စောင်ကြီးလဲကြွက်ကိုက်လို့ လက်ထိပ်ကလေးတွေလဲ ကြွက်ကိုက်လို့ပါလား
ဟုတ်..ဟုတ်.. ဟုတ်တယ် မေမေ သားညက စောင်ချုံထဲမှာ မုန့်ခိုးစားလို့ ဒီလို ဖြစ်တာပါမေမေ
အေး..နောက်ဆိုရင် မင်းဗိုက် ကိုပါဖေါက် သွားလိမ့်မယ်
မောင်ရွှေထွန်းလည်း ထော်တော်လန့် သွားတော့သည်။

## မြက်ပင်များ အဘယ်ကြောင့် စိမ်းနေသနည်း




မြက်ပင်များကို လူတိုင်း တွေ့ဘူးကြသည်။ ပန်းခြံများ၊ လယ်ကွင်းများ၊ ရေအိုင်အနီးတဝိုက် နေရာများတွင် မြက်ပင် အမြောက်အမြား ပေါက်ထတ်ပေသည်။ မြက်ပင်များအားလုံး စိမ်းနေကြောင်း သင်တို့တွေ့ရမည်။


ယင်းသို့ မြက်ပင်စိမ်းနေရသည့်အကြောင်းမှာ မြက်ရွက်များအတွင်းရှိ ကလိုရိုဖီး ခေါ် အစိမ်းရောင်ဓာတ်များကြောင့် ဖြစ်သည်။ အခြား သစ်ရွက်များစွာတွင်လည်း ကလိုရိုဖီးများရှိနေခြင်းကြောင့် စိမ်းနေကြခြင်း ဖြစ်သည်။ ယင်း ကလိုရိုဖီးများသည် အပင်ရှင်သန်ရေးအတွက် အစာချက်ရာတွင် အသုံးဝင်လှပေသည်။ နေမှရသော အလင်းရောင်၊ အမြစ်မှ တဆင့်စုတ်ယူရရှိသော ရေနှင့် လေထဲမှရသော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်များကို ကုန်ကြမ်းအဖြစ်ယူပြီး ကလိုရိုဖီးများက သကြားဓာတ်၊ ကစီဓာတ်နှင့် အခြားဓာတ်များကို ထုတ်လုပ်သည်။ ထိုကြောင့် အသီးအရွက်စိမ်းများကို လူနှင့် တိရစ္ဆာန်များ စားသုံးလျှင် အာဟာရဓာတ်များ ရရှိခြင်းဖြစ်လေသည်။



ကြယ်မြူ

## အပ်ချည်ပန်းချီ





အပ်ချည်ကြိုး တချောင်းကို မင်ဆွတ်ပါ။ ထိုနောက် ကြိုက်နှစ်သက်သလို စက္ကူပေါ်တွင်ချ၍ အပေါ်မှ စက္ကူတခုထပ်ကာ လက်နှင့်အသာဖိ၍ တဖက်သောကြိုးကို ဖြည်းဖြည်း ဆွဲထုတ်ပါ။ ပုံအတိုင်း လှပသော ပန်းပွင့်ကလေးများ တွေ့ရပါလိမ့်မည်။



# တဦးနှင့်တဦး

ဆော်တာလဝန်း

မိုးက အဆက်မပြတ် ရွာသွန်းနေပါသည်။ တခါတရံ လေလည်း ပါလာတတ်ပါသည်။ ကျွန်တော်သည် ကျောင်းသို့ သွားရန် အိမ်မှ ထွက်ခဲ့ပါသည်။ အတန်ငယ် သွားမိသော် ကျွန်တော့် နောက်နားမှ အသံကြား၍ လှည့်ကြည့်ရာ ခင်လတ်ကို တွေ့ပါသည်။ သူသည်ကျွန်တော့်ကိုမြင်ပြီး ပြေးလိုက်လာဟန်တူပါသည်။ သူတွင် ထီးမပါဖိနပ်ပလာနှင့် လွယ်အိတ်ကို သာခေါင်းပေါ်တွင် ဆောင်းထားပါသည်။

“အောင်အောင်ရေ– ဟေ့ အောင်အောင်၊ ငါ့မှာ ထီးမရှိလို့ မိုးမိလာတယ်၊ မင်းနဲ့အတူ လိုက်ပါရစေကွာ”

“မင်းကိုတော့ ငါသနားတယ် သူငယ်ချင်း၊ ဒါပေမဲ့ ငါသာ မင်းဆိုယင်တော့ ကိုယ့်မှာ ထီးမရှိဘဲ သူများထီးကို ကပ်ဆောင်းဘို့ စိတ်ကူးမှာ မဟုတ်ဘူးဟေ့–ဟား–ဟား”

ကျွန်တော်က သူ့ကို မထိတထိကြည့်ရင်း ပြန်ပြောပါသည်။ ကျွန်တော့်ထီးကို သူနှင့် မျှ၍ မဆောင်းလိုပါ။ သူသည် ကျွန်တော့်ကို မရဲတရဲကြည့်ရင်း ဘာမျှ မပြောတော့ပါ။ ကျွန်တော်နှင့် ယှဉ်၍ မလိုက်ပဲ နောက်ချန်နေရစ်ပါသည်။ ကျွန်တော်သည် လမ်းအတိုင်း ခပ်မ[illegible]ှန် ဆက်လျှောက်နေမိပ[illegible]ည်။

ကျွန်တော် အတန်းထဲသို့ ရောက်လျှင် ကျောင်းတက်ခေါင်းလောင်း ထိုးပါသည်။ တအောင့် ကြာသော် ခင်လတ် အတန်းထဲသို့ ဝင်လာပါသည်။ သူ့တကိုယ်လုံးမှာ မိုးရေဖြင့် ရွဲရွဲစိုနေပါသည်။ ခြေထောက်တွင်လည်း ရွှံ့ပွက်များ ပေကျံနေပါသည်။ ဆရာမက သူ့ကိုကြည့်ပြီး ဆုပါတော့သည်။

“ဟဲ့ ခင်လတ်၊ နင့်တကိုယ်လုံး မိုးတွေစိုလို့ပါလား၊ မိုးရွာထဲနင် လျှောက်ဆော့လာပြီထင်တယ် မှန်မှန်ပြောစမ်း”

“ကျွန်တော် – ကျွန်တော် မိုးရေထဲ မဆော့ပါဘူးဆရာမ၊ ကျွန်တော့်မှာ ထီးမရှိလို့ မိုးမိပြီး စိုကုန်တာပါ”

ခင်လတ်၏ အဖြေကြောင့် ကျွန်တော် စိတ်သက်သာရာ ရလိုက်ပါသည်။ သူသည် ကျွန်တော် ထီးပေးမဆောင်းခဲ့ခြင်းကို ဆရာမအား ဖွင့်မပြောပါ။ အကယ်၍သာ သူသာ ဖွင့်ပြောလျှင် ဆရာမက ကျွန်တော့်ကို အတန်းရှေ့တွင် ဆူမှာ သေချာပါသည်။ ထို့ကြောင့် ကျွန်တော် သူ့ကို ကျေးဇူး တင်မိပါသည်။ တပြိုင်တည်းတွင် ကျွန်တော် ရှက်လာမိပါသည်။

“ဟုတ်ပါတယ်ဆရာမ သူ့မှာ ထီးမရှိတာ ကျွန်တော်တို့ အားလုံးသိပါတယ်”

ကျောင်းသားတယောက်က ထိုင်ရာမှထပြီး ဆရာမကို ဖြေပါသည်။ အမှန်ကို သိရသောအခါ ဆရာမလည်း စိတ်မကောင်းစွာ ဆိုပါသည်။

"အေးကွယ် – ဆရာမက ရုတ်တရက်ဆိုတော့ သတိမထားဘဲ အလောတကြီး ဆူလိုက်မိတယ်။ ကိုင်း – နောက်ကို ဒီလို မဖြစ်ရအောင် မင်းအိမ်အနီးအနားမှာ ကျောင်းသွားဖော် သူငယ်ချင်း တယောက်တလေ မရှိဘူးလား"

"ရှိပါတယ်ဆရာမ သူနဲ့ကျွန်တော်နဲ့ အိမ်ချင်းနီးပါတယ်"

ကျွန်တော်က ထပြီး ဖြေလိုက်ပါသည်။ ကျွန်တော် ဆိတ်ဆိတ်မနေနိုင်တော့ပြီ။

"အေး – ဒီလိုဆို သိပ်ဟန်ကျတာပေါ့ကွယ်။ နောက်ကို မိုးရွာယင် ခင်လတ်ကို မင်းက ထီးမျှဆောင်း လိုက်ပါ။ တတန်းတည်းသား သူငယ်ချင်းတွေဘဲ။ ကဲ–နောက်ကို မင်းတို့ အားလုံး မှတ်ထားကြနော်။ မင်းတို့ အချင်းချင်း တဦးအပေါ် တဦး ညှာတာစိတ် ထားကြရမယ်။ ချစ်ချစ်ခင်ခင်ဆက်ဆံကြရမယ်၊ ယိုင်းပင်းကူညီကြရမယ်။ ဒါတွေဟာ မှန်မြတ်တဲ့ စိတ်ဓာတ်တွေမို့ မင်းတို့ ဒီလို စိတ်ဓာတ်မျိုး မွေးမြူ ကျင့်သုံးကြရမယ်၊ ကြားကြရဲ့လား တပည့်တို့"

ခင်လတ်ကို အကြောင်းပြုပြီး ဆရာမက စိတ်အားထက်သန်စွာဖြင့် တပည့်အားလုံးကို ဆုံးမစကား ပြောပါသည်။

"ကောင်းပြီခင်လတ် မင်းလဲ ချမ်းလှရောပေါ့။ တနေရာကို သွားပြီး ရေစိုအဝတ်တွေ လဲပစ်စမ်း။ ကဲ – ငအောင်အောင် မင်း လှန်းထားတဲ့ အင်္ကျီအပိုကို သူ့ကို ပေးဝတ်လိုက်ပါလားကွယ်"

ဆရာမစကားကြောင့် အနည်းငယ် ရေစို၍ လှန်းထားသော ကျွန်တော့်အင်္ကျီ အပိုကို ခင်လတ်အား ပေးဝတ်လိုက်ပါသည်။ ခင်လတ်သည် အဝတ်လဲပြီးနောက် အပြုံးမပျက် ကျွန်တော့်ကို ကျေးဇူးတင်စကား ပြောပါသည်။

ခင်လတ်ကား သူငယ်ချင်းကောင်းတယောက်ဖြစ်ပါသည်။ ကျွန်တော်သာ သူ့အပေါ်၌ သူငယ်ချင်းကောင်းတို့ ထားရှိရမည့် ဝတ္တရား ပျက်ကွက်ခဲ့ပါသည်။

ကျွန်တော့် ရင်ထဲတွင် တလှိုက်လှိုက် ခံစားလာရပါသည်။ နောက်နောင် ဆရာမ၏ စကားကို ကျွန်တော် အမြဲ အမှတ်ရနေမည် ဖြစ်ပါသတည်း။

× × × ×

# မိုးကွယ်ဒေသ

ညီလေးလေးပွေ ခြေတံရှေ၊
အနောက်တောင်က
လာသလေ။

ဘာတွေလက်ဆောင် ပါသလဲ၊
ရေခိုးရေငွေ့ တထမ်းပဲ။

အောက်ကိုနည်းနည်း ချပါဆို၊
မိုးခေါင်ရပ်ကင်ို။

ရခိုင်တခို စိုလို့ရွှဲ၊
အကျန်ရှမ်းပြည်
လက်ဆောင်ပဲ။

နည်းနည်းလေးတော့
ပေးမည်ဆို၊
တိတ်ပါတော့အငို။

သစ်ပျို့ဝါးပျို့ စိုက်လို့ထား၊
နောက်တခေါက်တော့
ခပ်များများ။ ။

ဆရာမူလ



R. 517



ငှက် အငယ်စားမျိုး ဖြစ်၍ အလျား ငါးလက်မခွဲသာ ရှိသည်။ ငှက် ဖို တွင် ပြောင်လက် နက်ကျောသော အမွေးအတောင် ရှိသော်လည်း နံဘေးနှင့်ရင်အုပ်တို့မှာ ဖြူနေသည်။ နံဘေးတဖက်တချက်ရှိ အမွေးဖြူ ကလေးများမှတပါး အမြီးတခုလုံး မည်းနက်နေသည်။ ငှက်မသည် ငှက်ဖိုနှင့် အသွင်အပြင်တူသည်။ သို့ရာတွင် အရောင်အဆင်းမှာ ငှက်ဖိုလောက် မနက်ကျောလှပဲ ညိုတိုတိုဖြစ်သည်။

ငှက်ကျား၏အသံသည် ကလေးများ ကစားသော ဂေါ်လီလုံး အချင်းချင်း ရိုက်နှက်သံနှင့် တူသည်။ ထို့ကြောင့်ပင် ငှက်ကျားကို အင်္ဂလိပ် ဘာသာအားဖြင့် ''ကျောက်ခတ်သံ'' ဟု ခေါ်ကြသည်။

# ငှက်ကျား

ဧပြီလမှ ဇွန်လအတွင်း ငှက်ကျားငယ်များ ပေါက်ဖွားလေသည်။ အခြားငှက်များကဲ့သို့ အသိုက်ကို ပင်မြင့်ပေါ်တွင် မလုပ်ပဲ မြေပြင်ပေါ်တွင်၎င်း၊ မြက်ခင်း အောက်တွင်၎င်း၊ တွင်းကျင်းများတွင်၎င်း ပြုလုပ်သည်။ ကျောက်ဆောင်လိုဏ်ခေါင်း၊ အဆောက်အအုံ စသည်တို့တွင်လည်း ရံဖန်ရံခါ ပြုလုပ်တတ်သည်။ ဥသုံးဥမှငါးဥအထိ အုတတ်သည်။ ဥသည် သေးငယ်၍အဖျားရှူးသည်။ ပြာလဲ့လဲ့ သို့မဟုတ် အဖြူတွင် ပန်းရောင်နုဖြစ်သည်။ တဥလျှင် ပျမ်းမျှအလျား ၀.၇၃ လက်မနှင့် ပြက် ၀.၅၄ လက်မရှိသည်။

ငှက်ကျားသည် ချုံဖုတ်ထိပ်တွင်၎င်း၊ ကြေးနန်းကြိုးပေါ်တွင်၎င်း နားနေရာမှ မြေပေါ်ရှိ အစာကို ထိုးသုတ်လေ့ရှိသည်။ အမြီးကို မကြာခဏ ပင့်တင်ပြီး ခြေများ ဥယျာဉ်များ၏ ပတ်ဝန်းကျင်နှင့် ချုံဖုတ်များ အောက်တွင် သွားလာနေသည်ကို မကြာခဏ တွေ့မြင်နိုင်သည်။ ပိုးတုံးလုံး၊ ပေါက်ဖတ်နှင့် တီကောင်များကို စားလေ့ရှိသည်။ ငှက်ကျားကို မြန်မာနိုင်ငံတွင် အမြင့်ပေ ၅၀၀၀ ခန့် မြင့်သည့်နေရာအထိ တွေ့ရသည်။



စိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၂၉။


# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ ဝါဆိုလဆုတ် ၁၀ ရက် (၁၇-၇-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။

# အာဇာနည်ကြီး - ဗိုလ်ချုပ် အောင်ဆန်း





ရေနံမြေသပိတ်
၁၉၄၀ လောက်တွင် အမျိုးသား စိတ်များ ထက်ကြွလျက် သပိတ် အမျိုးမျိုး ပေါ်ပေါက်လာသည်။ နန်းရင်းဝန်လည်းခဏခဏပြောင်းလဲရသောအချိန် ဖြစ်၏။
တဖန် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်၍ အင်္ဂလိပ်ပါဝင်နေရချိန်၌ဗမာနိုင်ငံရေးသမားများစုပြီး အဖွဲ့တခု တည်ထောင် လိုက်လေသည်။ အင်္ဂလိပ်အစိုးရကမူ မကြိုက်ချေ။
ထိုကြောင့် အစိုးရက တချက်လွှတ် အမိန့်ထုတ်ပြီး နိုင်ငံရေး သမားများကို ဖမ်းလေတော့သည်။
စုံထောက်များ ပိုက်စိပ်တိုက် ရှာနေစဉ် သခင်အောင်ဆန်းက တရုပ် သင်္ဘောဖြင့် ပြည်ပသို့ ထွက်သွား၏။
ကျုပ်က-ဂျပန်စစ်ဖက်ကစာရေးရှိတဦးပါ- ခင်များ ဗမာပြည်က သခင်အောင်ဆန်း မဟုတ်လား- ခင်များကို ဂျပန်ပြည် ပို့ပေး ဖို့ အစီအစဉ်ရှိ ပါ တယ်-လာပါ ကျုပ်နဲ့လိုက် ခဲ့ပါ။
ကောင်းပြီ
အမွိုင်မြို့တွင် သောင်တင်နေစဉ်....
ဂျပန်နှင့် အစီ အစဉ် လုပ်ပြီး ရန်ကုန်သို့ တခေါက်ပြန်လာကာ ပုလိပ် စုံထောက်တွေ ကြားထဲမှ လူငယ် တသုတ်ကို ခေါ်သွား၏။





ထို့နောက် သခင်အောင်ဆန်း အပါအဝင်ရဲဘော်သုံးကျိပ်သည် စစ်အတတ်ကိုအပြင်းအထန် သင်တန်းတက်ကြ၏။




၁၉၄၁ ခုနှစ်တွင် ဘန်ကောက်မြို့၌ စုမိသမျှသော ဗမာများနှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်ဖွဲ့ကာသခင်အောင်ဆန်းသည်ဗိုလ်တေဇအမည်ဖြင့် ဗမာပြည်တွင်းသို့ ချီတက်လာ၏။




အင်္ဂလိပ်ထွက်ပြေးပြီးနောက် ဂျပန်ကဗမာကိုလွတ်လပ်ရေးအတုသာ ပေး၍ အမျိုးမျိုးညှဉ်းဆဲ၏။



၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်ဂျပန်များကို ဗိုလ်ချုပ်အောင်ဆန်း ဦးစီးပြီး တပ်မတော်နှင့်လူထုတွဲကာ တော်လှန်ရေး လုပ်လေတော့သည်။




ထိုအခိုက်တဖက်မှ မဟာမိတ် တပ်များကဝိုင်းတိုက်ပြီး ဗမာပြည်ထဲ အင်္ဂလိပ် ပြန်ရောက်လာ၍ ယခင်ကလိုပင် အုပ်ချုပ်နေ၏။




လွတ်လပ်ရေး ရအောင် အကြိတ်အနယ် ကြိုးစားလျက်ရှိစဉ် ဗိုလ်ချုပ်နှင့်အပေါင်းပါ များကို၁၉၄၇ခုနှစ်ဇူလိုင်လ ၁၉ ရက်နေ့တွင် လူမသမာတစုတို့က ဝင်သတ်သွားကြလေသည်။

ယခင်အပတ်မှအဆက်

# ရဲစွမ်းသတ္တိ

ဇာတ်လမ်း ဂယက်နီ    ပန်းချီ ဦးစိန်




မိုးဟိန်းတဲသို့ ရောက်သောအခါ သူ့အဖေ ပြန်မလာသေးပေ။ သူသည် ဗူးသီးခြောက် ရေဗူးထဲသို့ ရေဖြည့်လိုက်သည်။ ထို့နောက် ထမင်းအိုး၊ ဟင်းအိုးများ ရှိရာသို့ သွားပြန်သည်။








သူသည် ရေဗူး၊ ထမင်းထုပ်ကိုယူပြီး တောစပ်သို့ ပြေးထွက်လာခဲ့၏။




မင်း တကယ် ယူလာခဲ့တာ ကိုး
ကျနော်ကတိတည်ပါတယ် ထမင်းနဲ့ဆေးယူခဲ့တယ်
အဖေပြန်လာခါနီးပြီ ကျနော် ပြန်တော့မယ်
ဦး ကျေးဇူး မမေ့ပါဘူးကွာ ရှောင်တော့မယ် မင်းပြန် တော့လေ
အဖေလဲ ပြန်မလာ သေးဘူး နောက်ကျ လိုက်တာ
ခင်ဗျား ကြီးရဲ့ အားတော့ မီးထွန်းပြီး စောင့်နေလေရဲ့



ရှေ့ကဝင် စမ်း!
အဖေ့ကို သူပုန်တွေ ဖမ်းလာကြတယ်
ဟေ့ ကောင်လေး မီးခွက်ယူခဲ့စမ်း
ဟေ့ စိုးမောင် ရှာစမ်း တွေ့ယင်တော့ သေပြီ သာမှတ်
ဟုတ်ကဲ့ ဆရာ
ဘာမှမတွေ့ ဘူး ဆရာ
မလိမ်ညာဝံ့ပါဘူးဗျာ စပါးရောင်း ပြီး ကျုပ်တို့မှာ ငွေကလေးတရာ လောက် ကျန်ခဲ့ပါတယ်

ဆက်ရန်

# အသံ



အသံ ဖြစ်ပေါ်လာစေရန် လေထဲ၌ တစုံတခုသည် လျင်မြန်စွာ ရွေ့နောက် တုန်ခါလှုပ်ရှားရလေသည်။ အသံမြည်နေသော ခေါင်းလောင်းကို လက်နှင့် စမ်းကိုင်ကြည့်လျှင် ခေါင်းလောင်း၏ တုန်ခါမှုကို တွေ့ရှိရပေမည်။



အသံလှိုင်းများသည် ရေလှိုင်းဂယက်ကလေးများနည်းတူ လေထဲ၌ အဖက်ဖက်သို့ ပြန့်နှံ့ရွေ့ရှားသွားကြသည်။ အော်လံသည် အသံလှိုင်းများကို မပြန့်ထွက်အောင် တားဆီးပြီး တဖက်တည်းသို့ ပို့ပေးလေသည်။

အသံလှိုင်းများသည် ဘိလိယက်ခုံပေါ်မှ ဘောလုံးများကဲ့သို့ သွားချည် ပြန်ချည် ဖြစ်သည်။ ပဲ့တင်သံမှာ ထိုသဘောပင် ဖြစ်သည်။





အသံလှိုင်းများသည် အခြားအရာဝတ္ထုများကို သွားရောက် ရိုက်ခတ်၍ တုန်ခါမှုကို ဖြစ်ပေါ်စေနိုင်သည်။

အသံကို လိုအပ်သလို မြင့်၍ အော်ပေးခြင်းဖြင့် ရေဖန်ခွက်ကို ကွဲအက်သွားလောက်အောင် တုန်ခါမှုဖြစ်ပေါ်စေနိုင်သည်။

အသံကြားရပုံမှာ လေထဲ၌ ဖြစ်ပေါ်လာသော အသံလှိုင်းများသည် နားအတွင်းရှိ စည်အမှေးပါးကို ရိုက်ခတ်လာသောအခါ အာရုံကြောများမှတဆင့် ကြားရခြင်း ဖြစ်သည်။ အချို့သော အသံများကို လူတို့၏နားဖြင့် မကြားနိုင်ပေ။ သို့သော် တိရစ္ဆာန်အချို့၏ နားဖြင့် ကြားနိုင်သည်။ လူမကြားနိုင်သော အသံများကို အီလက်ထရွန်နစ် မီးလုံးများဖြင့် ဖမ်းယူနိုင်သည်။



အသံ၏ အသွားနှုန်းသည် သံမဏိ အတွင်း၌ လေထဲမှာထက် ၁၅ ဆပိုမြန်ပြီး၊ ရေထဲတွင်မူ လေထဲမှာထက်လေးဆပိုမြန်သည်။





အသံရွေ့ရှားသွားနိုင်ရန် ကြားခံပစ္စည်းရှိရမည်။ လေမရှိသော ဖန်ချိုင့်ထဲ၌ နာရီနှိုးစက်ကို မြည်စေပါက အသံကိုမကြားနိုင်ပေ။






နာရီကို စားပွဲပေါ်၌ လှဲထားလျှင် နာရီစက်သံပိုကျယ်လာသည်။ ဧရိယာပိုကျယ်သော စားပွဲသို့ တုန်ခါမှု ကူးသွားသောကြောင့် ဖြစ်လေသည်။


သေချာမှ ရေရာသည်
ဇာတ်လမ်း အောင်ကျော်မြင့်
ပန်းချီ သုခမအုန်းခင်
အလုပ်ရုံတခုသို့ လူငယ်ကလေးတယောက် အလုပ်လာတောင်းရာ အုပ်ချုပ်သူ လူကြီးက —
ဘယ်လိုအလုပ် မျိုးလိုချင်တာလဲ ကွဲ့
ရတဲ့အလုပ် ပါဘဲခင်ဗျား မရွေးပါဘူး
အေး-ကောင်းပြီ နက်ဖြန်လာခဲ့
နောက်တနေ့နံနက် လူငယ်ကလေး ရောက်လာလျှင် လူကြီးက အစမ်းသဘောဖြင့် —
အဲဒီနေရာတပိုက်မှာ အမှိုက်တွေ ပွနေတယ် မှုတ်လား အဲဒါကို ကြည့် လုပ်ကွာ
လူငယ်ကလေးသည် အမှိုက်များကို စံနစ်တကျ စုသိမ်းပြီးနောက် တွင်းတူး၍ထည့်သည်။
လူကြီးသည် ကုန်သေတ္တာများ ဖွင့်ခိုင်းပြန်သည်။
အဲဒီထင်းရှူး သေတ္တာတွေကို ဖွင့်စမ်းကွာ
လူငယ်ကလေးသည် အပျက်အစီးနည်းအောင် ဖွင့်ပြီး ပျဉ်ချပ်များကို သပ်ရပ်စွာ ပုံထားသည်။


လျှောက်လွှာစက္ကူတရာ သွားဝယ်ချေကွာ
လူငယ်ကလေး ပြန်လာ၍ စာရွက်များကို စစ်ဆေးကြည့်သောအခါ ရွက်ရေလည်း ပြည့်သည်၊ အစုတ်အပြဲလည်း ကင်းသည်၊ အချိန်လည်း မြန်သည်၊
အဲဒီစာရွက်ကလေးကို မင်းသိမ်းထားစမ်းကွာ
နောက်တနေ့တွင် လူကြီးက လူငယ်ကလေးထံမှ စာရွက် ပြန်တောင်းသည်။
မင်းသိမ်းထားတဲ့ စာရွက်ကလေး ပေးစမ်း
လူငယ်ကလေးသည် ချက်ချင်းပင် သိမ်းထားသည့်နေရာမှ ယူလာပေးသည်၊
စာရွက်ကလေး လာပေးပါတယ် ခင်ဗျား
အေး... အေး...
လူကြီးသည် လူငယ်ကလေး၏ အရည်အချင်းကို စမ်းသပ်ကြည့်ရာ ကျေနပ်လောက်ဘွယ် တွေ့ရသောကြောင့်—
ဒီလိုအရည်အချင်းမျိုးနဲ့ဆိုယင် အဖက်ဖက်ကယုံကြည်အားကိုးနိုင်တာဘဲ
ထိုနေ့မှစ၍ လူငယ်ကလေးအား ....
မင်းကို ဒီနေ့ကစပြီး အမြဲတမ်း အလုပ်ခန့်လိုက်ပြီ



ခွင့်လွှတ်
မှပေါ့!
ငါ့ ဖောင်တိန်_မင်ရည်မရှိလို့ ဒီဒီ- ဖွင့်မရလို့- ဖွင့်ပေးစမ်း ပါဟယ်-
ပေးလေ
အား- ပိပိကျပ်နေတာမို့ ဖွင့်လို့ မလွယ်ဘူး-
ကြိုးစားကြည့်ပါ ဦးဟယ်-
ဒီလိုဆို- အဝတ်နဲ့ ပတ်ပြီး-
ဟောဒီလို ပါးစပ်နဲ့ကိုက် ပြီး- လှည့်ဖွင့်-မယ်
ဟဲ- နင့်ကြောင့် ငါ့ဖောင်တိန် ကျိုးသွားပြီ- ဆရာမနဲ့သွား တိုင်မယ်-
ဆရာ- ကျွန်တော့်ကို လာဖွင့်ခိုင်းလို့ ဖွင့်ပေးရင်း- မတော်တဆ-
မှတ်ထား- ကိုယ်က အကူအညီတောင်းလို့ စေတနာနဲ့ ကူညီ ရင်း မတော်တဆ ဖြစ်တာကို- ခွင့် လွှတ်မှပေါ့-

# သစ်ရွက်များ အဘယ်ကြောင့် ဝါ၍ကြွေကျသနည်း

သစ်ရွက်များသည်ယင်းတို့တွင်ရှိသောကလိုရိုဖီး ဓာတ်များကြောင့်စိမ်းစိုနေကြသည်။ ကလိုရိုဖီးဓာတ်က နေရောင်ခြည်၊ လေနှင့် အမြစ်မှ ပို့ပေးသော ရေ တို့၏ အကူအညီဖြင့် အစာချက်ပေးသည်။ နွေရာသီ ရောက်သောအခါ တနွေလုံးအတွက် အစာများ စုဆောင်းမိပြီဖြစ်၍ ရွက်ညှာတံများတွင် ဖော့သား ကဲ့သို့သော ဆဲလ်ကလေးများ ဖြစ်ပေါ်လာသည်။ ယင်းဆဲလ်များက အရွက်သို့ သွားသောရေကို ပိတ် ဆို့သည်။ ထိုအခါ အရွက်သည် အစာမချက်လုပ် တော့ပေ။ ကလိုရိုဖီးဓာတ်များလည်း ပျောက်သွား သည်။ ထို့ကြောင့် သစ်ရွက်များသည် တဖြည်းဖြည်း စိမ်းရာမှဝါ၊ ဝါရာမှ ညိုပြီးလျှင် ထုတ်ပေးစရာအစာ ကုန်ခန်းသောအခါ မြေပြင်သို့ ကြွေကျ လေတော့ သည်။


ကြယ်ဖြူ

# ထွင်ဉာဏ်အားကိုး တန်တားထိုး



ကျုံးသဏ္ဌာန် ပတ်လည် ဝန်းရံထားသော ရေမြောင်း၏အကျယ်မှာ ခြောက်ပေ ဖြစ်သည်။ ပြက်တပေ အရှည် ငါးပေစီရှိသော ပျဉ်နှစ်ချပ် ဖြင့် ကြိုးမကူ၊ သံမစွဲ၊ ဆက် လည်းမဆက်ပဲ မြောင်းကူး တန်တား လုပ်ကြည့်ပါ။

အဖြေမသိ နောက်မှကြည့်






မောင်ချိုလှိုင်၏ ဖေဖေ၊ မေမေ၊ မမနှင့် ညီမလေး တို့သည် အင်းစိန်ရှိ ဆွေမျိုးအိမ်သို့ ညအိပ်အလည်သွားကြ၏။ ထိုညတွင် မောင်ချိုလှိုင် တယောက်တည်း အိမ်စောင့်ရပေမည်။

မောင်ချိုလှိုင်တို့ မိသားစု ဤအိမ်ကြီးသို့ပြောင်းလာသည်မှာ တပတ်ခန့်သာရှိသေးသည်။ အိမ်ကြီးမှာ အလွန်ကြီး၏။ ထို့ကြောင့် စိတ်အား ငယ်တတ်သူများ တယောက်တည်း နေလျှင် စိတ်ချောက်ချား နိုင်ပေသည်။

မောင်ချိုလှိုင်သည်ကြောက်တတ်သူဖြစ်၏။ ထို့ကြောင့် ဤအိမ်ကြီး၌ မနေချင်ပေ။ ကြည့်မြင်တိုင်ရှိ သူ့ဒေါ်လေးအိမ်တွင် သွားအိပ်မည်ဟု သူ မေမေကို ပြောသည်။ သူ့မေမေက မလွှတ်ချေ။

သို့နှင့် မိုးချုပ်စ ပြုလာပြီ။ မိုးချုပ်လေ မောင်ချိုလှိုင်ရင်ခုန်လေပင် ဖြစ်၏။ မောင်ချိုလှိုင်သည် မှောင်လာသည်နှင့် အိမ်ထဲတွင် မနေရဲတော့ပြီ။ အိမ်ရှေ့တံခါးဝတွင် ထွက်ထိုင်၏။

ထိုစဉ်သူ့သူငယ်ချင်း မောင်မျိုးသန့်ကို တွေ့လိုက်ရ၍ လှမ်းအော်ခေါ်၏။

"ဟေ့ – မျိုးသန့် ခဏလာပါအုံးကွ"

"ဘာတုံးကွ"

မောင်ချိုလှိုင်သည် သူခေါ်ရသည့်အကြောင်းရင်းကို မောင်မျိုးသန့်အား ပြောပြ၏။

"ငါတို့ အိမ်သားတွေ ဒီနေ့ အင်းစိန်သွားကြတယ်ကွာ။ ညငါ တယောက်ထဲ အိပ် ရ မှာ ကြောက်နေတယ်။တတ်နိုင်ယင် မင်းငါနဲ့လာအိပ်ပါလားကွာ"

"ဟာ – မင်းကလဲကြောက်စရာမဟုတ် ကြောက်နေတယ်။ သရဲဆိုတာ တကယ် မရှိပါဘူးကွာ။ မကြောက်တတ်တဲ့လူ ဆိုယင် သရဲဆိုတာက ဘယ်တော့မှ မချောက်ဘူး၊ မှတ်ထား"

မောင်ချိုလှိုင်သည် မောင်မျိုးသန့်ကို ခေါ်မရသဖြင့် အလွန် စိတ် အား ငယ် သွား ၏။ ဤသို့ဖြင့် တဖြည်းဖြည်း မှောင်လာသည်။ မောင်ချိုလှိုင်သည် တယောက်တည်း အိမ်ထဲတွင် မ နေ ရဲ တော့ ပေ။ သို့သော် မ တတ် နိုင် ပြီ။ အား တင်း ကာ အိမ်ရှေ့နှင့် နောက်ဖေးရှိ တံခါးအားလုံးကို လျှောက်ပိတ်သည်။

ထို့နောက်အိပ်ခန်းထဲသို့ ဝင်၏။ စောင်ကိုခေါင်းအထိ ခြုံပြီး မျက်စိကို တအားပိတ်ကာ အိပ်လေသည်။ စိတ်ကမူမြန်မြန်အိပ်ပျော်ချင်ပြီဖြစ်၏။ သို့သော်နေ့ခင်းက အပျင်းကြီးပြီးအိပ်ထားသဖြင့် တော်တော်နှင့် အိပ်မပျော်ချေ။

တဖြည်းဖြည်း ညဉ့်နက်လာသည်။ မောင်ချိုလှိုင်အိပ်လို့မရသေး။

ပို၍ညဉ့်နက်လာသောအခါ အိမ်နောက် ဖေးမှ "ဂလုံး" "ဂလွမ်း" ဟူသော အသံများ ကြားလိုက်ရ၏။ မောင်ချိုလှိုင် ကြက်သီးထသွားလေသည်။

"သရဲများလား။ မေမေတို့လဲမရှိဘူး။ ငါ တယောက်ထဲ၊ ဒုက္ခဘဲ"

မောင်ချိုလှိုင်မှာ ကြောက်

လန့်လျက် ရှိလေသည်။ မောင်ချိုလှိုင်သည် သူနား နှစ်ဖက်ကို လက်နှင့် ပိတ်ပြီး ခေါင်းမြီးခြုံကာ အိပ်ပျော်အောင် အိပ်လေသည်။

မည် သို့ ပင် နား ပိတ် ထား စေဦး၊ သူနားထဲ၌ "ဂလုံး"၊ "ဂလွမ်း" ဟူသော အသံများကိုကြားယောင်လျက် ရှိ၏။ အိမ်နောက်ဖေးဖက်မှ အသံများပင်ဖြစ်၏။ တခါတရံ "ကျွိ၊ကျွိ" ဟူသောအသံများကိုပင်နောက်ဖေးတံခါးပေါက်နားမှ ကြားနေရသေးသည်။

မောင်ချိုလှိုင်သည် ထ မကြည့်ရဲသဖြင့် မျက်စိကိုအတင်းပိတ်၍ အိပ်လေသည်။ မြန်မြန်မိုးလင်း ပါစေ ဟု လည်း ဆုတောင်းနေမိ၏။ အတန်ကြာသော် မောမောနှင့် အိပ်ပျော်သွားလေသည်။

မိုးစင်စင်လင်းပြီ။ သို့သော် ညက ညဥ့်အတော်နက်မှ အိပ်ပျော်သဖြင့် မောင်ချိုလှိုင်မှာ အိပ်ရေးမဝသေးပေ။

"ဟေ့- မောင်ချိုလှိုင်-မောင်ချိုလှိုင်"

မောင်ချိုလှိုင်သည် နောက်ဖေး အိမ်မှ ဒေါ်ဝေဝေ၏ ခေါ်သံကို ကြားလိုက်ရလေသည်။

"ဟေး- မောင်ချိုလှိုင် လာစမ်း မြန်မြန်၊ အရေးကြီးလို့"

မောင်ချိုလှိုင်သည် အလန့်တကြား အော်ဟစ် နေသော ဒေါ်ဝေဝေ၏ အသံကြောင့် အိပ်ရေး မဝသေး သော်လည်း အတင်း အားယူကာ မျက်လုံးဖွင့်ပြီး နောက် ဖေး ဖက် သို့ အပြေးထွက်လာ၏။

မီးဖိုထဲသို့ရောက်လျှင် မောင်ချိုလှိုင် အံ့အား သင့်သွား၏။ မီးဖိုတံခါးမှ ပျဉ်များကို ဖောက်ထွင်းထားသည့် အပေါက်ကြီးတပေါက်ကို တွေ့လိုက်ရ၏။ ထို့ပြင် ထိုအပေါက်ကြီးအနီး၌ပြုံးကြောင်ကြောင် ရပ်နေသော နောက်ဖေးအိမ်မှ ဒေါ်ဝေဝေကိုပါ မြင်လိုက်ရလေသည်။

"ဟဲ့-ဟဲ့ မောင်ချိုလှိုင် ဒီမှာကြည့်စမ်း။ ညက သူခိုးဖောက်သွားတာနဲ့ တူတယ်။ ဒုက္ခဘဲ ဘာတွေများ ပါသွား သေးလဲမသိဘူး။ ညက ဒီအိမ်မှာ မင်းတယောက်ထဲ ရှိသလား။ မင့်အမေတို့ကောဘယ်သွားကြလဲ။ ဒီလောက်တောင် အအိပ်ကြီးရသလားကွယ်"

ဒေါ်ဝေဝေ၏စကားကြောင့် မောင်ချိုလှိုင် ထိတ်လန့် သွားရှာ၏။ အိမ်ထဲတွင်လည်း ပစ္စည်းအားလုံး ဖရိုဖရဲ ဖြစ်နေသည်။ အိမ်သုံးပစ္စည်း တော်တော်များများ ပါသွားမည်မှာ သေချာသည်။

ညက "ဂျိုးဂျိုး ဂျွတ်ဂျွတ်" မြည်သံများကို ဖန် တီး သူ မှာ သရဲ မဟုတ်ပဲ သူခိုး ဖြစ်နေကြောင်းသိလိုက်ရသဖြင့် မောင်ချိုလှိုင်သည် သူကိုယ်သူ ခွင့်မလွှတ်နိုင်လောက်အောင် ခံစားနေရလေ၏။

× × × ×

## မျက်ရည်တော်လှန်ရေး

ဗိုလ်ချုပ်အောင်ဆန်း ဇာနည်ပန်း
လဇူလိုင်၌ညွှန်း။

လွမ်းဆွေးတာသ ငိုသူတွေ
အမြောက်အမြားပေ။

ငိုသူတွေက ပြောပါရဲ့
သူကိုချစ်လို့တဲ့။

တကယ့်တကယ် ချစ်ကြလျှင်
မငိုသင့်ဘူးထင်။

ဒီ့ဖခင် စိတ်စရိုက်
အလုပ်လုပ်မှကြိုက်။

သုတ်လိုက်စမ်းပါ့ မျက်ရည်တွေ
အလုပ်လုပ်ရင်း ချွေးထွက်စေ။


ငိုမနေ လုပ်ကြိုးစား
မျက်ရည်ဆိုတာ အလကား။

ချွေးစက်ဟူသည် ပတ္တမြား။ ။

ဖိုးသာအောင် (ဆားလင်း)



ဗ. ၅၁/



ဥဖျိုင်းကို ဖျိုင်းဟူ၍လည်း ခေါ်သည်။ အရောင်မှာ များသောအားဖြင့် အဖြူဖြစ်၏။ သို့သော် အချို့မှာ မွဲပြာပြာ၊ အချို့မှာ ညိုတိုတို ဖြစ်သည်။ ထူးခြားချက်မှာ ရာသီဥတုကိုလိုက်၍ အမွေးအတောင် ပြောင်းလဲတတ်ခြင်း ဖြစ်သည်။

ဖျိုင်းများသည် များသောအားဖြင့် ဆိတ်ငြိမ်စွာနေတတ်သည်။ ရေပေါများသော မြစ်ချောင်းရေအိုင် အနီးအနားတဝိုက်တွင် အနေများသည်။ သူတို့၏အော်သံကို အိပ်တန်းတက်ချိန်မှပင် ကြားရတတ်သည်။

ဖျိုင်းများသည် အအုပ်အသင်းနှင့်နေ၍ မိုးတွင်း၌ သားငယ်များ ပေါက်ပွားသည်။ အသိုက်ကို ထနောင်းပင်အဖျား၌ ပြုလုပ်တတ်သည်။ တမြို့လျှင် လေးဥမှ ခြောက်ဥအထိ ရှိသည်။ ကနန်း၊ ပိုးတုံးလုံး၊ ပေါက်ဖတ်နှင့် ခူများကို ဖမ်းဆီးစားသောက်သည်။ ကျွဲနွားများ၏ကိုယ်ပေါ်ရှိ ပိုးမွှားများကိုလည်း ထိုးဆိတ်စားသောက်ကြသည်။

## ဥဖျိုင်း

ဥဖျိုင်းကို မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ အနှံ့အပြားတွင် တွေ့ရှိနိုင်သည်။

စိုးမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၃၀။

# သား လိမ်မာ

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-မောင်ဆောင်ဦး (နတ်တလင်း)

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ ဝါခေါင်လဆန်း ၂ ရက် (၂၄-၇-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။



အကိုက - အရက်မူး တဲ့အခါ သာ အရမ်း ပြောတာ ပါ၊ တကယ်တော့ လုပ်သား တွေကို စေတနာ ရှိ ပါတယ် - သည်းခံ ပါရှာ -
မင်းကို တော့ခင်ပါတယ် - ဖင့် အကို ဆက်ဆံပုံက မဟန်ဘူး
လယ်အလုပ် သမားတွေ အပေါ် မောက် မောက်မာမာ ဆက်ဆံလို့ မောင်သူရက လိုက် ချော့ရသတဲ့။
စီးပွားရေးကတော့ တော်တော် စိတ်ချရပြီ-ညီရဲ့ ဒီနှစ်တော့ ငါ မိန်းမယူတော့မယ် - ဟဲ -
အမေ့ကို စောင့်ရှောက် မယ့် မိန်းမမျိုး ရှာယူ ပါနော် - အကို
တနေ့တော့....
ဟားဟား - ဟားဟား ... ငါ့ညီရယ် - ဒါကတော့ လွယ်ပါတယ် ... ပစ္စည်းတွေ တယောက် တဝက် - ခွဲပြီး - တအိမ်စီနေမယ် လေ...... မင်းက အမေကို - အခုလိုဘဲ ဆက်လက်စောင့်ရှောက် - ငါက - အိမ်နဲ့ ဆိုတော့ အဝေးက နေ - တခါတခါ ကြည့်မှာပေါ့ - ကွ -
မိန်းမ - ရ - ရင် - ပစ္စည်း ကောင်း ကောင်း ရွေးယူမယ်၊ ဟိုကောင်ကို နည်းနည်းဘဲ ပေးမယ်၊ ငွေ ဆိုလဲ ဘယ်လောက် ရှိသလဲ ဆိုတာ သူ မသိ ပါဘူး
ဘာညာ တာလဲ - သေတ္တာ ပေး — မြန်မြန်
ရှိတဲ့ ရွှေ - ငွေ တွေထုတ်ပေး
များမကြာမီ ထိုရွာကို တောပုန်းဓားပြများ ဝင်ရောက်ပြီး လုယက်ဖျက်ဆီးကြရာ....


အကို - ပစ္စည်းတွေထားပါအုံး မျာ- မြန်မြန်ရှာယင်ရပါတယ်၊ အမေကိုထမ်းပြီး ပြေးရအောင်.
ငါတော့ ပစ္စည်းဘဲလိုချင်တယ်ကွာ၊ အမေကို မကယ်နိုင်တော့ဘူး၊ ရလောက်ထိ ရှာကျွေး- စောင့်ရှောက်ခဲ့ယင် - တော်ရောပေါ့.........
မောင်မလဟာ အမေကို ဂရုမစိုက်ဘဲ တန်ဖိုးရှိတဲ့ ပစ္စည်းတွေကိုသာ ထုပ်ပိုးပြီး....
ပစ္စည်းမရယင် ဘိန်းစားရှိကွဲ
အမယ်လေးဗျ သေပါပြီ....
ပြေးဟေ့ပြေး
ပြောပြောဆိုဆိုနဲ့ ထွက်ပြေး သွားသတဲ့။
ဟေ့ကောင် - မင်း - ဒီအဖွားကြီးထမ်းပြီး ဘာလို့ထွက်ပြေးတာလဲ......
...ဘာပစ္စည်းတွေပါလာလဲ - ချ - ထုတ်ပေး.
မောင်သုရ ကတော့ အမေအို မျက်မမြင်ကို မပစ်ရက်တဲ့ ထမ်းပြေးရှာသတဲ့၊ထိုစဉ်—
ဘာ.... ဘာ.... ဘာပစ္စည်းမှ - မပါ၊ပါဘူးခင်ဗျာ အမေအို - မျက်မမြင်ကြီးကို - မီးဘေးလွတ်ရာကိုပို့မလို့ပါ - အာ - အာ.....
.......
သားလေးအသက်ကိုတော့ ချမ်းသာပေးပါ မောင်တို့ရယ်....ကျုပ်မှာ အားကိုးစရာ ဆိုလို့ ဒီသား တယောက် ထဲဘဲ ရှိပါတော့တယ်........
အင်း — မင်းဟာ လိမ္မာတဲ့သားဘဲ - မင်းကိုငါ မသတ်ဘူး - မင်းတို့ သားအမိအတွက် လက်ဆောင် - ရော့.
ဓားပြဗိုလ်ကြီးက ချီးကျူးစကားပြောပြီး ရတနာထုပ်တထုပ်ပေးသွားသတဲ့—



ဟာ- ဒီပစ္စည်းတွေ ဟာ တို့အိမ်ကတဲ့.. အင်း.... ငါ့အကို တော့-လောဘ တကြီး ယူပြေးတုန်း မိသွားလို့ အသတ် ခံရပြီထင်တယ် - အမေသိမယ် တော့........ မေးမြန်းမှဘဲ အသိပေးတော့မယ်
တောပုန်း ဓားပြများ ထွက်သွားပြီးနောက်အ ထုပ်ကို ဖြေကြည့်ရာ-
အမေ- စိတ်ချ လက်ချ- ဒီမှာ ခဏ နေအုံး- အနားမှာ ရေအိုးလဲရှိပါ တယ်.. ကျနော် ရွာထဲမှာ အစီအစဉ် သွားလုပ်လိုက် အုံးမယ်...... နော်
အေး- သား စိတ်ချ သွား
မောင်သူရဟာ အမေအိုကို တနေရာတွင် ထား ခဲ့ကာ ရွာထဲပြေးဝင်သွားပြီး ....
ပြန်လာကြပါဗျို့- ဓားပြ တွေထွက် သွားကြပြီ
မီးလောင်နေတဲ့အိမ် ကို မြန်မြန်ငြိမ်းရ မယ်.... ကြာယင် မီးကူး ပြီး တရွာ လုံးကျွမ်း သွားလိမ့် မယ် - မြန်မြန် ပြန်လာကြပါ ဗျို့.
.....ပစ္စည်း၊ ဆုံးတာတွေ - အိမ်မီးလောင် ခံရ တာတွေ- သေတဲ့လူတွေ အကြောင်းပြန် တွေးပြီး - ဝမ်းနည်းနေရုံ နဲ့ ကိစ္စ မပြီးပါဘူး။ ကျနော်တို့ အားလုံး စုပေါင်းပြီး - ရွာကို ပြန်လည်ထူထောင်ရ မယ်၊ ရွာရဲ့ လုံခြုံမှု အတွက် ကာကွယ်ရေး စီမံ ရမယ်၊ စီးပွားရေးမြှင့် လည်း လုပ်ကြရမယ် ဒါမှ - ရေရှည် စိတ်ချ ရမယ်.....
နောက်နေ့တွင်-
အေး- မှန်တယ်
မိန်းမတွေ လုပ်အားလဲ- ပေးပါတယ်
ကဲ- လာကြဟေ့- အခု- ကတည်း- စ- လုပ်ကြစို့
သို့ဖြင့် သာယာသော ရွာက လေးပြန်ဖြစ်လာကာ ပျော်ရွှင် လျက် ရှိကြလေသတည်း။


ယခင်အပတ်မှအဆက်

# ရဲစွမ်းသတ္တိ

ဖေါ်လမ်းဂယက်နီ ပန်းချီ ဦးစိုး

သူပုန်ဗိုလ်ကြီးသည် ဒေါသကြီးကြိမ်းမောင်းနေလေသည်။ မိုးဟိန်းသည် သူ့အဖေအား ယခုကဲ့သို့ လာရောက် ကြိမ်းမောင်းနေခြင်းကို မကျေနပ်ပေ။




ရေဖုံးကလေးကိုတော့ တွေ့ပြီ- စစ်သားကြီး မရှိတော့ဘူး
ဟာ!
ဦးမသွားသေးဘူးလား
ဦးရဲ့ခြေထောက်က လမ်းလျှောက်လို့ မဖြစ်သေးဘူး
ညက ကျနော်တို့တဲကို သူပုန်တွေလာတယ် ကျနော်သာ ဦးလို စစ်သားကြီးဖြစ်ယင် - သူတို့တော့ မသက်သာဘူး
အေးကွာ မင်းရဲ့စိတ်ဓါတ်ကို ဦး ချီးကျူးပါတယ်
ကျနော် ထမင်းထုပ် ခိုးမယ် ရေလဲ ယူလာခဲ့မယ် ဦး ဒီမှာဘဲနေအုံးမယ် မဟုတ်လား
ခြေထောက်က နာနေသေးတော့-ဦး ဒီမှာဘဲ နေရအုံးမယ် ကဲ မင်းပြန်ပေတော့


အာဖော့ပုန်မလာခင် စစ်သားကြီးကို ထမင်း သွားပို့ မှဖြစ်မယ်
မိုးယိမ်းသည် တယောက်တည်း မီးဖိုထဲတွင်အလုပ် ရှုပ်နေလေသည်။ စစ်သားကြီးအား ထမင်းပို့ရန် ပြင်ဆင်နေသည်။
စစ်သားကြီး ကို သူပုန် တွေ တွေ့သွားလို့ ဖမ်း မိသွားပြီလား မသိဘူး
သူသည် သူတို့တွေ့ဆုံနေကျ နေရာသို့ ရောက်သွား သော် စစ်သားကြီးကို မတွေ့ရပေ။
ဦးက ပုန်းနေတာကိုး
စစ်သားဆိုတာ အမြဲ သတိရှိနေရတယ်ကွဲ့
ဦး အနာက တော်တော်ကြီးလား
အကြောနား ပေါက်သွား လို့ လမ်းမလျှောက်နိုင် ဖြစ်နေတာ ကိစ္စမရှိပါဘူး
နက်ဖြန် ကျောင်းလာတော့ ဦး အနာ ထည့်ဖို့ ရေနံချေး ယူလာခဲ့မယ်
ကျေးဇူးပါကွာ စမ်းထည့်ကြည့်မယ်

ဆက်ရန်

# စာတိုက်




ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး လက်ထက်မှ စ၍ နန်းသုံးနှင့် ရုံးသုံး စာပေးစာယူလုပ်ငန်းကို ခြေလျင်၊ လှေလျင်၊ မြင်းလျင် ဟူ၍ ခွဲခြားဆောင်ရွက်ခဲ့သည်။

အင်္ဂလန်ပြည်တွင် တတိယ အက်ဒွပ်ဘုရင် (ခရစ် ၁၃၂၇-၁၃၇၇)လက်ထက်၌ ပုဂ္ဂလိကပိုင် စာပို့လုပ်ငန်းရှိခဲ့သည်။ ၁၈၄၀ ပြည့်နှစ်တွင် အင်္ဂလန်သည် ကမ္ဘာပေါ်တွင် ပထမဦးဆုံး စာတိုက်တံဆိပ်ခေါင်းကို ရိုက်နှိပ် ထုတ်ဝေခဲ့သည်။

စာပို့လုပ်ငန်းသည် ပထမ အင်္ဂလိပ် မြန်မာစစ်ပွဲပြီးသည့်နောက် ဗြိတိသျှပိုင် မြန်မာနယ်များသို့ ရောက်ရှိခဲ့သည်။ အိန္ဒိယပြည် စာပို့စံနစ်ကို မြန်မာပြည်သို့ တိုးချဲ့ခဲ့သည်။ အိန္ဒိယနိုင်ငံသုံး တံဆိပ်ခေါင်းများပေါ်တွင် မြန်မာနိုင်ငံဟူ၍ ထပ်ဆင့်ရိုက်နှိပ် အသုံးပြုခဲ့သည်။

စာပို့လိုသူသည် လမ်းဘေး စာဖုံးထဲသို့ စာထည့်လိုက်သည်။ ထိုစာကို စာသိမ်းလုလင်တဦး လာ၍ သိမ်းလေသည်။ စာသိမ်းလုလင်သည် အရပ်ရပ်မှ စာများကို စာပို့အိတ်တွင် ထည့်၍ ဗဟိုစာရွေးဌာနသို့ ပို့လေသည်။ ထိုဌာနက တံဆိပ်ခေါင်းများကို ထပ်၍ မသုံးနိုင်အောင် တံဆိပ်ရိုက်သည်။ စာရွေး လုပ်သားများက စာများကို တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် ရွေးချယ်၍ စာပို့ယာဉ်များဖြင့် ပို့ဆောင် ဖြန့်ဝေသည်။ မြို့၏ စာတိုက်ရှိ စာပို့လုလင်

◀ ဖြတ်ရန် လွယ်ကူ၍ ကော်ပါသော တံဆိပ်ခေါင်း



ဗြိတိသျှခေတ်


ဂျပန်ခေတ် တံဆိပ်ခေါင်း



လွတ်လပ်ရေးရပြီး

စန်းအောင်
(ကာတွန်း)




သည် ရပ်ကွက်အလိုက် အိမ်အရောက် စာများကို ပေးပို့သည်။


စာပို့လိုသူသည် စာတစောင်၏ ခရီးစရိတ်အဖြစ် တံဆိပ်ခေါင်းကပ်၍ ပို့ဆောင်ရသည်။ အကယ်၍ စာတစောင်တွင် တံဆိပ်ခေါင်း မပါရှိပါက စာလက်ခံသူက စာတစောင်၏ ခရီးစရိတ်ကို ပေးချေရလေသည်။

မြန်မာနိုင်ငံတွင် ထူးခြားသည့် နေ့ရက် အထိမ်းအမှတ် အဖြစ်ဖြင့် မြန်မာမှုဆိုင်ရာ တံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့သည်။

ပြည်သူလူထုသက်သာမှုအတွက် ပြည်တွင်းစာပို့လွှာများကိုလည်း ထုတ်ဝေခဲ့သည်။

စာတိုက်ဌာနသည် စာများကိုသိမ်းယူခြင်း၊ ပို့ဆောင်ခြင်း၊ ဝေငှခြင်း စသော မူလ လုပ်ငန်းများအပြင် အခြားလုပ်ငန်းများလည်း ဆောင်ရွက်သည်။ ယင်းတို့မှာ သံကြိုးနှင့် စကားပြောကြေးနန်းလုပ်ငန်း၊ အာမခံတံဆိပ်ခေါင်းနှင့် စာပို့ တံဆိပ်ခေါင်းများ ရောင်းချခြင်း၊ ငွေလွှဲငွေပို့ ဆိုင်ရာလုပ်ငန်း၊ အသံဖမ်းစက် လိုင်စင် စစ်ဆေးထုတ်ပေးရခြင်း လုပ်ငန်း၊ စာတိုက်ငွေစုဘဏ် လုပ်ငန်း စသည်တို့ ဖြစ်သည်။

စာတိုက် အမှုထမ်းတဦးသည် ရိုးသား၍ ပြည်သူနှင့် ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့ရန် လိုအပ်သည်။ စာတိုက်ဌာနသည် လူထုနှင့် အများဆုံးဆက်ဆံရသော ပြည်သူ့ အကျိုးဆောင်ဌာန ဖြစ်လေသည်။




နန်း
ပန်းချီ- မြသန်း
နန်းတို့၏ တောင်ယာကို မြင့်မားသော တောင်ပေါ်တွင် လုပ်ထားသည်။ အိမ်ကို တောင်ယာ စပ်၌ ဆောက်လုပ်ထားသည်။
တနေ့တွင် နန်းသည် တယောက်တည်း ကြိုးခုန် ကစားနေသည်။ သူ့ဖေဖေနှင့် မေမေတို့က ယာထဲ၌ အလုပ် လုပ်နေကြသည်။
ဟိုမှာ နန်းကွ... ကြိုးတွေ ဘာတွေခုန်လို့ ... ခိုးသွားနှောက်ရအောင်...
ထိုအချိန်တွင်ရွာထဲမှ စိုင်းဝဏ္ဏနှင့်အိုက်ပန်း တို့ နှစ်ယောက်ရောက်လာကြသည်။
ဟား...ဟား ဟား
အိုက်ပန်းက နန်း နောက်ဖက်သို့ မယောင်မလည် သွားပြီးကြိုးကို ရုတ်တရက်ဖမ်းဆွဲလိုက်သည်။
ဟေ့..ငါ့ဟာလေ...နင်တို့ မဆွဲနဲ့နော်..ငါတိုင်ပြောမယ်..လွှတ်..လွှတ်
နန်းက ပြန်ဆွဲ၍ သူတို့ နှစ်ယောက်ကလည်း မလွှတ်ဘဲ အတင်းရယ်ပြီး ဆွဲနေကြသည်။
ရပြီကွ
နောက်ဆုံးတွင်နန်းလက်မှကြိုးစလွှတ်ထွက် သွားတော့သည်။


ဟေ့ကြည့်စမ်း ငါ့ရုန်ကားကိုကြည့်ထား
ဟေ့ကောင် အချိန်ကြာတယ်ကွ ငှက်ဥတွေသူများ ရှိက်သွားအုံးမယ်
ဒိုက်ပန်းသည် ခဏ ကစားပြီးနောက်–
ဟေ့ငါ့ကြိုးပျောက်ယင် အလျော်ပေးရမယ်နော်
ကြိုးကို မလှမ်းမကမ်းသို့ လွှင့်ပစ်လိုက်သည်။
ချောက်ထဲကိုကျ မသွားလို့တော်သေး တာပဲ
သူတို့ ထွက်ပြေးသွားကြသဖြင့် နန်းသည်ချုံ ပေါ်တင်နေသော ကြိုးကို ခက်ခက်ခဲခဲ ပြန် ယူရလေသည်။
အမေတို့ပြန်လာယင် အသင့်ဖြစ်နေမှ
နန်းသည် အိမ်ပြန်ပြီး မီးဖိုခန်းထဲဝင်၍ လုပ်စရာ ရှိသည်များကို လုပ်နေသည်။ ထို့နောက်-
အိမ်ရှေ့ထွက်လာစဉ် အဝေးမှ အော် သံကြားရလေသည်။
ဟေ့ကောင်လုပ်ပါအုံး ကွ-ငါကျတော့မယ်ကွ ကျတော့မယ်
အော်သံကြားရာသို့ ပြေးသွားသောအခါ တယောက် က ချောက်ထဲသို့ ကျလုကျခဲ၊ တယောက်က သစ်ပင်ကို ဖက်လျက်ကြီးရာမရ ဖြစ်နေသည်ကို တွေ့ရလေသည်။


ဒုက္ခဘဲ ဘယ်လိုလုပ်ယင်ရပါ့မလဲ လက်
ညှောင်းလို့ ပြုတ်ကျ ယင်တော့ သေ
တော့မှာဘဲ ဟု တွေးမိရာမှ—
နင်က ကြိုးစကိုသစ်ပင်မှာ
ပတ်ပြီး တအားကုန်ဆွဲထားနော်
မပြုတ်ယင်ငါ့ပါသေမှာ
အေးပါ
နောက်ဆုံးတွင် အကြံတခုရလာသည်။
မြဲမြဲကိုင်ထားနော်
လက်ကိုအရမ်းလွှတ်
မ ပစ်နဲ့
ဟုတ်ပြီ
ငါ့လက်ကိုမြဲမြဲကိုင် ..
တဖြေးဖြေး ဆွဲတက်နော်
ဟုတ်ပြီ-
လက်တဖက်ကလဲ
မြိန်းဆွဲခဲ့ -
ရောက်တော့မယ်
အေးဟယ်-နင့်ကြိုး သာချောက်ထဲကျ
သွားယင်သူလဲ...အင်း ...မတွေးရဲ
ပါဘူးဟယ်
အေး -
ကြာယင်ငါ့လက်
တွေညောင်းပြီး
ချောက်ထဲကျ
သေမှာဘဲ
အပေါ် ပြန်ရောက်ကြသောအခါ သူတို့၏ အပြစ်ကို နောင်တ
ရလျက် နန်းအား ကျေးဇူးတင်မဆုံး ဖြစ်နေကြလေသည်။



## နေမရှိလျှင် ကမ္ဘာကြီးမည်သို့ဖြစ်သွားမည်နည်း

နေမင်းကြီးသာ မထွန်းလင်းတော့လျှင် ကမ္ဘာပေါ်တွင် နေ့နှင့် ညဟူ၍ မရှိတော့ဘဲ အမြဲ မှောင်နေလိမ့်မည်။ နေ၏ အလင်းရောင်ကို တဆင့် ခံယူပြီး လင်းရသော လမင်းကိုလည်း မြင်ရတော့မည်မဟုတ်ပေ။ နေမှ အပူဓာတ်မရတော့ပြီဖြစ်သဖြင့် ကမ္ဘာပေါ်တွင် အလွန်အေးလာလိမ့်မည်။ နေ၏ အပူကြောင့် လေတိုက်ခတ်လှုပ်ရှားမှု ဖြစ်ပေါ်ခြင်းဖြစ်ရာ၊ လေမတိုက်လျှင် ရာသီဥတု ပြောင်းလဲမှုများလည်း ဖြစ်ပေါ်တော့မည်မဟုတ်ပေ။ သစ်ပင်များ အစာချက်ရန် နေရောင်နှင့်အပူဓာတ်ကို လိုသည်။ နေရောင်နှင့် အပူဓာတ် မရှိလျှင် သစ်ပင်များ သေကုန်လိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့အတွက် စားစရာ သစ်ပင်သီးနှံများ ရှိတော့မည် မဟုတ်ပေ။ ထိုအခါ သစ်ပင်သီးနှံများကိုစားသုံး၍အသက်ရှင်နေကြသော တိရစ္ဆာန်များလည်း သေကျေပျက်စီးကုန်ကြပေမည်။ တိရစ္ဆာန်များ သေကျေကုန်လျှင် ကျွန်ုပ်တို့ လူသားတို့၏ အစားအစာအတွက် အသားမရနိုင်တော့ပေ။ သို့ဖြစ်လျှင် ကျွန်ုပ်တို့လည်း အစားအစာပြတ်၍၎င်း၊ အေးလွန်းသောကြောင့်၎င်း သေကျေပျက်စီးကြရပေမည်။ ထိုအခါ မည်းမှောင်၍ အလွန်အေးနေသော ဤကမ္ဘာကြီးတွင် သက်ရှိဟူ၍ ဘာမျှ ရှိတော့မည် မဟုတ်ပေ။

ကြယ်ဖြူ



## ပြောင်းဖူးမွေးရုပ်ကလေး



ပြောင်းဖူးမွေးဖြင့် အထက်ပါအတိုင်း အရုပ်ကလေး ပြုလုပ် ကစားနိုင်ပါသည်။ စက္ကူကတော့ ဦးထုပ်ကလေးလည်း ဆောင်းပေးနိုင်သည်။

# အပေါင်း အသင်း

မောင်ကံတင်



အပေါင်း အသင်းကို ကျွန်တော်မုန်းပါသည်။ ကျွန်တော်နှင့်တွေ့ခဲ့သမျှ အပေါင်းအသင်းတို့သည် ကျွန်တော့်ကိုဒုက္ခပေးသွားကြသည်ချည်း ဖြစ်သည်။

တခါကဘရီနှင့် ပေါင်းသင်းဘူး သည်။ ကျောင်း သွား ကျောင်း ပြန် အဖော် လည်း ရသည်။ အကူအညီလည်း ရသည်။ ကစားဖက်လည်း ဖြစ်သည်။ ထို့ကြောင့်ဘရီကို ကျွန်တော် အားလည်း ကိုးသည်။ ချစ်လည်း ချစ်ခဲ့သည်။ သို့သော် စာမေးပွဲနီးမှ ကျွန်တော်၏ ပထဝီစာအုပ်ကိုငှားပြီး ဖျောက်ပစ်သဖြင့် ဘရီကို ကျွန်တော်မုန်းသွားသည်။ ဘရီက ဘတ်စ်ကားပေါ်တွင် ကျ ကျန် ခဲ့ ၍ ဖြစ်ကြောင်း အမျိုးမျိုး တောင်းပန်ပါသည်။ သို့သော် ကျွန်တော်က သူ့ကို မဆက်ဆံတော့ပါ။

ကျွန်တော်သည်တင့်ဆွေနှင့် ပေါင်းမိပြန်သည်။ သို့သော် တင့်ဆွေ အနိုင် ကျင့်တတ်သည့် အကြောင်းကို ပေါင်းကြည့်မှပင် သိရတော့သည်။ ကြာတော့ ကျွန်တော် သည်းမခံနိုင်တော့ပါ။ သူ့ကို မြင်လျှင် ကျွန်တော် အဝေးက ရှောင်ပါတော့သည်။

ကျွန်တော် တွေး ကြည့် ပါသည်။ အပေါင်းအသင်းဟူသည် ဘယ်သူမျှ မကောင်းဟု ထင်မိသည်။ ထို့ကြောင့် ကျွန်တော်သည် ဘယ်သူနှင့်မျှ မပေါင်းတော့ပါ။ အတန်းထဲတွင်လည်း တယောက်တည်း အေး အေး ဆေးဆေး နေ ပါ သည်။ အိမ်ရောက်လျှင်လည်းဘယ်သူနှင့်မျှ သွားမကစားပါ။

တနေ့ ဖေဖေ ရုံးက အပြန်တွင် ''ထွန်းထွန်း ရွှေစက်တော်ဘုရားဖူးလိုက်မလား'' ဟု ကျွန်တော့်ကိုမေးပါသည်။ ရုံးက ခွင့်ရခဲ့၍ တအိမ်သားလုံး သွားကြမည်ဖြစ်ကြောင်း သိရပါသည်။

တခါက ရွှေစက်တော် သို့ ဘုရားဖူး ရောက်ဘူးသော တင်မောင် ဝင်းက ရွှေစက်တော် ဘုရားအကြောင်းကို ပြော ပြသဖြင့် ကျွန်တော် သိပ်ရောက်ဘူးချင်နေပါသည်။ ထို့ကြောင့် ကျွန်တော်က –

''လိုက်မယ်ဖေဖေ၊ ကျောင်းကိုလဲ ခွင့် တိုင်ပေးအုံး'' ဟု မဆိုင်းမတွ ဖြေလိုက်ပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့တအိမ်သားလုံး ရွှေစက်တော်သို့ ဘုရားဖူး သွားကြရာ ဆယ့်ငါးရက်ခန့်ကြာမှ အိမ်ပြန်ရောက်ပါသည်။

ယနေ့ ကျွန်တော် ကျောင်းပြန်တက်ရသည်။ အစကမည်သို့မျှ မတွေးမိ ခဲ့ပါ။ အတန်းထဲရောက်မှ စိတ်ဆင်းရဲ ရတော့သည်။ ဆရာ ဆရာမများ တယောက်ပြီး တယောက် သင်ပြသွားသည်ကို ကျွန်တော်တခုမှ နားမလည်တော့ပါ။

စာမေးပွဲလည်း နီးလာပြီ။ လေ့ကျင့်ခန်းစာအုပ်တွေ ဘယ်သူ့ဆီငှားရပါ့။ လွတ်ကျန်ရစ်ခဲ့သည့် သင်ခန်းစာများ မကူးရလျှင် စာမေးပွဲကျမည်။

ကျွန်တော်သည် အမျိုးမျိုး တွေးတော ပူပန် နေပါသည်။ ထိုအခိုက် ဆရာမက မေးခွန်းတခုမေးရာ ကျွန်တော်မဖြေနိုင်

ပါ။ ကျွန်တော်က ခရီးသွား နေသဖြင့် မသိကြောင်း ပြော သောအခါ ဆရာမက လက်မခံ ပါ။

"ဘာ ဘဲ ဖြစ် ဖြစ် ပေါ့၊ ကျောင်းသား ဆိုတာစာကို အ မြဲတမ်းဂရုစိုက်နေရမယ်။ ခရီး သွားနေလို့ မသိလိုက်တဲ့စာတွေ ကို ခရီးသွားရာက ပြန်ရောက် ယင် စာအုပ်ငှားပြီး ကူးရမှာ ပေါ့"ဟု ဆိုပါသည်။

ကျွန်တော်ကငှားမည့်သူမရှိ သေး၍ မကူးရ သေးကြောင်း ပြောပါသည်။

ထိုအခါ ဆရာမက "ဒီနေ့ တပည့်တို့ကို အကြောင်း တိုက် ဆိုင်လို့ ဆရာမ ပြောချင်တယ်" ဟုဆိုကာ စကားဆက်ပါတော့ သည်။

"လူဆိုတာ ပတ်ဝန်းကျင် နဲ့ကင်းကွာပြီး အသက်ရှင် ရပ် တည်လို့မရဘူး။ ကျောင်းသား လဲ ကျောင်းသား အလျောက် မိတ်ဆွေအပေါင်းအသင်းဆိုတာ ရှိရမယ်။ ပြဿနာတခုခုကြုံလာ လို့ ကိုယ်တိုင် မဖြေရှင်းနိုင်တဲ့ အခါ အပေါင်း အသင်း ဆီက အကူအညီတောင်းရတယ်။

အပေါင်း အသင်းတိုင်း မ ကောင်းဘူး ဆိုတာတော့ မရှိ ဘူး။ ကိုယ့်အပေါ် တကွက် က လေး မှားတာနဲ့ အဲဒီ သူငယ် ချင်းကို မပေါင်းတော့ဘူး ဆိုတဲ့ စိတ်ထား မျိုး မရှိသင့်ဘူး။ အ ပေါင်းအသင်း အပေါ် စိတ်ရှည် ရတယ်။ သဘောထား ကြီးရ တယ်။ ဒါမှ ခင်မင်မှု ခိုင်မြဲမှာ ပေါ့။

"ကဲ – ဆရာမ ဒီလောက် ပြောနေတာ ဘာ့ကြောင့်လဲ သိရဲ့လား။ ဟောဒီက ထွန်း ထွန်းကြောင့်ဘဲ တပည့်တို့။ တ လောက ထွန်းထွန်းနဲ့မောင်ဘ ရီနဲ့တပူးတွဲတွဲနေကြပြီး၊ နောက် တော့ မတွဲကြပြန်ဘူး။ မောင် ဘရီကို မေးကြည့်မှဘဲ ထွန်း ထွန်းရဲ့ပထဝီစာအုပ် သူ့ကြောင့် ပျောက် သွားလို့ ဆိုတာ သိရ တယ်။ ဟော အခု ထွန်းထွန်း ဟာ သင်ခန်းစာတွေကူးဖို့ သူ့ဆီ က စာအုပ် မငှားရဲတော့ဘူး။ ဒါဟာ သူ့စိတ်နဲ့သူ ချောက်နေ တာပါ။ သူငှားယင် အားလုံး ငှါးကြမှာ ချည်းပါ။

ကဲ – ထွန်းထွန်း၊ မင်းစိတ် ထဲမှာ မင့်အပေါ် မကောင်းဘူး လို့ ထင်နေတဲ့ မောင်ဘရီက မနက်ကတဲက မင့်ကို စာအုပ် အားလုံး ငှားပါ့မယ်လို့ ဆရာမ ကို လာပြောတယ်ဆိုယင် မင်း ယုံပါ့မလား"

"ယုံပါတယ် ဆရာမ၊ ကျွန် တော်နားလည်ပါပြီ"ဟု ပြော လိုက်သော အခါ ဆရာမသည် ကျွန်တော့်ကို ကျေနပ်သော အ ပြုံးဖြင့် ကြည့်နေပါသည်။

ကျွန်တော် ဘရီ ဖက်သို့ လှည့်ကြည့် လိုက်ရာ ဘရီက လည်း ကျွန်တော့်ကို ပြုံးလျက် ကြည့်နေသည်ကိုတွေ့ရပါသည်။

× × × ×

# ကျောက်တံလေးလို

ကျောက်သင်ပုန်းပေါ် ဝလုံးရေးဝ
ကျောက်တံလေးလို ကျင့်ပါကွယ်။
ကျောက်တံလေးဟာ
ချွန်အောင်သွေးပေ
လက်ရေးလေးတွေ လှတတ်တယ်။
ဒီလိုဘဲလေ ဉာဏ်ကိုသွေးလို့
လူရေးလှအောင် ကြိုးစားကွယ်။
ကျောက်တံလေးဟာ တိုင်းရင်းဖြစ်
ချစ်ချင်စရာ ကောင်းလှတယ်။
ဒီလိုဘဲလေ ညီငယ်ချစ်လဲ
တိုင်းရင်းဖြစ်နဲ့ ဂုဏ်ယူကွယ်။
ကျောက်တံလေးဟာ
ကျိုးကာသွားပေ
ကျိုးသွားရာက ရေးလို့ရတယ်။
ဒီလိုဘဲလေ ညီငယ်ချစ်လဲ
ဖြစ်ရာဘဝက အစွမ်းပြကွယ်။
ဒါကြောင့်မို့နော် ညီငယ်ချောရယ်
တခါထပ်လို့ ပြောချင်တယ်။
ကျောက်သင်ပုန်းပေါ် ဝလုံးရေးဝ
ကျောက်တံလေးလို ကျင့်ပါကွယ်။
ကျင့်ပါကွယ်–ကျင့်ပါကွယ်။ ။

မောင်ယဉ်



R. 517

# ငှက်ဘီလူး



ငှက်ဘီလူး၏အရွယ်မှာ အလျားကိုးလက်မ ရှိသည်။ အောက်ပိုင်းတွင် တခါတရံ နီကြင့်ကြင့်အရောင် သန်းလျက်ရှိသည်။ ပျံသန်းသည့်အခါတို၌ ပိုင်းနေသော အတောင်ပေါ်ရှိ အဖြူကွက်နှင့် အဖျားတွင် ဖြူလျက်ရှိသော အမြီးရှည်ကို အဝေးက ထင်ရှားစွာတွေ့မြင်နိုင်၏။

မာဆတ်ဆတ် အော်သော်လည်း သာယာစွာ ရင့်ကျူးနိုင်ပေသည်။ သာယာသောအသံ၊ မာကျောခက်ထန်သည့် အသံ စသည်ဖြင့် အသံအမျိုးမျိုးကို ဖန်တီးနိုင်သည်။

ဧပြီလမှ ဇွန်လအထိ ငှက်ဘီလူးကလေးများ ဥမှပေါက်ဖွားလေသည်။ အသိုက်ကို သစ်ပင်ငယ်ထက်တွင် သစ်ရွက်၊ မြက်၊ ရေညှိ၊ အမွေးအတောင်များဖြင့် ပြုလုပ်သည်။ ဥသုံးဥမှ ခြောက်ဥအထိ အုတတ်သည်။ အောက်ခံအဖြူ၊ ပန်းရောင်၊ အစိမ်းရောင်များတွင် အညို အစက်အပြောက်ကလေးများ ရှိသည်။ တဥလျှင် ပျမ်းမျှ အလျား ၀.၈၃ လက်မနှင့်ပြက် ၀.၆၅ လက်မရှိသည်။

ကွင်းပြင်၊ ချုံဖုတ်၊ တောစပ်၊အထူးသဖြင့် လမ်းနံဘေးနှင့် စိုက်ခင်း အနီးအနားတွင် ကျက်စားလေ့ရှိသည်။ ငှက်ဘီလူး ဟူသော အမည်နှင့် လိုက်ဖက်အောင် အခြား ငှက်ငယ်၊ နှိုတိုက်တိရစ္ဆာန်ငယ်၊ လိပ်ပြာ၊ ချေးထိုးပိုး စသည်တို့ကို သတ်ဖြတ်စားလေ့ရှိသည်။



ငှက်ဘီလူးကို မြန်မာနိုင်ငံ၊ အာသံ၊ ဗီယက်နမ်နှင့် ယိုးဒယားတို့တွင် တွေ့ရသည်။

နိုးမြင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၃၁။

# ရွှေသွေး ဂျာနယ်

# လာမည့်ဘေး တွေးကြိုမြင်


ဇာတ်လမ်း-မျှမွန်
သရုပ်ဖော်-ကညွန့်

၁၃၃၃ ခု၊ ဝါခေါင်လဆန်း ၉ ရက် (၃၁-၇-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။


မြစ်မကြီးနဲ့ဆက်နေတဲ့ ရေကြောမပြတ်ခင်မှာ မြစ်ထဲကိုပြောင်းကြစို့
ခလေးတွေတပြုံကြီးနဲ့ ပြောင်းရ ရွှေ့ရတာ လွယ်တော့မလွယ်ဘူးပေါ့ ဒါပေမဲ့၊ ပြောင်းဆိုလဲပြောင်းပေါ့
အိမ်ရှင်မက သဘောတူသဖြင့်—
ဒီတော့မနက်ဖြန် မြစ်ထဲပြောင်းတော့မယ်ဟေ့
မင်းတို့လဲလိုက် ပြောင်းကြပါလား
အခြား ငါးများကိုပါ လိုက်ပြော၏။
မြစ်ထဲပြောင်းနေလဲ ငါးဖမ်းတဲ့လူတွေဟာ မြစ်ထဲအထိလိုက်ရှာတာဘဲ
ငသိုင်းက ငြင်းပယ် ပယ်၏။
အလကား၊ ကြုံကြောက် ကြောက်နေတာပါတော်
ငခူမက ကဲ့ရဲ့၏။
ဇါတိဒေသကိုပစ်ပယ် ချင်တဲ့သူတွေ
ငကျည်းက ရှုတ်ချ၏။
ဒင်းတို့ပြောင်းယင်ဖြန့်ဖြန့် ပြောင်းကြပါစေ၊ ဒါမှဒို့တတွေ ကျယ်ကျယ်လဲနေရမယ်၊ ဝဝလဲ စားရမယ်
ငရံ့ခေါင်းတိုက ဆိုသည်။ သို့ဖြစ်၍—
အေးလေ၊ ကျုပ်ပြောတာ နားမဝင်လဲ နေကြပေါ့...
ကြေင်း မိသားစုသာ ပြောင်းသွားသည်။



တနေ့တွင်
တံငါတစုလာပြီး မြစ်နှင့် ဆက်နေသော ရေကြောကို ဆည်ပိတ် လိုက်လေရာ....
အင်းထဲမှ ငါးများမှာ ပိတ်မိနေတော့သဖြင့် တုန်လှုပ် သွားကြလေသည်။
အမယ်လေး လှုပ်ကြပါဦး
ငါးပါးကြီးတော့ မှောက်ပါပေါ့
အခုမှ ဒုက္ခပါဘဲဟ
တံငါတို့သည် ပိတ်မိနေသော ငါးများကို ပိုက်စိပ်တိုက်၍ ဖမ်းကြသည်တွင်—
ငချိ၊ ငရံ၊ ငကျည်းတို့သာ ရွှံ့ထဲတွင် ဝင်ပုန်းနိုင်ကြသဖြင့် အသက်ဘေးမှ သီသီ လွတ်ကြ၏။
ဘုရား ဘုရား
အခြား ငါးများမှာ သေဘေးနှင့် လှလှကြီး တွေ့ကြရလေ၏။
သူတို့သည် သေဘေးနှင့် တနေ့မဟုတ် တနေ့ တွေ့ကြရတော့မည်ကို သိလာသောအခါ—
ငကြင်းဖိုကြီး ပြောတုန်းက ပြောင်းခဲ့ အကောင်းသား
တော့ကြောင့်ဘဲ မပြောင်းခဲ့တာ
ဦးခင်များတို့ကဘဲ မပြောင်းချင်ကြဘူးဆို၊ ခုတော့ဘာလုပ်ကြမလဲ


အခုမှ တဦးကိုတဦး အပြန် တင်နေလို့ အပိုဘဲ၊ ဒီတော့
ဒီတော့၊ ဘယ့်နှယ် လုပ်ကြမလဲ
ကျုပ်တို့မိတ်ဆွေ ကိုပုစွန်လုံးကို တတ်နိုင်ယင် ကူညီပါလို့ အကူအညီ တောင်းကြည့်ရှာပေါ့
ကဲ လာ၊ ဒါဖြင့် အခုဘဲ သွားတောင်းကြမယ်
ကိုပုစွန်လုံးက ဆည်အောက်ခြေမှ မြေကြီးကို ဥမင် ဖောက်ပေးသဖြင့်—
ဟောဟဲ့ ဟောဟဲ့
ဟောဟဲ့ ဟောဟဲ့
ဟောဟဲ့ ဟောဟဲ့
ထိုဥမင်ပေါက်မှ ထွက်ပြေးကြ၍—
ဘေးအန္တရာယ်ကင်းသော မြစ်ပြင်ကျယ်ကြီးထဲသို့ ရောက်သွားကြလေသတည်း။
မင်းတို့တတွေ လွတ်မြောက်လာတာကို ဝမ်းသာသကွာ၊ သေဆုံးခဲ့ရသူတွေ အတွက်တော့ စိတ်မကောင်းပါဘူး
ဟုတ်ကဲ့ခင်ဗျာ၊ ကျနော်တို့လဲ လာမယ့်ဘေးကို တွေးပြီး မြင်တတ် ရမယ်ဆိုတာ အခုမှဘဲ သဘောပေါက်ကြပါတယ်ခင်ဗျာ


ရဲစွမ်းသတ္တိ
ပန်းချီဦးစိန်
ဇာတ်လမ်း ဂယာက်နီ
မိုးဟိန်းသည် ပေါင်တွင် ဒဏ်ရာရနေသော စစ်သားကြီးကို သစ်ပင်ကြီးအောက်သို့ တွဲခေါ်ခဲ့လေသည်။
အား..... ကျွတ်..ကျွတ်
ဟို သစ်ပင်ကြီးအောက်မှာ ဦးရဲ့ ဒဏ်ရာကို ဆေးထည့်ရအောင်-လာ ကျနော်တွဲခေါ်မယ်
ပေါင်ထဲမှာ ကျည်ဆံဝင်နေတယ်-ခွဲထုတ်မှ ရမှာ-အခုတော့ မင်းဆေးကြော ထည့်မယ်
သေနတ်မှန်တော့ ဦးရဲ့ သေနတ်ကို ဘယ်မှာထားခဲ့လဲ ဟင်...
ဟာ-ဦးသေနတ်ရဲ့ မောင်းကို ကျည်ဆံ လာမှန်လို့ ပစ်မရတာနဲ့ ချုံတချုံထဲမှာ...
အဲဒါ ဘာသံပါလိမ့်
ဒိုး ဒိုး
တိုးတိုး ဦးရဲ-အဲဒါ ချောင်းထဲကို လှော်တက်ကျသံဗျ-သူပုန်တွေ ထင်တယ်
ကျနော်တို့ ပိုဖက်သွားမှဖြစ်မယ်-ဒီတည့် တည့်လာ ချင်လာမှာ
အေးဟုတ်တယ်-မြန်မြန်သွားမှဘဲ


ဦး..ဝပ်..ဝပ်
ဘာဖြစ်လို့လဲ
ဒီဖက်ကို လူ တယောက်လာနေ တာ မြင်လိုက်တယ်
ဒီ ချုံတွေအထဲကဝင်ပြီး ဟိုဖက်ကိုဖောက်ထွက် သွားရအောင်
ကျား ရှော့မှောက်ရက်လဲ ဆိုတာမျိုးပေါ့ကွ-ဟား ဟား ဟား ဟား
သေနတ်များကို လက်တွင် အသင့်ကိုင် ထားသော သူပုန်များသည် သူတို့ကို ဝိုင်း ထားကြလေသည်။
ဒီခလေး ကိုတော့ ဘာမှ မလုပ်ကြ ပါနဲ့-သူဘာမှ မသိဘူး-ဒက်ရာရ လာတဲ့ စစ်သားတယောက် ကို စေတနာနဲ့ ကူညီခဲ့တာဘဲ ရှိတယ်
ခင်ဗျားကို ကူညီ ယင် ကျုပ်တို့ရဲ့ ရန်သူဘဲပေါ့!


သူနဲ့ ဘာဆိုင်လို့လဲ-ဒုက္ခ ရောက်လာတဲ့ လူတယောက်ကို လူ့ဝတ္တရားအရ ကူညီတာ ဘဲ
လျှာမရှည်နဲ့ တော်တော့ !
ဟေ့ ချာတိတ် ကြောက်ချေး ပါနေပြီလား လာခဲ့
ဘာဖြစ်လို့ နားရွက်လာ ဆွဲ တာလဲ-မကိုင် ပါနဲ့
ကဲ-သွားမယ်
လှေပေါ် တက်ကြ
လှေသည် ချုံများကိုကွင်းရှောင်ရင်း တရွေ့ရွေ့ သွားနေသည်။ ချုံများကြောင့် ဖြောင့်ဖြောင့် သွား၍မရပေ။
ဒီတို့ကို ဘာများ လုပ်မလဲ မသိဘူး-သတ်များပစ်မလား

ဆက်ရန်

# လက်ဖက်

ရေး▲စိုးလွင်မြင့်
ပန်းချီ▲ကျော်ကျော်



လက်ဖက်ရည် သောက်သုံးခြင်းဓလေ့သည် တရုပ်နိုင်ငံမှ စတင်ခဲ့သည်။ ခရစ်နှစ် ၅၀၀ ခန့်လောက်တွင် တရုပ်နိုင်ငံ၌ လက်ဖက်ရည်ကို သောက်သုံးနေကြပြီ။ ၈၀၀ ပြည့်နှစ်လောက်တွင် ဂျပန်နိုင်ငံအနှံ့အပြား၌ လက်ဖက်ပင်များကို စိုက်ပျိုးလျက်ရှိကြသည်။ ဥရောပတွင်မူ လွန်ခဲ့သော အနှစ်သုံးရာခန့်လောက်ကမှ လက်ဖက်ရည်ကို စတင် သောက်သုံးလာကြသည်။

မြန်မာနိုင်ငံ၌ ပေါ်ဘွန်(ပုဂံ)ပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် ရှမ်းပြည်သို့ တိုင်းခန်း လှည့်လည်စဉ် ၄က်တကောင်၏ အစာအိမ်အတွင်းမှရသော သစ်စေ့တမျိုးကို တောင်ပေါ်သားများအားပေးအပ်၍စိုက်ပျိုးစေခဲ့ကြောင်း၊ ယင်းတို့က လက်တဖက်ဖြင့် ခံယူသည်ကို အစွဲပြု၍ လက်တဖက်ပင်၊ နောင်သောအခါ လက်ဖက်ပင်ဟု တွင်လာကြောင်း အဆိုရှိသည်။



ကမ္ဘာတွင် ထင်ရှား၍ အသုံးများသော လက်ဖက်ခြောက် နှစ်မျိုးမှာ လက်ဖက်ခြောက်မည်းဟု ခေါ်သော အချိုသောက်မျိုးနှင့် လက်ဖက်ခြောက်စိမ်းဟု ခေါ်သော အကြမ်းသောက်မျိုးတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ လက်ဖက်ရွက်နုများမှ (၁) လက်ဖက်ရည် အဖန်ခြောက် (၂) လက်ဖက်ရည် အချိုခြောက် (၃) လက်ဖက်အစို (၄) လက်ဖက်အဆီ စသည်ဖြင့် လေးမျိုးလေးစားခွဲခြား၍ ပြုလုပ် သုံးစွဲသည်။



လက်ဖက်ခြောက်တွင် သီအင်းခေါ် ဓာတ်တမျိုးပါ၍ ထိုဓာတ်သည် သောက်သုံးသူကို အနည်းငယ် ထကြွအားရှိစေ၍ နည်းလျှင် လူကိုဥပဒ်မပေးချေ။ လက်ဖက်ရည်ခပ်ကျကျအသောက်များလျှင်မူ အကြောများကို ထိခိုက်စေတတ်သည်ဟု ဆိုသည်။

လက်ဖက်ခြောက်ကို သူ့ချည်းသက်သက် ရေပူတွင်ခတ်၍ သောက်နိုင်သည်။ သကြား၊ နို့၊ နို့ဆီ၊ လိမ်မော်ရည် စသည် တခုခုရော၍လည်း သောက်နိုင်သည်။

ဂျပန်နိုင်ငံတွင် လက်ဖက်ရည် ပွဲတည်ခင်းသည့် အခမ်းအနားမှာ ရှေးအစဉ်အဆက်ကစ၍ ဆင်းသက်လာသော ယဉ်ကျေးမှုတရပ် ဖြစ်သည်။ တည်ခင်းသည့် လက်ဖက်ရည်မှာ အကြမ်းပင်ဖြစ်၏။ သို့ရာတွင် ဖျော်ပုံ၊



တည်ခင်းပုံ၊ သောက်သုံးပုံမှာ သတ်မှတ်ထားသော အစီအစဉ်အတိုင်း စံနစ်တကျ ပြုလုပ်ကြရသည်။


မြန်မာလူမျိုးတို့က အရသာအရှိဆုံးသော စားသုံးစရာ သုံးမျိုးမှာ အသားတွင် ဝက်၊ အသီးတွင် သရက်၊ အရွက်တွင် လက်ဖက် ဖြစ်သည်ဟူ၍ ဆိုရိုးပြုကြသည်။


မြန်မာ့ယဉ်ကျေးမှုတွင်လည်း လက်ဖက်သည် အရေးပါလှသည်။ လက်ဖက်စိုမှာ ရိုးရာ အ လိုက် ပွဲ ဝ င် သော စား သုံးဖွယ် တ ခု ဖြစ် သ ည် သာ မ က လွှတ်ရုံးများ၏ အ ဆုံး အ ဖြတ်များ၌ပင် လက်ဖက်စား၍ အမှုပြေငြိမ်းခြင်း၊ အမှုပြတ်ကင်းခြင်းတို့ကို ပြုလုပ် ဆောင်ရွက်လေ့ ရှိခဲ့သည်။ ရပ်ရွာအတွင်း၌ သာမှုနာမှု လူမှုရေး ပွဲများတွင်လည်း လက်ဖက်မပါလျှင် မပြီးသကဲ့သို့ဖြစ်သည်။




လက် ဖက် ပင် သည် အစဉ်စိမ်း လန်း လျက်ရှိသော အပင်ငယ်မျိုး ဖြစ်သည်။ အခူးရ လွယ်ကူစေရန် လက်ဖက်ပင်ကို အစဉ်ဖြတ် ပေးထားရသည်။ မဖြတ်ပဲထားလျှင် ပေသုံးဆယ်ခန့်အထိ မြင့်နိုင်သည်။ ခူးသောအခါ၌ အဖူးနှင့်အရွက်နုကလေးများကို သာ ခူးကြရ၏။

မြန်မာနိုင်ငံတွင် ရှမ်းပြည်မြောက်ပိုင်း၌ လက်ဖက်ပင်များ စွာ စိုက်ပျိုးဖြစ်ထွန်းသည်။ လက်ဖက်စိုက် ဧကမှာ ၁၂၀,၀၀၀ ကျော်ဖြစ်သည်။


ဟံသာဝတီ ဦးဘရင်
ငှက်လိုက်
မုဆိုး
ပန်းချီ
ဦးအေးဝင်း...
ရွေးက ငှက်လိုက်မုဆိုး တယောက် ရှိသည်။ သူသည် သိန်းငှက်တကောင်ကို မွေး၍-
အခြား ငှက်များကို ဖမ်းယူစေပြီး
ရရှိသော ငှက်များကို ရောင်းချခြင်းဖြင့် အသက်မွေးသည်။
မုဆိုးသည် ထို သိန်းငှက်ကို အလွန်ပင် ချစ်မြတ်နိုးသည်။
မင်းကြောင့် ငါ့မှာအဆင်ပြေ ရတယ်- မင်းကို ကျေးဇူးတင် လှသကွယ်
မုဆိုးသည် ငှက်များကို ဖမ်းရန် တောသို့ သွားရာ -
နေ့လယ်အချိန် ရောက်သော် ပူပြင်းသဖြင့် တခုသော သစ်ပင်ကြီးအောက်၌ အရိပ်ခိုရင်း—
နေကလဲ ပူလိုက်တာ



အိပ်ပျော်သွားလေသည်။
ထိုအချိန်တွင် မြွေတကောင်သည် သစ်ပင်ပေါ်မှ ဆင်းလာ၏။
မြွေသည် တဖြည်းဖြည်း နှင့် မုဆိုးအနားသို့ ရောက်သော်-
ပေါက်အုံ့သော ငှာ ပါးပျဉ်း ထောင်လိုက်သည်ကို
သိန်းငှက်က မြင်လေ၏။
ထိုအခါ
သိန်းငှက်က မြွေကို အထင်းဝင်ရောက် တိုက်ခိုက် လေတော့သည်။


ထိုစဉ် သိန်းငှက်၏ အတောင်ဖြင့် မုဆိုးကို ရိုက်ခတ်မိရာ -
မုဆိုးလည်း လန့်နိုးပြီး အလွန်စိတ်ဆိုးလျက်
တယ် - ငါ့ကို အိပ်ရေးပျက်အောင် လုပ်တဲ့ ငှက်
သိန်းငှက်ကို ရိုက်နှက်သဖြင့် သိန်းငှက် သေဆုံးသွားရှာသည်။
သွားရော့ လဟယ်
ပြီးမှ သိန်းငှက်ပါးစပ်၌ မြွေသေကို မြင်လေရာ အဖြစ်မှန်ကို သိပြီး
အလို - သိန်းငှက်ပါးစပ်မှာ မြွေတကောင် ပါလား
ကြီးစွာ နောင်တရလျက်
ငါ့ကို မြွေရန်က လွတ်အောင် ကူညီတဲ့ ကျေးဇူးရှင် သိန်းငှက်ကို အထင်လွဲပြီး ရိုက်မိတာ - မှားသွားပြီ
ဝမ်းနည်းစွာဖြင့် အိမ်သို့ ပြန်ရလေတော့သတည်း။
အခု သိန်းငှက် ပြန်ရှင် လာအောင် မတတ်နိုင်တော့ဘူး - မဆင်ခြင်ဘဲ - ဒေါသ နဲ့ ပြုမူခြင်းဟာ ကောင်းကျိုး မပေး ပါကလား
ပြီး ပါ ပြီ

## ပင်လယ်ရေ အဘယ်ကြောင့် ငန်သနည်း

ကမ္ဘာ့တည်စက ပင်လယ်ရေသည် ယခုကဲ့သို့ ဆားမငန်သေးပေ။ ရေရိုးရိုး အတိုင်းပင်ဖြစ်သည်။ ယနေ့ ပင်လယ်ရေထဲတွင် ရှိနေသော ဆားငန်ဓာတ်မှာ ကုန်းမြေမှ ပေးပို့လိုက်သော ဆားငန်ဓာတ်ပင် ဖြစ်သည်။ မြစ်များ၊ ချောင်းများသည် ပင်လယ်အတွင်းသို့ မပြတ်စီးဆင်းကြသည်။ ထိုအခါ ကုန်းမြေအတွင်းရှိ ဆား၊ မြေဆီနှင့် အခြား ဓာတ်သတ္တုများကို တိုက်စားယူသွားပြီး ပင်လယ်ထဲသို့ ပို့ပေးကြသည်။ ကျောက်များနှင့်မြေသားထဲတွင် ဆား အမြောက်အမြား ရှိနေသည်။ မိုးရွာသောအခါ ယင်း ဆားများသည်မိုးရေအတွင်းသို့ ပျော်ဝင်သွားပြီး ချောင်းမှမြစ်၊ မြစ်မှ ပင်လယ်သို့တိုင် ရေစီး နှင့် ပါသွားကြသည်။ ပင်လယ်ရေသည် နေ၏ အပူကြောင့် ရေခိုး ရေငွေ့ဖြစ်၍ လေထဲသို့ပျံတက်သည်။ ဆားများကိုကား ပင်လယ်ထဲတွင်ပင် ချန်ထားရစ်ခဲ့သည်။ ရေခိုး ရေငွေ့အဖြစ် တက်သွားသောရေများသည် မြေပြင်ပေါ်သို့ မိုးအဖြစ် ပြန်ရွာချသည်။ မိုးရေသည် ကုန်းမြေအတွင်းမှ ဆားများကို တိုက်စား၍ ပင်လယ်ထဲသို့ ပို့ပြန်သည်။ ဤသို့ဖြင့် ပင်လယ်ရေသည် တဖြည်းဖြည်း ငန်လာခြင်း ဖြစ်လေသည်။

ကြယ်မြူ



# ဖြစ်ကတတ်သန်း

နေမင်းဦး



ကျွန်တော် တတိယတန်း အောင်ခဲ့ပါပြီ။

မကြာမီ ကျောင်းပြန်ဖွင့်လေပြီ။ ဖေဖေက ကျွန်တော့်အတွက် စာကြည့်ရန် စာပွဲ၊ ကုလားထိုင် တစုံ ဝယ်ပေး၏။ ကိုကိုက စာအုပ်စင်ကလေးတခု လုပ်ပေးပါသည်။ ပထမ တရက်နှစ်ရက်တွင် စာပွဲ ကုလားထိုင် အသစ်များဖြင့် ထိုင်၍ စာကြည့်ပါသည်။ အတန်ကြာသော် ကျွန်တော်သည် ထိုစာပွဲတွင် စာမကြည့်လိုတော့ချေ။ ကုလားထိုင်ပေါ်မှာ ငြိမ်ငြိမ်ကလေး ထိုင်၍စာကြည့်ရသည်မှာ ညောင်းသည်။ ညဖက်ဆိုလျှင် စာပွဲအောက်က ခြင်ကိုက်ပေသေးသည်။

ထို့ကြောင့် ကျွန်တော်သည် ယခင်စာကြည့်နေကျဖြစ်သော အိမ်ရှေ့ကွပ်ပစ်ပေါ်တွင်ပင် စာသွားကြည့်တော့၏။ လူကြီးများကလည်း စာကျက်နေသည်ကိုမြင်၍ မပြောကြချေ။ ကွပ်ပစ်ပေါ်တွင် ထိုင်ကာ နံဘေးရှိ နံရံကိုမှီရင်း စာကြည့်ရသည်မှာ သက်သာ၏။ ညောင်းလျှင် ခြေဆန့်နိုင်သေး၏။ ကျောင်းတွင် အလွန် ဆော့ခဲ့သောနေ့များ၌ စာကျက်နေရင်းပင် နံရံကိုမှီ၍ အိပ်ပျော်သွားတတ်ပါသေးသည်။ ထိုအခါ အမေ၏ ဆွဲလိမ် သတိပေးခြင်းကို ခံရ၏။ သို့သော် လူကြီးများ အလစ်တွင် တရေးလောက်မှေးရသည်ကပင် အရသာ ရှိလှ၏။ ထို့ကြောင့် ကျွန်တော် အမှတ်မထားပါ။

အတန်းကြီးလာ၍ စာလည်း များလာ၏။ အချို့ကို တွက်ချက်လေ့ကျင့်ရ၏။ ထိုအခါတွင်မူ ကျွန်တော် ကြာကြာ မရေးနိုင်ပါ။ ခါး ညောင်းလာ၏။ ထိုအခါ ကျွန်တော် စိတ်မရှည်တော့ပါ။

ထိုသို့နေရင်းက နှစ်ဝက်စာမေးပွဲပင် စစ်ပြီးသွားခဲ့၏။ ဤတွင် ကျွန်တော်ကပ်၍ အောင်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော် တုန်လှုပ်မိ၏။ ယခုနှစ်ဖြေရမည့် စာမေးပွဲမှာ အစိုးရစစ် ဖြစ်ကြောင်း သတိပြုမိ၏။ ထို့ကြောင့် ကြိုးစားရပေတော့မည်။ အထူးသဖြင့် အမှတ်အနည်းဆုံးရသော ဂဏန်းသင်္ချာအတွက် စိုးရိမ်မိ၏။

"သင်္ချာမှာ ငါဘာကြောင့် ညံ့ရသလဲ။ အစက ငါဒီဘာသာမှာ တော်သားဘဲ"။

ကျွန်တော်သည် ကျောင်းသို့လာရင်း တွေးနေမိ၏။ ထိုနေ့ တနေ့လုံး ကျွန်တော့် အပြစ်ကို ရှာ၏။ နောက်ဆုံး အဖြေပေါ်ထွက် မလာ၍ သင်္ချာတော်သူ မောင်ငယ်ကို မေးမြန်းမိ၏။

"ဒီမှာသူငယ်ချင်း မင်းဘာကြောင့် သင်္ချာတော်တာလဲကွ။ ဉာဏ်ကောင်းတဲ့ဆေးများ ရှိလို့လား။ ငါတော့ ဒီအတိုင်းဆို သင်္ချာကြောင့် စာမေးပွဲကျလိမ့်မယ်ထင်တယ်"

"ဟား- ဟား- ရှိတာပေါ့ကွ။ သိပ်ရှိတာပေါ့။ မင်းသိချင်တဲ့ ဆေးကို ဆေးဖော်နည်းနဲ့အ

တူ ပြောပြလိုက်မယ်။ အဲဒီဆေး ကတော့ လေ့ကျင့်ခြင်းတဲ့ကွ”

“ဘယ်လို”

ကျွန်တော် နားမလည်ပါ။ ထိုကြောင့် ယောင်၍ပင်ဆိုမိပါသည်။ စိတ်လည်း ရှုပ်သွားပါသည်။ နောက် ပြောင် ခံ နေရသည်ဟုလည်း ထင်မိ၏။

မောင် ငယ် ကဆက်၍ –

“အဲဒီ မှန်မှန်လေ့ကျင့်ခြင်း ဆိုတဲ့ဆေးက ဘယ် ဆိုင် မှာ မှ ဝယ်လို့မရဘူး။ ကိုယ့်ဟာကိုယ် ဖော်ရစပ်ရတယ် သူငယ်ချင်း”

ထို နေ့ ည နေ ကျွန် တော် သိပ် မ က စားပါ။ ရေ ချိုး ပြီး စောစော ထမင်းစား၏။ ထို နောက် ကျက်နေကျဖြစ်သော နေရာဟောင်း ကွပ်ပစ်သို့ သွား၏။ ညှံ့နေသော ဂဏန်းသင်္ချာကို အလေးထားပြီး တွက်ချက်၏။ ခဏကြာသော် ငုံ့ရေးရသည် ခါးက နာလာ၏။ ခြေထောက်များ ကျင်လာ၏။ ကျွန်တော် စိတ်မရှည်ဖြစ်လာပါသည်။

“ကိုကို ကျွန်တော့် ခါးက စာ ရေး ယင် နာ တယ် ဗျ။ ကျောင်းမှာလဲ ဘာနဲ့မှမခိုက်မိခဲ့ပါဘူး”

“ဟုတ်လား။ မင်းကျောင်းမှာ ရေးတုန်းကကော မနာဘူးလား”

“ဟင့် အင်း မ နာ ပါ ဘူး။ အိမ်မှာရေးမှ နာတာပါ”

“ဟေ- မင်းဟာက အဆန်းပါလားကွ”

ကို ကို သည် အ တန် ကြာ စဉ်းစားနေရင်းမှ ရုတ် တ ရက် ပြုံးလိုက်ပြီး –

“ကဲ- ညီလေး မင်း စာပွဲမှာ သွားစာရေးကြည့်စမ်း”

ကျွန်တော် နားမရှင်း။ အုလည်လည်ဖြင့် စာပွဲသို့ရောက်ခဲ့ရ၏။ သင်္ချာတွက်၍ လေ့ကျင့်ခန်းတခုလုံးသာကုန်သွားသည်၊ ခါးက ညောင်း မ လာသေး။

ထိုစဉ် ကိုကိုက ကျွန်တော့် အနားသို့လာ၍

“ညီလေး - မင်းခါးက ဒုက္ခပေးသေးလား”

“ဟင့်အင်း-မပေး တော့ဘူး”

“အေး-အဲဒါ မင်းသိလား။ မင်း ဟိုကွပ်ပစ်ပေါ်မှာ ဖြစ်ကတတ်ဆန်း ထိုင်ပြီး စာ သွားကြည့်လို့ ခါးနာတာဖြစ်မှာဘဲ”

သို့ သော် ကျွန် တော် က ကွပ် ပစ် ပေါ် တွင် စာကျက်ရသည် က သက် သာ ကြောင်း ဆင်ခြေတက်လေရာ –

“မဟုတ်တာဘဲကွ။ ကွပ်ပစ်ပေါ်မှာ ကုန်းကုန်းကွကွနဲ့ စာရေး တော့ ကြာ တော့ ခါး ညောင်းလာတာပေါ့။ ခါး နာလာတာပေါ့။ ကုလားထိုင်ပေါ်မှာဆို ခါးကုန်းစရာမလို၊ သက်သက် သာသာ ထိုင် နိုင် တော့ ကျွန်း မာ ရေး နဲ့ လဲ ညီ၊ စာလဲ ကြာကြာကြည့်နိုင်တာပေါ့ကွ”

ဟုတ်ပါသည်။ ကိုကို ပြောသမျှ အား လုံး မှန် ပါ သည်။ ကျွန်တော် စာပွဲတွင်ထိုင်၍ စာ မှန်မှန်ကြည့်နိုင်အောင် ကြိုးစားပါတော့မည်။

## အတုယူပါ

ပင့်ကူဘုရင်၊ ပိုးကြိုးမျှင်ဖြင့်၊
အစဉ်အိမ်ဖွဲ့ နေကြသည်။

ကောက်ရိုးမျှင်များ၊ကိုက်ချီသွား၍၊
ငှက်များအသိုက်ဆောက်ကြသည်။

ခြကလေးများ၊ မြေသယ်သွား၍၊
မြင့်မားတောင်ပို့ ဖို့ကြသည်။

ပန်းဝတ်ရည်များ၊ သောက်သုံးသွား၍၊
ပျားများတိုင်းပြည်တည်ကြသည်။

ပုရွက်ဆိတ်များ၊ စုပေါင်းအားဖြင့်၊
စပါးတစေ့၊ ဝိုင်း၍မွေ့ကာ၊
ရွှေ့ရွှေ့သယ်ဆောင်လာကြသည်။

ကလေးတို့လဲ၊ သူတို့ဥစ္စာကို၊
မှတ်စွဲလိုက်နာ၊ တုယူပါမူ၊
ပညာတတ်မြောက်၊
ထင်တိုင်းပေါက်လျက်၊
အံ့လောက်ကမ္ဘာတည်နိုင်မည်။ ။

မမြဇင်



R. 517



မိုးရာသီတွင် စာပတီးများ သားပေါက်သည်။ အသိုက်ကို မြက်တော ကျူတောတွင်၎င်း၊ ချုံဖုတ်တွင်၎င်း၊ သစ်ပင်ထက်တွင်၎င်း ပြုလုပ်တတ်သည်။ အသိုက်ကို ကိုင်းရိုး၊ မြက်နှင့် ဖက်ကို လုံးထွေးထား၍ နူးညံ့သော ကိုင်းရိုးများဖြင့် ရစ်ပတ်ထားသည်။ အပေါက်ကို ဘေးတွင်ထားသည်။ တမြိုလျှင် ဥအဖြူ လေးဥမှ ရှစ်ဥအထိ ရှိသည်။ တဥလျှင် ပျမ်းမျှအလျား ၀.၆၇ လက်မနှင့် ပြက် ၀.၄၇ လက်မ ရှိသည်။

# စာပတီး

စာမျိုးတွင် စာပတီး သို့မဟုတ် ငှက်ပတီးမှာ ထင်ရှား၍ လူသိများသည်။ စာပတီး၏ အရွယ်မှာ အလျား ငါးလက်မ ရှိသည်။ ယင်းတို့၏ အသံမှာ ကျယ်လောင်ဆူညံစွာ စကားပြောသကဲ့သို့ ရှိသည်။ သွားရောက် နှောင့်ယှက်သောအခါ ဆူညံစွာ အော်တတ်သည်။

၎င်းစာပတီးမျိုးကို အရှေ့နိုင်ငံများတွင် အနှံ့အပြား တွေ့ရသည်။ မြန်မာနိုင်ငံတွင် ကွင်းပြင်များ၌ အများဆုံး တွေ့ရသည်။ ပေ ၄၀၀၀ အမြင့်အထိ တွေ့မြင်နိုင်သည်။ ၎င်းစာမျိုးအပြင် အခြား စာပတီး ငှက်အမျိုးမျိုးလည်း ရှိသေးသည်။

စိုးမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ-၃။ အမှတ်-၃၂။

# မင်းသမီး ဖါရုံခဲ

ပန်းချီ ဦးဘကြည်
ဇါတ်လမ်း - မောင်ပေါ်ထွန်း

ရွှေသွေး ဂျာနယ်

၁၃၃၃ ခု ဝါခေါင်လဆုတ် ၁ ရက်၊ (၇-၈-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


ဘုရင်ကြီးမှာ သမီးတော်၏ နောင်ရေး
အတွက် ရတက်မအေးဘဲ ဖြစ်နေရှာသတဲ့။
တနေ့သော် ဘုရင်ကြီးက အကြံရ၍....
××××နန်း ရှင်မြင်တွင် - ပွဲတော်အခမ်းအနား ကျင်းပမည်၊ လိုလေသေးမရှိ စီစဉ်လော့ ××××××
အမိန့်တော်မြတ် အတိုင်းပါဘုရား
×××××× ပွဲတော်သို့ သမီးတော် မပျက်မကွက် တက်ရောက်ရမည် ... အမိန့်တော်-
မှန်လှပါ- ခမည်းတော် ဘုရား
အမိန့်တော် ချမှတ်သတဲ့။
သမီးတော်ကိုလည်း အမိန့်ပေးသတဲ့။
ပွဲတော်၌ မင်းညီ မင်းသားတွေ၊
နယ်စားကြီးတွေ၊


မြို့စားကြီးတွေကို သတ်သတ်ပြီ ထားသတဲ့။
××× အားလုံး ဘုရင့် မဟာဆီ-မဟာခွေး ချည်းတဲ့.... ဒီအထဲက သမီးတော်-နှစ်သက် သဘောကျသူကို ရွေးလော့...
မှန်လှပါဘုရား
ဘုရင်ကြီးက သမီးတော် သဘောကျသူကို ရွေးစေသတဲ့။
--- ဒီလောက်လှရုံ ယင်းတော့ - သမီးတော် ကိုရွှေ-မြတ်ပါမြဲ ထောင်ပါရဲ့-----
သမီးတော် ထိုင်နေရာမှ ထလျှင်—
အင့်ဟင် ---- သူ့ ကိုယ်ကြီး ကလဲ--- -----
သမီးတော်သည် မင်းသားများအား ကြည့်၍—
----ဝ-လိုက်တာ-- စည်ပိုင်းကြီး လိုဘဲ-- ခစ် - ခစ်
အော့ဟော်- သူ့ကတော့ ပိန်ရှည်ကြီး ပါလား...... ထန်းပင်နဲ့ တူလိုက်တာ- ဟား-ဟား-


ကျိုက်ခမ်းမွှေး ကြီးကြီးကြီးနဲ့ ကျားကြီးလိုဘဲ.. ဟဲဟဲ ဟဲ
စံပါဘဲဗျာ - မင်းသမီးက လျှော်လိပ်ပုံအလယ်မှာ ထိန်းထားတဲ့....
အေးဗျာ - ရိုင်းလှပါတယ်၊ လှတာတော့ တကယ် လှပါရဲ့
ပွဲတော် အခမ်းအနား ပြီးသွားသောအခါ ဧည့်သည်တော်များသည် မကျေမနပ်ဖြစ်ပြီး ပြန်ကြ၏။
သမီးတော် - သတော်တချသော်ရှိ.. မတော်ချသော်ရှိ နံက်ဖြန် နံနက် ခုနစ်တော်သို့ - ပထမဆုံး ရောက်ရှိလာသူနှင့် လက်ထပ်ရမည်
မှန်ပါ ဘုရား
ဘုရင်ကြီးလည်း သမီးတော်၏ ရိုင်းပြမှုကို လွန်စွာ ဒေါသထွက်လျက် ရှိ၏။ ထို့ကြောင့် တခုသောနေ့တွင် တချက်လွှတ် အမိန့်တခု ချလိုက်လေတော့၏။
××× ပင်တိုင်စံ - မာလာပန်းရယ်.....
ခွဲမိသူ့လွမ်း .....လွမ်းရပါတယ်......
----လွမ်း.....လွမ်း-----ကြိုပါလား----
----ကွယ်...
နောက်နေ့ နံနက် ဝေလီဝေလင်း အချိန်တွင်—
အင်း - ဟို သူတောင်းစား - အသံကောင်းကောင်းပါလား - ငှါတော်သို့ သွားခေါ်ခဲ့ စမ်း..
တေးသံကြားသဖြင့် ဘုရင်ကြီးက —

(ဆက်ရန်)


ရဲစွမ်းသတ္တိ
ဓါတ်လမ်းဂယက်နီ ပန်းချီဦးစိန်
ကဲ ရောက်ပြီ ဆင်းဘို့အသင့် ပြင်ကြ
ဤသို့ပျင်းရိဖွယ်ကောင်းသော ခရီးမျိုးကို မိုးဟိန်းမတွေ့ကြုံဘူးပေ။ ညနေဖက်တွင်တဖက်ကမ်းသို့ လှေဆိုက်လေတော့သည်။
ဟေ့ ချာတိတ် - ဆင်းလေ ဘာလုပ်နေတာလဲ
သူ့ခြေထောက်ကျင်နေလို့ မထနိုင်တာ ခင်ဗျားမမြင်ဘူးလား
နို့ ဆရာကြီးတော့ ဒုံးပြဲသွားမှာဘဲ
သူပုန်များသည် မိုးဟိန်းတို့နှစ်ယောက်ကို သူတို့စခန်းသို့ ခေါ်ထာခဲ့လေသည်။
ဟေ့ ကောင်တွေ - ဆရာကြီး ရှိလား
ရှိပါတယ် သူ့တဲမှာဘဲ - ရန်သူတွေမိလာတာကိုး
အခုလောက်ဆို ကျနော့်ကိုအဖေ ရှာနေတော့မှာဘဲ ဦးရယ်
ဦးအတွက် မင်းတို့ အလကား ဒုက္ခရောက်ရတာ စိတ်မကောင်းဘူးကွာ


ဒို့ ကလေ့ဆိုက်ပြီး ကမ်းပေါ်တက်
တာ-သူတို့ နှစ်ယောက်က ချုံထဲက
အထွက်နဲ့ ပက်ပင်းသွားတိုးတာဘဲ
ကွ - ဟား ဟား ဟား
သူတို့နှစ်ယောက်
ကို ဆရာကြီး ဆီ
ကိုခေါ်ခဲ့ရမယ်
တဲ့
တိုက်ပွဲဖြစ်တဲ့နေရာကို ခင်ဗျားတို့
တပ်လာ တယ်ဆိုဘဲ-ခင်ဗျား အလေ့ကျင်း
ကို လာရှာပုံရတယ် ဟဲ...ဟဲ...ဟဲ
ကျုပ်ကိုတော့
ကြိုက်သလိုလုပ်နိုင်
တယ် - ဒီကလေးကို
ပြန်လွှတ်စေချင်တယ်
သူ့အဖေဟာ ခင်ဗျားတို့ဘက်
သား သူလျှိုမဟုတ်ဘူးလို့
ဘယ်သူပြောနိုင်မလဲဗျ
ဟဲ...
ဗိုလ်ကြာဆောင်
သူတို့ကို
ခင်ဗျားဘက်
ခေါ်သွားပြီး
ချုပ်ထား
လိုက်ဗျာ



ဒီအချုပ်ခန်းထဲ
မှာဘဲနေကြ
ပေတော့
သိပ်ခြင်ကိုက်တာဘဲ
နော် ဦး-မှောင်လဲ
မှောင်တယ်
အေးကွ
ထမင်းပို့မလို့
ရှင့်
ဝင်…ဝင်
မြန်မြန်စားခိုင်း
မှောင်မဲ
နေတာဘဲ
ဖယောင်းတိုင်
မီးထွန်းမှာဘဲ
ဟာင်....နုနု


သက်ရှိ



# ရာဗာ

## အံ့ဩဘွယ်သစ်စေး

ဝဲမြင့်



လွန်ခဲ့သော နှစ်ပေါင်း ၄၆၀ ခန့်က ကမ္ဘာ့သစ် (အမေရိကတိုက်) ကို တွေ့ရှိခဲ့သူ ကိုလံဗပ်သည် သူ၏ ဒုတိယခရီး၌ တိုင်းရင်းသား အင်ဒီးယန်းလူမျိုးတို့ကစား နေသော ဘောလုံးတမျိုးကို တွေ့ရှိခဲ့သည်။


၁၇၇၀ ပြည့်နှစ်သို့ ရောက်သောအခါ အင်္ဂလိပ် လူမျိုး သိပ္ပံပညာရှင် ဂျိုးဇက်ပရီးစလေးသည် ထိုပစ္စည်းကို ခဲဖျက် (ရာဗာ) အဖြစ် အသုံးပြုနိုင်ကြောင်း တွေ့ရှိသဖြင့် ရာဗာဟုခေါ်တွင်ခဲ့ခြင်းဖြစ်သည်။



ရာဗာသည်ထူးဆန်းသော်ပစ္စည်းဖြစ်သည်။ ရှန်းကန်သတ္တိအများဆုံးရှိ၍ ရေမတင်နိုင်သည့်အပြင် လျှပ်စစ်ကိုလည်း တားဆီး ကာကွယ်နိုင်သည်။ ပြင်းထန်သော ဓာတ်ပစ္စည်းအချို့၏ ဒဏ်ကိုလည်း ခံနိုင်သည်။ အခြား ပစ္စည်းများနှင့် ရောနှောကာ လူအသုံးအဆောင်ပစ္စည်း အမြောက်အမြားပြုလုပ်ယူနိုင်သည်။ ရေနွေးအိတ်၊ လက်အိတ်၊ တိုင်ယာ၊ ကျွတ်၊ ရေငုပ်ဝတ်စုံ၊ ကစားစရာစသည်ဖြင့် ယနေ့အထိ အမျိုးပေါင်း ၃၀,၀၀၀ ထက်မနည်း ပြုလုပ်နိုင်ပြီဖြစ်သည်။



ရာဗာကို တကယ်တမ်းကောင်းစွာ အသုံးချနိုင်သော နည်းကို ဦးစွာ တွေ့ရှိသူမှာ ချားလ်ဂွတ်ယီးယားပင် ဖြစ်သည်။ ကန့်နှင့်ရောခြင်းဖြင့် ရာဗာ၏အစွမ်းကို ရှာဖွေနိုင်ခဲ့ပေသည်။



ရာဗာသည် သစ်စေးတမျိုး ဖြစ်၍ ရာဗာစေး ထုတ်ယူနိုင်သော အပင်မျိုးပေါင်း ၁,၀၀၀၀ ကျော် ရှိသည်။ အများဆုံးရသော အပင်မျိုးမှာ ဟီးဗီယခေါ် အပင်မျိုး ဖြစ်သည်။ တောင်အမေရိကတိုက်၊ အထူးသဖြင့် ဗရာဇီးနိုင်ငံ အမေဇုန်မြစ်ဝှမ်း ဒေသတွင် သဘာဝအလျောက် ပေါက်ရောက်သည်။ ၁၈၇၅ခုနှစ်တွင်မှ အင်္ဂလိပ်လူမျိုးတဦး၏ ဆောင်ကြဉ်းမှုကြောင့် ထိုရာဗာပင်မျိုး ကမ္ဘာသို့ ပြန့်နှံ့ခဲ့ခြင်းဖြစ်သည်။ သီဟိုဠ်၊ မလ္လာယုကျွန်းဆွယ်၊ ဆုမတြားကျွန်း၊ ဂျားဗားကျွန်း၊ အန္ဒိယ၊ မြန်မာ၊ ဖိလစ်ပိုင်နိုင်ငံများသို့ ပြန့်နှံ့ခဲ့သည်။

ရာဗာပင်သည် ၇၅ ပေမှ ပေ ၁၀၀ အထိမြင့်ပြီး၊ လုံးပတ် ၁၀ ပေမှ ၁၂ ပေ အထိ ရှိတတ်သည်။



ရာဗာစေးကို ကြက်ပေါင်စေး၊ ကော်ဖတ်စေးဟုလည်းခေါ်သည်။ ရာဗာစေးသည် နို့ကဲ့သို့ဖြူပြီး သကြား၊ ဓာတ်ဆား၊ ပရိုတင်း၊ သစ်စေးနှင့် ရေတို့ ရောထွေး ပေါင်းစပ်နေသည်။ ယင်း အစေးထဲသို့ အက်ဆီတစ်အက်စစ် ရောထည့်ပေးခြင်းဖြင့် ရာဗာကို သီးခြားစုခဲစေ၍ ခွဲထုတ်ယူနိုင်သည်။ ရရှိလာသောရာဗာကို ဒလိမ့်များဖြင့် ဖိညှစ်ခြင်း၊ ဆေးကြောခြင်း၊ နေပူမီးပူတို့ဖြင့် အခြောက်ခံခြင်းများ ပြုလုပ်ရသည်။



ထိုအခါ ရာဗာကြမ်းကို ရသည်။ ရာဗာကြမ်းကို စက်ရုံသို့ပို့ပြီး လိုအပ်သလိုအသုံးချနိုင်သည်။

ပထမ ကမ္ဘာစစ်ကြီးအတွင်း ရာဗာထွက်သော နိုင်ငံများနှင့်အဆက်ပြတ်နေသဖြင့်၊ ဂျာမနီနိုင်ငံ၌ ဓာတုဗေဒနည်းဖြင့် ရာဗာတုကို စတင်၍ထုတ်လုပ်ခဲ့သည်။ ရာဗာတုချက်လုပ်ရာတွင် ကုန်ကျစရိတ် များလှသည်။ သို့သော် နောင်တွင် အကုန်အကျနည်းစွာဖြင့် ချက်လုပ်နိုင်မည်ဟု ယူဆရပေသည်။





သရုပ်ဖော် မြင့်မောင်ကျွန်
ဝက်ဝံကြီးက စိတ်ပူသွား၏။
မတော်လို့ပါကွာ- မတော်တဆ ဖြစ်တာပါ
ခင်ဗျား ကတော့ လွယ်လွယ် ပေါ့.
တနေ့တွင် ဝက်ဝံကြီး တကောင်သည် ယုန်ကလေးတကောင်၏ ခြေထောက်ကို နင်းမိရာ....
အမလေး ကျွန်တော့်ကို သတ်တာယ်ဗျ
တောင်းပန်လိုက် ရုံပါ၊ ကျွန်တော့်မှာ ဖြင့် ခြေထောက် ကျိုးသွားပြီဗျ... ဘယ်ခုန်နိုင်တော့မလဲ...
ယုန်ကလေးက အော်ဟစ်ပြောဆိုနေ၍ ဝက်ဝံကြီးက စိတ်မကောင်းစွာဖြင့် သူ၏ဂူတွင်းသို့ သယ်ဆောင်သွားလေသည်။
အာင်းသွားဂူးလာဂူး အသွားကယ်နဲ့ဝင်ဝင်းတတ်တယ်-ဒုက္ခပါဘဲ
ခြေထောက်ကို ကောင်းစွာ ဆေးထည့်၍ ပတ်တီး စည်းပေးလိုက်သည်။ သို့သော် ကိုရွှေယုန်က ဟန်ကောင်းလှပေသည်။
အမလေးဗျ နာလိုက်တာ သေပါတော့မယ်ဗျ
သို့ဖြင့် ဝက်ဝံကြီးသည် ယုန်ကလေးကို စောင့်ရှောက်ထားပြီး အစာ ရှာဖွေ ကျွေးနေ ရ၏။
မင်း ခြေထောက် ဘယ်လိုနေသေးလဲ သက်သာလာပြီလား.
မနေ့ကတော့ သက်သာ မလိုနဲ့ ခုတော့ ဆိုးလာ ပြန်ပြီပေါ့.


ထတောင် မထိုင်နိုင်တော့ ဘူး ဗျ
ဝက်ဝံကြီး တောထဲသို့ အစာရှာ ထွက်သည်နှင့် တပြိုင်နက် ယုန်ကလေးက သီချင်းဆို၍ ကတော့သည်။
ကျွန်း ကျွန်း မာ မာ
ဘာ မှ လဲ မဖြစ်ပါ
ပျော်
တခါတရံ ယုန်ကလေးက ဆူဆူပူပူ လုပ်သေး၏။
တခါလာလဲ မုန့်လာခွ ချည်းဘဲ၊ မြေထောက် ကျိုးရတဲ့ အထဲက အဟာရပြတ်ပြီးသေအောင်ပေါ့ လေ
ပဲသီးလေး ပျားရည်လေးများ ရအောင် ရှာခဲ့ရောပေါ့
ဝက်ဝံကြီးသည် ပဲသီးနှင့် ပျားရည်ရှာရန် ထွက်သွားစဉ်...
ဗျို့ - ဖိုးဝက်ဝံကြီး.. ခုတလော - တယ် - မှိုင်ပါလား
အလို
မြေခွေးတကောင်နှင့်တွေ့၍ အကြောင်းစုံကို ပြောပြလိုက်သောအခါ---
ဒီလိုလား - ဒီလိုဆိုယင် ခင်ဗျားရှာရ မှာက - ဆကူဝန်ဗျ - ဆကူဝန်..
ဆရာဝန်
ဆကူဝန် ကို ဘယ်သွားရှာရ ပါမလဲဗျာ
ဝေးဝေးလံလံသွား နေစရာမလိုပါဘူးဗျ



မကြာမီ ဂူထဲသို့ ရောက်ရှိသွားရာ ယုန်ကလေးမှာ မြေ ခွေးကိုမြင်သည်နှင့် တဆတ်ဆတ်တုန်နေလေ၏။
အခြေအနေက အတော်ဆိုးနေတာဘဲ အဖျားတက်ပြီး တုန်နေရှာပါလား
အင်း
ဟိုက်
မဖြစ်ဖူး လစ်မှ
အလို
လျှပ်တပြက်အတွင်း ယုန်ကလေးသည် ခုန်ပေါက်ထွက် ပြေးသွားသဖြင့်—
နေ- နေပါစေ အားနာစရာကြီးဗျာ
မကုရသေးပဲနှင့် ရုတ်တရက် ရောဂါပျောက် သွားသော ယုန်ကလေးကို သဘောကျနေကြ လေ၏။
တယ်ဟုတ်ပါလား
ဟား ဟား ဟား ဟား
တွေ့လား သူ့ရောဂါ ချက်ချင်း ပျောက်သွားပြီလေ

## ကမ္ဘာ့တွင် ဝင်ရိုးစွန်းအမှန်ရှိသလား


ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာကြီးသည် လိမ်မော်သီး ပုံသဏ္ဌာန်ကဲ့သို့ လုံးဝိုင်းပြီး ဝင်ရိုးပေါ်တွင် လည်ပတ်လျက် ရှိသည်ဟု ဆိုလေသည်။ ဤသို့ဆိုလျှင် သိုးမွေးချည်လုံး တလုံးကို သိုးမွေးထိုး အပ်တချောင်းဖြင့် အလယ်တည့်တည့်မှ ထိုးစိုက်ထားသည့်ပုံကဲ့သို့ သင်မြင်ယောင်လာမည် ဖြစ်သည်။ ကမ္ဘာကြီး၏ တဖက်တချက်တွင်လည်း မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့ ထွက်ပေါ်နေမည်ဟု သင်တွေးထင်မိပေလိမ့်မည်။

ယင်းသို့ တွေးထင်လျှင် လုံးဝမှားပေမည်။ အမှန်ကား ဤနေရာ၌ ဝင်ရိုးဆိုသည်မှာ ကမ္ဘာကို ပတ်လျက်ရှိသော အီကွေတာမျဉ်းကဲ့သို့ စိတ်မှန်းဖြင့် သတ်မှတ်ထားသော အမှတ်အသားမျဉ်းမျှသာ ဖြစ်သည်။ စိတ်မှန်းဖြင့် သတ်မှတ်ထားသော ဝင်ရိုးသာ ဖြစ်သဖြင့် မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့လည်း တကယ်ထွက်ပေါ်နေမည် မဟုတ်ပေ။ ကမ္ဘာလုံး၏ မြောက်ဖက်နှင့် တောင်ဖက်၌ ထိပ်တည့်တည့်နေရာတခုစီကို ဝင်ရိုးစွန်းနေရာဟု သတ်မှတ်ထားသည်။

ပုံတွင် သံစည်ပိုင်းများ ဝိုင်းထောင်ထားသော နေရာမှာ တောင်ဝင်ရိုးစွန်းနေရာဟု သတ်မှတ်ထားသော နေရာပင် ဖြစ်သည်။ ထိုနေရာ၌ ရေခဲထုမှာ ပေပေါင်း ၇,၃၀၀ ခန့် ထုသည်။

ကြယ်မြူ






(၁)

## ကြောင်ရုပ်ဆွဲပါ

(၂)



ပုံ(၁)တွင် ရေးဆွဲရန် မပြီးသေးသော ကြောင်ရုပ် ရှိနေပါသည်။ ပုံ(၂)တွင် ရှိသော ကြောင်ရုပ်ကလေးနှင့်တူအောင်သင် ကိုယ်တိုင် ဖြည့်ဆွဲကြည့်ပါ။

ကြယ်လေး

# ချိုးမွမ်း ခံလိုသူ

မြေရိုင်း



"မောင်မိုးကျော် တယောက်ကတော့ တကယ်တော်တာဘဲဟေ့။ ပြောတာ ဆိုတာ ဝတ်တာ စားတာကအစ ယဉ်ကျေးတယ်"

ဆရာမ၏ စကားသံကို ကျွန်တော်ကြားနေမိပါသည်။

ကျွန်တော်လည်း မိုးကျော်ကဲ့သို့ပင် အချီးမွမ်း ခံချင်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် မိုးကျော်ကဲ့သို့အစဉ်ပြုံး၍ နေရန် ကြိုးစားပါသည်။

ကျွန်တော်၏ ပြောင်းလဲနေသောအမူအရာကြောင့် "ဟဲ့ - နင်ကလဲ အလကားနေရင်းသွားဖြဲနေတာဘဲ" ဟု မခင်လေးတို့က ပြောကြပါသည်။

ပြောပါစေ။ သူတို့ ကျွန်တော့် အကြံအစည်ကို မသိ၍ ပြောခြင်း ဖြစ်သည် မဟုတ်လော။

မိုးကျော်သည် ကျွန်တော်တို့လမ်းထဲတွင်ပင် နေပါသည်။ မိုးကျော် အိမ်ရှေ့မှ ကျောင်းသွားလျှင် ကျွန်တော် ရပ်၍ စောင့်ကြည့်ပါသည်။ သူဝတ်သော အင်္ကျီအရောင်မျိုး၊ လုံချည်အဆင်မျိုးကို ကျွန်တော်ဝတ်ပါသည်။ ထို့နောက် ကျောင်းသို့ သွားပါသည်။

မိုးကျော်သည် လမ်းလျှောက်လျှင် ခေါင်းငိုက်၍ လျှောက်လေ့ရှိသည်။ ကျွန်တော်လည်း သူ့ဟန်အမူအရာအတိုင်း လိုက်လျှောက်ပါသည်။

တနေ့ ကျောင်းဆင်းချိန်တွင်ဖြစ်သည်။

"ဟေ့ - မိုးကျော် လာကွာ ဘောလုံးကန်ရအောင်"

မောင်မောင်က မိုးကျော်ကို ဘောလုံးကန်ရန် ခေါ်နေပါသည်။

"မကန်တော့ဘူးကွာ၊ ငါ အမေ့ကို ဝိုင်းကူ လုပ်ပေးရအုံးမယ်"

မိုးကျော် ငြင်းလိုက်သည်ကို ကျွန်တော် ကြားပါသည်။

"လာပါကွ တယောက်လိုနေလို့"

မောင်မောင်က ခေါ်နေပြန်ပါသည်။ သို့သော် မိုးကျော်က ငြင်းဆန်သည်။

"ဟာ - ဒီလိုဆို တိုးအောင်လာကွာ"

မောင်မောင်က ကျွန်တော့်ဖက်သို့ လှည့်၍ပြောလိုက်သဖြင့် ကျွန်တော်လည်း လန့်သွားမိပါသည်။

"ငါလဲ အိမ်မှာ ကူလုပ်စရာရှိလို့ပါကွာ" ဟု ပြောလိုက်ရသည်။

ကန်တော့ ကန်ချင်ပါသည်။ မိုးကျော် မကန်၍ ကျွန်တော်

လည်း မကန်ရန် ဆုံးဖြတ်လိုက်ပါသည်။

"မင်းက မိုးကျော်လိုဘဲ၊ အရင်က ကန်ပြီး ခုမှ" ဟု မောင်မောင်က ကျွန်တော့်ကို မကျေမနပ် ပြောလေသည်။

ကျွန်တော် အလွန်ကျေနပ်သွားပါသည်။ "မိုးကျော်လိုဘဲ" ဟု အပြောခံရ၍ ဖြစ်သည်။

အိမ်ပြန် ရောက် သော အခါ လွယ်အိတ်ကိုထား၍ အဝတ်လဲပြီး—

"မေမေ ဘာဝိုင်းလုပ်ရမလဲဟင်" ဟုဆိုကာ အမေ့ဆီ သို့ ကျွန်တော် ပြေးသွားပါသည်။

မေမေသည် ကျွန်တော့် အမေးကြောင့် အံ့သြနေပုံရသည်။

"အေး အေး — ကြက် သွန်ဝိုင်းခွာစမ်း သား" ဟု ပြောပါသည်။

မိုးကျော် တယောက်လည်း ကျွန်တော်ကဲ့သို့ပင် သူ၏ အမေကို ဝိုင်းကူ လုပ်ပေးနေမည်ဟု တွေးမိပါသည်။

"တော့သားက ကျမကိုဝိုင်းကူလို့"

ရုံးမှ ပြန်လာသော ဖေဖေကို မေမေကပြောလိုက်ပါသည်။

မေမေနှင့်ဖေဖေသည် ကျွန်တော့်ကို ကြည့်ကာ ပြုံးနေကြပါသည်။

တနေ့သော် ....

"တိုးအောင် လာစမ်း။ အိမ်စာပေးလိုက်တာ တပုဒ်ထဲ မှန်တယ်။ ရေးဖြေထားတာတွေလဲ တလွဲတွေပါလား"

ဆရာမက ကျွန်တော့်ကို ခေါ်ပြီး ဆူပါတော့သည်။

ကျွန်တော် ညက အိမ်စာ ဖတ်ရင်း အိပ်ငိုက်သွားသည်နှင့် မှားတွက်မိဟန်တူပါသည်။

"အားလုံး နား ထောင် ကြနော်။ စာမေးပွဲ နီးလာပြီ။ မိုးကျော်လိုကြိုးစားကြ။ မိုးကျော်က စာကို အကြွေးမထားဘူး။ မသိတာရှိယင် မေးတယ်။ ကိုယ်တိုင်လဲ ကြိုးစားတယ်ကွဲ့"

ဆရာမက မိုးကျော်ကို ချီးမွမ်းနေပြန်ပါသည်။

ကျွန်တော် ဝမ်းလည်းနည်း၊ ရှက်လဲ ရှက်သွားမိပါသည်။

ကျွန်တော်သည် မိုးကျော်ကဲ့သို့ ချီးမွမ်းခံရရန် သူနှင့် တူအောင် နေ ထိုင် ဝတ် စား ခဲ့ ပါသည်။ သို့သော် ကျွန်တော် ချီးမွမ်းမခံရပါ။ မိုးကျော်ကို ဆရာမ ချီးမွမ်းသည်မှာ စာကြိုးစား၍ ဖြစ်ကြောင်း၊ စာတော်၍ ဖြစ်ကြောင်း ကျွန်တော် အမှန်သိရပါပြီ။

ကျွန်တော် မိုးကျော်ကဲ့သို့ စာကြိုးစားရပါအုံးမည်။

× × ×

# ရထားမောင်းတမ်းကစားမယ်

တယောက်ခါးကို
တယောက်ဆွဲလို့၊
ရထားတွဲတွေ ဆက်ကြမယ်။

ရှေ့ဆုံးလူဟာ
စက်ခေါင်းလုပ်ကွဲ့၊
ဥသြမှုတ်ဘို့ မမေ့နဲ့ကွယ်။

အင်္ကျီဘောင်းဘီ ဖြူလွလွနဲ့၊
နောက်ဆုံးလူက
ဂါတ်ဗိုလ်ကွယ်။

အလံစိမ်းပြကာ
ခရာတုက်ပေး၊
ရထားခုတ်လို့ မောင်းလိမ့်မယ်။

အလယ်လူတွေ အသံပေပျက်နဲ့၊
ဂျုတ်ဂျုတ်ဂျက်ဂျက်
အော်ကြကွယ်။

ပျော်လှတယ်—ပျော်လှတယ်။

မောင်ဥသြ(ညောင်ပင်သာ)



R. 517

# မိန်



မိန်သည် ညအခါတွင် ကျက်စားသော ငှက်မျိုးဖြစ်သည်။ မိန်ကို လင်ကောင်ပိုးဟု၍၎င်း၊ ငှက်ဆိုးဟူ၍၎င်း ခေါ်ကြသည်။ အရွယ်အားဖြင့် အလျား ၁၃ လက်မခွဲရှိသည်။ မှောင်စပျိုးချိန်တွင် ပျံသွားသော မိန်သည် ဖွယောင်းယောင်းအဆင်းရှိသည်ဟု ထင်ရသော်လည်း နေ့ခင်းတွင်ကြည့်လျှင် မွဲခြောက်ခြောက်အသွေးနှင့်ဖြူသော မျက်နှာကို မြင်ရပေမည်။ ခြေတံလည်း ရှည်လျားသည်။

နိုဝင်ဘာလနှင့် ဇန်နဝါရီလ အတွင်းသာလျှင် ထိုငှက်၏ အော်သံကို ကြားရလျက် အခြားအချိန်တွင် ကြားရခဲသည်။

ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် မိန်များ သားပေါက်ကြသည်။ သို့ရာတွင် အသိုက်ကို တနှစ်ပတ်လုံး အုတ်နံရံခေါင်းတွင် ဖြစ်စေ၊ ရေတွင်းနံရံတွင်ဖြစ်စေ၊ သစ်ခေါင်းတွင် ဖြစ်စေ တွေ့နိုင်သည်။ တမျိုလျှင် လေးဥမှ ခုနစ်ဥအထိရှိ၍ ဥမှာ အလျားပျမ်းမျှ ၁.၆၂ လက်မနှင့် ဖြက် ၁.၃၂ လက်မရှိသည်။ ကြွက်နှင့်အခြားတိရစ္ဆာန်ကလေးများငှက်ကလေး များကို ဖမ်းဆီး စားသောက်သည်။



မိန်ကို ကမ္ဘာအနှံ့အပြားတွင် တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် ကွင်းပြင်များ၌ နေသည်။

နိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ ကာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဒွန်းက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၃၃။

# မင်းသမီး ဖါနပ် ၂

ပန်းချီ ဦးဘကြည်
ဇါတ်လမ်း — မောင်ပေါ်ထွန်း

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ ဝါခေါင်လဆုတ် ၈ ရက် (၁၄-၈-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


နို့ ခမည်းတော် ဟာ တယ် စိမ်းကါးပါလား — နောင်ဘဝ ကျယင် ဒီလို အဖေမျိုး နဲ့ မျှား — မတွေ့ပါရစေနဲ့ ---
မင်းသမီးခမျာ ဘဝပြောင်းပြီး ထမင်းချက်ရ
ခမည်းတော်ဟာ ဒီလောက်ရက်စက် မှ မှုန့် — ကိုယ့်ကိုယ်ကို တောင် — အသေ စီရင်တာ မှ ကောင်းအုံးမယ် .....
သူ့ဘဲ ရေသယ်ရ၊
နဲ့နဲ့ပါးပါး — ပါလာတဲ့ ပစ္စည်းလေးတွေ ထုခွဲ ရောင်းချ စားသောက် နေနိုင်လို့ တော် ပါသေးရဲ့ --- မဟုတ်ယင် ငတ်သေမှာ ----
အိမ်ကိစ္စ လုပ်ရနဲ့ စိတ်ညစ်ရှာသတဲ့။
ကျုပ်ကလဲ — သူတောင်းစား ဆိုတော့ တောင်းပြီးသာ စားတတ်တယ် မျှ ခင်မျာ ပစ္စည်းလေးတွေ ရုတ်တရက် — မကုန် သွားရအောင် — လမ်းဘေးမှာ တခုခု ရောင်းကြည့်ပါလား — ဟင်.. ကျုပ်ကတော့ — မသိ မပွတ် တဲ့ — အိုး — သာရောင်းစေချင် တယ် —
အင်းလေ — ကောင်းသားဘဲ
ရက်တွေညောင်းလာတော့ —
အိုးသားလေးတွေ ချောတယ် — မာတယ် — ဝယ်ကြပါအုံး ရှင်
တနေ့တွင် မင်းသမီး အိုးရောင်းနေစဉ် —
အလွန်ချော ----- အလွန် လှ ဟေ့ — မယ်ပပ ငါ နဲ့ သာ သွားယင်လေ ..... အိုး .... အိုး ... မရောင်းနိုင်း ရက်ပါ ----- ကဗျာဆေ — ဟေ ... ဟော .... ဝေါ့ ... ထွီ ..
အရက်မူးသမား တယောက် ရောက်လာပြီး —


မင်းသမီးခမျာ ကြောက်၍ ထွက်ပြေးရ၏။
xxxx ကြောက်ကြောက်နဲ့ ဆိုင်းမစ်ပြီး ပြေးခဲ့ရတယ် ရှင့်
ခင်များက လမ်းသွား လမ်းလာ မလွတ်တဲ့ နေရာမှာ ရောင်းမိတယ် ထင်တယ်.
အိမ်ရောက်၍ မကြာမီ ယောကျ်ား ပြန်လာမှ –
ကဲကဲ - ဒီလိုဆိုယင် - ဘုရင့်စားဖို့မှူး ထံမှာ အကျတယောက်လိုသတဲ့ ပြောနေကြတာကြားတယ်၊ သွားမေးကြည့်ပါလား
အင်း..... တယ် မဆိုးဘူး နန်းတွင်းက - စားကျွင်း လေးဘာလေး - နဲ့ဖြစ်ဖြစ် စားရမှာဘဲ
အင်းလေ သွားကြည့်မယ်
ဟော့ - အသံမမြည်အောင် ဆေးစမ်း - ပဲ့ကျန်မယ်၊ အက်ကျန်မယ် - နားမလည် ဘူးလား
စားဖိုမှူးထံ အလုပ်ရပေပြီ။ သို့သော် ပန်းကန် ခွက်ယောက်များကိုသာ ဆေးရသတဲ့။
တညနေ အိမ်အပြန်တွင်
အလို.......ချန်းထိုက်တဲ့ ကညာကလေးပါလား..... ချောလိုက်တာ လှလိုက်တာ ......
ဟုတ်တယ် ကိုယ်တော်လေး
ကောက်ယူ တော်မူပါ
တံခါးဝ၌ မင်းသားတပါးနှင့် လူပျိုတော်သားများ ရောက်လာပြီး–


မတော်ပါဘူး ဘုရား..... လင်ရှိမိန်းမရို့ အပြစ်ကြီးလှပါတယ်....
မကြောက်ပါနဲ့ နှစ်မတော်ရယ် — မောင်တော်ဟာ တခြားသူ မဟုတ်ပါဘူး---
အလို --- ဟင် --- သူ - တောင်း - စား - ဟာ -----
နှမတော် အရှက်ခွဲလိုက်တဲ့ — ကျားကြီး — ဆိုတာလဲ - ဒီ ဗေကိုယ်ဘဲ။
ထိုအခါမှ မေ့ကြည့်ပြီး—
အိုးတွေ ခိုက်ခွဲတဲ့ အရက်သမား လဲ - ဒီကိုယ်တော်ဘဲ ...
ကြည့်စမ်း — တော်တော် ဉာဏ်များတဲ့ ကိုယ့်ရွှေ ကျားကြီး
ဟား ဟား ဟား ဟား
အုံး
အုံး
အုံး
ကဲဟာ
ကဲဟာ
ကဲဟာ
နှစ်မတော် အိုးရောင်းဘူး မလား ဟဲ - ဟဲ
တော်ပါ မောင်တော်ရယ် - ခုမှသည်း တော်ရဲ့ ဇာတ်ကြီး ထဲ - တစ္စာကော်ထဲ - ဟင်၊
ထိုနောက် ဘုရင်ကြီးက မင်္ဂလာဘိသိက် ကျင်းပပေးလိုက်သဖြင့် ပျော်ရွှင်စွာ နေသွားကြလေသတည်း။

(မြိုးဇာ)

ယခင်အပတ်မှအဆက်

# ဂုဏ်ရှမ်းသတ္တိ

ပန်းချီ ဦးစိန်

ဓါတ်လမ်း ဂယက်နီ

ကောင်မလေးသည် မိုးဟိန်းကို မြူးမြူး ပျာပျာ ပြန်ကြည့်ပြီးလက်ကာပြလိုက်သည်။ ထိုကြောင့် မိုးဟိန်းသည် ဘာမျှဆက်၍ မပြောတော့ပေ။ ကောင်မလေးက ခေါင်းတချက် ညိတ်ပြလိုက်လေသည်။






ကျနော် မကြောက်ပါဘူး ဦးရယ် - အဖေ့အတွက်သာ စိတ်ပူနေတာ - သူတို့အဖေ့ကို ဒုက္ခပေး လိမ့်မယ် ထင်တယ်-အဖေဘာမှသိတာ မဟုတ်ပါဘူး
မြန်မြန် စား နိုင်ပါလား စကားပြောချင်ယင် ထမင်း စားပြီးမှ ပြော နိုင်း
ထိုအခိုက် အပေါက်ဝမှ ခေါင်းတလုံး ပြူလာပြီး သူတို့ကို ကြိမ်းမောင်းလေသည်။
တံခါးဖွင့်လေ
အဲ ဒီ ကောင်မလေးကို မင်း သိလို့လား
သိတာပေါ့ဦးရဲ့ ကျနော်တို့ရွာကဘဲ သူ့နာမယ် က နုနု တဲ့-သူ့ မှာအမေ မရှိတော့ဘူး-သူတို့သား အဖ ရွာ ကထွက်သွားတာ တနှစ်လောက် ရှိသွားပြီ
ဟော့ အထဲက- ကောင်ရှေ့-တိုးတိုး တိုးတိုးနဲ့ ဘာပြော နေတာလဲကွ
မအိပ်ချင်လို့ စကားပြောနေတာ ပေါ့ ကွ



အောင်မယ် ခြေကျိုး
ကစွာချင်သေးတယ်-
သေမှာမစဉ်းစားမိ
ဘူးထင်တယ်
ငါက သေမှာမကြောက်
ပါဘူးကွ-မင်းတို့သာ အ
သေဆိုးနဲ့သေဖို့စဉ်းစား
ထား
ကဲ မောင်မိုးဟိန်း ရေ
အနားယူရင်း အိပ်ကြစို့
ဟုတ်ကဲ့
အဖေ့ကို ဘုတ်တို့ ဖမ်းပြီး ဒီကို
ခေါ်လာမလားမသိဘူး-အဖေ
တော့ စိတ်ပူနေမှာဘဲ
မိုးဟိန်းသည် ဟိုဟို သည်သည် တွေးတောရင်း
တဖြည်းဖြည်း အိပ်ပျော်သွားတော့သည်။
မိုးဟိန်း ရုတ်တရက် လန့်နိုးလာသည်။ သူ၏ ပခုံး
တဖက်ကို တစုံတယောက်က အသာ လှုပ်နှိုးလိုက်
ခြင်းကြောင့် ဖြစ်သည်။

ပန်းချီ ကျော်ကျော်

# ဂရိနိုင်ငံ

ရေး စိုးလွင်မြင့်



ဂရိ နိုင်ငံသည် ဥရောပတိုက် တောင်ပိုင်း မေ်လကန်ကျွန်းဆွယ်၏ တောင်ဖက် အစွန်းတွင် တည်ရှိသည်။ မြောက်ဖက်၌ အဲလ်ဘေးနီးယား နိုင်ငံ၊ ယူဂိုစလားဗီးယားနိုင်ငံ၊ အရှေ့ဖက်၌ အေဂျင်ပင်လယ်၊ တောင်ဖက်၌ မြေထဲပင်လယ်နှင့် အနောက်ဖက်၌ အိုင်အိုနီယန် ပင်လယ်တို့ ရှိသည်။ အကျယ်အဝန်းမှာ စတုရန်း မိုင်ပေါင်း ၅၁,၁၈၂ ဖြစ်သည်။



ရှေး ဂရိတို့၏ ပါသီနွန်ဘုရားကျောင်း

ပေ ၉၀၀၀ မြင့်သော ပင်းဒတ် (စ်) တောင်တန်းသည် မြောက်မှ တောင်ဖက်သို့ သွယ်တန်းနေပြီး နိုင်ငံအား အပိုင်းကြီး ငါးပိုင်း ခွဲခြား ထားသည်။ တောင်များပေါ်မှ မြစ်များသည် အရှေ့နှင့် အနောက်ဖက်ရှိ ပင်လယ်တွင်းသို့ စီးဆင်းသည်။ သို့သော် ယင်းတို့သည် ရေကြောင်းသွားလာရန် အသုံးမဝင်ချေ။ များစွာသော မြစ်တို့သည် နွေရာသီတွင် ရေခန်းခြောက်သည်။

အေသင်မြို့လယ် တနေရာ



မြေထဲပင်လယ် ရာသီဥတုဖြစ်သော ပူနွေး ခြောက်သွေ့သော နွေရာသီနှင့် အေးပြီး စိုစွတ်သော ဆောင်းရာသီ ရှိသည်။

လူဦးရေမှာ ကိုးသန်းခန့် ရှိပြီး နေထိုင်သော လူမျိုးများတွင် ၉၀ ％ ခန့်မှာ ဂရိ လူမျိုးများ ဖြစ်သည်။ တူရကီ မက်စီဒိုးနီးယန်းစလပ် နှင့် ဂျူးတို့လည်း ရှိသည်။ ဂရိခရစ်ယန် အယူဝါဒကို ယုံကြည်ကိုးကွယ်သူ များပြား



ဂရိ သိုးကျောင်းသား

သည်။ ဂရိနှင့် တူရကီ ဘာသာစကားကို ပြောဆို သုံးနှုန်းကြသည်။ မြို့တော်မှာ အေသင် ဖြစ်သည်။

ဂရိနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်သည်။ လူဦးရေ၏ ၇၅% ခန့်သည် စိုက်ပျိုးမှုဖြင့် အသက်မွေးကြသည်။ ဂျုံ၊ စပါး၊ ဘာလီနှင့် ပြောင်း၊ လိမ္မော်၊ သံပုရာ၊ သဖန်း၊ ပန်းသီးနှင့် သစ်တော်သီး တို့ကိုစိုက်ပျိုးသည်။ ဆေးရွက်၊ သစ်သီးအစိုနှင့် အခြောက်၊ ချည်ထည်တို့ကို ပြည်ပသို့ တင်ပို့သည်။ အသုံးပြုသော ငွေကြေးမှာ ဒရက်မာ ဖြစ်သည်။



အိုလံပစ် အထိမ်းအမှတ် မီးရှူးတိုင်

ရှေးဟောင်း ဂရိတို့၏ လုပ်ဆောင်ချက်ကြောင့် ကြီးပွားတိုးတက်ခဲ့သော နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှု၊ မြို့ပြ ဆိုင်ရာနှင့် လူတို့၏ စိတ်ဓာတ်ဆိုင်ရာ တိုးတက်မှုတို့ကို ယခု တိုင်အောင်ပင် ချီးကျူး အံ့မခန်း ဖြစ်ကြရသည်။

ခရစ်မပေါ်မီ ငါးရာစုနှင့်လေးရာစု အကြားကာလတွင် ဂရိစာပေနှင့်ပြဇာတ်ပညာရှင်များ၊ သုတေသီများ၊ အဘိဓမ္မာ ဆရာများ၊ ပိသုကာ နှင့် ပန်းပုပညာရှင်များ၊ သင်္ချာနှင့် သိပ္ပံပညာရှင် အကျော် အမော် များ ပေါ်ထွန်း ခဲ့သည်။ ပထမ ဦးဆုံး အိုလံပစ် အားကစားပွဲကို ဂရိနိုင်ငံ တွင် ဘီစီ ၇၇၆ ခုနှစ်က ပြုလုပ်ခဲ့သည်။

ဂရိ ရိုးရာအက



စည်းမျဉ်းခံ ဘုရင်စံနစ်ဖြင့် အုပ်ချုပ်၍ နိုင်ငံ၏အကြီးအကဲတို့မှာ ဒုတိယမြောက် ကွန်စတင်တိုင်ဘုရင်နှင့် ဝန်ကြီးချုပ် ပါပါဒိုပေါ်လို့စ် ဖြစ်သည်။

၁၉၄၅ ခု အောက်တိုဘာလ ၂၅ ရက်နေ့ တွင် ကမ္ဘာ့ ကုလသမဂ္ဂ၏ မူလအဖွဲ့ဝင် နိုင်ငံ ဖြစ်လာသည်။


တန်းစီရတာကြာ
တယ်ကွာ-ရှာသွား
မိုးတိုးမယ်
မသွားပါနဲ့ကွာ
နောက်ကလူတွေ
အော်မှာပေါ့ကွ
လာစမ်းပါဘ.
လိုက်ခဲ့ကောင်
ဘဲကွာ
နောက်ကိုသွား
တန်းစီဟေ့
သူများလို
တန်းစီ
ကွ-ကြား
မဝင်နဲ့
စည်းကမ်းရှိရှိ
နောက်ကသွား
တန်းစီမှပေါ့ကွ
နင်ကိုနေကဆို. ခုလက်မှတ်ရ
နေပါပြီ. မင်းကရှာသွားချင် တော့
နဲ့နောက်ဆုံး ကျောက်နေတော့
လက်မှတ်မရတော့ဘူးပေါ့
ဟဲ့.လက်မှတ်
ကုန်ပြီကွ
HOUSE FULL
အာဇ ချောင်းခိုယင်
ဒီလိုဖြစ်မှာပဲ
အေးကွာ


မိုးဇော်နှင့် မိုးကျော်တို့ ညီအစ်ကိုသည် လျှို့ဝှက်သဲ
ဖို ဇာတ်လမ်းများကို နှစ်သက်၏။


မေမေဈေးမှပြန်လာသောအခါ—
ပြီး



# မြွေတိုင်း ဥအုသလော

ကမ္ဘာပေါ်တွင် မြွေအမျိုးပေါင်း ၂,၃၀၀ ကျော်ခန့် ရှိသည်။ မြွေများကို အလွန်အေးသော အရပ်ဒေသမှတပါး ကမ္ဘာအနှံ့တွင် တွေ့ရတတ်သည်။ မြွေအများစုသည် ဥအု၍ သားပေါက်လေ့ရှိပြီး၊ မြွေအချို့သည် ဥမအုပဲ သားကောင်ငယ်များကို အကောင်လိုက် တိုက်ရိုက်မွေးဖွားလေ့ရှိသည်။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံရှိ အက်ဒါခေါ် မြွေတမျိုးနှင့် မြန်မာနိုင်ငံရှိ မြွေပွေး တမျိုးသည် သားကောင်ငယ်များကို အကောင်လိုက် မွေးဖွားကြသည်။ ပင်လယ် မြွေများသည်လည်း သားကောင်ငယ်များကို အကောင်လိုက် မွေးဖွားကြသည်။ အထူးသဖြင့် ပင်လယ် မြွေများအဖို့ သဘာဝက ဖန်တီးပေးခြင်းပင်ဖြစ်သည်။ အကောင်လိုက် မမွေးဖွားပဲ ဥအုလျှင် ယင်းဥများသည် အခြားသတ္တဝါများ၏ အစာဖြစ်ဖို့ များလေသည်။



ဥအုသော မြွေမျိုးထဲတွင် စပါးကြီးမြွေ ကဲ့သို့သော မြွေကြီးများသည် ပေ ၃၀ ကျော် အထိ ရှည်လျားတတ်ပေသည်။ ဖော်ပြထားသော ပုံမှာ အိန္ဒိယ စပါးကြီး မြွေ တကောင်နှင့် ဥများဖြစ်သည်။ ယင်းစပါးကြီးမြွေမျိုးသည် ဥပေါင်း ၁၀၀ ကျော် အုလေ့ရှိပြီး၊ ယင်းဥများကို အကောင်ပေါက်သည်အထိ နှစ်လကျော်မျှ ရစ်ပတ်ထားလေ့ရှိသည်။


ကြယ်မြူ



## ပန်းခြောက် ပို့စကတ်

သစ်ရွက် ကလေး၊ ပန်းပွင့် ကလေး များကို စာအုပ် ကြားတွင် ညှပ်ကာ အခြောက်ခံ သိမ်းထားပါ။ ခြောက်လျှင် စက္ကူကပ်ပြား ဖြူပေါ်တွင် ကော်ဖြင့် ကပ်၍ လိုအပ်သော နေရာတွင် ရောင်စုံ ခဲတံ-ရေဆေးတို့ဖြင့် ဆေးခြယ်ပေးပါ။ လှပသောရောင်စုံ ပို့စကတ် ကလေး ဖြစ်လာပါလိမ့်မည်။





# စာချောက်ရုပ်

စောစောခင်

လွင်လွင်သည် ကျောင်းမှ အိမ်သို့ ပြန်ရောက်လျှင် လွယ်အိတ်ကို စာကြည့် စာပွဲပေါ်တွင် တင်ထားလိုက်သည်။ ထို့နောက် ကုလားထိုင်ပေါ်၌ ထိုင်၍ ငေးငိုင်နေမိသည်။ ယနေ့ ကျောင်းတွင် အစမ်းစာမေးပွဲ အောင်စာရင်း ကြေညာသည်။ အောင်စာရင်းတွင် လွင်လွင်၏ နာမည်မပါ။ လွင်လွင် စာမေးပွဲကျပြီ။ ထို့ကြောင့် စိတ်ညစ်သည်။ လွင်လွင်သည် အဖုံးနီနီနှင့် စာအုပ်တအုပ်ကို ယုယစွာ ကိုင်တွယ် ပွတ်သပ်နေသည်။

"ဒီအိမ် လွင်လွင်တို့ အိမ်ပါလားရှင်"

လွင်လွင်သည် အိမ်ရှေ့ဖက်မှ မေးမြန်းသံကို ကြားရသဖြင့် နားစွင့်ထောင်မိသည်။ ဖေဖေက ပြန်လှန် ပြောဆိုသည်ကိုလည်း ကြားရသည်။

"အော်–ဆရာမ၊ ဟုတ်ပါတယ်ခင်ဗျာ။ ဝင်ပါ၊ ထိုင်ပါ။ ဟဲ့–စာချောက်ရုပ် ဘယ်သွားနေလဲ၊ မြန်မြန်လာစမ်း။ ဒီမှာ ဆရာမရောက်နေတယ်"

လွင်လွင်၏ ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားပြီး၊ လက်ထဲမှ စာအုပ်နီနီကလေးကို စာပွဲပေါ်ရှိ အခြား ကျောင်းဖတ်စာအုပ်များအကြားသို့ ထိုးသွင်းထည့်လိုက်သည်။ ပြီးလျှင် လွင်လွင်သည် အိမ်ရှေ့သို့ တွန့်ဆုတ်သော ခြေလှမ်းဖြင့် ထွက်လာသည်။ မေမေလည်း ဧည့်ခန်းတွင် ရောက်နေသည်။

"ကျမ လာရတဲ့ ကိစ္စကတော့ အခုအပတ်အစမ်းစာမေးပွဲမှာ လွင်လွင်စာမေးပွဲကျတဲ့အကြောင်း လွင်လွင့်ရဲ့မိဘများကို အသိပေးဘို့ပါဘဲ။ ကျမအတန်းမှာ လွင်လွင်ဟာစာတော်သူတယောက်ဖြစ်ပါတယ်။ဒါကြောင့် အတန်းတင် စာမေးပွဲကြီးမှာ အောင်မြင်စေချင်ပါတယ်။ လွင်လွင်ကလဲ စာကြိုးစားပါ။ မသိတာရှိယင်လဲ ဆရာမကိုလာမေးနိုင်ပါတယ်။ မိဘများကပါ လွင်လွင် စာကြိုးစားဘို့ တိုက်တွန်း ပေးစေလိုပါတယ်"

"ဆရာမရယ်၊ လွင်လွင်စာကြိုးစားနိုင်အောင် အချိန်များများပေးထားပါတယ်။ အိမ်မှာဆိုယင် ဘာမှမလုပ်စေပါဘူး။ အိမ်အလုပ်တခု ကူညီလုပ်ကိုင်ဖော်လဲမရပါဘူး။ နန်းကလေးခိုင်းချင်လို့ သူ့ကို ခေါ်ယင်လဲ ကျောင်းကပေးလိုက်တဲ့ စာတွေများလွန်းလို့ မအားသေးဘူး၊ စာကျက်ရအုံးမယ်ဆိုပြီး တချိန်လုံး စာကြည့်စာပွဲမှာ ထိုင်နေတော့တာဘဲရှင့်။ အဲဒီလို ကျမတို့ကိုစာနဲ့ ချောက်ချောက်နေလွန်းလို့ သူနာမယ် လွင်လွင်အစား စာချောက်ရုပ်လို့ဘဲ အိမ်မှာခေါ်ကြပါတယ်"

"အော်–အော် ကျမရောက်စက စာချောက်ရုပ်လို့ ခေါ်သံကြားလိုက် မိပါတယ်။ ကဲ–လွင်လွင်၊ စာချောက်ရုပ်ဆိုတာလယ်များ၊ ယာများ ထဲမှာ ကောက်ပဲ သီးနှံတွေကို စားသောက် ဖျက်ဆီးကြမဲ့ ကျေးငှက်များကို ချောက်လှန့်တဲ့ အရုပ်ဖြစ်လို့ အသုံးဝင်တယ်ကွဲ့။ အခုအိမ်မှာ စာချောက်ရုပ် အမည်ခံနေတဲ့ လွင်လွင်ကတော့

စာမေးပွဲလဲမအောင်၊ အိမ်မှာလဲ အသုံးမဝင် ဖြစ်နေတယ်နော်။ ဒါဟာမကောင်းဘူးကွဲ့။ အခုက စပြီး လွင်လွင်စာကြိုးစား။ အိမ်အလုပ်မှာလဲ တတ်နိုင်သမျှ ကူညီပေးနော်”

“ဟုတ်ကဲ့ပါ ဆရာမ၊ လွင်လွင်စာကြိုးစားပါ့မယ်”

ဆရာမ ပြန်သွားလျှင် လွင်လွင်သည် ဘာလုပ်ရမည် မသိပဲ စာကြည့် စာပွဲတွင် ပြန်ထိုင်လျက်ငြိမ်သက်နေသည်။ ထိုစဉ် လွင်လွင် ထိုင်နေရာသို့ မေမေ ရောက်လာသည်။ မေမေဆူမည်ကို စိုးရိမ်နေသဖြင့် လွင်လွင်သည် မေမေအားမကြည့်ဝံ့ပေ။

“ပြောစမ်း စာချောက်ရုပ်၊ ဘာပြုလို့ စာမေးပွဲကျသလဲ”

မေမေသည် လွင်လွင်အား ပါးစပ်ကမေးရင်း လက်ကလည်း စာပွဲပေါ်ရှိ စာအုပ်များကို တအုပ်ချင်း နေရာပြောင်းရွှေ့ထပ်လျက် ဖုန်များကို ပွတ်ခါလိုက်သည်။ စာအုပ်နီနီလေးကို မေမေတွေ့သွားမှာ ကြောက်လှသဖြင့် လွင်လွင်၏ ရင်တွင်းဝယ် တုန်လှုပ်နေသည်။ ဟော–စာအုပ်ကို မေမေတွေ့ပါပြီ။ အနီရောင်အဖုံးနှင့် ထူးခြားနေသော စာအုပ်ဖြစ်သဖြင့် မေမေသည် စာအုပ်ကို ကောက်ယူဖွင့်ကြည့်ပြီး အံ့သြစွာအော်လေသည်။

“တွေ့ပြီး ဟောဒီမှာ စာချောက်ရုပ် စာမေးပွဲ ကျရတဲ့ အကြောင်းရင်းကို တွေ့ပြီး။ ဒီစာအုပ်ထဲမှာ သီချင်းတွေရေးထားတာ အများကြီးပါလား။ စာအုပ် ကုန်လုနီးပါးဘဲ။ စာပွဲမှာ တချိန်လုံး ထိုင်နေတာဟာ စာကျက်တာကနဲ့ ဒါတွေရေးနေတာ နေမှာဘဲ။ ဟုတ်သလား စာချောက်ရုပ်။ ဒီအကြောင်း ဆရာမကို ပြောပြရအုံးမယ်”

လွင်လွင်သည် ဝမ်းနည်းစွာ ငိုမိသည်။ ဖေဖေလည်း ရောက်လာ၍ မေမေနှင့်အတူ သီချင်းစာအုပ်ကို ကြည့်သည်။ ထို့နောက် ဖေဖေက လွင်လွင့်ဖက်သို့ လှည့်လိုက်ပြီးဆို၏။

“သမီး ငိုနေသလား။ ဒီလိုဆို ကိုယ့် အပြစ်ကို သိပြီပေါ့။ ဟုတ်လားသမီး။ သမီးဟာ စာကျက်ချိန်မှာ သီချင်းတွေ ရေးပြီး အချိန် မဖြုန်းခဲ့ဘူးဆိုယင် အခုလို စာမေးပွဲလဲကျမှာ မဟုတ်ဘူး။ သမီးကိုဖေဖေတို့က ရိုက်နှက်ပြီးလဲ စာကျက် မခိုင်းချင်ပါဘူး။ သမီး အသိဉာဏ်နဲ့ သမီး လိုလိုချင်ချင် အားထုတ်ကျက်မှတ်တာကိုဘဲ ဖေဖေတို့ နှစ်သက်တယ်”

လွင်လွင်သည် ဖေဖေ၏ ဆုံးမစကားကို ငြိမ်သက်စွာ နားထောင်နေရင်း ဆုံးဖြတ်လိုက်သည်။ နောင်တွင် စာမကျက်ပဲနှင့်စာကျက်ရဦးမည်ဟုပြောပြီး ဖေဖေနှင့် မေမေတို့အား စာနှင့်ချောက်၍ လိမ်ညာတော့မည် မဟုတ်ပါ။

× × × ×

# စိုက်ပျိုးရေး

စိုက်ပျိုးရေး စိုက်ပျိုးရေး၊
မြန်မာပြည်ရဲ့ အသက်သွေး။
စိုက်ပျိုးရေးကို လုပ်ကြမယ်၊
တူးရွှင်းယူခဲ့ကွယ်။

ထွန်၊ ထယ်၊ နွားနဲ့ အတူတွဲ၊
မြန်မာ့မြေယာထဲ။
မြေပဲစိုက်လို့ နှမ်းကြဲမယ်၊
ဆီထွက်ကောင်းဘို့ကွယ်။

ဝါလဲစိုက်မယ် ဝတ်ဆင်ဘို့၊
စပါးစိုက်မယ်ဗျို့။
မိုးတညို့ ညို့ ရွာလာယင်၊
ရေတ်စိုက်မယ်ပြင်။


ခရမ်းချဉ်နဲ့ ကြက်သွန်ခင်း၊
ပဲ၊ရွေပြောင်း၊မုန်လာ၊ဆေးနွံသင်း။
ဟင်းသီးဟင်းရွက် အသွယ်သွယ်၊
ဂုံလျှော်ပင်လဲ စိုက်ကြမယ်။

ငါတို့မြေဝယ် ရှုမငြီး၊
အားလုံးရွှေတွေသီး။ ။

မောင်မင်းယဉ်(ကူမဲ)



R. 517



# ချိုးလင်းပြာ

ပုံသန်းရာတွင်လျင်မြန် ဖျတ်လတ်သော ချိုးလင်းပြာသည် အရွယ်အားဖြင့် အလျား ၁၂ လက်မရှိသည်။ သူ၏အောက်သံမှာ သာယာ နာပျော်ဖွယ် ရှိလှသည်။

ချိုးလင်းပြာသည် အများအားဖြင့် ဖိုမစုံတွဲနေလေ့ရှိသည်။ တခါတရံမှသာ သုံးကောင် လေးကောင် အုပ်ဖွဲ့၍ နေသည်ကို တွေ့ရတတ်သည်။ ဝါးတောများနှင့် အင်တိုင်းတောကလေးများတွင် ကျက်စားလေ့ရှိသည်။

ချိုးလင်းပြာ သားပေါက်ချိန်မှာ တနှစ်ပတ်လုံးလိုလိုဖြစ်သည်။ အသိုက်နှင့်ဥများမှာ အခြားချိုးများနှင့် မခြားနားပေ။ တဥလျှင်ပျမ်းမျှအလျား ၁.၁၆ လက်မနှင့် ပြက် ၀.၉၀ လက်မရှိသည်။



ဥရောပ အရှေ့ပိုင်းမှ အာရှတိုက်ကိုဖြတ်၍ တရုပ်နိုင်ငံနှင့် ဂျပန်နိုင်ငံအထိ ချိုးလင်းပြာများ ပျံ့နှံ့နေသည်။ မြန်မာနိုင်ငံတွင် အလယ်ပိုင်း ခြောက်သွေ့သော ဒေသတွင်အနေများသည်။ အထက် ချင်းတွင်းနှင့် မန်းမော်မြို့ အနီးအနားတွင်လည်း တွေ့ရ တတ်သည်။

စိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်ထုတ်ဝေရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွှတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဖခင်က ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၃၄။

# ရှေ့သွား ဂျာနယ်

၁၃၃၃ ခု၊ တော်သလင်းလဆန်း ၁ ရက် (၂၀-၈-၇၁)

## အမေအို၏ သင်ခန်းစာ

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ရန်အောင်




စနေနေ့တိုင်း ထုတ်ဝေသည်။


အော်…… ငါ့ကုသိုလ်များ ဆိုးလိုက်တာ နော်………
လင်သေပြီ - မုဆိုးမဘဝနဲ့ ဈေးတောင်း ခေါင်းပေါ်တင်ပြီး - သား သုံးယောက်ကို ရှာဖွေ ကျွေးလာခဲ့တယ်၊ သူတို့ အိုးအိမ်နဲ့ အရွယ်ရောက် လာတော့ ကျွေးမွေး တောင် - မရ ပါလား ……. ……. ………
အမေအိုသည် တောင်းရမ်းရင်း ရှေးဟောင်း နှောင်းဖြစ်တွေကို စဉ်းစားမိ၏။
ပန်းထိမ်ဆရာကြီး ဦးသာယာ
တဆုပ်တခဲ ပေးတော် မူကြပါ.
အမယ်ကြီး ကျွန်တော်တို့ အိမ်ထဲ ဝင်ခဲ့ပါအုံး —
တနေ့တွင် တောင်းရမ်းရင်း အိမ်တအိမ်၌ —
အမယ်ကြီးသားတွေက - မကျွေးထားဘူးလား
သူတို့မကျွေးလို့ - တောင်း စားနေရတယ်……
အို - ကျက် - ကျက် - ဖြစ်မှဖြစ်ရလေ……အင်း
ရော့ - အမယ်ကြီးကို ဒီပစ္စည်းတခုပေးလိုက်မယ်
ဟင် … ရွှေချောင်းကြီး ပါလား
အဲဒီ ရွှေချောင်းကို - အမယ်ကြီး သားတွေကို ပြ။ ငါ့ကို ကျွေးမွေးတဲ့ လူဟာ - ငါသေရင် - ဒီရွှေချောင်း ကိုရမယ်လို့ပြော………- အမယ်ကြီးကို - သူတို့ ကျွေးကြလိမ့်မယ်
သူ့တောင်းစား-အမေကို မကြည့်ချင်ဘူး၊ မလာနဲ့၊
အမေ့ကို မကြည့်ချင်ပေမယ့် - ဟောဒါကိုတော့ ကြည့်စမ်းပါအုံး
အမေအိုသည် ရွှေချောင်းကိုယူ၍ ရှေးဦးစွာ သားငယ်အိမ်သို့ သွားသည်။


ရွှေချောင်းကြီးပါလား–အမေ– ဘယ်ကရခဲ့တာလဲ –
သူဌေးကောင်း တယောက်က ပေးလိုက်တာ၊ အမေ့ကို ကျွေးမွေးတဲ့သားဟာ အမေသေယင် – ဒီရွှေချောင်းကိုယူရမယ်တဲ့
အမေ့ကို မိဋ္ဌာ မ.တဲ့ ထင်ပါရဲ့
ရွှေချောင်း ရရ – မရရ – အမေ့ကို ကျွန်တော်ကျွေးပါမယ်
ဟဲဟဲ
အမေ့ကို – မောင်ငယ်က ကျွေးထားတယ်လို့ ကြားတယ်
ဟုတ်တယ် – အမေ သေယင် – အမေ့ပစ္စည်းကို ကျွေးမွေးတဲ့သားက ရမယ်...
အမေ့ ပစ္စည်း ဆိုတာ ဘာလဲ....
အမေအိုသည် သားလတ်အိမ်တွင် နေထိုင်စားသောက်နေစဉ် သားကြီးရောက်လာပြီး –
ဟာ... ရွှေချောင်းကြီး – ဟီးဟီး
ကျွန်တော်လဲ – အမေ့ကို ကျွေးပါရစေလား – အမေ
ကျွေးရပါတယ် – မင့်အိမ်မှာ အမေ – တလ – နေမယ်
အမေ့ကို ကျွန်တော်လဲ ကျွေးပါရစေ
အမေ့မှာ ရွှေရှိတယ် ဆိုတာ – ကြားလို့လား
ရွှေချောင်းရမယ် မဟုတ်ပါဘူး ကျွန်တော့် စေတနာလဲ ပါပါတယ်
အမေအိုသည် သားငယ်ထံ၌ တလနေထိုင်ပြီးနောက် သားလတ်၏အိမ်သို့ သွား၏။
အမေ – ရွှေ ဘယ်မှာ ထားသလဲ.......
အမေ့ခေါင်းအုံးထဲမှာ ထည့်ထားတယ် အမေသေယင် သားသုံးယောက် အချိုးအစား ခွဲယူကြ..
အမေအိုသည် သားလတ်အိမ်၌ တလနေပြီး၍ သားကြီးအိမ်သို့ ရောက်ရှိနေထိုင်လျက် ရှိစဉ် အသည်းအသန် မမာဖြစ်ရာ....
ဒီရွှေချောင်းကို အချိုးအစား ဖြတ်တောက် ခွဲနိုင်ရာ – ပန်းတိမ်ဆရာမှာသာ – တတ်နိုင်တာ ဒီတော့ .......
ဒါဖြင့် ဦးသာယာထံ သွားရအောင်
ကောင်းသားဘဲ
အမေအို ကွယ်လွန်၍ အသုဘကိစ္စအဝဝ ပြီးသွားသောအခါ –


ပန်းထိမ်ဆရာ ဦးသာယာအိမ်ရောက်လျှင်—
အမေ့အမွေ - ရွှေချောင်းကို ကျွန်တော်တို့ သုံးယောက် အား အညီအမျှ ခွဲဝေပေးဖို့ ကိစ္စနဲ့ လာပါတယ်။
မင်းတို့ - အမေကို ကျွေးမွေးခဲ့တာဟာ - ရွှေလိုချင်လို့ - ကျွေးမွေးခဲ့တာပေါ့...........
မူလ-ကတော့-ဟုတ်ပါတယ်၊ အခု အမေ သေသွားတော့မှ -ကျွန်တော့်စေတနာ မကောင်းတာကို တွေးမိပါတယ်.......
ကျွန်တော်တို့ဟာ - မိဘ ကျေးဇူးကို ဆပ်သင့်ပါတယ် ကျွန်တော်တော့ - ရွှေကို - မလိုချင်တော့ပါဘူး
ဒီလို လုပ်ကြစို့၊ ဒီရွှေချောင်းကို ရောင်းပြီး အမေ့အတွက် ကုသိုလ်ကောင်းမှု လုပ်ကြရအောင်......
ကောင်းပါတယ်
သဘော တူတယ်
မင်းတို့ - ဒီလို - အမြင်မှန်ရတာကို - သာဓု- ခေါ်ပါတယ်၊ ဒီရွှေချောင်းက - ငါ - ပေး လိုက်တာပါ
ဟင် - ဟုတ်လား၊ ဘာဖြစ်လို့ ပေးတာလဲ
အမေအိုကို - မင်းတို့ ကျွေးချင်အောင် လို့ပေါ့
ဦးသာယာ ရွှေကို - ဦးသာယာ ပြန်ယူပါတော့....
ငါ မယူချင်ဘူး၊ မင်းတို့ အိမ်မှာ ထား၊ နောင်လာ နောက်သားတွေကို ပြောပြ၊ မင်းတို့ မှားသလို မမှားကြရအောင်
ဦးသာယာ ရွှေတွေ သုံးတော့မှာပေါ့
မဆုံးပါဘူး၊ ရောင်းစားလို့ ဖြစ်တာမှ - မဟုတ်ဘဲ
ဘာဖြစ်လို့ ရောင်းစား မဖြစ်တာလဲ
ကြေးချောင်းကြီးကို ရွှေရည်စိမ်ထားတာ....


ရဲစွမ်းသတ္တိ
ဇာတ်လမ်း ဂယက်နီ
ပန်းချီ ဦးဆိုင်
မိုးဟိန်းသည် ရုတ်တရက် လန့်နိုးလာသည်။ ပထမတွင် သူသည် ကြောင်နေသည်။ သူ့အနီးမှ ဝမ်းလျားထိုး ထွက်သွားသော အသံကြောင့် သူလည်း နောက်မှ ဝမ်းလျားထိုး၍ လိုက်သွားသည်။
ဒို့ထွက်ပြေးကြမယ် နောက်က အသာလိုက်ခဲ့
လွတ်ပါ့မလား အစောင့် အိပ်ပျော် နေပြီ ထင်တယ်
ကျွိ
ဘယ်သူ ပါလိမ့်


ဟင်!
ရှူး
မြန်မြန်လုပ် စစ်သားကြီးကိုတွဲ ခေါ်ရမယ်
ဟာ-မိုးလင်း တော့မှာပါလား


တွန်းထုတ်လေ မြန်မြန်
အားစိုက်လှော်ပေး
ပေး ဦးကိုပေး ဦးတလှည့်လှော်မယ်
ဦးကို ပေးလိုက်-နင်လှော် နေတာနဲ့ အားလုံး ပြန် မိသွားအုံးမယ်
နောက်က လိုက်လာကြပြီ




# အီတလီနိုင်ငံရေး စိုးလွင်မြင့် ပန်းချီ ကျော်ကျော်

ရှူးဖိနပ် ပုံသဏ္ဌာန်ရှိသော အီတလီနိုင်ငံသည် ကျွန်းဆွယ်တခုဖြစ်ပြီး ဥရောပတိုက်၏ အနောက်တောင်ဖက် မြေထဲပင်လယ်တွင် တည်ရှိသည်။ ယင်းတွင် စစ္စလီနှင့် ဆာဒီးနီးယားကျွန်းတို့ ပါဝင်၍ စုစုပေါင်း အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၁၆,၂၅၆ ဖြစ်သည်။

နိုင်ငံ၏ မြောက်ဖက်ပိုင်း ပိုမြစ်ဝှမ်းဒေသနှင့် တောင်ဖက်ဖျား ကျဉ်းမြောင်းသည့် ကမ်းခြေဒေသများမှ လွဲလျှင် ကျန်နေရာဒေသ တို့သည် တောင် ထူထပ်သည်။


စိန့်ပီတာဘုရားရှိခိုးကျောင်း

မြေထဲပင်လယ် ရာသီဥတုရှိ၍ ဆောင်းတွင်း၌ မိုးရွာပြီး နွေဥတု၌ ပူပြင်းခြောက်သွေ့သည်။

ပီဆာမျှော်စင်



အီတလီနိုင်ငံ၏ လူဦးရေမှာ သန်း ငါးဆယ်ကျော် ဖြစ်ပြီး မြို့တော်မှာ ရောမ ဖြစ်သည်။ နေထိုင်သော လူမျိုးများမှာ ရှေးအခါကပင် အီတလီနိုင်ငံ၌ အခြေတကျ နေထိုင်သော အီတာလျံလူမျိုးများ ဖြစ်သည်။ ပြင်သစ်၊ ဂျာမန်နှင့် စလာဗစ်လူမျိုးများလည်း ရှိသည်။ လူအများစု ကိုးကွယ်သော ဘာသာမှာ ဗရင်ဂျီဘာသာ ဖြစ်သည်။ အီတာလျံ ဘာသာစကားကို ပြောဆိုရေးသားကြသည်။

ကမ္ဘာတွင် သံလွင်ဆီ အများဆုံးထွက်သော နိုင်ငံတို့တွင် ဒုတိယလိုက်သည်။ စပျစ်သီးမှာလည်း အရေးကြီးသော ထွက်



ဗီဆူးဗီးယပ်မီးတောင်


ကုန်သီးနှံ ဖြစ်၍ အဓိက အားဖြင့် အရက် ချက်လုပ်ရန် စိုက်ပျိုးသည်။ ကမ္ဘာတွင် ပြဒါးအများဆုံးထွက်ပြီး ကန့်လည်း အတော် အတန်ထွက်သည်။ ကျောက်မီးသွေး၊ သံတို့ကို နိုင်ငံခြားမှ တင်သွင်း ရသော်လည်း ရေအားလျှပ်စစ်နှင့် သဘာဝ ဓာတ်ငွေ့တို့ကို များစွာ ထုတ်လုပ်နိုင်သဖြင့် စက်မှုလုပ်ငန်း ထွန်းကားသည်။ နိုင်ငံခြားသို့ အဓိကတင်ပို့သော ကုန်များမှာ မော်တော်ယာဉ်၊ အပ်ချုပ်စက်နှင့် အခြား စက်ပစ္စည်းများ၊ သစ်သီး၊ ချည်မျှင်နှင့် အဝတ်အထည်များ ဖြစ်သည်။ အသုံးပြုသော ငွေကြေးမှာ လိုင်ရာ ဖြစ်သည်။ အနောက်တိုင်း အနုပညာ၊ စာပေ၊ ဘာသာ၊ သိပ္ပံနှင့် တွေးခေါ်မှု စသည်တို့တွင် အီတလီနိုင်ငံသည် ထင်ရှားခဲ့သည်။



လိမ္မော်မြို့


အီတလီနိုင်ငံ၌ သာယာလှပသော ကမ်းခြေနှင့်ရှုခင်းကောင်းမွန်သော ဂေါက်သီးရိုက်ကွင်းများ ရှိသည်။ အဲလ်ပ်တောင်တန်းပေါ်၌ ဆောင်းတွင်း အားကစားပွဲများ ကျင်းပလေ့ ရှိသည်။ ဗီဆူးဗီးယပ် မီးတောင်ပတ်ဝန်းကျင် ဒေသသည် အီတလီနိုင်ငံ၏ ထူးခြားလှပသော နေရာတနေရာ ဖြစ်သည်။ ဗင်းနစ်မြို့ကို ကျွန်းငယ်များပေါ်တွင် တည်ဆောက်ထားသဖြင့် မြို့နေလူတို့သည် သွားလာရာ၌ လှေများကို အသုံးပြုရသည်။


၁၉၄၆ ခု ဇွန်လ ၂ ရက်နေ့တွင် အီတလီ သမတနိုင်ငံအဖြစ် တည်ထောင်သည်။ ယခုလက်ရှိ သမတမှာ ဂီဆက်ပီ ဆာရာဂတ်ဖြစ်ပြီး၊ ဝန်ကြီးချုပ်မှာ မာယာရီနိုရူမိုဖြစ်သည်။ ကမ္ဘာ့ ကုလ သမဂ္ဂအဖွဲ့ဝင် နိုင်ငံအဖြစ် ၁၉၅၅ ခုနှစ်က ဝင်ရောက်ခဲ့သည်။



ကျွန်းငယ်များပေါ်တွင် ဆောက်ထားသော ဗင်းနစ်မြို့မြင်ကွင်းတခု


ယုန်ကလေးတကောင်သည် အမြီးပြတ်နေသော ဝံပုလွေတကောင်ကို တွေ့လိုက်သဖြင့် ဝံပုလွေလာခဲ့သော လမ်းအတိုင်း ပြန်လိုက်ကြည့်ရာ ထောင်ခြောက်တခုတွင် ဝံပုလွေ၏ အမြီးကို တွေ့ရ၏။ ထို့ကြောင့် -
ထောင်ခြောက်ထဲမှ အမြီးကို ယူလာစဉ်လမ်း၌ သပိတ်လွယ် ငှက်ကလေးနှင့် တွေ့လေရာ —
ဒီအမြီးကြီးကိုဘယ်က ရသလဲဗျ
ခင်ဗျား မကြောက်ဘူးလားဗျ
ဘယ်ကြောက်ရမလဲကွ.. လွယ်လွယ်လေးဘဲ
ဒီမနက်က ငါ့ကိုနှုတ်မဆက်လို့ သူနဲ့ရန်ဖြစ်ကြတယ်
ငါက သုံးလေးချက် ဆက်ထိုးလိုက်တယ်။ နောက်ဆုံး သူက တောင်းပန်တာနဲ့ဘဲ —
မင်းကို ဒဏ်ခတ်ရမယ်
ဒါနဲ့ အမြီးဖြတ်ယူလာတယ် ဆိုပါတော့
လေပေါလွန်းသော သပိတ်လွယ် ငှက်ကလေးက ယုန်ကလေး၏ သတ္တိကို တတောလုံးနှံ့အောင် သတင်း ဖြန့်လိုက်လေ၏။
ကျုပ်ကိုယ်တိုင် မြင်ခဲ့ရတာဗျ
အဲဒီလို အမြီးဖြတ်ဗိုလ်ရှာ ပေါ်လာယင် ဒို့အမြီးတွေလဲ သတိထားရမယ်


ယုန်ကလေးကလည်း တတောလုံး လှည့်လျက် ဝံပုလွေ အမြီးဖြင့် ယပ်ခတ်ပြနေ၍ အမြီးရှိသော သတ္တဝါများမှာ တုန်လှုပ်ချောက်ချား နေကြလေသည်။
ဟိုက်! ဖိုးနားရွက်ရှည် ပါလား - လစ်မှ
တနေ့တွင် ဒေါ်မြေခွေးနှင့် ဦးဝက်ဝံတို့ ဆုံမိကြရာ-
ပြောင်းပြေး ကြယင်ကောင်း မယ်ထင်တယ်
ငါ့အမြီး ကတော့ အမြီးလို့ ခေါ်ရမှာ တောင် ခက်ခက်
ကျုပ်အမြီးက အလှဆုံးဆိုတော့ လာဖြတ်ယင် ဒုက္ခ
ဒါလေမဲ့ ဒီကောင့်ကို ပြောရအုံးမယ် ဘာထဲက ခွေးဆိုး တကောင်ပေါ့
ညညအရူးလိုဟောင် လိုက်တာလွန်ရော - အိပ်လို့ကိုမရဘူး
ဒီလိုဆိုမြန်မြန် သွားပြောပေတော့- ကျုပ်တော့ကြောက်တယ် မလိုက်ရဲဘူး
သို့နှင့် ယုန်ကလေးဆီသို့ ရောက်ရှိသွားလေ၏။
ဆုံးမပေးပါအုံးကွယ်
ဟဲ-ကျွန်တော် အခုဘဲသွားရှင်း လိုက်ပါမယ်
ယုန်ကလေး ရွာထဲသို့ ဝင်သွားစဉ်-
ခွေးဆိုးတော့ ဒုက္ခဘဲ-ဒါမှ ဒီည ငါကောင်းကောင်း အိပ်ရမှာ--


မကြာမီ—
ဟော-ဟဲ-ဟော
ဟိပ်..ဟိပ်-ဟော ဟဲ-
ယုန်ကလေး အကြောင်း ချီးကျူးနေကြသော တိရစ္ဆာန်များမှာ—
ဘယ်လိုဖြစ်လာတာပါလိမ့်
ဟိပ် ကြောက် -ကြောက် ဖို့ ကောင်း.. ကောင်း-
ဘယ်လိုသတ္တဝါမျိုးလဲ ဘယ်မှာလဲ
ဘာကောင်ကို တွေ့ခဲ့သလဲ
ကျွန်တော့်ကိုခေါ်ထည့်လိုက်တာလေ
ထိုနောက် ပုံရေးပြသောအခါ အားလုံးက ဝိုင်းရယ်ကြသဖြင့်—
အဲဒါကြက်ဖကွ
ဟော့
ဒါကိုများကွာ-
ဒါများကွာ
ဟား ဟေ
ယုန်ကလေးသည် သူ့အဖြစ်ကို ရိပ်မိကာ အလွန်ရှက်ပြီး ထွက်ပြေးသွားလေ၏။
ပြီး

# ဓာတ်ပုံရိုက်ကင်မရာကို မည်သည့်အချိန်ကစတင် အသုံးပြုခဲ့သနည်း




ခေတ်မှီ ဓာတ်ပုံရိုက်ကင်မရာများကား အမျိုးမျိုးသော တီထွင်ဆန်းသစ်မှုများဖြင့် အံ့ဩဖွယ် ကောင်းလှပေသည်။ ခလုတ်တခုကို နှိပ်လိုက်ရုံမျှဖြင့် အဖြူနှင့်အမည်း သို့မဟုတ် ရောင်စုံဓာတ်ပုံတပုံကို ရိုက်ယူနိုင်သည်။


ကင်မရာနှင့်ပတ်သက်၍ စတင် အကြံရသူမှာ လီယိုနာဒို ဒါဗင်စီပင် ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်က အီတာလျံ တီထွင်သူ ပညာရှင်ကြီးတဦးဖြစ်သည်။ တနေ့တွင် သူသည် အမှောင်ခန်းတခန်းထဲ၌ အလုပ်လုပ်နေခိုက် အပေါက်ငယ်တပေါက်မှ ဝင်လာသော အလင်းရောင်ကြောင့် အရိပ်တခု ထင်ပေါ်လာပုံကို တွေ့ရှိလေသည်။ ထိုတွေ့ရှိချက်ကို အခြေခံ၍ အခြားပုဂ္ဂိုလ်များက စမ်းသပ် တီထွင်မှုများ ပြုလုပ်လာခဲ့ကြရာမှ နောင်တွင် ကင်မရာအမျိုးမျိုး ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။


၁၈၁၆ ခုနှစ်တွင် ပြင်သစ်လူမျိုး ဂျိုးဇက်နီးအက်စ်သည် ရိုးရိုးသေတ္တာ ကင်မရာတလုံးကို စတင် တီထွင်ခဲ့သည်။ ထိုကင်မရာတွင် ဖလင်ကော်ပြားကို မသုံးပဲ သတ္တုပြားကို သုံးခဲ့သည်။

ကြယ်ဖြူ

## ကော်ကပ်ပန်းချီ

အောက်ပါ သုံးထောင့်ပုံ၊ လေးထောင့်ပုံ၊ စက်ဝိုင်းပုံများကို ညှပ်ထုတ်ပြီး၊ ညာဖက်က ပန်းချီကား အတိုင်း ဖြစ်အောင် စက္ကူတရွက်ပေါ်မှာ ကော်ကပ်ပါ။





# မုန်တိုင်း

ဒွေးမလေးမောင်



လေပြေလေးသည် ကောင်းကင်မှ ဝဲပျံလာသည်။ မြောက်ရွာနှင့် တောင်ရွာကြား သို့ ရောက်လာပြီ။ ရွာနှစ်ရွာကြားတွင် ထီးတည်းကြီး ပေါက်နေသော ညောင်ပင်ကြီး၏ အရွက်တို့ကြား ထဲ တွင် ခိုနား လိုက်သည်။ ထိုအချိန်တွင် သူ့နားထဲ၌ လူသံများ ကြားလိုက်ရသည်။

"ဟေ့ - ဒီစားကျက်က ဒို့တောင်ရွာသားတွေ စားကျက်ကွ"

"အိုး - ဒို့မြောက်ရွာက နွားတွေအတွက်ကွ၊ မင်းတို့အတွက် မဟုတ်ဘူး"

အသံများသည် တဖြည်းဖြည်း ကျယ်လာသည်။ ဒေါသသံများ ပါလာသည်။ အသံကြားရာသို့ ကြည့်လိုက်သည်။ သူ့မျက်စိ များ ပင် ကျိန်း သွားသည်။ နေရောင်တွင် ဓားရောင်တို့ ဝင်းလက်သွားသောကြောင့် ဖြစ်သည်။ နောက် ဓားချင်းခုတ်သံတချွမ်ချွမ်ကြားရသည်။ မြေပြင်တွင် သွေးရောင် လွှမ်းသွားသည်။

သူသည် နှစ်ချိုက်ရှင်ပြစွာ လေချွန်လိုက်သည်။ သို့သော် သူလန့်သွားသည်။ "ဖြန်း"ကနဲ လောက် လေး ဂွ သံ နှင့် အ တူ ညောင်ရွက်များပေါ် သို့ ခဲမိုး တဖြောက်ဖြောက်ရွာလာသောကြောင့် ဖြစ်သည်။ သူ လှမ်းကြည့်လိုက်သည်။

"အာ - ပါး၊ လူကြီးတွေလိုဘဲ ကလေးချင်းလဲ မတည့်ကြပါလား ဟရို့"

သူသည် အားရပါးရ လေချွန်လိုက်ပြန်သည်။ သူ ကြားရသည့်အတိုင်း ဟုတ်နေပြီ။ ပြန်တော့မည်။

ပတ်ဝန်းကျင် အခြေအနေကို သူ အကဲခတ်လိုက်သည်။ လူကြီးများ၏ ရန်ပွဲကား ပြီးသွားပြီ။ မြေပြင်ပေါ် တွင် သွေးအိုင် ထွန်းနေ၏။ ယောကျ်ားကြီးတို့ တောက်ခေါက်သံနှင့် မိန်းမကြီးတို့၏ အော်ငိုသံ များ ကို ကြားနေရသည်။ ကလေးများမှာမူ သဲသဲမဲမဲ လောက်လေးဂွ စစ်တိုက်ဆဲပင်။

သူသည် ပင်လယ်အော်သို့ အပြေးအလွှား ပြန်လာတော့သည်။

"ဘယ်လိုလဲဟေ့"

မုန်တိုင်းမင်းကြီးသည် သူ့ကိုမြင်လျှင် ကျယ်လောင်သောအသံကြီးဖြင့် လှမ်းမေးလိုက်သည်။

"ကြားရသည့်အတိုင်းပါဘဲဘုရား"

"အိမ်း - အချိန်ကောင်းဘဲဟေ့။ ငါ့အကြောင်း ပြရအုံးမပေါ့ကွ"

မုန်တိုင်းမင်းကြီးသည် မိုးခြိမ်းသည့်နှယ် ကြုံး ဝါး လိုက်၏။ ချက်ချင်းပင် သူ၏ လေတပ်မတော်သားတို့ကို စုစည်းလိုက်သည်။

"မုန်တိုင်း မင်းကြီး လာပြီဟေ့။ ရှောင်နိုင်သူ ရှောင်ကြပေတော့"

မုန်တိုင်းမင်းကြီးသည် တဟားဟား ရယ်လိုက်သည်။ သူ့ရယ်သံသည် မြောက် ရွာ နှင့်

တောင်ရွာသို့ပင် ရိုက်ခတ်သွားသည်။

"မုန်တိုင်း လာပဟေ့။ မုန်တိုင်းလာပြီ"

ရွာနှစ်ရွာလုံးမှ လူသားတို့မှာ ကြောက်ရွံ့ တုန်လှုပ်နေကြသည်။ ရရာပစ္စည်းများကို သိမ်းဆည်း ကြ သည်။ သို့သော် နောက်ကျသွားပြီ။

ရွာနှစ်ရွာသည် မုန်တိုင်းတပ်မ၏အောက်တွင် ပျောက်ထွက်သွားမည်လားဟုပင် ထင်မှတ်ရသည်။ သစ်ပင်ကြီးများ၊ အဆောက်အအုံများမှာ ပြိုလဲပျက်စီးကုန်ကြပြီ။ ကလေးငိုသံ၊ လူကြီးတွေအော်သံတို့ဖြင့်တရွာလုံး ညံနေ၏။ မုန်တိုင်းတပ်ကြီးထွက်ခွာသွားသောအခါ တရွာလုံး ရုပ်ပျက် ဆင်းပျက် ဖြစ်နေတော့သည်။

တပတ်မျှ ကြာသွားသည်။ ပင်လယ်အော်ထဲတွင် နန်းစံနေသော မုန်တိုင်းမင်းကြီး သည် ပျင်းရိလာသည်။ နောက်ထပ်စစ်ပွဲတပွဲကိုဆင်နွှဲချင်လာသည်၊ သူချေမှုန်းခဲ့သော ရွာနှစ်ရွာကို အမှတ်ရလာသည်။ ချက်ချင်းပင် တမန်တော် လေညှင်းလေးကို အခေါ် လွှတ်သည်။ ရွာနှစ်ရွာ၏ အခြေအနေကို အကဲခပ်ရန် စေလွှတ်လိုက်ပြန်သည်။

"တ မန် တော် လေညှင်းကလေးသည်ချက်ချင်းပင်အထိတ်တလန့် ပြန်ရောက်လာသည်။

"တကယ့်အံ့ဩစရာနဲ့ ကြုံခဲ့ရပါတယ်ဘုရား"

လေညှင်း လေးသည် မော ပန်းတကြီး ဆက်၍လျှောက်၏။

"အရင်က မသင့်မြတ်ခဲ့တဲ့ ရွာ နှစ်ရွာဟာ ခု အံ့ဩဖွယ်ကောင်းလောက်အောင် သင့်မြတ်နေကြပါတယ်ဘုရား။ ပျက်စီးနေတဲ့ အဆောက်အအုံ တွေကိုသိချင်း တအေးအေးနဲ့ အတူလက်တွဲပြီး ဆောက်လုပ်နေကြပါတယ် ဘုရား။ ကလေးရော လူကြီးရော မကျန်ပါဘုရား"

မှန်သည်။ ပင်လယ်အော်နှင့် ရွာနှစ်ရွာသည် မိုင်ပေါင်းများစွာ ဝေးကွာ၏။ သို့သော် တက်ကြွသော တေးဆိုသံသည် ပင်လယ်အော်သို့ ရိုက်ခတ်လာသည်။

မုန်တိုင်းမင်းကြီးသည် နားကို စွင့်လိုက်သည်။

"သဘာဝဒဏ်၊ဒို့တွန်းလှန်မယ်၊
မုန်တိုင်းကာစ၊ ရန်ဟူသမျှကို၊
အစမကြွင်း၊ ဒို့ပယ်ခွင်းမယ်၊
အို–သဘာဝဒဏ်သံ၊
မကပါဘူးကွယ်၊
ဟေ့–ဒို့ကိုရန်စ၊
အဖျက်မှန်သမျှကို၊
ပြာချသဂြိုဟ်မယ်၊
တွန်းဖြိုမယ်"

မုန်တိုင်းမင်းကြီးသည် လူသားများကို လန့်လာသည်။ သူသည် အသာကုပ်၍ ပင်လယ်အော်၏ ချောင်အကျဆုံးနေရာသို့ ပုန်းအောင်းရန် ပြေးလွှားသွားလေတော့သတည်း။

× × × ×

## က–ကစွန်းပင်

က–ကစွန်းပင် ရေမှာရှင်၊
လူလေးမစားချင်။

အများမြင်ယင် လိပ်ကြီးလား၊
လူလေးရှက်ဟန်ပွား။

အထင်မမှားနဲ့ လူလေးရယ်၊
တနေ့သိလိမ့်မယ်။

အသက်ကယ်တဲ့ သည်အရွက်၊
မေတ္တာရေစင်ပက်။


မေမေချက်တဲ့ မှိုဟင်းကို၊
လူလေးစားတယ်ဆို။

ပျှိုသလိုနဲ့ အန်သလား၊
အဆိပ်မိပြီ သား။

သတိထားကွဲ့ ရွှေသွေးရယ်၊
အဆိပ်ဖြေဆေးကွယ်။

အသက်ကယ်တဲ့ သူ့ကျေးဇူး၊
လူလေးမေ့သင့်ဘူး။ ။

ဗန္ဓုရဝင်း



R. 517



သိမ်းကျားငှက်သည် အလျား ၁၇ လက်မ ၁၈ လက်မခန့် ရှိ၍ ယင်း၏ အတောင်မှာ အဖြူပေါ်တွင် အမည်းစင်း အမည်းကွက်ဖြင့် ကျား လျက် နေသည်။

တခါတရံမှသာ အော်တတ်ပြီး အသံမှာ အလွန် အားနည်းသော အော်သံမျိုး ဖြစ်သည်။ ဥ အုသည့် အချိန်တွင် ငှက်မသည် ကျယ်လောင်စွာ အော်တတ် သည်။

ဧပြီလနှင့် မေလတွင် သိမ်းကျားများ သားပေါက် ကြသည်။ အသိုက်ကို တွင်း ကျင်းနှင့်ချိုင့်များတွင် မြက်၊ သစ်ရွက်များဖြင့် ကာရံ၍ ပြုလုပ်သည်။ တမြိုလျှင် လေးဥမှ ခြောက်ဥအထိ ရှိတတ်သည်။ ဥမှာ အဖြူရောင် တွင် အညိုပြောက်များပါရှိသည်။ တဥလျှင် ပျမ်းမျှ

# သိမ်းကျား

အလျား ၁.၇၅ လက်မနှင့် ပြက် ၁.၃၅ လက်မ ရှိသည်။

သိမ်းကျားကို လယ်ကွင်းထဲတွင် မကြာခဏ တွေ့ ရသည်။ ချုံဖုတ်နှင့် သစ်ငုတ်များတွင် နားတတ်၍ မြင့် သောနေရာတွင် မနားချေ။ အများအားဖြင့် ဖားကို စားသည်။

သိမ်းကျားသည် မြန်မာနိုင်ငံ၌ အမြဲ မနေပဲ ဆောင်းရာသီမှသာ လာရောက် ကျက်စားသည်။




စိုးမြင့်

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

၂၅ ပြား

အတွဲ-၃။ အမှတ်-၃၅။

# အသုံးလုံး



# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တော်သလင်းလဆန်း ၈ ရက် ( ၂၈-၈-၇၁ )




စနေနေ့တိုင်း ထုတ်ဝေသည်။







ယခင်အပတ်မှအဆက်


ရဲစွမ်းသတ္တိ
ဇါတ်လမ်း၊ဂယက်နီ
ပန်းချီ၊ဦးဆိုင်
ဟိုရှေ့က တော အုပ်ကို ရောက်အောင် မြန်မြန် လှော်ထား မှ
မိုးဟိန်းသည် လှေဦးတွင်ထိုင်ပြီး သူ၏ လက်နှစ်ဖက်ဖြင့် ယက်ပေးသည်။ လှေသည် အရှိန်ရလာပြီး တောအုပ်အကြားသို့ ထိုးဝင်လာခဲ့လေသည်။
အေး ဟုတ်တယ် မြန်မြန်လှော်မှ
ဂျုံး...လှေတက် ချသံကြားတယ်
လှေကို မမြင်နိုင် အောင်-သစ်ကိုင်း နဲ့ ဆွဲပြီး ကွယ်ထားမှ



ဒီနားတဝိုက်လောက်မှာဘဲ ရှိဦးမယ် ဗိုလ်ကြီး-ဝေးဝေး မရောက်နိုင်သေးပါဘူး
မင်းဘာသိလို့လဲ-ဟိုကောင်မလေး မိနုက လှေလှော်သိပ်ကျွမ်းကျင် တယ်ကွ-အထင်မသေးနဲ့
သူ့တို့ .... သွားကြပြီ
သူတို့ကတော့ လိုက်ရှာနေ ပြန်ပြီ-ဦးတို့ရှေ့ဆက်သွားလို့ မဖြစ်သေးဘူးထင်တယ်
သူတို့က အဲဒီဘက်ကို လိုက်သွား ယင် ကျမတို့က ဟိုဘက်ကို စောင်းပြီးသွားကြတာပေါ့
လှော်တက်ကျနော့ပေးလေ- ကျနော် တလှဲ့လှော်မယ်


ဟော့-ဟော့ . . .
ခကာနားတောင်ကြာစမ်း
နီးရာချုံထဲကို
မြန်မြန်ဝင်မှ
ဗိုလ်ကြာအောင် စီစဉ်ပုံက မဆိုးဘူး
ကွ.. သူတို့လှေ ကမ်းမဆိုက်နိုင်သေး
ဘူးတဲ့-ဒါကြောင့် လူခွဲပြီး နေရာယူ
နိုင်းထားတာကိုး
ရှေ့ဆက်သွားလို့ မဖြစ်
ဘူး-တဖက်ကိုပြန်လှည့်မှ
သူတို့က လူခွဲပြီး ဒို့ကို
ရှာနေပြီ
သူတို့သည် လှေကို ချုံထဲမှနောက်ပြန်ဆုတ်
၍ ထွက်ခဲ့ကြလေသည်။
မတွေ့တွေ့အောင်ရှာရမယ် -
တွေ့ယင်အကုန်ပစ်သတ်ရမယ် -
လွတ်သွားယင်.. ဒို့ကိုဒုက္ခပေး
လိမ့်မယ်

ရေး စိုးလွင်မြင့်
ပန်းချီ ကျော်ကျော်

# ပြင်သစ်နိုင်ငံ



ပြင်သစ်နိုင်ငံသည် ဥရောပတိုက်၏ အနောက်ဖက်ပိုင်း၌ တည်ရှိ၍ ယင်းတွင် ကော်စီကားနှင့် အခြားကျွန်းငယ်ကလေးများ ပါဝင်သည်။ အကျယ် အဝန်းမှာ စတုရန်း မိုင်ပေါင်း ၂၁၁,၂၀၇ ရှိသည်။


ဥရောပတိုက်ရှိ အခြား နိုင်ငံများနှင့် နှိုင်းစာလျှင် တမူထူးခြားသော မြေမျက်နှာပြင်ရှိသည်။ မြင့်မားသော တောင်များ ပိုင်းရံလျက်ရှိပြီး အလယ်၌ ပဲရစ်ချိုင့်ဝှမ်းရှိသည်။ မောင့်ဗလန့်တောင်ထိပ်သည် ပေပေါင်း ၁၅,၇၈၂ မြင့်၍ ဥရောပတိုက်တွင် အမြင့်ဆုံးဖြစ်သည်။

သမုဒ္ဒရာ၏ ပြုပြင်မှုကိုခံရသော ဥတု၊ ကုန်းတွင်းဥတုနှင့် မြေထဲပင်လယ် ဥတုဟူ၍ ပြင်သစ်နိုင်ငံ၏ ရာသီဥတုကို သုံးမျိုး ခွဲခြားနိုင်သည်။

ပြင်သစ်ရိုးရာအက



ပဲရစ်မြို့ရှိ အက်ဖယ်မျှော်စင်



နိုင်ငံ၏ လူဦးရေမှာ သန်းငါးဆယ်မျှ ဖြစ်ပြီး မြို့တော်မှာ ပဲရစ်ဖြစ်သည်။ နေထိုင်သော လူမျိုးများတွင် အများစုမှာ ပြင်သစ်များဖြစ်၍ အများဆုံး ပြင်သစ်ဘာသာစကားကို သုံးနှုန်းကြသည်။ ဗရင်ဂျီဘာသာကို ယုံကြည်ကိုးကွယ်ကြသည်။

စိုက်ပျိုးရေးသည် ပြင်သစ်နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည်။ ဥရောပတိုက်တွင် နယ်သာလင်နိုင်ငံပြီးလျှင် စိုက်ပျိုးထွက်ကုန် အများဆုံးတင်ပို့သော နိုင်ငံ ဖြစ်သည်။ အထူးသဖြင့် ဂျုံ၊ သကြား၊ အရက်နှင့် အမဲသားတို့

ဖြစ်သည်။ ကမ္ဘာ့အများဆုံး သံထွက်နိုင်ငံတို့တွင် တတိယ ဖြစ်၍ ကျောက်မီးသွေးထွက်တွင် ပဉ္စမ ဖြစ်သည်။ ကမ္ဘာ၏ ပဉ္စမ အကြီးအကျယ်ဆုံး သံမဏိထုတ်လုပ်ရာ နိုင်ငံလည်း ဖြစ်သည်။ အဓိက ထုတ်လုပ်သော ပစ္စည်းများမှာ သံနှင့် သံထည်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ ချည်မျှင်နှင့် အထည်၊ မော်တော်ယာဉ်၊ စက်ပစ္စည်း၊ အရက်၊ ထောပတ်၊ ဒိန် ခဲ၊ ရေမွှေး စသည်တို့ ဖြစ်သည်။ အသုံးပြုသော ငွေကြေးမှာ ဖရန့်ဖြစ်သည်။



ပဲရစ်မြို့ရှိ အောင်မှတ်ဦး

စစ်သူကြီး နပိုလီယန်(၁၇၆၉-၁၈၂၁) သည် ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော ပြင်သစ်နိုင်ငံ၏ ဘုရင်ကေရာဇ် ဖြစ်၍ ဥရောပနိုင်ငံ အများအပြားပင် နှစ်ပေါင်းနှစ်ဆယ်မျှ သူနှင့်ယှဉ်ပြိုင်၍ စစ်ပွဲများ ဆင်နွှဲခဲ့ကြရသည်။

ထင်ရှားသည့် အက်ဖယ်မျှော်စင်သည် ပဲရစ်ပြပွဲအတွက် ၁၈၈၉ ခုနှစ်က ဆောက်လုပ်ထားခြင်းဖြစ်၍ ပေတထောင်ခန့် မြင့်သည်။



သံမဏိစက်ရုံအတွင်း

ပြင်သစ် အဲလ်ပ်တောင်တန်းသည် အားကစားသမားများအတွက် နှင်းလျှောစီးရန် နေရာများပင် ဖြစ်သည်။ ခုနစ်မိုင်ခွဲ ရှည်လျားသော ဥမင်လိုဏ်ခေါင်းတခုကို တောင်ပေါ် မီးရထားလမ်းတွင် ဖောက်လုပ်ထားသည်။



ရိုင်းမြစ်ပေါ်မှ
အာလယ်စေတ်ရဲတိုက်

၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေး ဖြစ်ပွားခဲ့သည့် ဇူလိုင်လ ၁၄ ရက်နေ့ကို အမျိုးသားနေ့ အဖြစ် သတ်မှတ်သည်။ ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂ၏ မူလအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

ယခုလက်ရှိ ပြင်သစ်သမတမှာ ဈော့ပွန်ပီဒိုဖြစ်၍ ဝန်ကြီးချုပ်မှာ ဂျက်ကွက်စ်ချာမန်းဒဲလ်မားစ် ဖြစ်သည်။




တဖွတ်ထိုး
ဖိုးကျော်နှင့် ပေါက်စတို့ ညီအစ်ကိုနှစ်ယောက် အငြင်းအခုံ ဖြစ်ကြသည်။
ဘဲဥနဲ့ဖရဲသီးစားရင် သေတယ်ဆိုတာ ငါတော့ မယုံပါဘူးကွာ..
တကယ် သေတာ ပေါ့
ဖိုးကျော်က စားပြီ။
ဘာဖြစ်လို့သေရမှာလဲ အလကား၊ ငါစားပြမယ်..ကြည့်နေ.
တွေ့လား အခုသာ တောင်ရှိသေးတယ်၊ မင်းက လူကြီးတွေ ပြောတိုင်းကြောက် နေတာ..
တအောင့်ခန့်ကြာသော် ....
အမလေးဗျ အား-နာတယ် ဗျ
အလို-သားဗိုက်နာလို့ ဟုတ်လား! ဘာတွေ လျှောက်စားလို့လဲ၊ ဟင်.
ဘဲဥနဲ့ဖရဲသီးစား ရင်သေတယ်ဆို တာ မယုံဘူးဆို ပြီး စားပြတယ် မေမေ..
အို-သားတို့ကလဲကွယ် ငြင်းစရာ ရှားလို့၊ ဖိုးကျော် ကလဲ လူကြီးတွေကသိလို့ပြော တာကို မယုံသကာဖြစ်ပြီး တဖွတ်ထိုး လုပ်တာကိုး၊ အချိန်မှီ သိရလို့ သာပေါ့


ဝင်းဖေအောင်လေး
ဝါသနာ
ကျော်မိုးသည် ပုံဆွဲ ဝါသနာပါသော ကလေး တယောက်ဖြစ်၏။
သို့သော် သူသည် ကျောင်းစာအုပ်များတွင် တွေ့ကရာ ဆွဲတတ်၏။
ဒီနေ့မင်းတို့ သင်ခဲ့ရတဲ့ စာအုပ်တွေထုတ်ကြ.
မောင်ကျော်မိုး လာခဲ့စမ်း
မင်းဘာလို့ ကျောင်းစာအုပ်ထဲမှာ ပုံတွေဆွဲထားရတာလဲ.. ဝါသနာပါလို့ ဆွဲယင် တခြားမှာဆွဲရတယ်... စည်းကမ်းရှိမှပေါ့.
ဟုတ်ကဲ့
ပြီး



၏
တိုးအောင်နှင့် စိုးအောင် ပါဝင်သော
မသိယင် မေး
စိုးအောင်ရေ ပျင်းတယ်ကွာ တိရစ္ဆာန်ရုံကိုသွားကြရအောင်
မင်းတကယ်သွားမယ် ဆိုလို့လား ငါတခေါက်မှမရောက်ဖူးဘူးကွ ငါ့မှာ မုန့်ဖိုးစုထားတဲ့ ပိုက်ဆံတွေရှိတယ်
ဒို့မှာပါးစပ်ပါသားဘဲကွ မသိယင် မေးသွားမှာပေါ့..
မှန်ပါ့မလား ကွ..
ခရီး အတော်ရောက်သော်....
ဦးလေး တိရစ္ဆာန်ရုံကိုဘယ်ကနေသွားရသလဲ
ဟိုဘက် နံပါတ်ခုနစ် ကားကို စီးသွား ရတယ်
ဘတ်(စ်)ကားပေါ်တွင်
ဦးလေး၊ တိရစ္ဆာန်ရုံမှတ်တိုင်ရောက်ယင် ပြောပါဗျာ နော်...
အေး
တိရစ္ဆာန်ရုံသို့ ရောက်သော်....
ကိုယ်မှသွားတတ်တဲ့ ခရီးဖြစ်ပေမဲ့ ခုလို မေးမြန်းသွားယင် ရောက်တာဘဲကွ...
တိရစ္ဆာန်ဥယျာဉ်
ပြီး

# ပင့်ကူအိမ်

"အဆွေယင်ရယ် ကျွန်ုပ်၏ ဧည့်ခန်းဆောင်သို့ ဝင်ခဲ့ပါလား" ဟု ပင့်ကူက ယင်ကို ဖိတ်ခေါ်သည်။ အမှန်မူ ပင့်ကူသည် ဤမျှမယဉ်ကျေးပေ။ သူ့အိမ်ကို ရက်လုပ်ရာတွင် အထောက်အကူဖြစ်စေမည့် အစာကို မျှော်လင့်နေခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့အနေနှင့် ပင့်ကူကို သဘောကျသည်ဖြစ်စေ၊ သဘောမကျသည်ဖြစ်စေ ယင်းတို့သည်ကား ပါးနပ်လိမ္မာပြီး အသုံးဝင်သော သတ္တဝါကလေးများ ဖြစ်ပေသည်။ ပင့်ကူများသည် ယင်ကောင်ကဲ့သို့သော ပိုးမွှားငယ်များကို ဖမ်းယူနိုင်ရန် အံ့ဩဖွယ်အိမ်များကို ရက်လုပ်ကြလေသည်။ ပင့်ကူကိုယ်မှ ထုတ်လွှတ်သော ပိုးမျှင်သတ္တုဝယ် နူးညံ့လှသော ပင့်ကူမျှင်ကို ပင့်ကူကိုယ်ထဲတွင် ထုတ်လုပ်သည်။ ကိုယ်ထဲ၌ အစာရှိနေသမျှ ကာလပတ်လုံး ပင့်ကူသည် ပိုးမျှင်ကို ထုတ်လုပ်နေနိုင်ပြီး ပင့်ကူအိမ်ကို မပြတ်ရက်လုပ်နိုင်လေသည်။ စားပြီး အစာကျေညက်ပြီးပါက ပင့်ကူ၏ဝမ်းပိုက်အောက်ဖက်မှ အရည်တမျိုး ထွက်လာသည်။ ယင်းအရည်သည် အပြင်ရောက်သော် ဖယောင်းကဲ့သို့ မာခဲသွားသည်။ ပင့်ကူသည် ခြေချောင်းများကို အသုံးပြုလျက် ထိုဖယောင်းကဲ့သို့သော အရာမှ ပိုးမျှင်များ ပြုလုပ်ယူပြီး အစာဖမ်းရန်အိမ်ကို ရက်လုပ်လေသည်။ ကြယ်ဖြူ



# ပတ်ချာလည်သော မင်းသားလေး




မင်းသားလေးပုံကို စက္ကူထူပေါ် ကပ်၍ ညှပ်ထုတ်ပါ။ ပြီးလျှင် ပုံပါ အစီအစဉ်အတိုင်း တပ်ဆင်ထားသည့် အပ်ချည်တီး ထိပ်တွင် ကော်ဖြင့်ကပ်ပါ။ ပြီးလျှင် တွန်းပါ။ မင်းသားလေး အရပ်ရှစ်မျက်နှာသို့ ပတ်ချာလည်၍ လိုက်လိမ့်မည်။

# လိမ်မာ ပါပြီကွယ်

မောင်ကျော်သူ(ဖက်မှာ)



မောင်အေး တို့ ဖေ ဖေ က ဆိုက်ကားနင်း၏။ မေ မေ က ဟင်းရွက်စုံရောင်းသည်။ မောင်အေးမှာ ညီမတယောက်နှင့် ညီနှစ်ယောက်ရှိ၏။ မောင်အေးတို့မိသားစုမှာ ဆင်းရဲသော မိသားစု ဖြစ်လေသည်။

ဖေဖေ ဆိုက်ကားနင်းရာမှ ပြန် လာ တိုင်း အ ရက် မူး လာ တတ်၏။ အိမ်မှာ ထ မင်း စား ချင်မှ စားသည်။ အိမ် ရောက် လျှင် မောင်အေးတို့ သားအမိကို အော်တတ် ငေါက်တတ်၏။ စိတ်မထင်လျှင် ရိုက် တတ် ၏။ အရပ်ထဲတွင်လည်း တအိမ်တက် တအိမ်ဆင်း စကားအငြင်းပွားခြင်း ပြုတတ်၏။ တ ခါ တ ရံ ငြင်းခုံရင်း ရန် ဖြစ် တတ် သေး ၏။ ဖေဖေ့အတွက် မောင်အေးတို့ စိတ်ညစ်၍သာ နေကြရ၏။

"အရက်သမား ကိုလေထွားရဲ့သား။ ဆိုက်ကားသမား ကို ဖွတ်ကျားရဲ့သား"

အရပ်ထဲမှ လူကြီး၊ ကလေး၊ သူငယ်ချင်းများက မောင်အေးကို နောက်ပြောင် ခေါ်ဝေါ်တတ်၏။ စ တတ်၏။ မောင်အေးမှာ စိတ်ဆိုး ဒေါသထွက်ရသော်လည်း ဒေါသကို ရင်ထဲမှာသာ ဝှက်ထားရသည်။ ရန်ဖြစ်မှာကို ရှောင်ရသည်။

"ကိုယ့်အားကိုယ်ကိုးပြီး ရိုးရိုးသားသား လုပ်ကိုင်ခြင်းသည် မှန်မြတ်၏" ဟု မောင်အေး ကြားဘူးသည်။ ထို့ကြောင့် "ဆိုက်ကား သမား သား" ဟု ခေါ်ခြင်းကို မောင်အေး ကျေနပ်၏။ ဖေဖေ လူဆိုး မဟုတ်ကြောင်း အလုပ်က သက်သေပြနေ၏။ "အရက်သမားသား" ဟု ခေါ်ဝေါ် ခြင်း ကို မူ မောင်အေးမကြိုက်ချေ။

မေမေက မောင်အေးတို့ကို အလွန်ချစ်သည်။ မောင်အေးတို့ လူဆိုးကလေးတွေ ဖြစ်လာမည်ကို မေ မေ စိုး ရိမ် ၏။ လူတော်လူကောင်း ဖြစ်ရန် အမြဲ ညွှန်ပြ ဆုံးမ၏။ ငယ်ငယ်က ပညာ မသင်ရ၍ မေမေတို့ ဆင်းရဲစွာ လုပ်ကိုင်ရသည်ကို ဥပမာပြတတ်၏။ သား သ မီး တွေကို ပညာတတ်ကလေးတွေ အဖြစ် မေမေမြင်ချင်၏။

နေ့စဉ် နံနက်မှသည် ညနေအထိ မေမေမှာ အလုပ်နှင့်လက်မပြတ်ရ။ ဟင်းရွက်သွားယူရ၊ ပြန်စည်းရ၊ နေပူမိုးရွာမရှောင် လှည့်လည် ရောင်းရနှင့် မေမေ သိပ်ပင်ပန်းလှ၏။ အိမ်မှာလည်း အဝတ်လျှော်၊ ရေခပ်၊ ထင်းခွဲ၊ ထမင်းချက် စသည်ဖြင့် အလုပ်စုံလှ၏။ တယောက်တည်း လုပ်ရ၍ ဒုက္ခကြီး၏။ သို့သော် မေမေသည် အလုပ်နှင့်ပတ်သက်၍ ညည်းညူခြင်းမရှိ။ မေမေ့မျက်နှာညှိုးသည်ကို မတွေ့ရ။

မောင် အေး က အလိုက်သိစွာ မေမေ့အလုပ်ကို ကူလုပ်ပေး၏။ မေမေပင်ပန်းမှု နည်းလာလေ မောင်အေး ကျေနပ်လေဖြစ်၏။

ဖေ ဖေ နှင့် မေမေ အလုပ်ကိုယ်စီ လုပ်သော်လည်း အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ အကျိုးမရှိခဲ့။

"မင်းကို ကျောင်း ဆက် မ

ထားတော့ဘူး။ မင်းအလုပ်လုပ်ရမယ်။ မင်းနဲ့ ရွယ်တူကလေးတွေ ဈေးရောင်းတာ မင်း တွေ့တယ်မဟုတ်လား"

မောင်အေး စတုတ္ထတန်း ဖြေပြီးချိန်ဝယ် ဖေဖေက ပြော၏။ မေမေက ဖေဖေ့ စကားကို သဘောမကျ။ မောင်အေးကို အလုပ်မလုပ်စေချင်သေး။ မေမေက ကန့်ကွက်၍ ဖေဖေက စိတ်ဆိုး၏။ ဖေဖေက မေမေ့ကို ရိုက်၏။ မောင်အေးတို့ကိုလည်း ရိုက်၏။ အော်ဟစ် ငိုကြွေးသံများ ဆူညံသွား၏။ အရပ်ထဲမှ လူကြီးများက ဝင်ဆွဲ၍ ဖေဖေ့ဒေါသ ပြေငြိမ်းသွားသည်။

ဖေဖေ့ သဘောကျ မောင်အေး အလုပ်လုပ်ရ၏။ နေ့ခင်းဖက် နေ ပူ ကျဲ ကျဲ တွင် ဖရဲသီးစိတ်ဗန်း ခေါင်းပေါ်တင်၍ တကျော်ကျော် အော်ကာ လည်ရောင်းရ၏။ ပထမတော့ ရှက်မိသလိုလို။ နောက်တော့ ပျော်လာ၏။

ညဖက်တွင်လည်း ရုပ်ရှင်ရုံဈောက်၊ ပွဲဈေး၊ လူစည်သောနေရာများ တွင် မြေပဲဆားလှော်၊ ကွာစိလှော် စသည်တို့ကို အော်ရောင်းရသေး၏။

မောင်အေး အလုပ် လုပ်၍ ဝင်ငွေ တိုး လာ သော် လည်း မောင်အေးတို့မိသားစုမှာ တိုး၍ မ ချမ်း သာ။ ဖေ ဖေ အ ရက် သောက်ခြင်းမှာလည်း မလျော့ပဲ တိုး၍သာ လာ၏။

မောင် အေး အလုပ် လုပ်၍ ဆယ့်ငါးရက်ခန့်ကြာသောအခါ ပန်းဖျား ဖျား တော့၏။ ငန်း ဆေးသောက်၏။ အဖျားမကျ။ ထို့ကြောင့် ဆေး ရုံ တင် ရ ၏။ မောင်အေး အတွက် ငွေကုန်ရပြီ။ မောင်အေးတို့ မိသားစုမှာ ကြွေး ပတ် လည် ဝိုင်း လာ ၏။ မောင်အေး နာလှန် ထစတွင် ဆေးရုံမှ ဆင်း လာ ၏။ ဆေး ဆက်သောက်ရ၏။ မောင်အေး၏ တနေ့စာဆေးဖိုးသည် မောင်အေးတို့မိသားစု၏ တ ရက် စာ ဟင်းဘိုးပင် ဖြစ်၏။

ပတ် ဝန်း ကျင် မှ ဖေဖေ့ကို ယောကျာ်းမပီသသောသူဟု ဆိုကြသည်။ တိရစ္ဆာန်လောက်မှ အသိဉာဏ်မရှိသူဟု အပြစ်တင်ကြ သည်။ မိန်းမ လုပ်စာ၊ ကလေးလုပ်စာ သုံးဖြုန်းသဖြင့် လူစိတ်ကင်းသူ အဖြစ်သို့ ဖေဖေ ရောက် ရ ၏။ ဖေဖေ့ အတွက် မောင်အေး ဝမ်း နည်း ရသည်။ အားလုံးက ဖေဖေ့ကို ပြုပြင်ခိုင်းကြ၏။

ပျက်အစဉ် ပြင်ခဏ ဆိုသကဲ့သို့ ဖေဖေ အသွင်ပြောင်းလာ၏။ ဖေဖေ အ ရက် မ သောက်တော့ပါ။ မောင်အေးကိုလည်း အလုပ် မခိုင်းတော့ပါ။ မောင်နှအေးတို့ သားအမိကိုလည်း မရိုက်တော့ပါ။

"ဖေဖေ လိမ်မာပါပြီကွယ်" ဟု ဖေ ဖေ က မောင်အေးကို ပြောပြသည်။ ဖေဖေ့အတွက် မောင်အေးတို့ ကျေနပ်ဝမ်းသာနေကြရသည်။

## လှတဲ့သူ

ရုပ်နိုင်ပေ မတ်နိုင်ပေ၊
မတ်မတ် ရပ်နိုင်စေ။
မှိုဒိုမနေ ကိုယ်ထူလ၊
ဒါမှ ယောကျ်ားလှ။

လှမ်းနိုင်ပေ လျှောက်နိုင်ပေ၊
ဖြောင့်ဖြောင့် လျှောက်နိုင်စေ။
ကိုယ့်လက်ခြေ ကိုယ်သုံးရ၊
ဒါမှ လူလုံးလှ။

ဖတ်နိုင်ပေ မှတ်နိုင်ပေ၊
ကျက်မှတ် ဖတ်နိုင်စေ။
ကျောင်းမှာနေ စာကျေရ၊
ဒါမှ ကျောင်းသားလှ။ ။

စောသိန်းပန် (လယ်ယာမြေ)



R. 517



ခါ၏အရွယ်မှာ အလျား ၁၃ လက်မခန့် ရှိသည်။ အမွေးတောင်မှာ အကြေးကွက်သို့သော အကွက်များရှိ၍ မွဲခြောက်လေသည်။ ခါမ၏အောက်ပိုင်းသည် ဖြူ၍ အနက်စင်းများ ရှိသည်။

"တက်တက်တူ - ခါးခါး" ဟူ၍ အော်တတ်သည်။ ခါအော်သည့်အခါ လည်ပင်းကို အထက်သို့ဆန့်၍ အော်လေသည်။

မတ်လနှင့်စက်တင်ဘာလအတွင်းတွင် ခါကလေးများ ဥမှ ပေါက်ကြသည်။ မြေပေါ်တွင် ကျင်းယက်၍ အသိုက်လုပ်လေ့ရှိသည်။ တမြို့လျှင် သုံးဥမှ ခြောက်ဥအထိ ရှိတတ်၍ တဥလျှင် ပျမ်းမျှ အလျား ၁.၃၉ လက်မနှင့် ဖြက် ၁.၁၅ လက်မ ရှိသည်။ ဥအရောင်မှာ အဝါနုမှ အဝါရင့်ရောင်ဖြစ်သည်။

ခါသည် တောနက်များတွင်မနေပဲ ခြောက်သွေ့သည့်ဒေသ၊ အထူးသဖြင့် လယ်ကွက်များအနီးရှိ တောစပ်တွင် ကျက်စားသည်။ ဝဲအမျိုးမျိုး၊ သစ်စေ့နှင့် ပိုးမွှားများကို စားသောက်ကြသည်။ ခါသည် အအုပ်အသင်းနှင့်မနေပဲ တကောင်တည်း ဖြစ်စေ၊ စုံတွဲဖြစ်စေ သွားလာကျက်စားသည်။

တနင်္သာရီတိုင်းမှလွဲ၍ မြန်မာနိုင်ငံတဝှမ်းလုံးတွင် ခါကို တွေ့ရသည်။ အထူးသဖြင့် အလယ်ပိုင်း မိုးပါးရေရှားဒေသတွင် တွေ့ရသည်။

ခိုးမြင့်



၂၅ ပြား

[illegible] ရန်ကုန်မြို့၊ [illegible] (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ကိုက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၃၆။

# သဘောထားကြီးသော... မိဖုရား

ပန်းချီ....ဦးဘကြည်
ဇါတ်လမ်း....ကိုကြီးဖြင့်သိန်း

ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တော်သလင်းလဆန်း ၁၅ ရက် (၄-၉-၇၁)



ရှေးသရောအခါ သုတဘုရင်သည် မိဖုရားကြီး လေးပါးနှင့် နန်းစံလေသည်။ မိဖုရားကြီးများတွင် သမီးတော်များ အသီးသီး ထွန်းကားသော အချိန်၌ အငယ်ဆုံးမိဖုရား မယ်ကံယုံတွင် ကိုယ်ဝန်အရင့်အမာနှင့် ရှိနေ၏။



ထနေ့တွင် သုတဘုရင်ကြီး တောကစားထွက်နေခိုက် မိဖုရား မယ်ကံယုံသည် သန္ဓေသား ဖွားလုနီးတွင် မိဖုရားကြီးများက ဝိုင်းဝန်းကြည့်ကြပြီး နန်းတွင်း ထုံးစံဟုဆိုကာ မျက်စိကို စည်းထားစေ၏။




အချိန်ကျ၍ သားယောကျ်ားလေး မွေးဖွားလာသောအခါ မိဖုရားကြီးများသည် —




ထို့ကြောင့် ပါးကွက်အာဏာသားအား ထိုကလေးကိုအပ်၍ ဖျောက်ဖျက်စေ၏။

စနေနေ့တိုင်း ထုတ်ဝေသည်။


ညီမတော် - မယ်ကံယုံကို - ပြောပြရမှာတောင် - အားနာလှပါတယ်......... ညီမတော် မွေးတာက ကျောက်တုံးကြီး - ကွဲ
အလို...
ထိုနောက် မိဖုရားကြီးများက မယ်ကံယုံအား ကျောက်တုံး မွေးဖွားသည်ဟု လှည့်ပတ်ပြောဆိုကာ ကျောက်တုံးတတုံးကို ပြလေသည်။
ကျောက်တုံးလောက်သာ မွေးနိုင်တဲ့ မိဖုရား - ယုတ်ညံ့လှပေစွ။ ငါ့ ကိုယ်တော် - ရှက်တော် မူလှတယ်။ ယနေ့မှစ၍ပင် - မိဖုရား အဖြစ်မှ - ဥယျာဉ်တော်တွင် - တွင်းတူး - ရေသောင်း အလုပ် - လုပ်စေ..... အမိန့်တော်..........
တောကစားရာမှပြန်လာသော မင်းကြီးကြားသော် အရှက်ကြီးရှက်လျက် မယ်ကံယုံအား နှင်ထုတ် လိုက်လေ၏။
ပါးကွက် အာဏာသားလည်း မယ်ကံယုံ၏ သားတော်ကို သေတ္တာတွင်ထည့်၍ တောနက်ကြီးထဲသွားပစ်သည်ကို —
ကျွန်ယုံတော်တဦးက လိုက်လံချောင်းမြောင်းကြည့်ရာမှ မြင်တွေ့သွားသည်။
ဟာ - မိဖုရား မယ်ကံယုံ ရဲ့သားတော်လေး ပါလား၊ တယ်လဲ ရုပ်ချောတာကိုး ..... ကျွတ် - ကျွတ်.
အူဝဲ အူဝဲ
အာဏာသားကြီး ပြန်သွားမှ သွားကြည့်လေရာ သားတော်ကလေးဖြစ်နေ၍ ကလေးကိုယူပြီး —
ရွှေမြို့တော်မြန် ခေါ်သွားယင်လဲ - မိဖုရားကြီးများက - ရန်မူမှာစိုးရတယ်၊ ကဲလေ - ဘာဘဲ ဖြစ်ဖြစ် တတိုင်းတပြည်ကို ခေါ်သွားမှဖြစ်တော့မယ်... နောင် များမှဘဲ................
ခြေဦးတည့်ရာသို့ ပြေးလေတော့၏။


တတိုင်း တပြည်သို့ ရောက်သောအခါ နန်းတော်အနီး အိမ်လေးတအိမ်တွင် မထင်မရှား နေလေ၏။
မယ်ကံယုံ၏ သားတော်ကို ကျွေးမွေး မြုစုလာရာ မောင်စန္ဒအမည်ဖြင့် ကြီးပြင်း လာ၏။
ခုတ်— တအားခုတ်
ကျွန်ယုံတော်သည် ဓားရေး၊ လှံရေးတွင် သူမတူအောင် ထူးချွန်သူဖြစ်၍ အချိန်ရတိုင်း—
မှတ်ပြီ
ဓားခုတ်လှံထိုး အမျိုးမျိုးကို သင်ပေး၏။
မောင်စန္ဒအရွယ်ရောက်လာသည်အထိ မလှမ်းမကမ်းရှိ နန်းပြာသာဒ်မှ ဘုရင့် အထွေးဆုံး သမီးတော်သည် ငေးတွေနေရပြီး အလိုလို သဘောကျနေသည်ကို မောင်စန္ဒ မသိရှာပေ။
အိုလုလင် အသင်ကား မည်သူနည်း
မောင်စန္ဒသည် ညဖက် လူခြေတိတ်ချိန်တွင် ပင်တိုင်ဆောင်ဘေးရှိ ကန်ဘောင်၌ သီချင်း ဆိုလေ့ရှိ၏။ သမီးတော် မယ်သိင်္ဂီ တခါ တရံ ဆင်းလာပြီး မေးသည်ကိုပင် အဖြေမပေး ချေ။



××××ဘုရင့်သမီးတော်နဲ့ - ကျွန်တော်တို့လိုလူနဲ့ တန်ပါ့မလား - ဖခင် ××××
ယောက်ျားမှန်သမျှ အမျိုးသမီး တိုင်းနဲ့ တန်တယ် ဆိုတာ မှတ်ထားကွဲ့
မကြာခဏ မယ်သိဂီလာသည့် အကြောင်းကို တနေ့တွင် သူ၏ဖခင် ( ကျွန်ယုံတော် ) အား ပြောပြလေ၏။
မျှားမကြာမီ ဘုရင့်ဥယျာဉ်တော်တွင်း၌ သမီးတော် မယ်သိဂီ၏ ကြင်ယာတော်ရွေးပွဲကို မြိန့်မြိန့်သဲမျှ ကျင်းပရန် ပြင်ကြလေသည်။
ပွဲတော်နေ့ ရောက်သော်မင်းညီ မင်းသားများ၊ သူဌေး သူကြွယ်များအရွေးခံရန်ရောက်လာကြ၏။
အချိန်တန်လျှင် မယ်သိဂီသည် ဆင်တော်စီး ကာ ဥယျာဉ်တော် အတွင်းသို့ ရောက်ရှိလာသည်။
စောင့်ကြည့် နေကြသော တိုင်းသူ ပြည်သားများအထဲတွင် မောင်စန္ဒလည်း တယောက် ပါဝင်၏။

(ဆက်ရန်)

ယခင်အလတ်မှအဆက်


ရဲရှမ်းသတ္တိ
ဓါတ်လမ်း ဂယက်နီ
ပန်းချီ ဦးဖိုး
မိ ယလို့ နဲနဲဘဲ လိုတော့တယ်-နုနု တော်သေလို့ပေါ့!
ချုံတော၏တဖက်မှ ကပ်လျှော် သွားသော လှေလှော်သံများကို ကြားရပြီး အသံများ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားလေသည်။
တလယ်လယ်နဲ့ ရှမ်းသွားနေလို့ မဖြစ်ဘူး-ဒီချုံတောကြီးထဲမှာ ခဏ ဝင်ခိုနေဒုံးမှဖြစ်မယ်
ဒီနေရာ တော်တော်လုံခြုံတဲ့ နေရာဘဲ
မောင်မိုးဟိန်း ဒီ အပင်ပေါ် ကို တက်နိုင် ပါ့မလား
တက်လို့ရ ပါတယ် ဦး
အေး တက်နိုင်သလောက် တက်ပြီး အဖက်ဖက် ကို ကြည့်-မြင်တာတွေ အားလုံး ကို မှတ်ပြီး ဆင်းခဲ့ နော်
ဟုတ်ကဲ့








ရေပြင်တွင် လှေတစင်းကို သူတွေ့သည်။ လှေ
ပေါ်၌ လူနှစ်ယောက်ပါသည်။







ည မိုး ချုပ်တော့ မောင်မိုးဟိန်း က ကမ်းကိုတက်ပြီး အနီးဆုံးရွာတရွာ ရောက်အောင်သွား-ပြည်သူ့စစ်အဖွဲ့ ကိုတွေ့အောင်ရှာ-အကြောင်းစုံ ပြောပြပြီး
ဦးတို့တပ်ရှိတဲ့ ကညင်ချောင်းကို ချက်ချင်းအကြောင်းကြား ခိုင်းပြီး သူပုန်စခန်းကို သွားတိုက်ဖို့ပြော သူပုန်စခန်းကို စီးမိဖို့ဘဲ-သိပ် အရေးကြီးတယ် - ဒါပါဘဲ
တယောက်ထဲသွားရဲ ပါ့မလား
ကျနော် မကြောက် ပါဘူး ရောက်အောင် သွားပါ့မယ်
မောင်မိုးဟိန်းရဲ့ ရဲစွမ်းသတ္တိ ကို-ဦး ယုံကြည်ပါတယ်
နေဝင်သွားပြီး မှောင်စပြုလာသဖြင့် သူတို့၏ လှေ သည် ချုံများကို ကွေ့ရှောင်ရင်းအနောက်စူး စူးသို့ ဆက်လက်လာခဲ့လေသည်။
မောင်မိုးဟိန်း သွားပေတော့ အောင်မြင်ပါစေ

ရေး စိုးလွင်မြင့် ပန်းချီ ကျော်ကျော်

# စပိန်နိုင်ငံ






စပိန်နိုင်ငံသည် ဥရောပတိုက်၏ အနောက်ဖက်ရှိ ဣဗေရီးယန်း ကျွန်းဆွယ်ပေါ်တွင် တည်ရှိ၍ ယင်း၏အနောက်ဖက်တွင် ပေါ်တူဂီနိုင်ငံ တခုသာ ရှိတော့သည်။ ဗယ်လီအဲရစ်နှင့် ကနေရီကျွန်းစုများ အပါအဝင် စပိန်နိုင်ငံ၏ အကျယ်အဝန်းမှာ ၁၉၄,၉၄၅ စတုရန်းမိုင်ဖြစ်သည်။

စပိန်နိုင်ငံ၏ လေးပုံသုံးပုံခန့်သည် သစ်ပင်မရှိသလောက် နည်းပါးသော ပေ ၁၀၀၀ မှ ၃၀၀၀ အထိမြင့်သည့် ကုန်းပြင်မြင့်ဖြစ်၍ ယင်းကို မြင့်မားသည့် တောင်များက ဝိုင်းရံထားသည်။ မြောက်ဖက်တွင် ကန်တာဗရီယန်နှင့် ပီးရနီး တောင်စဉ်တောင်တန်းများရှိ၍ အလယ်ပိုင်းတွင် အနောက်မှ အရှေ့သို့ သွယ်တန်းနေသော တောင်တန်းများ ရှိသည်။ တောင်ဖက်ပိုင်းတွင် မြင့်မားသော ဆီယယ်ရာနီဗားဒ တောင်တန်းရှိသည်။



မဒရစ်မြို့တော် ဟာစနေ့ရာ

သမပိုင်းရာသီဥတုမျိုးရှိသည်။ မြောက်ဖက်ပိုင်းတွင် ပင်လယ်၏ပြုပြင်မှုကို ခံရ၍ အလယ်ပိုင်းတွင် ကုန်းတွင်းဆံသော ဥတုမျိုး ရှိပြီး တောင်ပိုင်းနှင့် အရှေ့ဖက်ကမ်းခြေတလျှောက်တွင်မူ မြေထဲပင်လယ်ရာသီဥတုရှိသည်။

စပိန်နိုင်ငံ၏ လူဦးရေမှာ သုံးဆယ့်နှစ်သန်းကျော် ဖြစ်ပြီး မြို့တော်မှာ မဒရစ်ဖြစ်သည်။ နေထိုင်သော လူမျိုးများမှာ စပိန်၊ ဗတ်နှင့် ကာတာလန်တို့ဖြစ်သည်။ အများစုကိုးကွယ်



စပိန်ရိုးရာအက

သော့ဘာသာမှာ ဗရင်ဂျီဘာသာဖြစ်သည်။ စပိန်၊ ဗက်နှင့် ကာတာလန်ဘာသာစကားကို သုံးနှုန်းကြသည်။

စီးပွားရေးတွင် စိုက်ပျိုးရေးကို အားထားရသည်။ အဓိကစိုက်ပျိုးသောသီးနှံမှာ ဂျုံဖြစ်၍ လိမ်မော်၊ စပါးနှင့် ကြက်သွန်တို့ကိုလည်း စိုက်ပျိုးသည်။ ကမ္ဘာပေါ်တွင်သံလွင် သီးအများဆုံးထွက်သော နိုင်ငံဖြစ်သည်။ စက်မှုလုပ်ငန်းကို တွင် ချည်ထည်လုပ်ငန်းသည် ဦးဆောင်ဖြစ်သည်။ စက္ကူနှင့်ဓာတု ဗေဒလုပ်ငန်း၊ သံမှိုင်းနှင့် သံမဏိလုပ်ငန်းတို့မှာလည်း အရေးပါ လှသည်။ ဓာတ်သတ္တုပစ္စည်းများ ကြွယ်ဝပြီး သတ္တုတူးဖော်ရေး လုပ်ငန်းသည် စပိန်နိုင်ငံ၏ ဒုတိယအရေးကြီးဆုံး လုပ်ငန်းဖြစ် သည်။ နိုင်ငံ၏ မြောက်ဖက်ကမ်းခြေတလျှောက်တွင် အထူးသဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အဓိက ပြည်ပပို့ကုန်များမှာ ထစ်သီးဝလံ၊ သဘော်နှင့်လှေ၊ ဓာတုဗေဒနှင့် လျှပ်စစ်ပစ္စည်းတို့ ဖြစ်သည်။ အသုံးပြုသောငွေကြေးမှာ ပက်ဆေးတားဖြစ်သည်။


ဧရှုးဗေးဟောင်းရဲတိုက်

ခရီးသွားလာရေးနှင့် နယ်ထစ်ရှာဖွေရေးကို စပိန်တို့သည် များစွာပြုလုပ်ခဲ့ကြသည်။ ယင်းတို့တွင် ထင်ရှားသူမှာ ခရစ္စတိုဖာ ကိုလံဘတ် ဖြစ်၍ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိသူဖြစ်သည်။


ငါးဖမ်းမော်တော်

စွန့်စားရသော နွားရိုင်းနှင့် တိုက်ပွဲသည် စပိန်နိုင်ငံ၏ ကမ္ဘာတွင် ထင်ရှားသော အမျိုးသား အားကစားပွဲ တခုဖြစ်သည်။


၁၉၅၅ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

နွားရိုင်းနှင့် တိုက်ပွဲ



အစဉ်အလာဖြစ်သော ဘုရင်စံနစ်ကို မဖျက်သိမ်းသော်လည်း တခုတည်းသော အမျိုးသားလှုပ်ရှားမှုပါတီကို နိုင်ငံ၏ အဓိပတိ ဖြစ်သူ ဂျင်နရယ်ဖရန်ကို က ဦးဆောင် အုပ်ချုပ်သည်။


မောင်မောင်ဝင်း၏
ဇာတ်
ဝလုံသူ
ရွှေဝင်း အောင် ပါဝင်သည်
မောင်သန်းက ဝဝ ဖိုင့်ဖိုင့်နဲ့ ကြည့်လို့ကောင်း လိုက်တာ-ငါလဲ သူ့လို ဝချင်တယ်...
အိမ်တွင်
ဦးလေးလေး ဝအောင် ဘယ်လို လုပ်ရသလဲ
အလေးမ ပေါ့ကွ
ထို့နောက်–
တလနှစ်လလောက် ကြာယင်ငါလဲမောင်သန်း လို ဝတုတ်တုတ်လေးဖြစ် လာမှာဘဲ..အီး..
ရွှေဝင်းအောင်သည် အသက်အရွယ် နှင့်မမျှသော အလေး အပင်များ ကိုမ သဖြင့် အပြင်းဖျား၊ဖျားလေ သည်။
သူ့သူငယ်ချင်းများက အားပေးစကား လာပြောကြသည်။ ထိုအထဲတွင် မောင် သန်းက
အလေး မလို့ပေါ့
အလေးမတိုင်း ဝတာမဟုတ် ဘူးကွ-အစားအသောက်နဲ့ အ နေအထိုင် မှန်ယင်ပြီး တာပါ ဘဲ..တို့အရွယ်မှာ အလေး မရမဲ့ အရွယ်မဟုတ်သေး ပါဘူးကွာ
ပြီးပါ


ဝင်းဖေ
ရှက်ဖွယ်
ဟိ..ဟိ
သာဂိနှင့် ဂျစ်တူးတို့သည် ကျောင်း၌ အလွန်အနောက်သန်သူများ ဖြစ်ကြ၏။
ဟေ့သာဂိ-ဟိုမှာဖိုးထောင်မုန့်ဟင်းခါးစားနေတယ်ကွ..သွားပြီးငရုတ်သီးမှုန့်တွေထည့်ရအောင်...
အေး..ကောင်းတယ်
ဟေ့ဖိုးထောင်တယောက်ထဲစားသလားကွ
ဟာ..လာကွာစားလေ
မသိဘူးဟိ..ဟိ
ဖိုးထောင်ခမျာ သူ့ပန်းကန်ထဲသို့ဂျစ်တူးက ငရုတ်သီးမှုန့် ထည့်လိုက်သည်ကို မသိပေ။
စားပါကွာ..အလကားပြောတာကျေးဇူးဘဲ
ဒို့မိုက်ပေမဲ့နေလို့ကွ...ဟဲ..ဟဲ
ဖွီး-စပ်လိုက်တာ-ငရုတ်သီးမှုန့်တွေပါလား
ဟား ဟား
မင်းတို့ထည့်ထားတာမဟုတ်လား..ဒီမယ်
သွားမယ်ကွာ ဟားဟား..


နောက်တနေ့
ဟေ့ ဖိုးထောင် မနေ့က နောက်တာ စိတ်မရှိပါနဲ့ကွာ အလကား စ တာပါ
ကိစ္စမရှိပါဘူးကွာ နောက်မလုပ်နဲ့ပေါ့
ဆရာမ... ကော်ဖီ
အေး... ထားခဲ့ကွယ်
ဟဲ့..ငန်လိုက်တာ..ဖွီး! ဆားတွေ ထည့် ထားပါလား
ဟား - ဟား
သာဂိနှင့် ဂျစ်တူးတို့မှာ မိမိတို့ အပြစ်ကြောင့် ဒဏ်ခံရသဖြင့် ရှက်၍မဆုံးတော့ပေ။



# စကားပြောကြေးနန်းကို မည်သူ စတင်တီထွင်ခဲ့သနည်း။

ယနေ့ကာလတွင် ကျွန်ုပ်တို့အဖို့ အံ့ဩဖွယ်ကောင်းလှသော အသုံးအဆောင်ပစ္စည်း အမြောက်အမြားရှိနေပြီ ဖြစ်သည်။ ယင်းပစ္စည်းများမှာ အံ့ဩဖွယ်ကောင်းရုံမျှမဟုတ် အသုံးလည်းဝင် လှပေသည်။ ထိုအထဲတွင် စကားပြောကြေးနန်း (တယ်လီဖုန်း) လည်း ပါဝင်ပေသည်။


ဤသေးငယ်သော ပစ္စည်းကရိယာကလေးကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာ့တဖက်မှ အခြား ကမ္ဘာ့တဖက်သို့တိုင်အောင် လှမ်း၍ စကားပြောနိုင်ခဲ့ကြပေသည်။


ယင်း စကားပြောကြေးနန်းကို တီထွင်ရာတွင် ပိုမို တိုးတက် ကောင်းမွန်အောင် ပညာရှင်အတော်များများပင် ပါဝင်ဆောင်ရွက် ခဲ့ကြသည်။ သို့သော် ပထမဦးဆုံး စတင်တီထွင်ခဲ့သူကား စကော့လူမျိုး သိပ္ပံပညာရှင် အလက်ဇန္ဒာဂရေဟန်မ်ဲ ဖြစ်လေသည်။ သူသည် ၁၈၇၆ ခု မတ်လ ၁၀ ရက်နေ့တွင် ကြေးနန်းကြိုး တကြိုးဖြင့် တဖက်မှ တဖက်သို့ ပထမအကြိမ် အောင်မြင်စွာ စကားပြောနိုင်ခဲ့ပေသည်။

ကြယ်ဖြူ




## လှေငယ်ကလေး




မီးခြစ်ဘူးခွံ တခု၏ ဘေးနှစ်ဖက်ကို ဝါးခြမ်းပြားနှစ်ခုဖြင့် ညှပ်၍ပုံပါအတိုင်း ချည်ပါ။ ပန်ကာ အဖြစ် ဝါးခြမ်းပြားကိုလေးတခုကို သားရေပင်ဖြင့် မြှားပြထားသည့်အတိုင်းလိန်ပါ။ သူ့အလိုအလျောက် သွားသော လှေကလေး ရပါလိမ့်မည်။





# အား မကျလိုပါ

ညိုကြည်



"အမေ ကျွန်တော့်ကိုမုံ့ဘိုး ပေးလေ၊ ကျောင်းသွား တော့မယ်"

"ခွေးနီရယ်–ရှိမှတော့ နင်မတောင်းခင်က ထုတ်ပေးတော့မှာပေါ့။ ရှိယင် နင့်အတောင်း ဘယ်တုန်းက စောင့်ဘူးလို့လဲ"

"တော်ပြီဗျာ– အမေတို့ပြောယင် ဒီအတိုင်း ချည်းဘဲ။ ကျောင်းလခ ဆိုလဲ သူများနောက်ကျပြီးမှ အမြဲ ပေးရတယ်။ ဝတ်ရ တော့လဲ ခြင်ထောင်ချုပ်တဲ့ပိတ်။ ကျောင်း တောင် မတက်ချင် တော့ဘူးဗျာ"

"ဒါကတော့ကိုယ်နဲ့ တန်ရာ ...ဝတ်ရမှာပေါ့။ နင့်အဖေ ရတဲ့လခမှ ကိုးဆယ် ကျော်ရယ် ဘယ်တက်ဒရွန်တို့၊ ဘာတို့ ဝတ်နိုင်မလဲဟဲ့။ အဝတ်ချည်း ဝတ်နေလို့ ပြီးတာမှမဟုတ်ဘဲ။ စားဘို့ကလဲ ရှိသေးတယ် မဟုတ်လား။ သွားပါ သားရယ်–မနက်ဖြန်ကျတော့ အမေ ပိုပေး ပါ့မယ်"

"တော်ပါပြီအမေရာ ဒါမျိုးတွေ ရိုးနေပါပြီ"

ခွေးနီသည် ပြောပြောဆိုဆို ချိတ်တွင် ချိတ်ထားသော လွယ်အိတ်ကိုယူ၍ အိမ်ပြင်သို့ ထွက်လာခဲ့သည်။ ဤကဲ့သို့ အဖြေမျိုးကား ခွေးနီအတွက်ရိုးနေပြီဖြစ်၏။ ဆယ်ခါ တောင်းလျှင် နှစ်ခါ လောက်သာ ရတတ်သည်။ အမေ ပြောသည်မှာလည်း မှန်သည်။ အမေ့၌ ငွေလွယ် သည် ဆို လျှင် ခွေးနီ တောင်းနေစရာပင် မလိုချေ။ အတောင်း မခံဘဲ ပေးတတ်သည်။ ထို့အတွက် ခွေးနီက သူ့ဘဝကိုသာ နုံချာလွန်းသည်ဟု မှတ်ယူသည်။ ကျော်ဦးတို့မျာ း ဝတ်လိုက်လျှင်တက်ဒရွန်တောင် အကွက်မှ။ မုံ့ဘိုးဆိုလျှင်လည်း အမြဲတစေ သုံးမတ်တကျပ်ရ၏။

"ခွေးနီရေ– ခဏ လာအုံးဟေ့–ခဏ"

ကျော်ဦးတို့အမေ ဒေါ်လှဦးမှန်း ခွေးနီ အတတ်သိလိုက်သည်။

"ဘာခိုင်းမလို့လဲဒေါ်ဒေါ်"

"ငါ့ကိုလမ်းထိပ်က စိန်ဆေးပေါ့လိပ် တကျပ်ဘိုး ဝယ်ပေးစမ်း။ မြန်မြန်သွား၊ ရော့– နင်လဲ မုံ့ဘိုးတမတ်ယူ"

ခွေးနီသည် ဆေးလိပ် တကျပ်ဘိုးပြေး၍ ဝယ်ပေးလိုက်သည်။

"ဒေါ်ဒေါ် ကျော်ဦးကော"

"ရေ ချိုး နေ တယ် လေ– ကျောင်းချိန်လဲ စောပါ သေးတယ်၊ နင်စောင့်ချင် စောင့်အုံးပေါ့"

ကျောင်းချိန်စောသေးသည့်အတွက် ခွေးနီသည်အိမ်ရှေ့ ကွပ်ပျစ်တွင်ထိုင်၍ ဆရာမ ပေးလိုက်သော အိမ်စာများကို ပြန်ဖတ်နေသည်။ ထိုအချိန်တွင် အိမ်ခန်းထဲမှ လူကြီး သုံး လေးယောက်၏ တီးတိုးပြောသံများ ပေါ်ထွက်လာသည်။ ကျော်ဦးဆီသို့လာတိုင်း ထိုလူကြီးများကို တွေ့ရသည်။ သူတို့တတွေသည် အဖေကဲ့သို့ အလုပ် ဆင်းချိန်

တွင် အလုပ်မဆင်းပဲ ဤ အခန်းတွင်းဝယ် ဘာကြောင့် လာထိုင်နေကြသနည်း။ ကျော်ဦးတို့အဖေသည် ထိုလူကြီးများနှင့်အတူ အမြဲတစေ ဤအခန်းတွင်းဝယ် ရှိနေသည်။ အလုပ်သွားသည် ကိုလည်း သူ မမြင်ဘူး။ သို့ပါလျက် နေ့စဉ် ဟင်းကောင်း ကောင်း စားရ၏။ အင်္ကျီကောင်းကောင်း ဝတ်ရ၏။ ပိုက်ဆံ ပေါပေါ သုံးရ၏။ သည်ငွေတွေဘယ်ကရသနည်း။ ဤသို့တွေးရင်းနှင့်ပင် ကျော်ဦး အဝတ်အစားလဲပြီး၍ ကျောင်းသို့ ထွက်ခဲ့ကြသည်။

ကျောင်းဆင်းခေါင်းလောင်းထိုး၍ လွယ်အိတ်ကိုလွယ်ကာ အိမ်ပြန်ခဲ့သည်။ လမ်းထိပ်သို့ ရောက်သည်နှင့် ကျော်ဦးတို့အိမ်ရှေ့တွင် လူတွေ စုအုံနေသည်ကို တွေ့လိုက်ရသည်။ လူအုပ်ကြီးဆီသို့ ပြေးသွားပြီး တိုးဝှေ့၍ ကြည့်လိုက်မိသည်။ ရဲသားကြီးများသည် ကျော်ဦး အဖေနှင့် လူကြီး လေး ငါးယောက်ကို ရဲကားပေါ် သို့တက်ခိုင်းနေသည်။

“ခုမိတဲ့ ဖဲဝိုင်းတွေကို ဒဏ်တပ်ရုံတင်မကဘူး၊ ထောင်ပါချတယ်တဲ့”

မိန်းမကြီးတယောက်က သူ၏ ထင်မြင်ချက်ကို တင်ပြနေသည်။ ခွေးနီသည် ထောင်ချသည် ဟူသော စကားကြောင့် လူအုပ်ကြီးထဲတွင် မနေရဲတော့ပဲ။ အိမ်သို့တန်း၍ ပြေးလာသည်။

“ဟဲ့ခွေးနီ– ဘယ်လို ဖြစ်လာတာလဲ”

“ကျော်ဦးတို့ အဖေကို ရဲကြီးတွေ ဖမ်းသွားပြီ အမေ။ ထောင်ချပစ်မယ်တဲ့”

“ဒီလိုပေါ့သားရယ် အလုပ်ကောင်းကောင်း မလုပ် ချင်ဘဲ တရားဥပဒေနဲ့မကင်းတဲ့ အလုပ်တွေလုပ်ယင် တခါမဟုတ် တခါ အဖမ်းခံရမှာပေါ့”

“ကျော်ဦးတို့အဖေက ဘာတွေလုပ်လို့လဲဟင်”

သည်အထိ ခွေးနီ သဘော မပေါက်သေးချေ။

“ဖဲဝိုင်းထောင်တာပေါ့သားရယ်။ ဖဲကစားလို့ နိုင်တဲ့လူတွေဆီက တကျပ်ကို ငါးပြား အကောက် ဆိုပြီး သူကယူတယ်လေ။ ဒါကြောင့် အလုပ်မလုပ်ဘဲ ဇိမ်နဲ့နေနိုင်တာပေါ့။ ဒါပေမဲ့ ခဏပါဘဲ။ ခုလို အဖမ်းခံရသွားတော့ ဘယ်လောက် ရှက်ဖို့ကောင်းသလဲ”

ခွေးနီသည် တမနက်လုံး သူ၏ရင်ထဲတွင် မရှင်းမလင်း ဖြစ်နေသော အရာကို သူ၏အမေ ပြောပြမှပင် သဘော ပေါက်သွားတော့၏။

နောက်တနေ့ကျောင်းတက်ချိန်တွင် ခွေးနီသည် သူ့အမေ မီးပူ တိုက်ပေးထားသော ပိတ်အင်္ကျီဖြူကလေးကို နှစ်နှစ် ခြိုက်ခြိုက်ဝတ်ဆင်ကာ လွယ်အိတ်ကို လွယ်၍ ကျောင်းသို့ ထွက်သွားလေသတည်း။

ဝ ဝ ဝ

# ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်

**ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်၊**
**ကိုကို ညီမပင်။**

**ကေသာဆံမျှင် မင်ပိတုန်း၊**
**ဆံရစ်ဝိုင်းလေးထုံး။**

**ရှင်ပြုံးပါတဲ့ သူ့မျက်နှာ၊**
**နံ့သာလိမ်းခြယ်ကာ။**

**ပင်နီပင်ဝါ တိုင်းရင်းဖြစ်၊**
**ဆင်မြန်းကျစ်ကျစ်လစ်။**

**ချစ်မြတ်နိုးဘွယ် ပုံသဏ္ဍာန်၊**
**ယဉ်ကျေးသိမ်မွေ့ပြန်။**


**မြန်မာဆံဆံ ဝတ်ဆင်သ၊**
**ကြည့်လို့ရှုမဝ။ ။**

မောင်လှ (ကျောက်မေ)



R. 517

# မယ်ညို




မယ်ညိုငှက်သည် အလျား ၁၇ လက်မ ရှိသည်။ အမသည် အဖိုနှင့်တူသော်လည်း အမောက်ငယ်လေသည်။ ပျံသန်းရာတွင် အလွန်ချည့်နဲ့၍ ပင်ပန်းပုံရသည်။ ဝေးဝေးလည်း မပျံနိုင်ချေ။

မယ်ညိုသည် ဆူညံစွာ အော်တတ်သည်။

မိုးရာသီတွင် မယ်ညိုငှက် ကလေးများ ဥမှ ပေါက်ကြသည်။ အသိုက်ကို ရေပေါ်ရှိ အပင်များပေါ်တွင် ပြုလုပ်ထားသည်။ အနီးအနားမှ အပင်များကို ဖျက်ဆီးကာ အသိုက်ပြုလုပ်သဖြင့် အသိုက်ကိုတွေ့ရန် မခဲယဉ်းချေ။ တမြိုလျှင် သုံးဥမှ ဆယ်ဥအထိရှိ၍ တဥလျှင် ပျမ်းမျှ အလျား ၁.၉၉ လက်မနှင့် ပြက် ၁.၄၁ လက်မ ရှိသည်။

ကိုင်းတောအနီးရှိ ရေအိုင်များတွင် ကျက်စားလေ့ရှိသည်။ အအုပ်အသင်းကလေးဖွဲ့ကာ ကိုင်းတောများအကြားတွင် အစာ ရှာဖွေစားသောက်၍ ရေစပ်တွင် နေပူစာလှုံနေသော မယ်ညို တို့ကို မကြာခဏ တွေ့မြင်နိုင်သည်။ အနှောင့်အရှက် မပေးလျှင် လူအနားကပ်ခံသည်။ မြန်မာနိုင်ငံ၌ ရေအိုင်ရှိသော ကွင်းများတွင် မယ်ညိုကို တွေ့မြင်နိုင်သည်။

စိုးမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန် ပုံနှိပ်ထုတ်ဝေရေးဌာန၊ ပုံနှိပ်ရေးမှူး
ဦးလင်းကြိုင်က ... ရန်ကုန်မြို့၊ ...
... စာပေဗိမာန် ပုံနှိပ်တိုက် (...) တွင် ဦးကျော်ကြိုင်က ရိုက်နှိပ်သည်။

အတွဲ – ၃။ အမှတ် – ၃၇။

# ရွှေသွေး ဂျာနယ်

သဘောထားကြီးသော.....

## ယိုဖုရား ၂

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ကိုကြီးမြင့်သိန်း

၁၃၃၃ ခု၊ တော်သလင်းလဆုတ် ၇ ရက် (၁၁-၉-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။


ဘာလာ ရှုပ်နေတာလဲ
ထွက်သွားလေ
ဆွဲထုတ်
မင်းညီ မင်းသားတို့က အတင်းနှင်ထုတ်သော်လည်း မောင်စန္ဒကား မသွားပဲကြံ့ကြံ့ခံနေ၏။
မယ်သိဂီသည် ဒုတိယအကြိမ် လှည့်လာပြန်၏။ ထိုအခါ –
မောင်စန္ဒထံမှ ဖြုတ်ယူခဲ့သော ရွှေလည်ဆွဲကို လည်တွင် စွပ်ထားသော မင်းသားက –
အို - အရှင်မင်းသမီး ပထမ လည်ဆွဲ ရသျှကိုပင် စွပ်လော့-- ----ဟီး-- ----
ဟယ် - မင်းသားရူး - လျှလိမ် - လျှညာ - အရှက်မဲ့သောသူ - ယခုချက်ချင်း ဖယ်ရှားလော့ ---
သွားလေ


မင်းသားရှူးကို အစောင့်များက ဖယ်ရှားစဉ် –
မယ်သိဂီသည် မောင်စန္ဒကိုပင် –
အရှင် မင်းသမီးဘုရင့် သမီးတော် ဖြစ်ပါရှို
ဆင်း ရဲသား နှင့် မထိုက်တန်ပါ ....
ကျွန်ုပ်တို့နှင့်သာ xxxxx
ခိုလျှာကို ဆွဲထုတ်
ထိုအခါ အရွေးချယ်ခံ လူစုက –
ကျွဲဆင်းရဲ သားကို အကြါ အတွယ် ပေးကြစေ – ကိုယ် ရံတော် များ
မင်းသမီးသည်အစောင့်များအားအမိန့်ပေး၍
အစောင့်များက မောင်စန္ဒကို စောင့်နေစဉ် –
မင်းညီ-မင်းသား – သူဌေး-သူကြွယ်များ၏ အလယ်မှာ-ရွေးချယ်ခံ့ သော-သတို့ကို--
------
----- ...ဆိုး ကျူး ပါတယ်--
မင်းသမီး ချဉ်းကပ်လာသဖြင့် မောင်စန္ဒက –
ထိုနောက် မောင်စန္ဒကိုဆင်တော်နှင့်တင်ခေါ် သွားလေရာ –


ရှက်လိုက်တာနော်...... မျက်နှာကို ဖါး...
အဲယ်လိုရုပ်တာမဲ့ဒါ မကျေနပ်ဘူး
အင်း.... မင်းသမီးက ချောတော့ချောပါရဲ့ဗျာ — ဒါပေမယ့်......
သမီးတော် ထွက်သွားသောအခါ အရွေးခံ လူစုက မခံမရပ်နိုင် ဖြစ်ပြီး ဆူပူကြရာ —
ဘုရင်ကြီးကိုယ်တိုင် ကြားရ၍ ချက်ချင်းပင်
မင်း ပရိသတ်တို့ သမီးတော် သည် - သူ့နှစ်သက်ရာကြင်ဖော်ကို ရွေးချယ်ခြင်း ဖြစ်၍ - အသိအမှတ် ပြုရမည်။ ငြိမ်းချမ်းစွာ မြန် ကြလော့
ရောက်ရှိလာပြီး —
ထိုနောက်သမီးတော်ကိုထိမ်းမြားပေးလိုက်၏။
မောင်စန္ဒ - မင်းသား ဖြစ်ပြီနော် ---- အမြန် ...တော့.....
မဂြာမီ ဖခင် (ကျွန်ယုံတော်) သည် မမာ မကျန်းဖြစ်ပြီး မသေမီ ဇာတ်စုံ ဖွင့်ပြောသွား လေသည်။

(ဆက်ရန်)


ရဲရွမ်းသတ္တိ
မိုးဟိန်း၏ စွန့်စားခန်းကား စလေပြီ။ သူသည် ကွင်းပြင်ကြီးအတိုင်းလာခဲ့သည်။ လယ်ကန်သင်း ရိုးများကို တခုပြီးတခု ဖြတ်ကျော် လာခဲ့သည်။ သူသည်ရွာတရွာသို့ အမြန် ရောက် ရေး ကို သာ စိတ်စော နေ သည်။ အနည်းငယ်မျှ ကြောက် စိတ် မရှိပေ။
ရောက်မှရောက် ပါတော့မလား ရောက်မှ ဖြစ်မယ်-ဒါမှ သူပုန် တွေကိုဖမ်းမိမှာ...
မီးရောင် ကလေး တွေ ကိုတော့ မြင် နေရပြီ
ဟာ..!
ဟင်..အခု ရောက် နေတဲ့ နေရာဟာ သင်းချိုင်း ပါလား
မိုးဟိန်းသည် မာကျောသော အရာဝတ္ထုတခု ကို ခလုတ်တိုက်မိသဖြင့် လဲကျသွား၏။


ဟေ့ !?
ဘယ်သူလဲ
ဟာ...သူပုန်တွေ
ချာတိတ်ကလေး ပါလား
မေး တာနဲ့ ခွေ လဲသွားတယ်
မြေး လာ တာကွ-အတော် အားမြတ်
နေပုံရတယ် - ဝိုင်းမကြာကွာ-ရွာထဲ
ကိုခေါ်သွားမယ်
ဒီရွာမှာ ပြည်သူ့စစ်ရဲဘော်တွေ
မရှိဘူးလား ဟင်...ကျနော့်မှာ
အရေးတကြီး ပြောစရာ
ပါလာလို့ပါ
ဦးက ဒီရွာက ပြည်သူ့စစ်အဖွဲ့-
ခေါင်းဆောင်ဘဲ-ပြောစရာရှိတာ
ဦးကိုပြောပေါ့


ပြည်သူ့စစ်အဖွဲ့ကို ပြောပြီး တပ်ကို အကြောင်းကြားပါ တော့
အေး..ချက်ချင်း အကြောင်းကြားမယ်
မိုးဟိန်းသည် ပြည်သူ့စစ် ခေါင်းဆောင်အား ရှစ်သားကြီး မှာလိုက်ပုံ အလုံးစုံ ပြောပြလိုက်သည်။
ရွာသာကြီးရဲ့စခန်းကို အခုညရောက်အောင်သွား ပြီး သတင်းပို့ပေတော့
ဟုတ်ကဲ့
သူတို့ မြန်မြန်လာ ပါ့မလား ဦးကြီး
ချက်ချင်း လိုက်လာမှာ ပေါ့-အခုည ရွာသာကြီး ရဲ့စခန်းမှာ ရှိမယ်လို့ ဗိုလ်ကြီးကပြောသွားတာဘဲ
သူပုန်တွေက ကျနော့်အဖေကို ဘာလုပ်ကြအုံးမယ်မသိဘူး ကျနော့်ကို မတွေ့ရလို့ အဖေ စိတ်ပူနေမှာဘဲ
ဒီမှာခဏနေအုံးနော်-ဦးကြီး ရွာထိပ်ကို သွားလိုက်အုံးမယ်
ကျနော်လဲ လိုက်ခဲ့မယ်
ဟိုရှေ့မှာလူနှစ် ယောက်လာနေတယ် ဦးကြီး

# ပေါ်တူဂီနိုင်ငံ

ရေး စိုးလွှင်မြင့်




ပေါ်တူဂီနိုင်ငံသည် ဥရောပတိုက်၏ အနောက်ဖက် အစွန်ဆုံးတွင်တည်ရှိ၍ ယင်း၏ အနောက်နှင့် တောင်ဖက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၊ အရှေ့နှင့် မြောက်ဖက်တွင် စပိန်နိုင်ငံ တည်ရှိသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် ပေါင်း ၃၅,၅၁၀ ဖြစ်သည်။

ပန်းချီ ကျော်ကျော်



နိုင်ငံ၏ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းသည် ကုန်းပြင်မြင့်ပိုင်းဖြစ်၍ ကမ်းခြေတလျှောက်သည် မြေနိမ့်လွင်ပြင်ပိုင်း ဖြစ်သည်။

လစ္စဘွန်းမြို့တော်မြင်ကွင်း



အတ္တလန္တိတ် သမုဒ္ဒရာမှ တိုက်ခတ်သော လေများ၏ပြုပြင်မှုကိုခံရသည်။ အရှေ့မြောက်ကုန်းမြင့် ပိုင်း၌ အအေးလွန်ကဲသော ဆောင်းရာသီရှိပြီး ကမ်းခြေအနီး အနိမ့်ပိုင်းဖြစ်ကြောင်း တလျှောက်တွင် တခါတရံ အပူလွန်ကဲသော နွေရာသီ ဖြစ်ပေါ်တတ်သည်။

ရှေးဟောင်းရဲတိုက်



နိုင်ငံ၏လူဦးရေမှာ ကိုးသန်းကျော်ဖြစ်၍ မြို့တော်မှာ လစ္စဘွန်းဖြစ်သည်။ နေထိုင်သော လူမျိုးများတွင် အများစုမှာ ပေါ်တူဂီတို့ပင်ဖြစ်သည်။ လူအများသက်ဝင် ယုံကြည်သောဘာသာမှာ ဗရင်ဂျီဖြစ်၍ ရေဖျန်းခရစ်ယန် ဘာသာဝင်များလည်း ရှိသည်။

ပေါ်တူဂီသည် လယ်ယာစိုက်ပျိုးသောနိုင်ငံ ဖြစ်၍ အရေးပါသော ထွက်ကုန်သီးနှံများမှာ စပျစ်၊ ပြောင်း၊



ပေါ်တူဂီ တံငါသည်များ


ဂျုံ၊ မုယော၊ ဆန်စပါးနှင့် သစ်သီးအမျိုးမျိုး ဖြစ်သည်။ သတ္တုပစ္စည်းလည်း အတော်အတန် ထွက်ရှိသည်။ သံကြွပ်၊ ခဲမဖြူ၊ ကျောက်မီးသွေးနှင့် ဘဟန်းကျောက်ကို ပြည်တွင်း၌ သုံးစွဲနိုင်အောင်ရရှိသည်။ ချည်ထည်လုပ်ငန်းသည် ပေါ်တူဂီ၏ ရှေးအကျဆုံးနှင့် အရေးကြီးဆုံးသောထုတ်လုပ်မှု လုပ်ငန်းဖြစ်သည်။ အခြားအရေးကြီးသော လုပ်ငန်းများမှာ အရက်ချက် လုပ်ငန်းနှင့် ငါးသေတ္တာလုပ်ငန်းများဖြစ်သည်။ အဓိက ပြည်ပပို့ကုန်များမှာ အရက်၊ သစ်သီး၊ သစ်သီးမှုန့်၊ ငါးသေတ္တာ၊ ဖော့၊ ဖော့နှင့်ပြုလုပ်သော ပစ္စည်းနှင့် ချည်ထည်များဖြစ်သည်။ အသုံးပြုသော ငွေကြေးမှာ အက်စ်ကုဒိုဖြစ်သည်။



အိုးသည်

ပေါ်တူဂီတို့သည် ရေကြောင်း ရှာဖွေသွားလာမှုများကို ပြုလုပ်ခဲ့ကြသည်။ ဗာတိုလိုမျူ ဒိုင်းယတ်စ်သည် အာဖရိက တောင်ဖက်အစွန်ရှိ ဂွတ်ဒဟုပ်အငူကို ၁၄၈၈ ခုနှစ်တွင် စူးစမ်းသွားလာရင်း တွေ့ရှိသည်။ ဗက်စကိုဒါဂါးမသည် ၁၄၉၈ ခုတွင် ထိုအငူကိုပတ်ကာ အိန္ဒိယနိုင်ငံသို့ ရွက်လွှင့်ခဲ့သည်။


စပျစ်ခြံ



၁၉၁၀ ပြည့်နှစ်အောက်တိုဘာလတွင် ဘုရင်စံနစ်ကို တော်လှန်၍ သမတနိုင်ငံ တည်ထောင်သည်။ ဒီဇင်ဘာလ ၁ ရက်နေ့ကို လွတ်လပ်ရေးနေ့အဖြစ် သတ်မှတ်သည်။ ၁၉၅၅ ခု ဒီဇင်ဘာလတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

ပေါ်တူဂီနိုင်ငံ၏ သမတမှာ ဗိုလ်ချုပ်ကြီး အမာရီကို ဒီအာရ် တောမတ်စ်ဖြစ်၍ ဝန်ကြီးချုပ်မှာ မာဆဲလို စီတာနို ဖြစ်သည်။


ဘယ်ဂျာ
တခါက တဖက်သားကို အမြဲတမ်း အထင်သေးပြီး မခံချင်အောင် နောက်ပြောင်တတ်သော ကြံ့တကောင်ရှိသည်။
ဟော့ ကုလားအုပ်မင်းက ခါးကုန်းကြီးဘဲ
အေး မင်းကမကုန်းတော့ ပြောပေါ့ကွာ
သစ်ကုလားအုပ်နှင့် တွေ့ပြန်ရာ—
ထားပါတော့ ထားပါတော့
သစ်ကုလားအုပ်နှင့် ကုလားအုပ်တို့ ဆုံမိကြစဉ် —
သူ့ကိုယ်သူများ အပြစ်ကင်းစင်တယ်လို့ ထင်နေသလား မသိပါဘူးဗျာ
ငါ့ကိုလဲကွာ ခါးကုန်းတဲ့
သဘောကောင်းသော ဆင်ပေါက်ကလေးက ပြန်ပြောရှာ၏။
ဒီကောင် ဘာဖြစ်နေပါလိမ့်ဗျာ နှာမောင်းနဲ့ အမြီးဟာ တခြားစီပါဗျာ


တနေ့တွင် ဆင်ပေါက်ကလေးသည် ရေအိုင်တခု၌ ရေငုံသောက်စဉ် အကြံတခုပေါ်လာ၏။
ဟိုကြံ့စုတ်ကို ဒီခေါ်လာပြီး ပညာပေးရမယ်
ဆင်ပေါက် ကလေးသည် သစ်ကုလားအုပ် နှင့် ကုလားအုပ်တို့ကို တိုင်ပင်ပြီး ကြံ့ကိုလိုက် ရှာကြ၏။
ဒါမှ သူ နားလည် သွားမယ်
သူ့ကြမ္မာ တကယ် ရယ်စရာကောင်းတာ ဗျ
ထိုအချိန်တွင် ကြံ့သည် ငှက်ကုလားအုပ်နှင့် တွေ့ကာ—
မင်းကလဲ ငှက်တော့ ငှက်ပါဘဲ ဒါပေမဲ့ ပျံလဲ မပျံနိုင်ဘူး
မင်းအဖြစ်က ဆိုးလှချေလားကွာ ဟား ဟား ဟား
ထိုအခိုက် ဆင်ပေါက်တို့အဖွဲ့ ရောက်လာ၍—
ဟေ့ ကြံ့စုတ် မင်းကိုယ် မင်း သိပ်လှတယ်လို့ များ ထင်နေသလား
ဒါဖြင့် မင်းမျက်နှာကို မင်း မမြင်ဘူး လို့ဘဲ
ဘာဖြစ်လို့လဲ


ဝအား မင်း နှီးနဲ့ လိုက်ခဲ့ ဟိုကျယင်
မင်းကို ပြစရာ ရှိတယ်
ကောင်းပါပြီဗျ
မကြာမီ ရေအိုင်သို့ ရောက်လာကြ၏။
ဒါ ဟိုရေအိုင်ထဲကို အစပ်နား
ကသွား ငုံ့ကြည့်စမ်းကွာ
ကြံ့သည် ရေစပ်၌ သွားရပ်၍ ငုံ့ကြည့်
လိုက်၏။
ထိုနောက် ကျယ်လောင်စွာ ရယ်မောလျက်....
ဟိုဟိုအောက်မှာ
ဘယ်ကရုပ်ဆိုးလဲ
မသိပါဘူး ကွာ
ဟား
ဟား
ဟား
ဟား
ဟား
ဟား
ဟား
ဟား
နှာခေါင်းကြီးက
တတောင်လောက်ကြီး
ဟီး ဟီး ဟီး
ထိုအခါ ဆင်ပေါက်ကလေးတို့ အဖွဲ့
က ဝိုင်းရယ်ကြရင်း....
အဲ အဲ ဒါ မင်းရဲ့ မျက်နှာကွ
ကြံ့လည်း မိမိအဖြစ်မှန်
ကို နားလည် သွားကာ
ထိုနေ့မှစ၍ မည်သူ့ကိုမျှ
မနောက် ပြောင် ဝံ့တော့
ချေ။
ပြီး



## တိရစ္ဆာန် အချို့၏ မျက်လုံးများ ညအမှောင်ထဲ၌ အဘယ်ကြောင့် အရောင် တောက်သနည်း


အချို့သော တိရစ္ဆာန်များ၏ မျက်လုံးများသည် ညအမှောင်ထဲ၌ အရောင် တောက်ပကြသည်။ အထူးသဖြင့် ကြောင်၊ ကျား၊ ခွေးစသည့် တိရစ္ဆာန်များပင်ဖြစ်သည်။ ထိုသို့ဖြစ်ခြင်းမှာ မျက်လုံးပေါ် ထိုးကျလာသော အလင်းရောင်၏ ရောင်ပြန်များ ပြန်ထွက်လာခြင်းကြောင့် ဖြစ်သည်။

ယင်းမျက်လုံးများ၏ နောက်ဖက်တွင် မှန်ကဲ့သို့ အရောင်ပြန်နိုင်သော အရေပြားတမျိုး ကပ်လျက်တည်ရှိသည်။ ထိုအရေပြားသည် လာသမျှ အလင်းရောင်ကို အရောင်ပြန်ပေးသည်။

အချို့ ယုံကြည်ကြသကဲ့သို့ ကြောင်သည် လုံးဝအမှောင်ထုထဲ၌ မြင်နိုင်စွမ်း မရှိပေ။ သို့သော် အလင်းရောင် အနည်းငယ်မျှ ရှိလျှင် မြင်နိုင်စွမ်းပေသည်။ မျက်လုံးသူငယ်အိမ် ပတ်လည်ရှိ မျက်နက်ဝန်းသည် ရရှိသမျှသော အလင်းရောင်ကို ခံယူနိုင်ရန် ကျယ်ကား၍ ပေးနိုင်သည်။ ထိုကြောင့်ပင် ကြောင်၏ မျက်လုံးများသည် ညအမှောင် ထဲတွင် တောက်ပပြီး ပြူးကျယ်နေခြင်း ဖြစ်သည်။

ကြယ်ဖြူ






စက္ကူဖြူပေါ်တွင်ကပ်၍ အစက်ပြထားသည့်အတိုင်း ဖြတ်ထုတ်ပါ။ ထို့နောက် ညာဖက်က ပုံအတိုင်းခေါက်ပြီး ကော်ကပ်လျှင် လှုပ်ကစား၍ရသော ငှက်ရုပ်ကလေး ရလိမ့်မည်။

# ဖေဖေ့အမွေ

နွယ်နီဖြိုးသေး



ကျောင်းလွှတ်လိုက် သော်လည်း ကျွန်တော် အိမ်မပြန်နိုင်သေးပါ။ မနေ့က ပိုက်ဆံကြေး ဂေါ်လီထိုးမိရာ စာအုပ်ဖိုး နှစ်ကျပ် ပြားသုံးဆယ် ရှုံးလာခဲ့ပါသည်။ ထို့ကြောင့် ယနေ့ စိတ်မကျေပွဲ နွှဲရန် အဖော်များကို စောင့်နေမိပါသည်။

ထိုအခိုက် ငပေါက် ရောက်လာသည်နှင့် ကျွန်တော်က –

"မင်းကိုစောင့်နေတာကြာပြီ။ ဒါနဲ့ စံလုံးကော မပါဘူးလားကွ"

"အေးကွာ– ဈေးရောင်း မကောင်းတာနဲ့ နောက်ကျသွားတယ်။ ဒီမှာမင်းအမြင်ဘဲ၊ မက်မန်းသီးတွေ မကုန် သေးဘူး။ စံလုံးတော့ ကျန်နေခဲ့တယ်"

ကျွန်တော်သည် အရှုံးနှင့်ရပ် ထား ရ မ လို ဖြစ် နေ သော ကြောင့် မကျေမနပ် ဖြစ်နေပါသည်။ ထို့ကြောင့် ငပေါက်ကို မေးရပြန်ပါသည်။

"ဒီလိုဆို မသွားတော့ဘူးပေါ့– ဟုတ်လား။ ဟိုကောင်တွေတော့ စောင့်နေကြမှာဘဲ"

"ငါက မင်းထက်သွားချင်သေးတယ်။ မနေ့က ရှုံးတာလဲ မနဲဘူး။ ခဏလေးစောင့်ကွာ၊ အရင်းလေး ရမလားလို့ တွက်ကြည့်လိုက်အုံးမယ်"

ထို့နောက် ငပေါက်ကသွားရန်သဘောတူသဖြင့်ကျွန်တော်နှင့်ငပေါက်သည် ရထားသံလမ်းအတိုင်း လျှောက်သွားကြရာ မကြာမီ ရန်ကုန်ဘူတာကြီးသို့ ရောက်လာလေသည်။ ဘူတာကြီးတွင်ဈေးသည်ကလေးများကို တွေ့ရသည်။ ထိုအထဲတွင် ယမန်နေ့က ဂေါ်လီ ထိုးသော နို့အေးချောင်းသည် ကလေး တွေ့သဖြင့် –

"ငပေါက်– ဟိုကောင်မနေ့က ဂေါ်လီထိုးတဲ့ကောင်မဟုတ်လား"

"အေး ဟုတ်တယ်။ ဟေ့– ဖိုးစံ ဘယ်လိုလဲကွ"

"သိပ် ကစားပေါ့ကွာ– ငါကလဲ မင်းတို့ကို မျှော်နေတာ။ စံလုံး မပါဘူးလားကွ"

"စံလုံး မပါဘူးကွ။ ဒို့ချည်းပဲ ကစားတာပေါ့"

"ဒီလိုဆို လာကြကွာ– အချိန် သိပ်မရှိဘူး"

ငပေါက်နှင့် ဖိုးစံသည် ရှေ့မှ ခပ်သွက်သွက်လျှောက်သွားကြသည်။ ကျွန်တော်သည် ပါလာသော ကျောက်ဒိုးဖြင့် ဂေါ်လီထိုးသကဲ့သို့ချိန်ရွယ်ရင်း နောက်မှ လိုက်ပါသွားသည်။ သည်လိုနှင့် စတော့ကိတ်ခေါ် သိမ်ဖြူခုံးတန်တားအောက်သို့ ရောက်သွားကြလေသည်။

"ငပေါက်– ဒီနေ့ ဂေါ်လီ မထိုးဘူးကွာ၊ ပိုက်ဆံ ထောင်ပစ်ကြမယ်"

"အေး–ဖြစ်ပါတယ်"

ကျွန်တော်သည် ကစားရလျှင် ကျေနပ်သူဖြစ်၍ သူတို့စကားကို မငြင်းပယ်ပါ။

သို့နှင့် ပိုက်ဆံများထောင်ကာ စ ကစားကြလေသည်။

ကျွန်တော်တို့ မည်မျှ ကြာအောင် ကစားလိုက်ကြသည် မသိပါ။ စောစောက ဖျာထွက်နေသော နေရောင်များပင် ကွယ်ပျောက် သွားပါပြီ။ မီးရထားလမ်းတလျှောက် နှင့် ခုံးတန်တားပေါ် တွင်မီးပွင့်များ ဝင်းလက်လာသဖြင့် ကစားဝိုင်းကို သိမ်းလိုက်ကြပါသည်။

မီးရောင်အောက်ဝယ် ကျွန်တော့် အိတ်ကပ်ကိုပြန်ကြည့်မိရာ ပိုက်ဆံ အပြင်ဖောင်တိန်ကလေးပါ အဆစ်ပါသွားသည်ကို သတိပြုမိပါသည်။ ကျွန်တော့်မျက်စိများပြာဝေလာပြီး ရင်ထဲမှာလည်း တဒိတ်ဒိတ် ခုန်လာပါသည်။

“ငပေါက် သူ့နာမယ် ကဘာသူလဲကွ”

“ဖြူတုတ်လို့ ခေါ်တယ်”

“မင်းမြို့ထဲမှာကျောင်းလာနေတာ ပိုက်ဆံ ရှိမှာဘဲနော်”

ကျွန်တော်သည်ဖောင်တိန် ကလေးပါ ဆုံးသွားသဖြင့် ဖိုးစံ၏ အမေးကို ထစ်ထစ်ငေါ့ငေါ့ နှင့်သာ ဖြေလိုက်လေသည်။

“မ-မရှိပါဘူးကွာ၊မေမေက စက်ချုပ်ရတယ်။ နောက်ပြီး--”

“နောက်ပြီး.... ဘာဖြစ်သလဲကွ”

“ငါ့ဖေဖေက သေသွားပြီကွာ။ အဲဒီဖောင်တိန်ကလေးက ငါ့ဖေဖေ့ရဲ့ ဖောင်တိန်ကလေး ဆိုတော့ ငါသိပ်မြတ်နိုးတာဘဲ”

ကျွန်တော်သည် ဖောင်တိန်ကလေးပါ ရှုံးအောင် ကစားပြီးမှ မေမေ မကြာမကြာ ပြောဘူးသည့် “သား--မင်းဖေဖေကိုင်တဲ့ ဖောင်တိန် ကလေးကို မပျောက်ပျက် ပါစေနဲ့ကွယ်၊ ရှိသေပါ” ဟူသော စကားသံကို နားထဲမှ ကြားယောင်လာပါသည်။ သို့သော် နောက်ကျခဲ့ပါပြီ။

ငပေါက်မှာ သူ့အရင်း ပြန်ရသွားပါပြီ။ သို့သော် သူသည် ကျွန်တော့်ကို သနားလာပုံ ရပါသည်။

“ဖိုးစံရာ ဖောင်တိန် ကလေးတော့ ပြန်ပေး လိုက်ပါကွာ၊ သူ့ဖေဖေ ဖောင်တိန်ဆိုတော့ သိပ်နှမြောမှာဘဲ”

“ငါကလဲ ပြန်ပေးမလို့ ဆုံးဖြတ်ထားပါတယ်။ ကစားတာ လောဘ မကြီးရဘူး ဖြူတုတ်ရ။ မင်းက နိုင်ချင်စိတ် သိပ်များနေတော့ ရှုံးမှာပေါ့”

ကျွန်တော် မမျှော်လင့်သော စကားများကို ဖိုးစံက ပြောလိုက်သဖြင့် ဝမ်းသာမဆုံး ဖြစ်မိပါသည်။ ထို့နောက် ဖေဖေ့အမွေဖြစ်သော ဖောင်တိန် ကလေးကို ရင်ဝယ်ပိုက်လျက် သိမ်ဖြူခုံးတန်တားပေါ် သို့တက် ခဲ့ကြပြီး လူစု ခွဲလိုက်ကြ ပါသည်။

ခုံးတန်တား ပေါ်ဝယ် ယာဉ်ပေါင်းစုံ ပြေးလွှားနေကြပါသည်။ ကျွန်တော်၏ စိတ်များကား ဝမ်းသာတလှည့်၊ ဝမ်းနည်းတလှည့်ဖြင့် ချောက်ချားလျက်....

## ဗမာ့စောင်း

လည်ပင်းရှည်ရှည်
ကိုယ် ဟန်ကြော့နဲ့၊
ဦးခေါင်းမော့မော့ သူ့၊ ချပ်လှ္ဂာ။
ကြာမွေးလိုင်လိုင် ငွေ ့အိုင်နန်းက၊
ဘဲငန်းကြီးနဲ့ တူလှတာ ။
ပန်းပွားလည်ဆံ ဟန်ဒ ခခန့်ပေါ်၊
သန့်သန့်ပြန့်ပြန့် မူအရေး ။
ငှက်ကြီးကြိုးကြာသံသ ့ ရှငြောင်
နွဲ့ပျောင်းသူတေး မယှဉ် သာ။
ငှက်နဲ့သာတူ သူခြေထေ ့ ကက်က၊
လေးချောင်းထောက်နဲ့ ့ ဘန်ပါပါ။
ညှော်ခန်းဆောင်မှာ ထပ ် ါဝါရပ်လို့၊
ဂုဏ်ယူအပ်တဲ့ သူပင်သာ၊
ညီမမောင်ငယ် သူဘာလဲ ့ ံ၊
စိတ်ထဲတွေးကြည့် ဖြေစမ်း ့ ါ။
မသိသေးယင် သေချာမှတ် ့ ဒ်
ဗမာ့စောင်းတဲ့ သံသာသာ၊
မှတ်ပါ မှတ်ပါ။ ။

ငနွ ာမြ





မြန်မာနိုင်ငံ၌ မြေလူးငှက် အမျိုးများ
စွာ တွေ့ရ၍ အချို့သော မြေလူးငှက်
မျိုးတို့သည် မြန်မာ နိုင်ငံ၌ အမြဲနေဟန်
မတူချေ။

ယခုပုံပါ မြေလူးငှက် မျိုးမှာ အလျား
၁၂ လက်မခန့် ရှိသည်။ အမွေးအ
တောင်တို့၏ အရောင်မှာ နက်ပြာရင့်
ရောင်ဖြစ်သည်။ သာယာနာပျော်ဖွယ်
ကောင်းအောင် လေချွန် တတ်သည်။
တနသ်ာရီ တိုင်းတွင် ဖေဖော်ဝါရီမှ
ဧပြီလအထိ သားပေါက်ချိန်ဖြစ်၍ အ
ခြား ဒေသတွင် ထိုထက် နောက်ကျ
သည်။ အသိုက်ကိုရေစပ်အနီး ရန်သူ၏
အန္တရာယ်အရှက်မှ ကင်းလွတ်စေ ရန်
လုံခြုံစွာ ဆောက်လုပ်တတ်ကြသည်။

# မြေလူးငှက်

အထူးသဖြင့် ရေညှိရေမှော်ပင် ထူထပ်သောကမ်းစပ်နှင့်
ကျောက်ဆောင်တို့၏ အကြား၌ တွေ့ရတတ်သည်။ တမြို
လျှင် သုံးဥမှ လေးဥအထိ ရှိ၍ အရောင်မှာ မွဲပြာရောင်မှ
အစိမ်းရောင်ဖြစ်ပြီး အနီစက်များ ပါရှိသည်။

သစ်သီးနှင့် ပိုးမွှားများကို စားသောက်သည်။ ရေချိုခရုများကိုလည်းအလွန် နှစ်သက်သည်။ ဤမြေလူးငှက်မျိုးကို ဟိမဝန္တာနှင့် အရှေ့တိုင်း ဒေသတို့တွင် အနှံ့ တွေ့နိုင်သည်။ မြန်မာနိုင်ငံ၌ အမြဲစိမ်း သစ်တောများအတွင်း အတွေ့ရများ၍ ကုန်းမြင့်တောင်စောင်းများ၌လည်း တွေ့ရသည်။

နိုးမြင့်





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ထုတ်ဝေရေးအဖွဲ့၊ ထုတ်ဝေရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ခုံက ရိုက်နှိပ်သည်။


အတွဲ-၃။ အမှတ်-၃၈။

# ရှေးသွေး ဂျာနယ်

သဘောထားကြီးသော... မိဖုရား (၃)

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ကိုကြီး မြင့်သိန်း

၁၃၃၃ ခု၊ တော်သလင်းလဆုတ် ၁၄ ရက် (၁၈-၉-၇၁)



ဖခင် (ကျွန်ယုံတော်) ကွယ်လွန်ပြီးနောက် မင်းသား မောင်စန္ဒနှင့် မင်းသမီး မယ်သဂီတို့သည် ခမည်းတော် သုတမင်း၏ တိုင်းပြည်သို့ ဆင်မြင်း အလုံးအရင်းနှင့် သွားကြ၍ မြို့နား ရောက်သော်....




ကြီးမားသော စစ်တပ်ကြီးသတင်းကို သုတဘုရင်ကြီး ကြားလေလျှင် စစ်ပြုလိမ့်မည်အထင် ဖြင့် ထိတ်လန့် သွားပြီး သံတမန်များ စေ လွှတ်လေ၏။




နောက်နေ့တွင် သုတဘုရင်ကြီး ကြွလာရာ....

စနေနေ့တိုင်းထုတ်ဝေသည်။


မင်းသားဆန္ဒကို ဘုရင်ကြီးက လိုက်လျော၏။
မယ်ကံယုံလာလေလျှင် မင်းသားစန္ဒသည် အရေးတယူ ရှိသေလေးစားစွာ ကြိုဆို၏။
ယခုတိုင် မရှိသေးပေ –
သင်ကား - မည်သူနည်း
မင်းသား မောင်စန္ဒသည် ဘုရင်ကြီး အနားကပ်လျက် –
ကြံကြံဖန်ဖန်
မယုံလျှင် ခေါ်မေးတော် မူပါ
သူ၏ဖခင်(ကျွန်ယုံတော်)ပြောခဲ့သမျှကိုဖွင့်ပြောပြလေသည်။ပါးကွက်အာဃာတသားအား
ခေါ်ယူစစ်ဆေးရာ မိဖုရားကြီးများ အမိန့်ကို မလွန်ဆန်ဝံ့၍ လုပ်ရကြောင်း ဝန်ခံလေ၏။


တော်ကြ
သုတ ဘုရင်ကြီးသည် ဒေါသပြင်းစွာ ထွက်၍
လက်လွှန်ပါဖည့် - ဆင်ဖြင်တော်မူပါ ခမည်းတော်
မိဖုရားကြီးများကို သံလျက်နှင့် ထပိုင်းရာ—
ဤသို့ ဆိုလျှင် သားတော်၏ ဆန္ဒအတိုင်း ပစ်ဒဏ် ခတ်အံ့
ပြည်နှင်ဒဏ် ခတ်သင့်ကြောင်းပါ ခမည်းတော်
မှား တော့မည် သားတော်...
သားတော် ဆန္ဒအတိုင်း စိတ်လိုက် မာန်ပါ မပြုပါနှင့် မောင်တော် ဘုရား
...ငမောင်တော်ကိုလည်း နှမတော် ခွင့်လွှတ်ပါ၏ ...အစ်မကြီးများကိုလည်း ပြည်နှင်ဒဏ်မခတ် ပါနှင့်........... မောင်တော်ဘုရား



သားတော် - မယ်တော်ကို ကူညီပြီး -
အိမ်း - တကယ် သဘောထားကြီးတဲ့ မိဖုရားပါလား
တော်ပါပေတယ် - နှစ်မတော် မယ်ကံယုံ — ငါတို့ စိတ်နောက်ကိုယ်ပါ - ထင်ရာ လုပ်မိကြလို့ - မှားခဲ့ကြပြီ။ ယခုကံကောင်း ထောက်မလို့သာ - သားတော်နှင့်ပြန်တွေ့ ကြရတာဘဲ။ ထပ်ပြီး မှားကြဦးမယ်မဟုတ်ဘူး
သင့်တင့်လျောက်ပတ် ကြောင်းပါ - ဖုရားခမည်းတော် ဘုရား ....
အင်း - ငါတို့အသက်ဟာ မယ်ကံယုံတို့ သားအမိပေးတဲ့ အသက်ဘဲ ရှိတော့ပါလား
အရှင်မင်းကြီး
မိဖုရား ကြီး
သို့ဖြင့် သုတဘုရင်ကြီးနှင့် မိဖုရား အားလုံး ဥပုသ်ဆောင် ဝင်ကာ အေးချမ်းစွာ နေထိုင် လျက်—
မောင်စန္ဒနှင့် မယ်သိင်္ဂီတို့သည် ထီးနန်းဆက် ခံ၍ ပျော်ရွှင်စွာ စိုးစံကြလေသတည်း။


(ပြီးပါ)


ရဲစွမ်းသတ္တိ
ဇာတ်လမ်း၊ ဂယောက်ချီ ပန်းချီ ဦးစိန်
မိုးဟိန်းတို့ထံသို့ လာနေသော လူနှစ်ယောက်မှာ ပြည်သူ့စစ်အဖွဲ့မှ ဦးတဖြူ လွှတ်လိုက်သော တပ်သားများ ဖြစ်လေသည်။ ထိုကြောင့် မိုးဟိန်းနှင့် ဦးတဖြူတို့သည် တပ်မတော်ရှိရာ မန်ကျည်းနီပင် စခန်းသို့ ထွက်ခဲ့ကြလေသည်။
တွေ့ခဲ့ပါတယ်၊ ချာတိတ်လေး ကို ခေါ်ပြီး လိုက်ခဲ့ပါလို့ ဗိုလ်ကြီး က မှာလိုက်တယ်
ကဲ ဒါဖြင့် သွားကြစို့
ဦးတဖြူတို့ရောက်လာ ကြပြီလား-ကဲ လာကြ လာကြ
မိုးဟိန်းသည် တပ်မတော် ဗိုလ်ကြီးအား ဖြစ်သမျှ အကြောင်းစုံကို စစ်သားကြီး မှာလိုက်သည့်အတိုင်း ပြောပြလိုက်လေသည်။
ရဲဘော် ချာတိတ်-မင်း ရဲ့ စစ်သား ကြီးက-ဘယ်လိုပုံလဲ ပြောပြပါအုံး-သူ့ပုံသဏ္ဌာန် ကို-မင်း သိသ လောက်ပြောပြနော်
ဟုတ်ကဲ့
မောင်မိုးဟိန်း ပြောပြတဲ့ စစ်သား ကြီးဟာ ကျနော်တို့တပ်က တပ် ကြပ်ကြီး ကျော်မြိုင်ဘဲဗျ
တပ်ကို နှစ်စုခွဲပြီး ခင်ဗျားတို့နဲ့အတူတူ ချီတက်မယ်-မိုးမလင်း ခင် ဝိုင်းမိဖို့အရေးကြီး တယ်........



သူတို့သည် သတ်မှတ်ထားသော နေရာသို့ ရောက်သွားကြပြီး ရန်သူ နောက်ပိုင်း၌ နေရာယူ စောင့်ဆိုင်းနေကြလေသည်။
အရှေ့ဖက်မှာ အလင်းရောင် မြင်နေပြီ - ဘာဖြစ်လို့ မတိုက်သေးပါလိမ့်
မိုးဟိန်းနှင့်ဦးဘဖြူတို့မှာ လယ်ကန်သင်းရိုးကြီးတခုကို အကာအကွယ်ပြု၍ အခြေအနေကို စောင့်ကြည့်နေကြသည်။
ဒိုင်း
အက်အက်အက်
ဒုံး
ဒုံး
ဒိုင်း
ဒုံး
ဒုံး
ဦးကို ထိုးမိထားပြီ
သူပုန်တယောက် ဒီဖက်ကိုပြေးလာနေတယ် ဦးကြီး
အသာနေ- အနားရောက်မှ ခြေထောက်ကိုလှံရိုးနဲ့ရိုက်ပစ်လိုက်မယ်
အမလေး ဗျ
ချွပ်


မလှုပ်နဲ့နော်
ဒါတဲ
ဗိုလ်ကြီးက အခေါ်လွှတ်လိုက်တဲ့
ရဲဘော်ကြီးရောက်လာပြီ-အဆင်သင့်ဘဲ
ဖို့ဖမ်းထားတဲ့လူကိုပါ ခေါ်သွားမယ်
လာပေါ့-မောင်မိုးဟိန်း
ဦးဘဖြူနဲ့ ရဲဘော်
ချာတိတ်တွေရောက်
လာမှာကိုး-လာကြ
လာကြ
နိုနို နဲ့ စစ်သားကြီးကို ပြန်ပြန်
သွားရှာမှ ဖြစ်မယ် ဗိုလ်ကြီး-
သူတို့ သိပ်ဆာနေမှာဘဲ
ကဲ ဆရာကျော်မြိုင်-ခင်ဗျား
ရဲ့ ရဲဘော်လေးကို စကား
ပြောပါဦး
ဟာ..ရဲဘော်မောင်မိုးဟိန်း
ဦး ဝမ်းသာလိုက်တာ
ကွာ...
ဦးတို့ ဘယ်တုန်း
က-ရောက်နေတာ
လဲ-ဟင်...........
နိုနို ကော......

ဆက်ရန်

# ဆွစ်ဇာလန်နိုင်ငံ

## ရေး စိုးလွင်မြင့် ပန်းချီကျော်ကျော်






ဆွစ်ဇာလန် နိုင်ငံသည် ဥရောပတိုက်တွင် တည်ရှိ၍ ယင်း၏ အနောက်နှင့် အနောက်မြောက်ဖက်တွင် ပြင်သစ်၊ တောင်ဖက်တွင် အီတလီ၊ အရှေ့ဖက်တွင် ဩစတြီးယားနှင့် မြောက်ဖက်တွင် ဂျာမနီ နိုင်ငံ တို့ တည်ရှိသည်။ အကျယ်အဝန်းမှာ စတုရန်း မိုင်ပေါင်း ၁၅,၉၄၁ ဖြစ်သည်။

ဆွစ်ဇာလန် နိုင်ငံသည် ဥရောပ တိုက်တွင် တောင်အထူထပ်ဆုံး နိုင်ငံဖြစ်ကာ နိုင်ငံ၏ လေးပုံ သုံးပုံမျှသည် ဆီးနှင်းဖုံးသည့် အဲလ်ပ်တောင်နှင့် ဂျူရာတောင်များဖြစ်သည်။ ဥရောပတိုက်၏ မြစ်ကြီးလေးခုဖြစ်သော ရိုင်း၊ ရုန်း၊ တီချီနို နှင့် အင်းမြစ်တို့သည် ဆွစ်ဇာလန်နိုင်ငံတွင် မြစ်ဖျားခံသည်။



မြေမျက်နှာပြင် အနိမ့် အမြင့်ကိုလိုက်၍ ရာသီဥတု အမျိုးမျိုး ကွဲပြားခြားနားသည်။ မြောက်ပိုင်း ဒေသများသည် သမပိုင်း ရာသီဥတု ရှိပြီးတောင်ပိုင်း ဒေသများသည် ပူနွေးစွတ်စိုသော မြေထဲပင်လယ် ရာသီဥတု ရှိသည်။

လူဦးရေမှာ ခြောက်သန်း ကျော်ဖြစ်၍ မြို့တော်မှာ ဗန်းမြို့ဖြစ်သည်။ ဆွစ်၊ အီတာလျံ၊ ဂျာမန်၊ ပြင်သစ် လူမျိုး စသည်တို့ နေထိုင်ကြ၍ အများစုမှာ ဆွစ်လူမျိုး ဖြစ်သည်။



တောရိပ်တောင်ရိပ်လွှမ်းသော ဆွစ်ကျေးရွာတရွာ

ရေဖျန်း ခရစ်ယန်နှင့် ဗရင်ဂျီဘာသာဝင်များပြားသည်။ ဂျီနီးဗားမြို့မှာ ယခင်က နိုင်ငံပေါင်းချုပ်အသင်းကြီး တည်ရာဌာနဖြစ်ခဲ့၏။

ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများသည် ဆွစ်ဇာလန်နိုင်ငံ၏ အဓိက စီးပွားရေး လုပ်ငန်းများဖြစ်သည်။ သယံဇာတ ပစ္စည်းကြွယ်ဝခြင်း မရှိသော်လည်း ရေအား လျှပ်စစ်ကိုမူ များစွာရရှိသည်။ စက်မှုလုပ်ငန်းတွင် အဓိကမှာ နာရီထုတ်လုပ်ရေး ဖြစ်သည်။ အဓိက





ကြီးကျယ်သော နွားမွေးမြူရေးနှင့် နို့ချက်လုပ်ငန်း

စိုက်ပျိုးထုတ် ကုန်များမှာ ဂျုံ၊ ဘာလီ၊ မြင်းစားဂျုံ၊ ရိုင်းစပါး၊ အာလူးနှင့် သစ်သီးများဖြစ်သည်။ ကျွဲနွားများကိုလည်း မွေးမြူကြသည်။ နို့ဆီ၊ ထောပတ်၊ ဒိန်ခဲ၊ ချောကလက် တို့မှာ ဆွစ်ဇာလန်နိုင်ငံ၏ ထင်ရှားသော စားသောက်ကုန်များ ဖြစ်သည်။ အဓိက ပြည်ပ တင်ပို့ကုန်များမှာ ဓာတုဗေဒနှင့် စက်ပစ္စည်း၊ နာရီအမျိုးမျိုး၊ ချည်မျှင်နှင့် အထည်အလိပ်၊ ဒိန်ခဲ စသည်တို့ ဖြစ်သည်။ အသုံးပြုသော ငွေကြေးမှာ ဆွစ်ဖရန့် ဖြစ်သည်။



ကမ္ဘာကျော်သော ဆွစ်နာရီ

ကမ္ဘာ့အရပ်ရပ်မှ ခရီးသည်များသည် ဥရောပ၏ ကစားကွင်းဟုပင် နာမည်ရနေသော ဆွစ်ဇာလန် နိုင်ငံသို့ ယင်း၏ ရာသီဥတု၊ ရှုခင်းသာနှင့် ဆောင်းတွင်း အားကစားပွဲများကို နှစ်သက်ကာ လာရောက် လည်ပတ်ကြသည်။

အယ်လပိုင်း တောင်တန်းအောက်၌ ဖောက်လုပ်ထားသော ဆင်ပလုံ ဥမင်လိုဏ်ခေါင်းမှာ ၁၂ မိုင်ခွဲရှည်၍ ကမ္ဘာပေါ်တွင် အရှည်လျားဆုံး ဖြစ်သည်။




ဆွစ်ဒဏ္ဍာရီထဲမှ မျိုးချစ် သူရဲကောင်း ဝီလျံတဲရုပ်တု

၁၆၄၈ ခုနှစ်တွင် ရောမ အင်ပိုင်ယာတွင်းမှ လွတ်လပ်ရေး ရသည်။ ၁၈၁၅ ခုနှစ်တွင် ကြားနေ နိုင်ငံအဖြစ် သတ်မှတ်ခြင်း ခံရသည်။

ပါလီမန် ဒီမိုကရေစီစံနစ် ကျင့်သုံးသော သမ္မတနိုင်ငံဖြစ်၍ လွှတ်တော်နှစ်ရပ်ပေါင်းက အစိုးရအဖွဲ့နှင့် သမ္မတကို ရွေးချယ်သည်။ လက်ရှိ သမ္မတမှာ ဝီလီစပူးလား ဖြစ်သည်။ ရွေးကောက်ပွဲတွင် အမျိုးသမီးများ မဲပေးခွင့် မရှိပေ။

ဆွစ်ဇာလန် နိုင်ငံသည် ကုလ သမဂ္ဂ အဖွဲ့ဝင် နိုင်ငံ မဟုတ်သော်လည်း ယင်း၏ လက်အောက်ခံ အဖွဲ့များနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၌ ပါဝင်လေသည်။


အနားယူချိန်မှာ
လူတယောက်သည် နေ့စဉ်မပျက် လုပ်ဆောင်ရသော အလုပ်ဝတ္တရားများအပြင် –
မမြှော်လင့်ပဲ ဖြစ်လာတတ်သော ကောင်းမြတ်သည့် အလုပ်တို့ကို လုပ်မိသကဲ့သို့ –
မမြှော်လင့်ပဲ ဖြစ်လာတတ်သော ဆိုးယုတ်သည့် အလုပ်တို့ကိုလည်း လုပ်မိတတ်သည်။
ထို့ကြောင့် နေ့စဉ် မိမိလုပ်ခဲ့မိသော အလုပ်တို့ကို မေ့မပစ်ပဲ....
ခေါ် ဖေါ် ခေါ်
အဆိုး အကောင်း ဝေဖန် ပိုင်းခြားနိုင်ရန် အနားယူသော အချိန်တွင် နေ့စဉ် မိမိလုပ်မိခဲ့သော အလုပ်တို့ကို ပြန်၍ စဉ်းစား ကြည့်သင့်ပေသည်။
ငါ ဒီနေ့ ဘာတွေလုပ် ခဲ့သလဲ


အချောင်
သမား
ချိုတူးသည် ဘာဖြစ်ဖြစ် အချောင် လိုချင်လိုက်၏။
တနေ့တွင် ဆရာမက —
တယောက်ယောက်ကောက်ရတိုင်းအမြဲသူ့ဟာချည်း ဆို၏။


ကြောင်လေး ရွှေဝါ
သရုပ်ဖော်
ဇော်ဦး
ရွှေဝါ - နို့သောက်ပြီးယင် ညစ်ညစ်ပတ်ပတ် မကစားရဘူးနော်
ကြောင်ကလေး ရွှေဝါကို သူ၏သခင်က အလွန်ချစ်သည်။
သို့သော် ရွှေဝါသည် အမြဲ ညစ်ညစ်ပတ်ပတ် ဆော့တတ်သည်။
ကြည့် - ညစ်ပတ်လှာ ပြန်ပြီ - နောက်တခါဆို အာ ရိုက်ခံရမယ်
ကြောင်ကလေး ရွှေဝါကား အမှတ်မရှိ ဆော့မြဲပင် —
ငါ့သခင် အလစ် ဆော့လိုက်အုံးမယ်
ရွှေဝါ ညစ်ပတ်သဖြင့် အိမ်ရှိ လူကြီးများက မောင်းထုတ်ကြ၏။
ကြောင်ညစ်ပတ်က လေးလာပြန်ပြီ
သူတို့မချစ်လဲ ဘာအရေးလဲ - ငါ့ကိုချစ်တဲ့ ငါ့သခင်ဆီသွားမှာပေါ့
သို့သော် —
သွား - အမှတ်မရှိတဲ့ ကြောင်ညစ်ပတ်ကလေး အနားမလာနဲ့
ငါ့သခင်က ငါ့ကို သူ့စကားနား မထောင်လို့ မချစ်တော့ဘူး
ပြီး

# ငှက်တိုင်း ပျံသန်းနိုင်သလော

ငှက်တိုင်းတွင် အတောင်ရှိသော်လည်း ငှက်တိုင်းမပျံသန်း နိုင်ပေ။ ယင်းသို့ မပျံသန်းနိုင်သော ငှက်များထဲတွင် တောင်အာဖရိကတိုက်ရှိ ငှက်ကုလားအုပ်၊ နယူးဇီလန်ကျွန်းရှိ ကီဝီငှက်နှင့် ပင်းဂွင်းငှက်တို့ပါဝင်လေသည်။ အိမ်မွေး ကြက်များလည်း အနည်းငယ်သာ ပျံသန်းနိုင်သည်။



ငှက်ကုလားအုပ်သည် ပေါင် ၂၀၀ မှ ၃၀၀ အထိ အလေးချိန်ရှိပြီး၊ ခုနစ်ပေမှ ရှစ်ပေအထိအရပ်မြင့်နိုင်သည်။ ဤမျှကြီးမားသော ငှက်ကြီးများအဖို့ ပျံသန်းရေးမှာ အမှန်ပင် မလွယ်ကူပေ။

သို့သော် အလွန် အပြေးမြန်သည်။ တနာရီလျှင် မိုင် ၄၀ နှုန်းခန့် ပြေးနိုင်သည်။

၁၇ ရာစုခန့်က မောရီရှပ် ကျွန်းတွင် ရှိခဲ့သော ဒိုဒိုခေါ် ငှက်တမျိုးမှာ ပျံလည်း မပျံနိုင်၊ ပြေးလည်း မပြေးနိုင် ခြင်းကြောင့်၊ ရန်သူအမျိုးမျိုး၏ လက်မှ မလွတ်နိုင်ဖြစ်ကာ မျိုးပြုတ်ခဲ့လေသည်။

ကြယ်ဖြူ



# လက်ဝါးကို ဖောက်၍ မြင်လိုသလား

ဘယ်လက်ဝါးကို ဖြန့်၍ ထောင်ထား။ အချင်း တလက်မခန့်ရှိသော ပြောင်းတိုကလေး သို့မဟုတ် စက္ကူလိပ်တခုကို ညာလက်ဖြင့် ကိုင်ကာ ဘယ်လက်ဝါးစောင်းတွင် ထိထား။ ပြောင်းဝကို ညာဖက်မျက်စိ ရှေ့မှာထား။ ဘယ်လက်ဝါးကို ဘယ်ဖက် မျက်စိရှေ့မှာထား။ ထို့နောက် မျက်စိနှစ်လုံး စလုံးကို ဖွင့်လျက် အဝေးရှိ ပစ္စည်းတခုခုကို စိုက်ကြည့်ပါ။ ခဏကြာလျှင် ဘယ်လက်ဝါးကို ဖောက်၍ မြင်ရသလို ထင်လာလိမ့်မည်။

# လယ်သမားသား

မောင်သော်ဂျညို



မိုးမင်းကြီးသည် သဲသဲမဲမဲ ရွာချနေပါသည်။ လယ်ပြင်တွင် မိုးရေများ ဖွေးဖွေး လှုပ်နေပေလိမ့်မည်။ သာဂီ၊ ချက်ကြီးတို့ လူစုသည် ဤသို့ မိုးရွာပြီဆိုလျှင် လယ်ပြင်သို့ ထွက်၍ ဖား၊ ငါး၊ ရှဉ့်၊ ပုစွန်လုံးအရှာ ထွက်ကြပြီ။

မိုးရွာတိုင်း ရွာတိုင်း သာဂီတို့ ကျွန်တော့်ကို လာခေါ်လေ့ရှိသည်။ ဖား၊ ငါးရှာရန် ဖြစ်သည်။ ကျွန်တော်က ငါးဖမ်းခြင်း၊ ပုစွန်လုံး နှိုက်ခြင်းတို့ကို လုံးဝ ဝါသနာမပါ။ မိုးရွာပြီဆိုလျှင် အိမ်တွင် ဇိမ်ရှိရှိကွေးနေချင်သည်။ သာဂီတို့ အုပ်စုကို ကိုယ့်ဒုက္ခ ကိုယ်ရှာနေသူများဟုသာ ကျွန်တော် ထင်သည်။

တမိုးတုန်းက သာဂီတို့နှင့်အတူ လယ်ပြင်ဆင်းပြီး ပုစွန်လုံးနှိုက်သည်ကို ကြည့်ဘူးပါသည်။ အင်မတန် ကြောက်ရွံ့ဖို့ ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် မြွေတွင်းနှင့် ပုစွန်လုံးတွင်း မှား၍ နှိုက်မိနိုင်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော့် အဖေသည် လယ်သမားကြီး တဦး ဖြစ်သော်လည်း ကျွန်တော့်ကို လယ်ထဲ မဆင်းစေပါ။ ကျွန်တော့်ကို ပညာ တတ်ကြီးသာ ဖြစ်စေချင်ပါသည်။ အမေကလည်း ကျွန်တော့်ကို လယ်ထဲ မဆင်းခိုင်း၊ အဖေ့ အတွက် ထမင်းဟင်းပို့လျှင် အမေသာ သွားပါသည်။ သို့ကြောင့် ကျွန်တော့်မှာ ကျောင်းနှင့် အိမ်၊ အိမ်နှင့် ကျောင်းဖြင့်သာ အချိန်ကုန်ပြီး လယ်ပြင်နှင့် အတော်စိမ်းနေပါသည်။

သာဂီတို့ အုပ်စု ညနေစောင်း၍ အိမ်ပြန်လာလျှင် သူတို့၏ ခြင်းများ၊ ပလိုင်းများထဲဝယ် သားငါး၊ ပုစွန်၊ ဂဏန်း အစုံအလင် ပါလာတတ်သည်။ တခါတရံ သူတို့သည် မြွေကဲ့သို့ ရှည်လျားသည့် အရောင်ညိုညို ငရှဉ့်ကြီးများကို လက်ဖြင့်ကိုင်၍ ကျွန်တော့်အား မြှောက်ပြသွားသည်။ ကျွန်တော်သည် သူတို့နှင့်အတူ လယ်ထဲဆင်း၍ ငါး၊ ပုစွန်နှိုက်ချင်စိတ် ပေါ်မိသော်လည်း ရွံ့ညွန်ထဲ ဆင်းရမည်ကို အားကြီး ရွံရှာ မိပါသည်။ ထို့ကြောင့်လည်း ကျွန်တော့်ကို ရွာမှ သူငယ်ချင်းများက "မင်းသားရုပ်" ဟုနောက်ပြောင်ကြပါသည်။

အဖေ လယ်ထဲက ပြန်လာလျှင်လည်း ငါး၊ ပုစွန်၊ ငရှဉ့်များပါလာမြဲဖြစ်သည်။ ထိုအခါ အမေသည် အဖေ ယူလာသော လယ်ဟင်းလျာများကို အကောင်းဆုံး စီမံ ချက်ပြုတ်တတ်ပါသည်။ ထမင်းဝိုင်းတွင် ပုစွန်လုံးဟင်း ဆီပြန်မှာ ကျွန်တော့်အဖို့ အရသာ တွေ့လှန်းလှပါသည်။

တညနေ ကျွန်တော်တို့ မိသားစု ထမင်းစားပြီး ရေနွေး

ကြမ်း သောက်နေချိန်တွင် ရွာမြောက်ဖက်မှ ဘကြီးမှုံသည် မျက်နှာသုတ်ပုဝါကို ခေါင်းတွင် ရစ်ပတ်ပြီး အိမ်သို့ဝင်လာလယ် ပါသည်။

"ဟော့ – မြမောင်ရ၊ မင်းသားအသက် ဘယ်လောက်ရှိပြီလဲကွ"

"ဆယ့်လေးနှစ် ရှိပါပြီ ဘကြီးမှုံ"

"ဟာ – အတော်ကြီးပြီဘဲကွ၊ ခုထိ မင်းသား လယ်ထဲ ဆင်းပြီး သားငါးရှာတာ မတွေ့သေးဘူး။ ထွန်းမောင်ရဲ့သား သာဂီ၊ ချက်ကြီးတို့ ကြည့်စမ်း၊ မင်းသားနဲ့ ရွယ်တူဘဲ၊ ငါးပုစွန်ရှာပြီး အိမ်စရိတ် သက်သာအောင် မိဘကို ကူနေတာ"

"သားက ဒါမျိုး ဝါသနာမပါဘူး ဘကြီးမှုံရ"

"ဘာဝါသနာ မပါရမှာလဲကွ၊ လယ်သမား သားသမီးဆိုတာ လယ်ယာနဲ့ နီးစပ် နေရမှာပေါ့"

ဘကြီးမှုံနှင့်အဖေတို့ ပြောနေကြသည့် စကားများကို နားထောင်ရင်း ကျွန်တော့်ကိုယ်ကျွန်တော် ရှက်လာမိပါသည်။ ထို့ကြောင့် နောက်နေ့တွင် သာဂီတို့နှင့်အတူ ကျွန်တော် လယ်ထဲသို့ မဝံ့မရဲ လိုက်ခဲ့ပါသည်။

ရေဖွေးဖွေးနှင့် လယ်ယာမြေကို ခြေချရသည်မှာ အရသာ ရှိလှပါသည်။ ကြီးဒေါ်ဒေါ်ဘုမ၏ နွားပေါက်လေးကို လိုက်လံမောင်းနှင်၍ စီးရသည်မှာလည်း ပျော်စရာ တမျိုးကောင်းလှသည်။ အားရအောင် ကစားပြီး ကျွန်တော်တို့ ငါး၊ ငရုံ့၊ ပုစွန်လုံးများ ရှာဖွေကြသည်။

"အောင်ဘု သေသေချာချာ မှတ်ထားကွ။ ပုစွန်လုံးတွင်းထဲမှာ ရေကြည်နေယင် ပုစွန်လုံးမရှိဘူးကွ။ ရေနောက်နေမှ ပုစွန်လုံးရှိတယ်"

သာဂီက ကျွန်တော့်ကို သင်ပေးသည်။ ချက်ကြီးကလည်း နှိုက်နည်း နှိုက်ဟန်ကို ပြောပြသည်။

"နှိုက်တဲ့အခါကျယင် ရွံ့ထဲ လက်စိုက်မိအောင် တခါထဲ နှိုက်ကွ။ ရွှံ့နဲ့ ရောထွေးပြီးဖမ်းယင် ပုစွန်လုံး အညှပ်မခံရဘူးပေါ့"

သူငယ်ချင်းများ၏ ညွှန်ပြမှုများကြောင့် ကျွန်တော်သည် လယ်သမားသား ပီသသောဘဝသို့ ရောက်ခဲ့ပါသည်။ ကျွန်တော်၏ ဘေးတွင် လွယ်ထားသော ပလိုင်းကို ကြည့်ရင်း ကျွန်တော် အတော် ရွှင်မြူးနေပါသည်။

## ဒို့တာဝန်

သစ်သီးဝလံ၊ မျိုးစုံလင်၊
အိမ်တွင်းခြံဥယျာဉ်။
မသေခင်က၊ ဒို့အဖိုး၊
ရေလောင်း ပေါင်းသင်ပျိုး။

အဖိုးစိုက်သော၊ သစ်ပင်တွေ၊
သီးကင်း တဝေဝေ။
သားတွေ မြေးတွေ၊ ဒို့အများ၊
ဝေငှခူးဆွတ်စား။

ငါတို့စားသော၊ သီးမွှေဝါ၊
အဖိုးစေတနာ။
သူ့စေတနာ၊ သိတတ်က၊
ဆက်လက်ပြုပြင်၊စိုက်ပျိုးကြ။။

မင်း - မန်းတက္ကသိုလ်



R. 517

# မြေခွေး



မြေခွေးသည် တောခွေး တမျိုး ဖြစ်သည်။ သားစားသတ္တဝါများထဲတွင် အကောက်ကျစ်ဆုံး ဖြစ်သည်ဟု ယုံကြည် ကြသည်။ ခွေးနှင့် ဝံပုလွေမျိုးစုတွင် ပါဝင်သည်။ အလုံးအထည်မှာ ခွေးနှင့်ဝံပုလွေတို့ထက် သေးငယ်သည်။ ကိုယ်ထည်မှာ ရှည်လျားယောင်ရှိပြီး ခြေထောက်များတိုသည်၊ နားရွက်များမှာ ကြီးမားပြီး အမွေးထူသည်။ နှုတ်သီးချွန်ပြီး မေးရိုးများ ဖြောင့်တန်းသည်။ အမြီးသည် ရှည်လျား၍ အမွေးရှည်များပေါက်နေသည်။


နေ့ဖက်တွင် မြေကျင်းများ၊ သစ်ခေါင်းများထဲတွင် ပုန်းအောင်းနေတတ်ပြီး၊ ညချမ်းတွင် အစာရှာထွက်လေ့ရှိသည်။ ယုန်များ၊ မြေတွင်ကျက်စားသောငှက်များကို ဖမ်းယူစားသောက်သည်။ ကြွက်၊ ဖား၊ တီကောင်နှင့် ပိုးကောင် အချို့ကိုလည်း စားသည်။ သားကောင်ဖမ်းရာတွင် သားကောင်အနီးသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီး လျှပ်တပြက်အဟုန်ဖြင့် ပြေးဆွဲကိုက်ဖမ်းလေ့ရှိသည်။

တနှစ်လျှင်တကြိမ် သားပေါက်သည်။ နွေဦး ရာသီတွင် သားပေါက်ပြီး တကြိမ်လျှင် သုံးကောင်မှ ခုနစ်ကောင်အထိ ပေါက်ဖွားသည်။ သားငယ်များကို နို့တိုက်မွေးမြူသည်။

မြောက်ပိုင်းနိုင်ငံများတွင် အများအပြား တွေ့ရသည်။ ရေခဲပြင်ဖက်တွင် နေထိုင်သော မြေခွေးတို့၌ အဖြူရောင်နှင့် အပြာနုရောင် အမွေးများ ရှိသည်။ မြောက်ဒွေ့သော အရပ်ဒေသများရှိ မြေခွေးများမှာ အညိုရောင် အမွေးများရှိကြသည်။ အဖြူရောင်နှင့်အပြာရောင်အမွေးများမှာ သားမွေးအဝတ်အထည်အတွက် များစွာအဖိုးတန်လှသည်။

မြန်မာနိုင်ငံ ရခိုင်တိုင်းမြောက်ပိုင်း တလျှောက်တွင် အညိုရောင် မြေခွေးများကို တွေ့ရတတ်သည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးအင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ – ၃။ အမှတ် – ၃၉။

# ရွှေသွေး ဂျာနယ်

## သစ်ခုတ်သမား


ပန်းချီ လှစိုက်
ဇာတ်လမ်း မြေဦး

၁၃၃၂ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက် (၂၅-၉-၇၀)




စနေနေ့တိုင်း ထုတ်ဝေသည်။


ဘုရင်ကြီးထွက်လာသည်နှင့် ကြုံကြိုက်သဖြင့် ရှေ့မှောက်သို့ ဝင်ရောက်စေား လျှက်—
ဘုရင်ကြီးကပြုံးရယ်ပြီး—
ထိုစဥ် မလှမ်းမကမ်းမှ လှည်းတစီး ဖြတ်မောင်းသွားရာ—


သစ်ခုတ်သမားလည်း ဝမ်းသာအားရဖြင့် လှည်းနောက်သို့ ပြေးလိုက်သွားလေသည်။
သစ်ခုတ်သမားပြန်လာသော်....
အရှင်မင်းကြီး လှည်းမှာဆန်အိတ်များကိုတင် ဆောင်ထားပါတယ်–
ဆန်အိတ်တွေပေါ့လား၊ ဒါနဲ့ အဲဒီလှည်းက ဘယ်အရပ်က လာပြီး ဘယ်အရပ်ကို သွားမှာလဲ–
ဒါတော့ ကျွန်တော်မျိုး မမေးခဲ့ပါ–
နောက်တခေါက် ပြေးလိုက်သွားပြီး –
မောမောပန်းပန်းနှင့် ပြန်လာကာ –
အရှင်မင်းကြီး လှည်းမှာ အနောက်ရွာမှလာ၍ အရှေ့ရွာသို့ သွားမည့်လှည်း ဖြစ်ပါတယ်–
အရှေ့ရွာကိုသွားမှာပဲလား၊ ဒါနဲ့ လှည်းမောင်းသမားရဲ့ အမည် မည်သူမည်ဝါ ဖြစ်သလဲ မောင်မင်း
ကျွန်တော်မျိုး မမေးခဲ့ရသေးပါ
နောက်တခေါက် ပြေး လိုက်ပြန်ရာ–
လှည်းမှာ အတော်အလှမ်းဝေးသွားသဖြင့် လှည်းကိုမှီအောင် အတော်လိုက်ရရှာသည်။
မောင်သီဝလိ ခေါ်ပါတယ်–
သစ်ခုတ်သမား ပြန်ရောက်လာသော် အလွန် ပင်ပန်းမောဟိုက်လျက် –


ထိုစဉ် မှူးမတ်များ ရောက်ရှိလာကြရာ —
ကျွန်တော်မျိုးတို့ အခစားလာကြောင်းပါ ဘုရား
ဘုရင်က အမတ်ကြီး တဦးအား —
အမတ်ကြီး ပြန်ရောက်လာသော် —
အမတ်ကြီး၏လျှောက်တင်ချက်များကို ကြားရပြီးနောက် —
သစ်ခုတ်သမားသည် သူ၏အမှားကို သိမြင်ကာ ဘုရင်ကြီးအား တောင်းပန်လျက် ထွက်ခွာသွားလေသတည်း။



ရဲစွမ်းသတ္တိ
ဇာတ်လမ်း ဂေယက်ခါ   ပန်းချီ ဦးစိန်
မိုးဟိန်းသည် တပ်ကြပ်ကြီး ကျော်မြင့်နှင့် နုနုတို့ကို ပြန်လည်တွေ့ဆုံရသဖြင့် အလွန် ဝမ်းသာနေလေသည်။
နင်တို့ ငါ့ကို လိမ်သွားပြီလို့ မထင်ကြဘူးလား ဟင်
မထင်ပါဘူး နင့်ကို ယုံပါတယ်ဟာ နင်က လာခဲ့ရောက်အောင် သွားခိုင်းသေးဘဲ
ကျနော့်အဖေကို သူပုန်တွေ ဖမ်းမထားဘူး မဟုတ်လား ဦး
မင်းအဖေ သူ့လယ်တဲမှာ ရှိနေမှာပါကွာ...
ဒီက ပြန်ယင် ကျနော့်ကို ဝင်ပို့ပေးခဲ့ပါနော် - ပြီးတော့ ကျနော် အိမ်က ထွက်ပြေးနေတာ မဟုတ်ဖူးလို့လဲ ပြောပေးပါ - ကျနော် ပျောက်နေလို့ အဖေစိတ်ပူနေမှာဘဲ
ကဲ - ဆရာကျော်မြင့် - ကလေးနှစ်ယောက်ကို ခေါ်ပြီး ပြည်သူ့စစ်အဖွဲ့ ဦးကြီးတွေ ရှိ ရွာသာကြီးကို သွားနှင့်ကြလေတော့
ဟုတ်ကဲ့ ဗိုလ်ကြီး
တပ်မတော်ရဲ့ ကိုယ်စား မင်းတို့ နှစ်ယောက်ရဲ့ ရဲစွမ်းသတ္တိကို ချီးကျူး ဂုဏ်ပြုပါတယ်




နုနု..နင့်အဖေကော ဘယ်မှာလဲ..ဟင်.. ငါ မတွေ့ပါလား
ထို့နောက် သူတို့သည် လှေဖြင့်ခရီးဆက်လက် ထွက်ခဲ့ကြလေသည်။
ငါ့အဖေ တိုက်ပွဲမှာ ကျဆုံးသွားတယ်- ကြာပါပြီ... သူတို့ဆီမှာ ငါမနေချင်ဘူး- သိပ်ဆိုးတဲ့လူကြီးတွေဘဲ-နင်တို့ကို ဖမ်းလာတော့ ငါစိတ်မကောင်းဘူး
ဘယ်လိုလုပ်ရပါ့မလဲလို့ တညလုံးကြံနေခဲ့တာပေါ့၊ နောက်ဆုံးမှာ ချုံတွေ ထဲက ပတ်ပြီး နင်တို့ဆီကိုလာခဲ့တာဘဲ- အစောင့်က အိပ်ပျော်နေတော့ ပို အဆင်ပြေသွားတာပေါ့
ဒီလိုဆိုယင် နင်ဘယ်သွားနေမလဲ..ဟင် နုနု
မအူပင်မြို့မှာ ငါ့အဒေါ် ရှိတယ် ဒေါ်လှသိန်းတဲ့...... ဗိုလ်ကြီးက- ရအောင်စုံစမ်းပြီး ပို့ပေးမယ်လို့ ပြောတယ်
ဦးဘမြူတို့အဖွဲ့ လှည်းနဲ့လာကြိုနေကြပြီ
လာလေ-မောင်မိုး ဟိုနား ဘာများဆွေးနေတာလဲ ဟင်...


ဦးတို့ ဒီက လှည်းနဲ့ သွားမယ် မဟုတ်လား
အေးပေါ့
ဒီလိုဆိုယင် ကျနော် ဒီက နေသွားတော့မယ် - ဒီအတိုင်းသွားယင် ကျနော်တို့ လယ်တဲကို ရောက်မှာဘဲ
လှည်းနဲ့သွားတော့ မြန်မြန်ရောက်တာပေါ့
မောင်မိုးဟိန်း တို့လယ်တဲကို ရောက်အောင် ဦးတို့လိုက်ပို့မှာပေါ့
လှည်းပေါ်တက်တော့လေ မောင်မိုးဟိန်း
ကျနော် ဒီကဘဲ ပြန်တော့မယ်
မင်း...ဦးနဲ့ လိုက်
နေရတော့မယ်
မောင်မိုးဟိန်း

ဆက်ရန်





# မွန်ဂိုလီးယားပြည်သူ့ သမ္မတနိုင်ငံ



မွန်ဂိုးလီးယားနိုင်ငံသည် အာရှတိုက် အနောက်မြောက်ပိုင်းတွင် တည်ရှိ၍ မြောက်ဖက်တွင် ဆိုဗီယက် ပြည်ထောင်စု၊ အရှေ့ဖက်၊ တောင်ဖက်၊ အနောက်ဖက်တို့တွင် တရုပ်ပြည်သူ့ သမ္မတနိုင်ငံ ရှိသည်။

ကုန်းပြင်မြင့်များ၊ တောင်များ ပေါများသည်။ အထူးသဖြင့် နိုင်ငံ၏ အနောက်စွန်းတွင် တောင်ထူထပ်သည်။ တောင်ဖက်ပိုင်းတွင် ဂိုဘီ သဲကန္တာရ ရှိသည်။ အလယ်ပိုင်း အာရှတွင် အနက်ဆုံး ဖြစ်သော ၇၀၁ ပေ နက်သည့် ကော်ဆော်ဂေါ်ရေအိုင် ရှိသည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်း မိုင်၆၀၄,၀၉၅ ခန့် ဖြစ်သည်။



ရွှေ့ပြောင်းရ လွယ်ကူသောအိမ်

လွန်ကဲသော ကုန်းတွင်း ရာသီဥတုမျိုးရှိပြီး နွေဖက်တွင် မိုးသည်းထန်စွာ ရွာသွန်းလျက် ဆောင်းရာသီတွင် နှင်းအနည်းငယ် ကျသည်။

မြင်းရိုင်းဖမ်းစဉ်



လူဦးရေမှာ တသန်းတသိန်းခန့် ဖြစ်ပြီး မြို့တော်မှာ အူလန်ဘာတို ဖြစ်သည်။ နေထိုင်သောလူမျိုးများမှာ ခါခါမွန်ဂို၊ကာမက်မွန်ဂို၊ခါဇတ်နှင့်


# ရေး-စိုးလွင်မြင့် ပန်းချီ-ကျော်ကျော်



မွန်ဂိုးလီးယားမိသားစု

အဂုဂါ များ ဖြစ်ကြသည်။ လားမား ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကြသည်။ ခါခါမွန်ဂို၊ အိုင်ရတ်မွန်ဂိုနှင့် တူရကစ် ဘာသာစကားကို ပြောဆို သုံးနှုန်းသည်။

နိုင်ငံ၏ အဓိက စီးပွားရေး လုပ်ငန်းမှာ မွေးမြူရေး ဖြစ်သည်။ လူဦးရေ၏ ၈၀% သည် မွေးမြူရေးကို လုပ်ကိုင်ကြသည်။ သိုး၊ ဆိတ်၊ မြင်း၊ ကျွဲ၊ နွား နှင့် ကုလားအုပ်တို့ကို မွေးမြူကြသည်။ စိုက်ပျိုးရေးတွင် အဓိက သီးနှံမှာ ဂျုံ ဖြစ်သည်။



သိုးကျောင်းသား

အဓိက ပြည်ပ ပို့ကုန်များမှာ မြင်း၊ နွား စသည့် တိရစ္ဆာန်များနှင့် တိရစ္ဆာန် ထွက် ပစ္စည်း၊ သားရေစိမ်း၊ သီးနှံ၊ ထောပတ်၊ ဓာတ်သတ္တုနှင့်သတ္တုရိုင်းများ ဖြစ်သည်။ သွင်းကုန်များမှာ စားသောက်ကုန်၊ စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းများ ဖြစ်သည်။ အသုံးပြုသော ငွေကြေးမှာ တူဂရစ် ဖြစ်သည်။

၁၉၆၁ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ဖြစ်လာသည်။


နိုင်ငံ၏ သမ္မတမှာ ဂျမ်ဆရန်ဂျင်း ဆမ်ဘူးဖြစ်၍၊ ဝန်ကြီးချုပ်မှာ ယမ်ဂျာဂျင်း ဆီဒင်းဘားလ် ဖြစ်သည်။

သဲကန္တာရအတွင်း
ခရီးသွားနေသူများ




ဦးဖိုးကြွား
မောင်ရှိုဝင်း
အညာမှ ဦးဖိုးကြွား ရန်ကုန် ရောက်လာရာ—
အဲဒါ ဟွန်းမ တီးရတဲ့ကွ
ဟောဒါက ကျောင်း ရှိတယ် လို့ပြောဒါ ကွ
ဟောဒါက တလမ်း မောင်း တဲ့.
ခွေးကိုက် တတ်သည်
ဟိုစာကကော် ဘာခွေး လဲ....
ငါလဲ စာမတတ် ဘူးကွ
ခွေးကိုက်လိမ့်မယ် ဖြစ်မှာပါ။ စာတတ် အောင်သင်ထားမှဘဲ
ပြီး


ငပွကြီး သုံးယောက်
မင်းတို့ လမ်းထဲကို - ဒီမနေ့ကပဲ ပြောင်းလာပါတယ် - အဲဒီ - မင်းတို့နဲ့ မိတ်ဆွေဖွဲ့ချင်လို့ပါ
ကြိုဆိုပါတယ်ပေါ့ ဟား-ဟဲ-ဟဲ
ကျေးဇူးတင်ပါတယ် - ဒါဖြင့် - ကျွန်တော့်ပုတွေပဲ ခေါ်ပါ - ဘောလုံးကန်ရအောင် -
ဝအား - ဦးချည်းပဲ - ကစားမယ်ဆိုယင်တော့ - ကစားပါ - ဒါပေမဲ့ တခြားကောင်တွေလဲ ခေါ်မယ်ဆိုယင် - ဦးနဲ့ဖြစ်မှာမဟုတ်ဘူး
ဟင်
ဟုတ်တယ် - ဒီလမ်းထဲမှာက ဦးနှစ်ယောက်ပဲ - ရှိတယ် ကျွန်တော့်ကောင်တွေက - ဒီတစ် ရောက်တာကို - မသင့်တော့ ကောင်တွေပါကွာ -
ဟုတ်လား
စိတ်ပျက်ဖို့ကောင်းတဲ့လမ်းပါလား
ဘယ်ကိုမှမဆို ကိုယ်တိုင်တွေ့မှ ကြုံမှ - ယုံရတယ် အများ အပြောနဲ့ - နားယောင်ပြီး - ဘယ်တော့မှ - မဆုံးဖြတ်နဲ့ -
နီတွတ်သည် ဆရာမ၏စကားကို ပြန်လည်ကြားယောင်မိ၏။


ထိုကြောင့် နီတွတ်သည် အခြားကလေးများ ကစားနေရာသို့သွားပြီး–
သူငယ်ချင်းတို့- ငါမနေ့ကပြောင်း လာတဲ့ လူသစ်ပါ-
အေး- ဘောလုံးဆိုတဲ့ ကစားဖော် တိုးလာတဲ့ အတွက် ဝမ်းသာပါတယ် ဒါပေမဲ့- ဥကစားမယ်ဆိုရင် မင်းတွေ့ခဲ့တဲ့ကောင်တွေပါလို့ မဖြစ်ဘူး –
ဟုတ်တယ်- ဒီကောင်တွေက ကစားရင်- သိပ်ညစ်တာ-
ဟေ
ဟေ့- ဘယ်လိုလဲ
ဟုတ်တယ်
ဟား ဟား

# နွားများ အဘယ်ကြောင့် စမြုံ့ပြန်သနည်း

နွားများသည် စမြုံ့ပြန်တတ်သောတိရစ္ဆာန်မျိုးစုထဲတွင် ပါဝင်သည်။ ယင်း တိရစ္ဆာန်မျိုးတွင် စမြုံ့ပြန်ရန်အတွက် အစာသစ်များ သိုလှောင်ရာ အစာခန်းသီးသန့်ရှိသည်။ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ သမင်၊ ကုလားအုပ်တို့မှာ စမြုံ့ပြန်တတ်သော တိရစ္ဆာန်များပင် ဖြစ်သည်။

နွားသည် ပထမဆုံး အစာကို ကိုက်ဖြတ်ပြီး သွားရည်ဖြင့် စွတ်စိုစေသည်။ ထို့နောက် ပထမဆုံး အစာခန်းသို့ရောက်အောင် မျိုချလိုက်သည်။ ထိုအစာခန်းတွင် အစာအားလုံး ရောနှောမိပြီး ဒုတိယအစာခန်းသို့ ကူးသွားပြန်သည်။ ဒုတိယအစာခန်းသို့ ရောက်သောအခါ စမြုံ့ပြန်ရန်အတွက် အစာလုံးကလေးများ ဖြစ်သွားလေသည်။ အစာမစားဘဲ အနားယူသောအခါ ယင်း စမြုံ့လုံးများသည် ပါးစပ်အတွင်းသို့ ပြန်ရောက်လာသည်။ ထိုအခါမှ ကျေညက်အောင် ဝါးပြီး တတိယအစာခန်းသို့ရောက်အောင် ဝါးမျိုချသည်။ ထိုအစာခန်းတွင် ရေခိုးရေငွေ့များ ကို ညှစ်ထုတ်ပစ်ပြီး စတုတ္ထ အစာခန်းသို့ ပို့ပေးပြန်သည်။ ယင်း အစာခန်းသို့ ရောက်မှ အစာကို ကျေညက် စေပြီး အစာမှ အာဟာရကို ထုတ်လုပ်ယူလေသည်။

ကြယ်ဖြူ








စာမျက်နှာမှတ်ကပ်ပြား

ပုံကို စက္ကူထူထူတွင် ကပ်ပြီး ညှပ်ထုတ်ပါ။ မျဉ်းစက်များ အတိုင်း နောက်သို့ခေါက်၍ ခေါက်စချင်း ကော်ကပ်ဆက်ပါ။ ဖတ်လက်စ စာအုပ်၏ စာမျက်နှာထောင့်စွန်း တွင် အလိုက်သင့် စွပ်ကာ စာမျက်နှာမှတ်သားပါ။



# ရေနံဆီ လာပါအုံး

ချစ်လှိုင်ဦး



ကျောင်း ပိတ် သော နေ့တနေ့ ဖြစ်ပါသည်။ ကျွန်တော်နှင့် တိုးနိုသည် အိမ်ရှေ့ လမ်းဘေးရှိ သရက်ပင် ရိပ်တွင် ဂေါ်လီရိုက် ကစား နေကြပါသည်။ ကျွန်တော်တို့ အိမ်သည် ကုန်းမြင့်လေးပေါ်တွင် ရှိ၍ လေတဖြူးဖြူး တိုက် နေ ပါ သည်။

"ဂေါ်လီ ရိုက်ရတာ ပျင်းပြီကွာ" ဟု တိုးနိုက ညည်းသည်။

"အေးကွာ–တခုခု ပြောင်း ကစားရအောင်"

ထိုအခိုက် "ရေနံဆီ–ရေနံဆီ" ဟု ရေနံဆီသည်၏ အော်သံကို ကြားလိုက်ရ ပါသည်။

ကျွန် တော် တို့ လှမ်းကြည့်လိုက်ရာ ကျွန်တော်တို့ အရွယ် ကောင် လေး တယောက်သည် တွန်းလှည်းပေါ်တွင် ရေနံဆီပုံးများကို တင်၍ တွန်းသွားနေသည်ကို တွေ့ရပါသည်။

"ဟေ့–ဒီ ကောင်လေးကို တို့ အပျင်း ပြေ နောက်ရအောင်" ဟု တိုးနိုက လက်ဖြောက်တီးရင်း ပြောပါသည်။

"ဘယ်လိုနောက်မှာလဲကွ"

"ဒီကုန်းပေါ်ကနေ လာပါအုံးလို့ လှမ်းခေါ်မယ်။ ဒီကောင်လေး တက်လာတော့ ဒို့ပုန်းနေမယ်လေ" ဟု တိုးနိုက ပြောပြပါသည်။

"အေး–ကောင်း တယ် ကွ၊ လှမ်းခေါ်လိုက်"

"ရေနံဆီ–လာအုံး" ဟု တိုးနိုက လှမ်းခေါ်လိုက်ပါသည်။

ရေနံဆီသည် ကလေးသည် တွန်းလှည်းကို ရပ်လိုက်ပြီးကျွန်တော်တို့ရှိရာ ကုန်းပေါ်သို့မော့ကြည့်ကာ–

"တကယ် ဝယ်မှာလား" ဟု လှမ်း၍ မေးပါသည်။

"ဝယ်မှာပေါ့ကွ" ဟု ကျွန်တော် က ပြန် ပြော လိုက် ပါသည်။

"ဘယ် လောက် ဖိုး ယူမှာလဲ။ ပုံး လိုက် ယူ မယ် ဆို ယင် လှည်းပါ တွန်းပြီး တက်ခဲ့မယ်။ ပုလင်းနဲ့ ဝယ်မယ် ဆိုယင်တော့ အပေါ် မတက်တော့ဘူး"

"နှစ်ပုံး သုံးပုံး ယူ မှာ ကွ၊ ဒို့အလှူလုပ်မလို့" ဟု တိုးနိုက ညာလိုက်သည်။

ထိုအခါ ရေနံဆီသည် ကလေးသည် သူ၏ လှည်းကြီးကို တအိအိတွန်းရင်း ကုန်းပေါ်သို့ တက်လာပါတော့သည်။ လက်က လည်း တွန်း၊ ခြေ က လည်း မြေကြီးကိုကန်လျက်၊ သူ၏ပါးစပ်မှလည်း "အင်း–အင်း" ဟူသော အား ထုတ် သံ များ ပင် ကြားနေရပါသည်။

ကျွန် တော် တို့ သည် အိမ်ဘေးရှိ ကားရုံထဲတွင် ဝင်၍ ပုန်းနေလိုက်ကြပါသည်။

ခဏကြာလျှင် ရေနံဆီသည် က လေး သည် ကုန်း ထိပ် သို့ ရောက်လာပြီး၊ သ ရက် ပင် ရိပ် တွင် လှည်းကိုရပ်လိုက်ပါသည်။ သူ့တကိုယ်လုံးတွင် ချွေးများ ရွှဲနေပါသည်။ သူ၏ ရင်ဘတ်ကလေးမှာ နိမ့်လိုက်၊ မြင့်လိုက်နှင့် ဖြစ်နေ သည်ကို တံခါး ကြားမှ နေ၍ မြင်နေရပါသည်။

သူသည် ဟို ဟို သည် သည် လှည့်ပတ်ကြည့်ကာ ကျွန်တော်

တို့ကို ရှာနေပါသည်။ "ရေနံဆီ သယ် ရောက်ပြီဗျို့" ဟု အော် ပြီး ရေနံချေးများ ပေနေသော ဦးထုပ်လေးဖြင့် ယပ်ခတ်နေပါ သည်။

"ရေနံဆီသယ် ရောက်ပါပြီ ခင်ဗျာ" ဟု ထပ်အော် ပြန်ပါ သည်။ တိုးနီသည် တခိခိနှင့် သဘော ကျနေပါသည်။ ကျွန် တော်က ပြုံးမိသော်လည်း သ ဘောမကျတော့ပါ။

ခဏကြာလျှင် မေမေထွက် လာပြီး "ဒို့အိမ် က ဖ ခေါ် ပါ လား" ဟု ပြောသောအခါသူက "ခေါ် သလားလို့ပါ ခင်ဗျာ" ဟု ပြန်ပြော ပါသည်။ ထိုနောက် သူမျက်လုံးကလေးများဖြင့် တ ချက် ငေးရှမ်း ကြည့်ပြီး နောက် လှည်း ကို အောက် သို့ ပြန် ၍ တွန်းသွားပါတော့သည်။ ကျွန် တော်တို့လည်း ထွက်ခဲ့ပါတော့ သည်။

"တိုးနီ-ဒို့တော့မှားသွားပြီ ကွာ။ သူခမျာ ပင်ပင်ပန်းပန်း တက်လာပြီး ရောင်းလဲမရောင်း ရဘူး။ ပြီးတော့ ဒို့ကခေါ် တယ် လို့လဲ မေမေ့ကို မပြောဘူး။ ဒို့ ခေါ် တယ်လို့ ပြောယင် မေမေ က ငါ့ကိုရိုက်မှာ။ ဒီကောင်သိပ် သဘော ကောင်းတာဘဲ"

"အေးကွာ-ဒို့သူ့ကိုနောက် တာ လွန်သွားတယ်"

"လာကွာ – ဒို့ သူ့ကို လိုက် တောင်းပန်ရအောင် ။ ပြီးတော့ သူ့ကို နောက်တဲ့အတွက် ဒို့ဟာ ဒို့ အ ပြစ် ပေး မယ်" ဟု ကျွန် တော်ကပြောကာ ရေနံဆီသည် ကလေးဆီသို့ ပြေးလိုက်ခဲ့ကြပါ သည်။

"ဟော့-နေအုံးကွ" ဟု တိုးနီ က လှမ်းအော် ပါသည်။ အနီး သို့ ရောက် လျှင် ကျွန် တော် က "ဒို့ နောက် မိ တာ ခွင့်လွှတ်ပါ ကွာ – နော်" ဟု တောင်း ပန် လိုက်ပါသည်။

"ကိစ္စ မရှိ ပါ ဘူး ကွာ" ဟု သူက မျက်ရည် လည်နေသော မျက်လုံးများဖြင့်ကြည့်ကာ ပြန် ပြောပြီး လှည်းကို ဆက်တွန်း မည် ပြုပါသည်။

"နေအုံးကွ၊ မင်း လှည်း ကို ဒို့ လိုက် တွန်း ပေး မယ်။ မင်းမ တွန်းနဲ့" ဟု ပြောပြီး၊ လက်ကိုင် နေရာတွင် ကျွန်တော်တို့ နှစ် ယောက် နေရာ ဝင်ယူ လိုက် ပါ သည်။ သူက ကြောင်၍ ကြည့် နေပါသည်။

"ငါ့နာမယ်က – ဖိုးပေါက်၊ သူ့နာမယ်ကတိုးနီ၊ မင်းနာမယ် ကကော ဘယ်သူလဲ"

"ဂျစ်တူး"

"အေး-ဒီနေ့ကစပြီး ဒို့ သူ ငယ်ချင်းတွေ ဖြစ်သွားကြပြီ။ ကဲ-တွန်း" ဟု ပြောပြီး လှည်း ကို စ၍တွန်းပါတော့သည်။

"ရေနံဆီ ရမယ်ဗျို့" ဟု တိုး နီ က ကုန်း ၍ အော် လိုက် ပါ သည်။

ကျွန်တော်တို့ သုံးယောက် စလုံး ပြုံးလိုက်မိပါတော့သည်။

# လူငယ်တွေသည်

ကမ္ဘာ့မကြေ ဆိုသီချင်းနဲ့၊
မြန်မာ့တိုင်းရင်း ပီသမယ်။
ဒါဒို့မြေကွယ် ဒို့မြေစစ်မို့၊
ဒို့တတွေ ချစ်မြတ်နိုးတယ်။
ပြည်၏ရန်စွယ် ဟူသမျှကို၊
ခဏမနေ့ တွန်းလှန်မယ်။
ဒို့ဘိုးဘွားရယ် အမွေထားလို့၊
ဒို့များဆိုင်ရ ပိုင်ရတယ်။
ဒါကြောင့်လဲကွယ်
ဒို့ပြည်ကြီးကို၊
စုစည်းအားသစ်
လောင်းစို့ကွယ်။
ဒို့လူငယ် – ဒို့လူငယ်။ ။

ကြည်မွေ့ (ဟံသာဝတီ)



R. 517

# ချေ ဂျီ



ချေသည်သမင်မျိုးဝင်ဖြစ်ပြီးအိမ်မွေးဆိတ် အလတ်စားခန့် ရှိသည်။ အသွေး အရောင်မှာ အုန်းခွံရောင်ဖြော့ဖြော့ ဖြစ်သည်။ အထီးသည် အမထက် ပို၍ အရောင်ရင့်သည်။ အထီး၏ အပေါ်သွားများသည် အစွယ်များသဖွယ် အပြင်သို့ ကောက်ထွက်နေသည်။ အထီးတွင်သာ ဦးချိုပေါက်ပြီး ဦးချိုအဖျားပိုင်းမှာ အတွင်းဖက်သို့ ကောက်နေသည်။ ဦးချိုအရှည် နှစ်လက်မမှ လေးလက်မအထိ ရှိသည်။ အမတွင် ဦးချိုမရှိသော်လည်း နဖူးရိုးများ မောက်ထွက်နေသည်။ အထီးသည် အမထက် အလုံးအထည်ပိုကြီးသည်။ ချေများသည် လျှာ အလွန်ရှည်ပြီး လျှာဖြင့် မျက်နှာ တပြင်လုံးကို လျက်နိုင်သည်။

အနံ့ ခံနိုင်စွမ်း အသင့်အတင့်ရှိပြီး အကြားအမြင်သင့်သည်။ အလွန် ပါးနပ်ပြီး၊ အမဲလိုက်မုဆိုးနှင့် ခွေးတို့ကို တခါတရံ ခုခံတိုက်ခိုက်တတ်သည်။ အသံသုံးမျိုးခန့် အော်မြည်တတ်သည်။ ကြောက်လန့်လျှင် တမျိုး၊ ရပ်နားနေလျှင်တမျိုး၊ ပြေးနေလျှင် တမျိုး စသည်ဖြင့် အော်မြည်သံ ကွဲပြားမှုရှိသည်။ ပြေးလျှင် ဦးခေါင်းကို မော့လျက်ပြေးသည်။ ထိုအခါ ဦးချိုသည် လည်တံနှင့် ကပ်နေသည်။

မိုးဦးတွင် သားပေါက်လေ့ ရှိသည်။ တကြိမ်လျှင် တကောင်မှ နှစ်ကောင်အထိ ပေါက်ဖွားသည်။ သားငယ်များတွင် ခြောက်လသားထိ အစက်အပြောက်များနှင့် အဖြူစင်းများရှိသည်။

မြက်အမျိုးမျိုးနှင့် အသီးအမျိုးမျိုးကို စားသည်။ အထူးသဖြင့် ငွေး၊ ဖန်ခါး၊ သစ်ဆိမ့်၊ ဆီးဖြူ စသည်များကို အလွန်ကြိုက်သည်။ ညနေတိုင်း ရေမှန်မှန်သောက်လေ့ရှိသည်။ နံနက်စောစောနှင့် ညနေ နေဝင်ရီတရောအချိန်များတွင် ကွင်းစပ်များသို့ အစာထွက်စားလေ့ရှိပြီး၊ တညလုံး အစာရှာစားသောက်တတ်သည်။ နေ့လယ်အချိန်များတွင် ထူထပ်သောချုံများထဲ၌ အနားယူ အိပ်စက်လေ့ ရှိသည်။ နေရာတနေရာတည်းတွင် ကျက်စားလေ့ရှိသည်။

ချေ များကို မြန်မာပြည်အနှံ့ တောပါးသော အရပ်ဒေသများတွင် တွေ့ရသည်။

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ–၃။ အမှတ်–၄၀။

# ရွှေသွား ဂျာနယ်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-မြေရိုင်း

၁၃၃၃ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက် (၂-၁၀-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။



ဦးအာကာသည် လူများနှင့် ခင်မင်မိလျှင် လူများက သူ့ကို ညာလှိမ့်၍ စားမည်ထင်နေ၏။
တညတွင် ရွာပြင်ဇရပ်ပျက်နံဘေး၌ သူခိုးနှစ်ယောက်အရက်သောက်ရင်း —
သူခိုးလာစဉ် ဦးအာကာ အိပ်မောကျနေ၏။
အရက်ထက်ချိန်ရောက်သော် —
နံနက်မိုးလင်း၍ ဦးအာကာနိုးလာလျှင် —
အိမ်နောက်ဖေး ကုက္ကိုပင်ကြီး အောက်၌ ဝှက်ထားသော နေရာကို သွားကြည့်၏။


သို့သော် သူခိုးများ မပြန်ကြသေးပဲ ချောင်းကြည့်နေသည်ကိုမူ မသိရှာပေ။
နောက်ညတွင်
နောက်တညတွင် သူခိုးများပြန်လာ၍—
ကျုပ်ငွေတွေ ပြန်ပေး - ပြန်ပေး
နံနက် မိုးလင်းသောအခါ ဦးအာကာသည် ခါတိုင်းကဲ့သို့ ပစ္စည်းသွားစစ်ရာ မတွေ့တော့သဖြင့် စိတ်ထိခိုက်ပြီး ငိုယိုကာ လျှောက်အော်နေတော့၏။
ခင်ဗျား ပြောတဲ့ အတိုင်း ဆိုရင် သူခိုး - ခိုးသွားတာ အမှန်ပဲ
ဟုတ်ပါတယ် သူကြီးမင်းရယ်
သူ့ကို မည်သူမျှ အဖက်မလုပ်ကြသဖြင့် နောက်ဆုံး၌ သူကြီးအိမ် ရောက်သွား၏။
ကျုပ်တခု ပြောမယ် ဦးအာကာ - ခင်ဗျားက - ရွာနဲ့ ကင်းကင်းနေတော့ ခင်ဗျား ငွေကို - ဘယ်သူကမှ အရေးမစိုက်ကြဘူးဗျာ
မှန်တော်မူပါတယ် သူကြီးရယ်၊ လူတွေကို ကျွန်တော်က - မယုံမကြည်ဖြစ်ပြီး - တရွာလုံးနဲ့ ရှင်းရှင်း နေခဲ့မိတာပါ . . .
ဒါမျိုးဆိုတာ တခြားလူတွေကို အသိမပေးရဘူး . . .
အမှတ်တမဲ့ လုပ်ရတယ်
ရက်များမကြာမီ သူကြီးသည် ညဖက်များတွင် ရွာသားအချို့ကို ပတ်ဝန်းကျင်၌ ကင်းပုန်းဖြန့်၍ ချထားလိုက်သည်။


ဟေ့ - ဝိုင်းကြဟေ့
ဖမ်းကြဟေ့
ဟိုဘက် လမ်း ပိတ်ထား
လိုက်လိုက်
မိပြီ
မိပြီ
ဟညတွင် ရွာတဖက်ဆီမှ—
ချက်ချင်းပင် သူကြီးရောက်လာပြီး—
ဦးအာကာမှာ ပစ္စည်း ပြန်ရသဖြင့်—
နောက်တနေ့တွင် ဦးအာကာ၏အိမ်၌ ဝမ်းသာသော အထိမ်းအမှတ်ဖြင့် ရွာသူရွာသားများ
အား ဖိတ်ခေါ်၍ အလှူပေးနေသည်ကို တွေ့ရလေသတည်း။


ယခင်အပတ်မှအဆက်



ရဲစွမ်းသတ္တိ
ဇာတ်လမ်း ဂယက်နီ ပန်းချီ ဦးဖိန်
တပ်ကြပ်ကြီး ကျော်မြင့်၏ အသံမှာ ဝမ်းနဲ့ ကြေကွဲစွာဖြင့် တိမ်ဝင်သွား၏။ ထို့ကြောင့် သူ့မျက်နှာကို တဖက်သို့ လွှဲထား လိုက်လေသည်။
မောင်မိုးဟိန်း ဦးနဲ့လိုက်နေရတော့မယ်... သူတို့ မင်းအဖေကို......, သတ်ပစ်လိုက်ကြတယ်
ဟင်...
ခင်ဗျာ.... ကျနော့်အဖေကို သတ်ပစ်လိုက်ကြပြီ ဟုတ်လား....
မောင်မိုးဟိန်း လှည်းပေါ်တက်ကြရအောင်
မိုးဟိန်းသည် လှည်းပေါ်သို့ တက်လိုက်သည်။ သူ့မျက်လုံးများထဲတွင်မျက်ရည်များဝေ့နေသည်။ သို့သော် သူသည် မငိုမိစေရန် အားခဲထားလေသည်။


ဒီလိုနဲ့ သူတို့ဟာ တိုင်းပြည်အတွက်
အသက်စွန့် တိုက်ပွဲဝင်ခဲ့တဲ့ စစ်သားကြီးတဦးကို
ကယ်တင်နိုင်ခဲ့ပါတယ် - ဒီနယ်မှာ အရေးပါနေတဲ့
လူပုန်စခန်းကို ဖြိုချက်နိုင်အောင်လဲ အကူအညီ
ပေးနိုင်ခဲ့ပါတယ် - သူတို့ဟာ ဒုက္ခရောက်နေတဲ့
စစ်သားကြီးကို ကြင်နာစွာ ကူညီကြရင်း
စွန့်စားခဲ့ကြပါတယ်
သူတို့နှစ်ယောက်ရဲ့ ရဲစွမ်းသတ္တိ
ကို ကျနော်တို့ ဘယ်တော့မှ မေ့နိုင်
စရာမရှိပါဘူး - ဒါကြောင့် ဒီဂုဏ်ပြုပွဲ
ကို ကျင်းပရခြင်း ဖြစ်ကြောင်း
နိဂုံးချုပ်ပြောလိုပါတယ်
ဖြောင်း!
ဖြောင်း!
ဖြောင်း!
အဖေသာရှိယင် ဘယ်
လောက် ပျော်ရှာလိုက်မလဲ


နင် ဘာဖြစ်လို့ ငိုင်နေတာလဲ
အားငယ် မနေပါနဲ့ ဟယ်
ဟိုမှာကြည့်စမ်း ကောင်ကလေး
တွေ ငါတို့အကြောင်း ပြော
နေတာဖြစ်မှာဘဲ
သူပုန်တွေကို ဖမ်းမိ
အောင် စစ်သားကြီးကို
ကူညီခဲ့တာကွ
လာဟေ့
မောင်မိုးဟိန်းနဲ့
နုနု - သွားကြစို့

# နယူးဇီလန်နိုင်ငံ








ရှေးဟောင်း အနုပညာ
လက်ရာ

နယူးဇီလန်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ၏ တောင်ပိုင်း၌ တည်ရှိသော ကျွန်းနိုင်ငံဖြစ်ပြီး ဩစတြေလျနိုင်ငံမှ မိုင်ပေါင်း တထောင်ကွာဝေးသည်။ ယင်းတွင် အဓိကအားဖြင့် ကျွန်းကြီး နှစ်ကျွန်းပါဝင်၍ ကျွန်းငယ်ကလေးများလည်းရှိသည်။ အကျယ် အဝန်းမှာ စုစုပေါင်း စတုရန်းမိုင် ၁၀၃,၇၃၆ ဖြစ်သည်။

ကျွန်းကြီးနှစ်ကျွန်းအနက် မြောက်ကျွန်းတွင် တောင်တန်းနှင့် မီးတောင်များရှိသည်။ မီးတောင်များ ရှိခြင်းကြောင့် ရေပူပန်းများ ဖြစ်ပေါ်နေသည်။ တောင်ကျွန်းသည် တောင်ပိုမို ထူထပ်ပြီး ပေ တသောင်းထက် မြင့်သော တောင်ထွတ်များရှိသည်။ သို့သော် မီးတောင်များ မရှိသလောက် ဖြစ်သည်။

မျှတသော ရာသီဥတုရှိသည်။ လူဦးရေစုစုပေါင်း နှစ်သန်း ခြောက်သိန်းကျော်ရှိ၍ မြို့တော်မှာ ဝယ်လင်တန် ဖြစ်သည်။ နေထိုင်သော လူမျိုးများတွင် အများစုမှာ ဥရောပမျိုးနွယ်များနှင့် မအိုရီ တိုင်းရင်းသားများဖြစ်သည်။တရုပ်၊အိန္ဒိယ၊ဒတ်(ချ)၊

ရေခဲတောင်ကြီးများမှပျော်ဆင်းလာသော
ရေအားကိုသုံးသည့် လျှပ်စစ်
ဓာတ်အားပေး စက်ရုံ





ရိုးရာပျော်ပွဲရွှင်ပွဲမှ
ရှေးရိုးဆင်ယင်မှု

## ရေး-စိုးလွင်မြင့်   ပန်းချီ-ကျော်ကျော်

ယူဂိုစလပ်၊ ဂရိစသည်တို့မှာ လူနည်းစုဖြစ်သည်။ ခရစ်ယန်ဘာသာ ကိုးကွယ်သူ များပြားသည်။ မအိုရီတိုင်းရင်းဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့ကို ပြောဆိုသုံးစွဲကြသည်။

နယူးဇီလန်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ မွေးမြူရေးဖြစ်သည်။ နွားနှင့်သိုးကို အကြီးအကျယ်မွေးမြူသည်။ ကမ္ဘာ့အကောင်းဆုံး မွေးမြူရေးစားကျက်များတွင် နယူးဇီလန် နိုင်ငံပါဝင်သည်။ ကမ္ဘာ့တွင် တတိယ သိုးမွေးအများဆုံးထွက်သော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးပညာနှင့် ဆေးသိပ္ပံပညာထွန်းကားသည်။ အသုံးပြုသော ငွေကြေးမှာ နယူးဇီလန် ဒေါ်လာဖြစ်သည်။



လျှောစီးခြင်းသည် နယူးဇီလန်နိုင်ငံ၏
အားကစားတခုဖြစ်သည်။


ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သော အက်ဒမန် ဟီလရီသည် နယူးဇီလန်နိုင်ငံသား တယောက်ဖြစ်သည်။

၎င်းနိုင်ငံ၏ သာယာလှပသော ကမ်းခြေနှင့် သဘာဝ ရှုမျှော်ခင်းများကြောင့် ကမ္ဘာ့အရပ်ရပ်မှ များစွာသော ခရီးသည်တို့ လာရောက်၍ အပန်းဖြေကြသည်။




နယူးဇီလန်တွင်သာ
ရှိသောကီဝီငှက်

၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် ဗြိတိသျှ မဟာမိတ်အဖွဲ့ဝင် လွတ်လပ်သော နိုင်ငံဖြစ်လာကာ ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂ အဖွဲ့ဝင် ဖြစ်လာသည်။ နိုင်ငံ၏ ဘုရင်ခံချုပ်မှာ ဆာအာသာပေါရစ်ဖြစ်၍ ဝန်ကြီးချုပ်မှာ ကေဂျေဟိုလီအုတ် ဖြစ်သည်။



ရွက်လှေပြိုင်ပွဲ


ညီပါသေး
တယ် –
ဟေး - ဒီနေ့ညတော့ ထုပ်ဆီးတိုးတမ်းကစား ကြမယ်ဟေ့ –
အေး - ဟုတ်တယ်
ကောင်းတယ်
ဒီလိုဆိုယင် – မိုးမိုးနဲ့ စိုးစိုး တို့က တဖက်စီ ခေါင်းသူကြီး လုပ်ကြပေါ့ –
ဟင်
ဟုတ်တယ်
ဒါက-အမြဲတမ်းတော့ သူများနောက်လိုက် မလုပ်နိုင်ဘူး - ဒီတခါ တော့ - ငါခေါင်းသူကြီး လုပ်မယ် - ဒါဘဲ
ဒီလိုလဲ -ဘယ်ဟုတ်မလဲ မိုးမိုးနဲ့ စိုးစိုးက - ခေါင်းသူကြီး လုပ်နေကျ မဟုတ်လား –
အို–ဘာဘဲ ဖြစ်ဖြစ် ငါ ခေါင်းသူကြီး မလုပ်ရယင် မကစားဘူးကွာ –
ဟေ


ဟေ့ - ကြာတယ်ကွာ - သူ့ဒီယောက်လုပ်ချင်ယင် လုပ်ပါစေ -
အဲဒါကောင်းပါတယ် ဒီတခါ - ငါ ခေါင်းသူကြီး - မလုပ်ဘူး ငါ့အစား - ဖိုးတုး လုပ်ပါစေ
ကဲ - ဒါဖြင့် အုပ်စုခွဲ
ဟုတ်တယ်
ဒီလိုမှပေါ့
သို့နှင့် အုပ်စုခွဲပြီးကစားရန် ခေါင်းပန်းလှန်ကြသည်။
ဖိုးကျော် ကို - မင်း နောက်က စည်းမှာ ထားတော့ - မြန်လှ ကွ - ထိန်းနိုင် ပါ့မလားဟ -
မင်း - ဆရာမလုပ်ပါနဲ့ ငါ ခေါင်းသူကြီးပါ -
ပန်းကွ ဖိုးတုး တို့ အုပ်စု တားအလှည့်
စိမ်ပြီဟေ့ -
တော့တာ
တပြုံကြီး - စုသွားတော့ ဘယ်လိုလုပ် ဖမ်းမလဲကွ


ဖိုးတူး - ခေါင်းစည်းက
ဝင်ပိတ်လေ -
ဟိုက် -
ဟုတ်သားဘဲ
မပူနဲ့ -
ငါလာပြီဟေ့ -
ဘာရမလဲ
ကွ --
အွန်း
တယ်လောတာ
ကို - ဟဲဟဲ
ဖိုးတူး - ဘာငိုင်နေတာလဲ
ပြန်လုပ်ကွ -
အမလေးဗျ
အောင်လူပြီ
ဟူး -
မလွယ်ပါ
လားဟေ့
ကိုယ့်ကို ကိုယ်လဲ
ပြန်ဆန်းစစ်အုံးမှ
ပေါ့ - ဟဲဟဲ
ဟား ဟား

**ကုလားအုပ်သည် အချိန်ကြာကြာရေမသောက်ပဲ မည်သို့နေနိုင်သနည်း**

ကုလားအုပ်များသည် အခြား တိရစ္ဆာန်များနှင့် မတူပဲ အချိန်ကြာကြာ ရေမသောက်ပဲ နေနိုင်သည်။ ယင်းသို့ နေနိုင်ခြင်းမှာ ချွေး အထွက်နည်းခြင်းကြောင့် ကိုယ်ခန္ဓာအတွင်းတွင်ရေကိုကြာမြင့်စွာ ထိန်းသိမ်းထား ကာ တဖြည်းဖြည်းချင်း အသုံးပြု နိုင်သောကြောင့် ဖြစ်သည်။

ကုလားအုပ်များသည် ရေမသောက်ပဲ တပတ် ကျော်ကျော်ခန့် နေနိုင်သည်၊ အရည်ရွှမ်းသော သီးနှံပင် များကိုသာ စားနေရလျှင် ထိုထက်ပို၍ ကြာကြာနေနိုင် လေသည်။

ရေငတ်နေသော ကုလားအုပ် တကောင်သည် ရေသောက်ခွင့်ရသည်နှင့် ရေဂါလံ ၂၀ (ပိဿာ ၅၀) ခန့်ကို တကြိမ်တည်း သောက်လေတော့သည်။

ထို့ပြင် ကုလားအုပ်များသည် အစာမစားပဲ လည်း ရက်အတော်ကြာကြာ နေနိုင်ပြန်သည်၊ ထိုသို့ နေနိုင်ခြင်းမှာ ယင်းတို့၏ ကျောပေါ်ရှိ ဗို(မို)ထဲတွင် အဆီပိုအဖြစ် အာဟာရဓာတ်ကို သိုလှောင်ထားနိုင်ခြင်း ကြောင့်ဖြစ်သည်။

ကြွယ်ရှု





ဝါ၊ နီ၊ ပြာ၊ ပန်းရောင်ဆေးများဖြင့် အရောင်ခြယ်ပါ။



# တတတ် တအား

ခင်[illegible]

အလွန် သာယာသော ဆောင်းရာသီ၏ နံနက်ခင်း ဖြစ်ပါသည်။ ကျွန်တော်သည် အိပ်ရာမှ စောစောထ၍ စာကျက်လေ့ ရှိသည့်အတိုင်း တနံနက်တွင် ထိုသို့ စောစောထ၍ စာကျက်လျက်ရှိစဉ် --

"အကြော်စုံ ရမယ် နော်-- အကြော်စုံ" ဟု အော်သံ ကြားရပါသည်။

အသံကြားရာသို့ လှမ်းကြည့်လိုက်ရာ ကျွန်တော့် အရွယ် သာသာ ရှိသော ကောင်ကလေး တယောက် အကြော်ဗန်းကို ရွက်ကာ အကြော်ရောင်းနေသည်ကို တွေ့ရပါသည်။ ကျွန်တော့် မေမေသည် အကြော်သည်ကလေးကို ခေါ်၍ အကြော်များ ဝယ်ယူပါသည်။ ထိုသို့ ဝယ်ယူနေစဉ် ကျွန်တော်၏ဖေဖေလည်း အိပ်ရာမှ နိုးလာပြီ ဖြစ်သဖြင့် အကြော်ဝယ်နေရာသို့ လာကာ အကြော်သည်ကလေးကိုကြည့်၍ -

"မင်း ကျောင်း မနေ ဘူးလား" ဟု မေးလိုက်သည်။

"ကျွန်တော် ကျောင်းနေပါတယ် ခင်ဗျာ။ ကျောင်းမသွားခင် အမေ့ကို အကြော်ကူရောင်းပေးပါတယ်" ဟု အကြော်သည်ကလေးက ဖြေကြားပါသည်။

ဖေဖေသည် အကြော်သည်ကလေး၏ တာဝန်သိတတ်မှုကို ချီးကျူး နေပါတော့သည်။ ကျွန်တော်လည်း ထိုနေ့မှ စ၍ အကြော်သည်ကလေးကို အားကျသည့်စိတ်များ တဖွားဖွား ပေါ်လာပါသည်။ သူကဲ့သို့ပင် ကျွန်တော်၏ မေမေနှင့် ဖေဖေတို့အား ကျွန်တော် တတ်နိုင်သည့်ဖက်မှ မည်သို့ ကူညီရမည်ကို သာ တွေးနေမိပါသည်။ ကျွန်တော်တို့ အိမ်တွင် ဖေဖေ၊ မေမေ၊ ညီမလေး နှစ်ယောက်၊ ညီလေး နှစ်ယောက် နှင့် ကျွန်တော်ပါ မိသားစု ခုနစ်ယောက် ရှိပါသည်။ ကျွန်တော်၏ ဖေဖေမှာ အစိုးရရုံးတရုံးမှ အောက်တန်းစာရေးဖြစ်၍ သူ၏ ဝင်ငွေနှင့် ကျွန်တော်တို့ မိသားစု၏ စားဝတ်နေရေး အတွက် ဖူလုံသည်ဟု မရှိလှပါ။

တနေ့ ကျွန်တော် ကျောင်းသို့သွားရာတွင် ကျွန်တော်တို့ လမ်းထဲမှ အဒေါ်ကြီး တယောက် မြေပဲလှော် ရောင်းနေသည်ကို တွေ့ရပါသည်။ ထို အဒေါ်ကြီးထံမှ မြေပဲလှော်များကို ဖောက်သည် ယူ၍ ရောင်းရလျှင် ကောင်းမည်ဟု ကျွန်တော် စိတ်ကူးမိပါသည်။ စိတ်ကူးထားသည့် အတိုင်း ပြုလုပ်မည်ဟုလည်း ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော်၏ ဆုံးဖြတ်ချက်ကို မေမေအား ဖွင့်ပြော၍ ခွင့်တောင်းရပါတော့မည်။

တညနေတွင် ကျွန်တော် မေမေ့အား အကြော်သည် ကလေးကဲ့သို့ ကျောင်းမသွားခင် စားစရာ တခုခုကို ရောင်းလိုကြောင်း ခွင့်တောင်းပါသည်။ မေမေက ခွင့်မပေးပါ။ သို့ရာတွင် ကျွန်တော်သည် ကျောင်းသို့ သွားသည့်အခါတိုင်း မေမေ

မသိအောင် ကျွန်တော်တို့လမ်းထဲမှ မြေပဲလှော် ရောင်း သော အဒေါ်ကြီးထံမှ မြေပဲလှော် အနည်းငယ်ကို ဖောက်သည်ယူ၍ ကျောင်းတွင် ရောင်းပါသည်။ ကျောင်းမှ ကျွန်တော့် သူငယ်ချင်းများကလည်း ကျွန်တော့်ထံမှ မြေပဲလှော်များကို ဝယ်စားကြပါသည်။

ထိုသို့ဖြင့် ကာလကြာလာသည်နှင့်အမျှ ကျွန် တော့် တွင် ငွေအတော်များများ စုမိလာပါသည်။ ကျွန်တော်ရထားသော ငွေများနှင့် ဖေ ဖေ၊ မေ မေ တို့အား ကူညီနိုင်တော့မည် ဖြစ်၍ ကျွန်တော် အလွန်ပျော်နေမိပါတော့သည်။

တ ည နေ တွင် ကျွန် တော် ကျောင်းမှ ပြန် လာ ပါ သည်။ ဖေဖေမှာ ရုံးမှမရောက်သေးပါ။ မေမေ့ကိုလည်း အိမ်ရှေ့တွင် မတွေ့ ရ သ ဖြင့် ကျောင်း လွယ်အိတ်ကို တိုင်မှာချိတ်ပြီး မီးဖိုချောင်ထဲသို့ ဝင်သွားပါသည်။ မီးဖိုခန်းထဲတွင် မေမေ ထိုင်နေပါသည်။ မေ မေ့ မျက် နှာ ကို ကြည့်လိုက်သည့် အခါ ရွှင်ရွှင်ပြပြမရှိပဲ ညှိုးငယ် နေသည်ကို တွေ့ရပါသည်။

"မေမေ ဘာဖြစ်လို့ မှိုင်နေတာလဲဟင်" ဟု ကျွန်တော်က မေမေ့ကို မေးလိုက်ပါသည်။

"ပြည် သူ့ ဆိုင် က အထည်တွေ ပေး တယ် သားရဲ့။ အဲဒါ မေမေ့ဆီမှာ စျေးဖိုးဘဲရှိတယ်။ အထည်ဝယ်ဖို့ ပိုက် ဆံ မ ရှိ လို့ စိတ်ညစ်နေတယ်သားရယ်" ဟု ပြန်ပြောပါသည်။

ထိုအခါ ကျွန် တော် သည် မေမေ့အနီးမှ ထကာ ကျွန်တော် မြေပဲလှော် ရောင်း ၍ စု ထား သော ငွေများကို သွားယူခဲ့ပြီး မေမေ့အား ပေးလိုက်ပါသည်။ မေ့ မေ သည် ပိုက် ဆံ များ ကို ကြည့်လျက် --

"သား ဒါတွေ ဘယ် က ရ တာလဲဟင်" ဟု မေးပါသည်။

ကျွန်တော်က မြေ ပဲ လှော် ဖောက်သည်ယူ ရောင်းရာမှ ရရှိသော အမြတ်ငွေများကို စုထားသည့် ငွေများဖြစ်ကြောင်း မေမေ့ အား ရှင်းပြလိုက်ပါသည်။

ထိုအခါ မေ မေ သည် ဝမ်းသာအားရဖြင့် ကျွန်တော့်အား ဖက်ထားပါသည်။ မေမေ့မျက်လုံးအိမ်များထဲတွင် မျက်ရည်များပင် ဝဲနေပါသည်။ ဖေဖေကလည်း ရုံးမှ ပြန်လာသော အခါ ကျွန်တော့်အား ချီးကျူး၍ မဆုံးအောင် ဖြစ် နေ ပါ တော့ သည်။

ကျွန်တော်သည် ဖေဖေ မေမေတို့၏ အခက်အခဲကို ကူညီလိုက်ရသောကြောင့် အလွန်ကျေနပ် နှစ်သိမ့်လျက် ရှိပါသတည်း။

# ဝါကျွတ် ချိန်ခါ

မီးပုံးကလေးတွေ
သွယ်ကာတန်းတော့၊
ဘယ်ညာရမ်းလို့ မြူးကြတယ်။

ဆီမီးရောင်ခြယ် ဝါထိန်လင်းလို့၊
ခါချိန်သီတင်း ကျွတ်ပေါ့ကွယ်။

မြကန်သာဝယ်
ကြိုင်စွာလန်းသမို့၊
ခိုင်ကြာပန်းတို့ ပွင့်ကြတယ်။

မွှေးမိကိုကွယ် တရားပြဘို့၊
ဘုရားကြွလို့ ဟောခဲ့တယ်။

ဗုဒ္ဓဘုန်းကြွယ် ဘုံဝတိန်နန်းက၊
ဂုဏ်ရှိန်လျှမ်းလို့ မြန်းကြွတယ်။

သက်ကြီးသူရယ်ဆရာသမားနဲ့၊
မိဘဘိုးဘွား ကန်တော့မယ်။

တို့များပျော်မယ်
ဝိုင်းအုံပြီးတော့၊
ဆိုင်းဗုံတီးလို့ ကကြမယ်။

ပျော်လှတယ်–ပျော်လှတယ်။ ။

ဗန္ဓုရဝင်း



R. 517


# ဖျံ



ဖျံသည် သားစား နို့တိုက်သတ္တဝါမျိုး ဖြစ်၍ ဩစတြေလျတိုက်မှတပါး ကမ္ဘာ့ အရပ်ရပ်တွင် တွေ့နိုင်သည်။ ကုန်းနေ သတ္တဝါ ဖြစ်သော်လည်း ရေထဲတွင် ငါးကဲ့သို့ ကျင်လျင်သည်။ အမွေးအရောင်မှာ မတောက်ပလှသော်လည်း ချောမွတ်သည်။ အမြီးသည် အဖျားသို့သွယ်သွားပြီး ရေကူးရာတွင်တက်မသဖွယ်အသုံးချနိုင်သည်။ ငါးကဲ့သို့ရေအောက်တွင် ကြာကြာ ငုပ်ကူးနေနိုင်သော်လည်း အဆုတ်ဖြင့် အသက်ရှူရသောကြောင့် လေရှူရန် ရေပေါ်သို့ ပြန်ပေါ်ရသည်။ ကိုယ်ထည်အလျားမှာ ပျမ်းမျှ ၃၃ ပေခန့်ရှိပြီး ခြေထောက်များ တိုသည်။ ဝမ်းဘဲကဲ့သို့ ခြေချောင်းများတွင် အရေပြားဖြင့် ဆက်လျက်ရှိပြီး ခြေသည်းများ ချွန်ထက်လှသည်။ ငါး၊ ဖား စသည်များကို ဖမ်းယူ စားသောက်သည်။ အထူးသဖြင့် ညပိုင်းတွင် အစာရှာလေ့ရှိသည်။

သားပေါက်ရာတွင် တကောင်မှ ငါးကောင်အထိ ပေါက်ဖွားနိုင်သည်။ မြစ်ကမ်းပါးတွင် တွင်းများတူး၍ နေထိုင်ကြသည်။

ပင်လယ်ထဲတွင် နေသော ဖျံတမျိုးလည်းရှိသည်။ ယင်းတို့သည် မြစ်ထဲတွင် နေသော ဖျံများထက် အမွေးအရောင် တောက်ပလေသည်။ အလျား လေးပေမှ ငါးပေအထိ ရှည်သည်။ ယင်းတို့၏ အရေများသည် အလွန်အဖိုးတန်သည်။ တခုလျှင် ဒေါ်လာ၁၀၀၀ (ကျပ် ၄,၇၀၀) ခန့်အထိ တန်ဖိုးရှိသည်။



ရဲမြင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ-၃။ အမှတ်-၄၁။

# ရွှေသွေး ဂျာနယ်




ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-လှမွန်-

၁၃၃၃ခု၊ သီတင်းကျွတ်လဆုတ် ၅ ရက် (၉-၁၀-၇၁)




တခါတုန်းက မိသုကာဆရာကြီး စာမူး တောင်းမိသားစုသည် အသိုက် ဆောက်လုပ်ရန် နေရာလိုက်ရှာကြ၏။





ထန်းပင်ကြီးထက်သို့ ရောက်သော်-





မကြာမီပင် စာသားအမိတို့သည် မြက်ခြောက်များကို တပျော်တပါး အခေါက်ခေါက်သယ်ပို့ကြ၏။

စနေနေ့တိုင်း ထုတ်ဝေသည်။


မေမေက သိပ်တော်တာဘဲ-နော်
မင်းတို့ မေမေက နာမည်ကျော် ဗိသုကာဘဲဟာ
မြက်ခြောက် လိုသေးတယ်ဟေ့
ရမယ်-ရမယ်
ဗိသုကာဆရာကြီးဖြစ်သူ စာထီးကြီးက ကြိုးကြိုးစားစား ဆောက်လုပ်ရာ—
မြေဇာမြက်လဲ-ယူမှာဘဲ
ဆင်ငို မြက်လဲ-ယူမှာဘဲ
မေမေရယ်-ဆောက်ပေးကွယ်
အိမ်ကြီး-လိုချင်တယ်
မကျစ် ပကျစ်
စာသားအမိတို့ကလည်း မြက်ခြောက်များကို ပျော်ပျော်ပါးပါး သယ်ပို့ပေးကြ၏။
ညအတွက် မီးတပ်ဖို့ နွားချေး ရှာထား ကြပေါ့ သားအမိတွေ
ရပါတယ်
အသိုက်ပြီးသွားလျှင် —
အသိုက်အတွင်း၌ ညဖက်သုံးရန် ပိုးစုန်းကြူးများကိုဖမ်းပြီး နွားချေးဖြင့် ကပ်ထားလိုက်သေး၏။
ဒီစာသိုက်ကတော့ နေရနားပါတဲ့ဗျာ
လှလဲလှ
ခိုင်လဲခိုင်
လင်းလဲလင်း
မွေ့နေတာဘဲ
စာဖူးတောင်းသိုက်မှာ ငှက်လောကတဝိုက်တွင် နာမည်ကျော်ကြားသွားလေသည်။



တဆင့်စကား တဆင့်ကြား၍ ကျီးတကောင် ရောက်လာပြီးလျှင် —
ကျီးက နားပူလွန်းသဖြင့် နောက်ဆုံး၌ အား နာနာနှင့်ပင် သဘောတူလိုက်ရာ ကျီးမိသားစုက မြက်ခြောက်များစွာရှာပေး၏။
စာဗူးတောင်း၏လက်ရာပြ ကျီးသိုက်ကြီးဆောက်လုပ်ပြီးသွားသောအခါ —




ထိုညတွင် အသိုက်ထဲ၌ ကျီးမိသားစု အပျော်ကြီး ပျော်နေခိုက် အနီးရှိ ကျီးသိုက်တွင်ကား-



ညသန်းခေါင်ယံ၌ လေကြီး မိုးကြီးကျလာရာ ကျီးသိုက်အစစ်များပင် သွက်သွက်ခါ နေ၏။



ထိုစဉ် ခေတ်ဆံသော ကျီးသိုက်ကြီးမှာ အရင်းမှ ပြတ်တောက်ပြုတ်ကျသွားကာ –



မြေကြီးနှင့် ဆောင့်မိပြီး ပျက်စီးသွားသဖြင့် ကျီးမိသားစုပါ သေကုန်လေတော့၏။





နံနက်ကျမှ လေမိုးငြိမ်သက်ပြီး အဖြစ်အပျက်ကို ကျန်ကျီးများ သိရလေတော့သည်။



ဒါမှတ်မထင်
ရေး - မောင်စံသာ
ပုံ + ဇာတ်ညွှန်း
ဆောင်းဆောင်းသက်
ရွာအပြင်သွားပြီး ငှက်ပစ်ကြမယ်
ငှက်ပစ်တာ ရိုးနေပြီကွာ၊ တခြား လုပ်ရအောင်
ကျောင်းပိတ်ရက်တွင် ဖိုးမှတ်၊ ငချွေး၊ နီလုံးတို့သည် လေးခွများကိုင်၍ ငှက်ပစ်ရန်လူစုကြသည်။
ဟေ့-ညကမိုးရွာလို့ ဦးသိုလ တို့ရေတွင်းထဲမှာ ဖားဖားတွေ ကျနေတာ ငါတွေ့ခဲ့တယ် အဲဒါ သွားပစ်ရအောင်-
ရေတွင်းထဲမှာ ဖားတွေ သေကုန်ရင် ဘယ်ကောင်းမလဲကွ
မသေခင်အယ် ပစ်လိုက်တာပေါ့ ဖားသားတောင် စားရသေးတာပေါ့
ဖိုးမှတ်၏ အကြံအတိုင်း သွားကြ၍—
ငါလဲ မှန်တယ်
ငါပစ်တာ မှန်တယ် ဟေ့
ရေတွင်းသို့ ရောက်ကြသော်—
ဟိုဖားဖားကြီးကို မှန်အောင်ချိန်ပြီး ပစ်ကြမယ်.
လေးခွဖြင့် အပြိုင်ပစ်ကြသဖြင့်—
ဖားများသေကုန်ပြီး—



ရေတွင်း အောက်သို့နစ် မြုပ်သွားကြသည်။
ဖါးတွေလဲတကောင်မှ ပေါ်မလာပါလား
အေးကွ
ဖါးတွေလဲ မရှိတော့ဘူး
ဖါးမရှိယင် ငှက်သွားပစ် ကြမယ်-ကွာ
ဖိုးမှတ်တို့ လူစု ငှက်ပစ်သွားကြ ပြန် သည်။
ဟင်-ရေတွင်းထဲမှာ ဖါးသေ တွေပါလား၊ ရေတွေကလဲ ပုပ် ဆော်နံ့ လိုက်တာ-
နှစ်ရက်ခန့်ကြာသော်-
ကိုသီလတို့ရေတွင်းထဲ မှာ ဖါးတွေသေနေလို့ သောက်ရေမခပ်ခဲ့ ရဘူးတော့-
ဟေ
တရွာလုံးက ဒီရေတွင်းကရေကို သောက်နေရတာ အခုတော့ ဒုက္ခပါဘဲ ကွာ-
ကိုသီလရေတွင်းမှာ ဖါးတွေသေပြီး ပုပ်ပွနေတာပဲတဲ့
ဟုတ်တယ်တော့ တရွာလုံးသောက် ရေမခပ်ရဘူး
ဤတွင် တရွာလုံးရှိ ရွာသူရွာသားများသည်။



ရေထမ်းသွားရတာ ဒီပီဇေးတာပဲကွာ
အေး ကွ ဒီပီဇေးတယ်
သောက်ရေအတွက် ရွာတောင်ဖျားရှိ ဘုန်းကြီးကျောင်း ရေတွင်းသို့ သွားကြရ၏။
ဖိုးမှတ်၊ ငချွေး၊ နီလုံး တို့လည်း ရေခပ် သွားကြရသည်။
ဖိုးမှတ်ရေအမျှား ကို သောက်ရေတပုံး လောက်ပေးခဲ့ပါလား၊ သောက်ရေ ကုန်နေလို့-ကွဲ့
အင်း-တို့တတွေ မိုက်ခဲ့မှုကြောင့် တရွာလုံး ဒုက္ခရောက်ကြတယ်၊ ငါ-ရေတပုံးသွားပေးမယ်-ဟေ့
အေး-တို့စောင့် နေမယ်၊
ဖိုးမှတ်တို့လူစု ရေထမ်းပြန်လာစဉ်—
ရေတပုံး ဆိုယင် လောက်ပြီလား
လောက်ပါပြီကွယ်
တို့တတွေအမှတ်မထင်လုပ်ခဲ့မိလို့ ဒီလိုဖြစ်ရတာကွ
အေး-နောက် ဆိုယင် အမြဲသတိ ထားရမှာပေါ့
ပြီး

# ဟောင်ကောင်

ရေး-စိုးလွင်မြင့်

ပန်းချီ-ကျော်ကျော်



ဗြိတိသျှကိုလိုနီနယ်ဖြစ်သော ဟောင်ကောင်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အရှေ့တောင်ဖက် ကမ်းခြေတွင် တည်ရှိသည်။ ယင်းတွင် ဟောင်ကောင်ကျွန်း၊ အခြား ကျွန်းငယ်များနှင့် တရုတ်ပြည်မပေါ်မှ နယ်မြေအချို့ ပါဝင်သည်။ အကျယ်အဝန်းမှာ စုစုပေါင်း ၃၉၁ စတုရန်း မိုင်ရှိ၍ မြို့တော်မှာ ဗိတိုရိယဖြစ်သည်။

ကျွဲကျောင်းသား


မြေမျက်နှာပြင် အားဖြင့် ကုန်းမြင့် နယ်မြေများဖြစ်ပြီး ပင်လယ်၏ ပိုင်းဖြတ်မှုကြောင့် ယင်းတို့သည် တခုနှင့်တခု အဆက်ပြတ်နေကြသည်။

မြောက်ယဉ်စွန်းတန်း အတွင်းကပ်လျက်တည်ရှိသဖြင့် အပူလျော့ပိုင်းရာသီဥတုရှိသည်။ နွေရာသီတွင် တိုက်ဖွန်း လေမုန်တိုင်းကြောင့်ရင်း၊ အခြားမိုးထက်လေပြင်း ကျရောက်၍ရင်း ရာသီဥတု ဆိုးဝါးတတ်သည်။



ပွဲတော် အဝတ်အစားနှင့် ကလေးများ

ဟောင်ကောင်၏လူဦးရေမှာ သုံးသန်းခုနစ်သိန်း ခန့်ရှိပြီး အများစုမှာ တရုတ်လူမျိုးများ ဖြစ်သည်။ အင်္ဂလိပ် ဘာသာ စကားသည် ရုံးသုံးဖြစ်သည်။ သို့သော် အမျိုးမျိုး သော တရုတ်ဘာသာစကားကို ပြောဆို သုံးစွဲကြသည်။ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည်၊ ဗုဒ္ဓဘာသာနှင့် ကွန်ဖြူးရှပ် ဘာသာကို ကိုးကွယ်သည်။



နာမည်ကျော်ရေပေါ်အပန်းဖြေ ပျော်ပွဲစားရုံများ



စည်ကားလှသောဈေးခင်း

ဟောင်ကောင်သည် အကောက်အခွန်လွတ် ဆိပ်ကမ်းဖြစ်ပြီး နိုင်ငံတကာမှ ကုန်ပစ္စည်းများကို ယူဆောင်သိုလှောင်ကာ ပြန်လည် တင်ပို့ ရောင်းချသည်။ အမေရိကန် ပြည်ထောင်စုမှ ကုန်ပစ္စည်းများကို ဟောင်ကောင်မှတဆင့် တရုတ်နှင့် အရှေ့အိန္ဒိယကျွန်းစုများသို့ တင်ပို့ပေးသည်။ မလေးရှားမှ ရာဗာကိုသင်္ဘောနှင့် ဟောင်ကောင်သို့ တင်ပို့ပြီး ယင်းမှ တဖန်အမေရိကန် ပြည်ထောင်စုသို့ တင်ပို့သည်။ သို့ဖြင့် ဟောင်ကောင်၏ စီးပွားရေးသည် ကုန်ပစ္စည်းများထိန်းသိမ်းသိုလှောင်တင်ပို့ရေးအပေါ်တွင်များစွာ အခြေပြုနေသည်။ ပြည်ပသို့ အဝတ်အထည်များ လက်နှိပ်ဓာတ်မီး၊ ရာဗာနှင့် ကင်းမတ်ဖိနပ်များတင်ပို့သည်။

ပင်လယ် ငါးဖမ်းလုပ်ငန်းမှာ ဟောင်ကောင်၏ အရေးပါသော လုပ်ငန်းဖြစ်ပြီး ကိုလိုနီနယ်ပယ်တို့တွင် အကြီးအကျယ်ဆုံး ဖြစ်သည်။ ဆန်လည်းထွက်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီးတွင် ဟောင်ကောင်၏ စက်မှုလုပ်ငန်းများ တိုးတက်လာသည်။ အသုံးပြုသော ငွေကြေးမှာ ဟောင်ကောင် ဒေါ်လာဖြစ်သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဗြိတိသျှတို့က ဂျပန်တို့လက်မှ ဟောင်ကောင်ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ ထို ကိုလိုနီကို ဗြိတိသျှအစိုးရခန့် ဘုရင်ခံ ဆာဒေးမစ်ထရန့်ချ်က အုပ်ချုပ်သည်။

ပင်လယ်ဆိပ်ကမ်း




ကိုယ်ပိုင်
အသိ
တနေ့တွင် ဦးဖိုးမျှင်သည် သာအောင်ကို ခေါ်ပြီး–
မင်းသေမှာကို မကြောက်ဘူးလား သာအောင်...
ဘာလို့ကြောက်ရမှာလဲ ဘကြီးမျှင်ရ-လူဆိုတာ သေဘို့မွေးလာတာဘဲဟာ..
အံ့မာ-ငါ့လူက အတော်လေကျယ်တာဘဲကွ... သေမှာကို ဘယ်သူမကြောက်ဘဲ နေမလဲ.
တကယ်မကြောက်တာပါ ဘကြီးမျှင်ရ အဲ.အဲ.တခုတော့ ကြောက်တယ်..
လူဖြစ်လာပြီး ဘာမှ မလုပ်ရသေးခင် သေသွားမှာကိုတော့.. ကြောက်တယ်..
အမယ်.အာဂလူပါလား.ဒါတွေ မင်းကို ဘယ်သူပြောသလဲ..ဟင်!..
ဟာ-ဘကြီးမျှင်ကလဲဗျာ-အထင်သေးလိုက်တာ.. ဒါလောက်တော့ နားလည်ပါတယ် ဟဲ..ဟဲ....
အေးအေး-ငါက မင်းကို တရားဟောမလို့ ခေါ်တာ ခု. မင်းကချည်းဟောနေ.. ဒါပေါ့ကွ. ခလေးဆိုပေမဲ့ ကိုယ်ပိုင်အသိတော့ ရှိမှပေါ့..ဟေးဟေး ဟေး


ဇာတ်လမ်း
မောင်မောင်ငွေးဝင်း
အကြံပေးကောင်းလို့
ကာတွန်း - ဝင်းဖြူ -
တစ်ခါက ယာသမားကြီးတယောက်တွင် မြည်းတကောင်နှင့် နွားတကောင်ရှိ၏။ တညနေတွင်—
ဘာ့နယ်-ကိုရွှေနွား ပင်ပန်းလာတယ်နဲ့ တူတယ်
အေးဗျာ.. နေ့တိုင်းတနေကုန် ယာထဲမှာ စပါးနယ် ရတာ ပင်ပန်းတယ်ဗျာ ခင်ဗျားကတော့ တခါ တလေမြို့ကိုသွားမှသာ ဝန်တင်ရတာ၊ ကျန်တဲ့ အချိန်မှာတော့ ငြိမ်ဘဲ... ကြွာတယ်ဗျာ..
ခင်ဗျားက အဲ့တာကိုးဗျ
ဒီလိုဆိုလုပ်ပါဦး ပညာရှိကြီးရဲ့... ကျုပ်လဲသက်သက် သာသာနေရအောင် အကြံလေးဘာလေး ပေးပါဦးဗျ
ဟာ..ဟ
လွယ်ပါတယ်-မနက်ဖြန် ယာထဲသွားခါနီးကျယင် ပေကတ်ကတ်လုပ်နေဗျာ အတင်းဆွဲခေါ်ယင်လဲ ချလိုက်ဗျာ.. အလွန်ဆုံး အရိုက်ခံရရုံဘဲပေါ့... တနေကုန်နားနေရမှာဗျ
အင်း! မဆိုးဘူး
နောက်တနေ့တွင် နွားက ပေကတ်ကတ် လုပ်နေသဖြင့် —
တောက်- ဒီနွားတယ်ပျင်းတဲ့ဟဲ့ ပေကတ်ကတ်နဲ့.. ကဲ..ပျင်းအုံး-ပျင်းအုံး
ဖြန်း
ဖြန်း
ယာသမားကြီးသည် စိတ်ပျက်သွားပြီး—
ရှုပ်ပါတယ် နွားငပျင်းအစား ငါ့မြည်းလေးဘဲ ခေါ်သွားမယ် လာ မြန်မြန်
ဟိုက်!
အင်း.. ငါအကြံ ပေးကောင်းလို့ ငါဘဲပင်ပန်းရတော့ဘဲ..
ဟဲ့ သွားစမ်း
ပြီး


စိတ်သာ
လှိုင်း
ဟော - ခုနစ်နာရီ ထောင်ထိုးပြီ - တော်ပြီဟေ့ ငါ စာကျက်ရအုံးမယ် -
ဒေါင်
ဒေါင် ဒေါင် ဒေါင်
တောက် - အလကားနေ စာဘဲ ဖိကျက် နေတာဘဲ
အေးလေ - ဒီလို စာကြည့် စာပွဲကြီးနဲ့ စာကြည့်မီးနဲ့ - ကျကျနန ဆိုတော့ - ကျက်အား ရှိတာပေါ့ -
ငါ့ဖြင့် ဟုတ်ပေါင် - စာပွဲကလဲ ဒီစုတ် - စာကြည့်မီးနဲ့ဘာနဲ့ သီးသန့်လဲ မဟုတ် - ဒီလို အနေ အထိုင် မျိုး နဲ့ စိတ်ပါဘို့ ဝေး သေး - -
ဟဲ့ - ငွက်ထော် - စာလိုက်နိုင်ရဲ့ လား -
အေး - ဒီလတောင် ဒို့ အတန်းထဲမှာ - ငါ ပထမ ရသေး တယ် -
အင်း - စာကျက်တဲ့ အခါ - နေရာ ဟာ - အဓိက - မဟုတ်ပါလား - ငါလဲ - သူတို့နဲ့ ယှဉ်နိုင်အောင် ကြိုးစားပြီး - ကျက်တော့မယ် -



# မှိုသည် အခြားသီးနှံပင်များကဲ့သို့ အဘယ်ကြောင့် အရောင်မစိမ်းသနည်း

ကမ္ဘာပေါ်တွင် မှိုအမျိုးပေါင်း ၂၅၀,၀၀၀ ခန့်ရှိသည်။ လူ့မျက်စိဖြင့် မမြင်နိုင်သော အရွယ်အစားမှ အပွင့်အကျယ် နှစ်ပေခန့်ရှိသော မှိုကြီးများအထိရှိသည်။ မှိုများတွင် အခြားသီးနှံပင်များကဲ့သို့ အစိမ်းရောင်မရှိပေ။ များသောအားဖြင့် ဖြူညစ်ညစ်အရောင်သာ ရှိပေသည်။ ထိုသို့ဖြစ်ရသည်မှာ ယင်းတို့တွင် အစိမ်းရောင် ဖြစ်ပေါ်စေနိုင်သောကလိုရိုဖီးဓာတ်ပစ္စည်းများ မရှိခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် မှိုများသည် နေရောင်ဖြင့် အစာချက်လုပ်နိုင်စွမ်းမရှိပေ။ ကိုယ်ပိုင် အစာမချက်နိုင်သဖြင့် မှိုများသည် သစ်ပင်ခြောက်များ၊ တိရစ္ဆာန်သေများ၊ သစ်ဆွေး မြေများတွင် တွယ်ကပ်ပေါက်ရောက်ပြီး အစာကို စုတ်ယူရလေသည်။


ကြယ်ဖြူ.



## ရုပ်ပြောင် ပုံဖော်ခြင်း




တခုစီ ညှပ်ထုတ်၍ ပုံဖော်ခြင်းပေါ်တွင်ကပ်ကာ ရုပ်ပြောင်ရုပ် ပုံဖော်ခြင်းလုပ်ကြည့်ပါ။



# ကျွန်တော် မှားပါသည်

မောင်ကံဝင်း

မေမေ့ကို ကျွန်တော် စိတ်ဆိုးသည်။ သည်းခံ၍ စောင့်ကြည့်ခဲ့သည်မှာ ကြာပြီ။ ယခင်ကလည်း သည် အ တိုင်း၊ ယခုလည်း သည် အ တိုင်း ပင် ဖြစ်သည်။ အဘယ်မှာ တရားနည်းလမ်း ကျပါသနည်း။ အင်္ကျီအသစ်၊ဘောင်းဘီအသစ် ဝယ်ပေးပြီဆိုလျှင် ဘယ်အခါမှ ကျွန်တော့်အတွက် မပါ။ ကိုကို့ အတွက် ချည်း ဝယ် ဝယ် ပေး နေသည်။ ကျွန်တော့်ကိုကား ဝတ်ပြီးသား အဟောင်း တွေ ချည်း ပေးသည်။ ကျွန်တော့်တွင် အသစ်ဆို၍ ဘောင်းဘီ တထည်နှင့် အင်္ကျီတထည်သာ ရှိသည်။ ကျွန်တော် မနေနိုင်တော့ပါ။

"မေမေ လုပ်ပုံက မတရားဘူး ဖေဖေ။ ဒီနေ့ မေမေ ဈေးက ပြန်လာတော့ ကိုကို့အတွက် အင်္ကျီ တထည်၊ ဘောင်း ဘီ တထည် ဝယ် လာ ပြန် ပြီ။ ကျွန်တော့်အတွက်တော့ မပါဘူး"

"သား မှာ ဝတ် စ ရာ မရှိတော့ဘူးလား"

"ရှိတာတွေက ကိုကိုဝတ်ပြီးသား အဟောင်းတွေချည်းဘဲ။ အသစ်က တစုံဘဲရှိတယ်။ ကိုကို့ကျ အများကြီးဘဲ"

"သားက ငယ်သေးတာကိုးကွ။ သွားစရာ လာစရာ သိပ်မရှိသေးဘူး မဟုတ်လား။ ကိုကို့ကျတော့ သားလို မဟုတ်ဘူး။ ကျောင်းမှာ ကိစ္စရှိပြီဆိုယင် သူ အမြဲသွားရတာ မ ဟုတ် လား။ ဆရာ မိဘ အသင်း အစည်း အဝေးပွဲတို့၊ ကတိသစ္စာ ခံယူပွဲတို့၊ ပြေးခုန်ပစ်ပြိုင်ပွဲတို့၊ ဟောပြောပွဲတို့ လုပ်တိုင်း မင့် ကိုကို တို့က ဦးစီးပြီး လုပ်နေရတော့ အဝတ်အစား အသစ်လိုတာပေါ့။ သားက ငယ် သေး တော့ သူ တို့ လိုတာဝန်လဲ သိပ် မ ရှိ သေး ဘူး။ သွားစရာ လမ်းလဲ သိပ်မရှိသေးဘူး။ ဒီတော့ သား အတွက်က တစုံလောက် ရှိယင် ဖြစ်တယ်။ ကိုကို့ကျတော့ တစုံထဲနဲ့ မဖြစ်ဘူး မဟုတ်လား။ ဒါကြောင့် သားအတွက်ဝယ်မလာတာပါ။ သား ကြီးလာတော့လဲ ကိုကိုလိုဘဲ ဝတ်ရမှာပေါ့။ အခုလဲ သားမှာ ဝတ်စရာ ပေါနေသေးသားဘဲ။ ဘာမကျေနပ်စရာရှိလဲ"

ဖေဖေကပါ ကိုကို့ကို မျက်နှာ လိုက်နေသည်ဟု ထင်ပါသည်။ အမေက ကျွန်တော့်ကို ပြုံးကြည့် နေပါသည်။ ကိုကိုကလည်း ကျွန်တော့်ကို ကြည့်၍ ရယ်နေပြန်ပါသည်။

ကျွန်တော်သည် ထမင်းစားချင်စိတ်ပင် မ ရှိ တော့ သ ဖြင့် ထမင်းဝိုင်းမှ ငေါက်ကနဲ ထပြီး စာ ကြည့် ခန်း ထဲတွင် ငူငူကြီး သွားထိုင်နေလိုက်ပါသည်။

"အားလုံးက ငါ့ကို မချစ်ကြပါဘူး။ ငါဒီအိမ်မှာ နေယင် ဒီလိုဘဲ အ နှိမ် ခံ နေ ရ မှာ ဘဲ။ ဦးလေး ဦးစံထွန်းကတော့ ငါ့ကို သိပ်ချစ်တာ။ ဖိနပ် လှလှလေးလဲ ဝယ်ပေးဘူးတယ်။ ဘောလုံးလဲ ဝယ်ပေးဘူးတယ်။ ဦးလေးတို့အိမ်ဘဲ သွားနေတော့မယ်"

ကျွန် တော် သည် ဤသို့ တွေးပြီး ခြေကို ဖော့ဖော့လေး

နင်းကာ အိမ်မှ ထွက် လာ ခဲ့ ပါ သည်။ ကျွန်တော် လမ်းထိပ်သို့ ရောက် သော အ ခါ ဆိုက်ကား သမားကြီး ဦးထွေးအိမ်မှ ဆူဆူ ညံညံ အသံကြား၍ ကြည့်လိုက် ရာ ဦးထွေးက သူ့သားကို ရိုက် နှက် ဆုံးမ နေသည်ကို တွေ့ရပါ သည်။ ဦးထွေး၏ သားကလေး မှာ ဘောင် ဘီ က လည်း ညစ် ပတ်နေပြီး၊ အင်္ကျီကလည်း စုတ် ပြဲနေပါသည်။ သူနှင့်ယှဉ်ကြည့် လိုက်သော အခါ ကိုကို ဝတ်ပြီး သားဖြစ်သောကျွန်တော့်အင်္ကျီ နှင့် ဘောင်းဘီက ပိုကောင်းနေ ပါသေးသည်။

ကျွန်တော်သည် ဦးထွေးက သူ့သားကိုဆုံးမနေသောစကား ကို အငေးသား နားထောင်နေ မိပါသည်။

"ငါတို့မှာ အင်္ကျီ ဘောင်း ဘီ လုပ်တဲ့စက်မရှိဘူး။ တထည် ကုန် နောက်တထည် ဝယ်မပေး နိုင်ဘူး။ စားရေး သောက်ရေး အတွက်မှ အနိုင်နိုင် ရှာကြံရှန်း ကန်နေရတဲ့ အထဲ မင်းက အခု လို ဖုတ်ထဲ သဲထဲဆော့၊ညစ်ပတ် လာ တော့ ခ ဏ ခ ဏ လျှော်၊ လျှော်လွန်းတော့ ရိရော ဆွေး ရော။ နောက်ထပ်ဝယ်ဖို့ပိုက်ဆံ မရှိတော့ မင့်ကို ကိုယ်လုံးတီး ချွတ်ထားမယ် နားလည်လား။ ဧာကျက်ဖို့ ခိုင်းတော့ မရဘူး။ ကစားဖို့ ကျတော့ မနားမနေ ကြိုး ကြိုး စား စား က စား။ နောက်ကို အဝတ်အစားကို ရိရိ သေသေ ဝတ်ယင်ဝတ် မဝတ် ယင် ဒီထက် နာအုံးမယ် မှတ် ထား"

ကျွန်တော်သည် ကိုယ့်ကိုယ် ကို ပြန်ငုံ့ကြည့်ပြီး အဝတ် အ စား အတွက်နှင့် တ အိမ် သား လုံးကို ရန် ပြု မိ သည့် အ တွက် ရှက် မိ ပါ သည်။ ကြည့်ပါဦး။ ဦးထွေး၏ သား က လေး သည် အင်္ကျီအစုတ်အပြဲနှင့်ဘောင်းဘီ အညစ်အနွမ်းကို ဝတ် ထား ပါ သည်။ကျွန်တော်ကဲ့သို့ တထည် မှ နစ်ထည် လဲဝတ်စရာမရှိ။ သို့ ဖြစ်လျက် ကျွန်တော်ကဲ့သို့ အ ဝတ်အစား အတွက်နှင့် မိဘကို ပြဿနာရှာခြင်းမရှိ။ ရိုသမျှနှင့် ကျေ နပ် ရောင့်ရဲ နိုင်သည်။ ထို့ပြင် ဤ အ စုတ် အ ပြဲ လေး ဖုန်ပေ သည့် ကိစ္စလေးနှင့်ပင် အရိုက်ခံ လိုက်ရသေးသည်။

ကျွန် တော့် မှာမူ ဤသို့ မ ဟုတ်ပါ။ ဆော့ချင်သလို ဆော့ ၍ ညစ် ချင် သ လောက် ညစ် ပါစေ။ အမေက ဖွပ်အောင် ဖွပ် ပေးပါသည်။ စုတ်ပြဲလျှင်လည်း ကျွန်တော်က မဝတ်ပါ။ သည် အထဲမှပင် အ ဝတ် အ စား အ တွက်နှင့် မိဘကို စူစူ အောင့် အောင့် လုပ်လိုက် သေးသည်။ ကိုကို့ကို မကျေမနပ် ဖြစ်လိုက် သေးသည်။ မည်မျှ ရှက် စ ရာ ကောင်းပါသနည်း။

ကျွန်တော်သည် ဦးလေးတို့ အိမ် ဆီ သို့ ရောက် အောင် ပင် ခြေ မ လှမ်း တော့ ပဲ ဦးထွေးတို့ အိမ်နားမှပင် လှည့်၍ ပြန်လာ ခဲ့ပါတော့သတည်း။

## ဖြူလေးနဲ့ ညိုခင်

ဖြူဖြူလေးနဲ့ ညိုခင်ရယ်၊
ရန်ဖြစ်နေကြတယ်။

ဆရာမကွယ် ခေါ်လို့ရိုက်၊
သူတို့ တရှိုက်ရှိုက်။

ရန်ဖြစ်တတ်တဲ့ သူများရယ်၊
ကျားနဲ့တူလေတယ်။

တောအုပ်အလယ် သက်ရှိများ၊
ကျားကိုရှောင်တိမ်းသွား။

ယုန်ကလေးများ စိတ်နုနယ်၊
ရန်မဖြစ်ဘူးကွယ်။

တောအုပ်အလယ် သက်ရှိများ၊
ယုန်ကိုချစ်စိတ်ထား။

ဆရာမက ရိုက်ပြီးလျှင်၊
ပုံခိုင်းညွှန်ပြသင်။

ဖြူနဲ့ ညိုခင် အခုတော့၊
လိမ္မာကြပြီပေါ့။ ။

မောင်ရွှေကြည် (ရေနံမြေ)



R. 517


# သားမင်း



ရှေးက သားမင်းကိုတောင်ဆိတ်တမျိုးဟု ယူဆခဲ့ကြသော်လည်း ယခုအခါ တောနွားတမျိုး အဖြစ်ယူဆကြသည်။ တရုပ်နိုင်ငံ ဇယ်ရွှမ်းနယ်နှင့် အရှေ့ပိုင်း တိဗက်နိုင်ငံတွင် တွေ့ရသော သားမင်း၊ မြန်မာနိုင်ငံ မြောက်ပိုင်း၊ အာသံ မြောက်ပိုင်းနှင့် ဘူတန်နိုင်ငံ တောင်မြင့်များတွင် တွေ့ရသောသားမင်း၊ တရုပ်နိုင်ငံ ရှင်ဆီနယ်တွင် တွေ့ရသော သားမင်းတို့မှာ တမျိုးနှင့်တမျိုး အနည်းငယ် ခြားနားကြသည်။

သားမင်းသည် ယေဘုယျအားဖြင့် ခြေလက်များတိုပြီး တုတ်ခိုင်သည်။ ဇယ်ရွှမ်းနယ် သားမင်း၏ ဦးခေါင်း၊ လည်ပင်း၊ ပခုံးတို့တွင်ရွှေဝါရောင် အမွေးများရှိပြီး ကိုယ်နောက်ပိုင်းနှင့် ခြေလက်များတွင် မွဲခြောက်ခြောက်နှင့် အနက်ရောင် အမွေးများရှိသည်။ ရှင်ဆီနယ် သားမင်းမျိုးမှာ အရောင်အဖြော့ဆုံး ဖြစ်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းတွင် တွေ့ရသော သားမင်းမျိုးမှာ အရောင်အရင့်ဆုံးဖြစ်သည်။ နှာခေါင်းအနက်ရောင်ဖြစ်သည်။ ဦးချိုသည် ဦးစွာအပြင်သို့ကားထွက်၍ နောက်သို့ပြန်ကော့ကာ အပေါ်သို့လန်တက်သည်။ အမ၏ ဦးချိုသည် အဖိုထက်သေးငယ်သည်။

သားမင်းသည် အနံ့ခံ အလွန်ကောင်းပြီး ဒဏ်ရာရထားလျှင် အလွန်ခက်ထန်တတ်သည်။ ခြေကုတ်အလွန်မြဲပြီး ကြမ်းတမ်းသော တောင်ကြောများတွင် သွားလာနိုင်သည်။ အလွန် မြင့်မားသော ရေခဲဖုံး တောင်ခါးပန်းများတွင် ကျက်စားလေ့ရှိသည်။ မြက်၊ ဝါးမျှစ်စို၊ သစ်ရွက်၊ သစ်ခေါက်များကိုစားသည်။ လေးကောင်မှ ၁၀ ကောင်အထိ အုပ်ဖွဲ့နေတတ်သည်။



မတ်လနှင့် ဧပြီလများတွင် သားပေါက်လေ့ရှိ၍ တကြိမ်လျှင် သားငယ်တကောင်သာ မွေးဖွားတတ်သည်။

ရွှေရောင် အမွေးရှိသော သားမင်း၏သားရေမှာ တန်ဖိုးရှိလှသည်။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၁၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ−၃။ အမှတ်−၄၂။

မြည်ချစ် ဓါနည်

# ရွှေသွေး
ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - ကိုဖြိုး မြင့်သိန်း

၁၃၃၃ ခု၊ သီတင်းကျွတ်လဆုတ် ၁၂ ရက် (၁၆-၁၀-၇၁)




ဝသုန်ပြည့်ရှင်မင်းသည် နယ်ချဲ့ရန် အကြံဖြင့် သာယာတင့်ဆုံး မြစ်တဖက်ကမ်းရှိ ယမုန်ပြည်ကို တိုက်ခိုက်ရန် တချက်လွှတ် အမိန့်ချလိုက်သဖြင့် စစ်သည်တော်တို့သည် နယ်စပ်ကို ကျူးကျော် ဝင်ရောက်ကာ သတ်ဖြတ် လုယူကြလေ၏။ ထိုသတင်းကို −




ယမုန်ပြည့်ရှင်မင်းကြီး ကြားလေလျှင် −




တိုင်းပြည်အတွက် ရှပ်ရှပ်ခွံ့ခွံ့ ခုခံတိုက်ခိုက်ကြသဖြင့် −

စနေနေ့တိုင်း ထုတ်ဝေသည်။



မြားလွှတ်ထားတယ်
ရဲရဲသာ လှော်
ဝသုန်ပြည်မှ စော်ကားသောတပ်သည် ကစဉ့်ကလျား ထွက်ပြေးကြရ၏။ မြစ်ကို ကူး၍ –
ဗိုလ်ချုပ်ကြီးဘုရား ဗိုလ်ယုတ်အလှတ်တဲ့ ဝသုန်မြည်ကို တလက်စထဲ သိမ်းခွင့်ပြုပါ
ဘုရင်မင်းမြတ်ကိုယ်တော်တိုင် နယ်ချဲ့မြင်းကို-အလိုမရှိ-ဝါ သည်း-မလိုလား ------
ဆက်လက် တိုက်ခိုက်ရင်း ယမုန်ပြည်ထဲသို့ ရောက်သွားလေသော် –
----- ယခု - ရန်သူများကို မှုတ်လောက်အောင် နှိမ်နင်းပြီးပြီမြစ်ရှိ တပ်မတော်၏တာဝန် ကြေပြီ၊ ထို့ကြောင့် ငါတို့ တပ်ပြန်ခေါက်ကြရမည်။
ရဲဘော်တို့ - ညဖက်တွင် မြစ်တဖက်ကမ်းသို့ဖြတ်ကူးလျှင် အန္တရာယ်များလှသည်၊ ကျံနေရာတွင်ပင် စခန်းချ ဖို့ နေကြလော့
တပ်ဆုတ်လာပြီး မြစ်ကမ်းပါး ရောက်သော် နေဝင်လုပြီဖြစ်၍ စခန်းချ၍ နေစေ၏။
သဘာဝ အလှမှာ တယ်ကြည်နူးစရာကောင်းပါကလား ...
ညဖက် လရောင်အောက်တွင် ဗိုလ်ချုပ် တယောက်တည်း အမှတ်မထင် မြစ်ညာသို့ လျှောက်လာမိရာ –
အစွေတော်ဗိုလ်ချုပ် - သင့်အသက်ကို နှမြောလျှင် - ကျွန်ုပ်တို့နှင့်လိုက်ပြီး - အစွေတော်၏တပ်စခန်းအနီးမှ ငယ်သားစစ်သည်တော်များအား လက်နက်ချရန် အမိန့်ပေးပါ၊ ကျွန်ုပ်တို့ ကူညီနိုင်မည်လော ...
အသက်ကို ချမ်းသာပေးပါ – ကူညီပါမည်
ခရီးအတန်ငယ်ရောက်သော် အလစ်ချောင်းနေသော ရန်သူ တပ်စုတခုက လက်ရဖမ်းလိုက်ပြီး –


ဟားဟား - ဟားဟား -
သို့ဖြင့် မားထောက်ခေါ် လာပြီး ယမုန်တပ် စခန်းချရာအနီးသို့ ရောက်လျှင်—
အွန့်
ကျား
ယမုန် သွေး တဲ့ဟေ့
လိုက်ဟေ့
ခုတ် ဟ
ကျား
အမိန့်သံကြား၍ ယမုန်တပ်က ထတိုက်သဖြင့် လက်တဆုပ်စာ ရန်သူများ ကျဆုံးကုန်လေ၏။
ထို့နောက် ယမုန်ပြည်သို့ ဘုရင့်အမိန့်တော် ခံယူရန် ဆက်သား တယောက်ကို စေလွှတ် လိုက်၏။



ဆက်သား ပြန်ရောက်ပြီ
ဘုရင် စာချွန်တော် ပါလာပြီ
××××× ဒီလောက်စော်ကားတဲ့ ဝသုန်ပြည်ကို သိမ်းယူပြီး - ဝသုန်ဘုရင်ကို ဖမ်းဆီး ခေါ်ခဲ့စေ
ဝေး ဟေး ဟေး
ဆက်သား ပြန်ရောက်လျှင် ယမုန်တပ်တွင်း၌ -
ယမုန်တပ်သည် ဝသုန်ပြည်ကို တိုက်ခိုက်သိမ်းယူပြီး ဝသုန်ဘုရင်ကို ဖမ်းဆီးကာ —
ဟယ် – မင်းမိုက်
မှားပါပြီ-အသင် မင်းကြီး
ယမုန်ဘုရင်ထံ ဆက်သလေသော် – – –
အမိန့်တော်မြတ် အတိုင်းပါ -
တိုင်းပြည် ပြန်ရလျှင် ဝသုန်ဘုရင်သည် ယမုန် ဗိုလ်ချုပ် အသတ်ခံရသော နေရာ၌ ဗိုလ်ရုပ်တု စိုက်ထူ၍ ဂုဏ်ပြုထားလေသတည်း။


နွားသေ
နှင့်
အိုးကွဲ
ကာတွန်း
ဦးပေါ်လာ အိမ်ကိုသွား ဖိုးလှည်းငှါးအုံးမှဘဲ
ဦးသော်တာသည် ကုန်များ သယ်ရန် လှည်းမရှိသဖြင့် ဦးပေါ်လာထံ၌—
ဦးပေါ်လာရဲ့လှည်း ခဏငှါးပါ၊ ကုန်ပစ္စည်းတွေသွားသယ်ချင်လို့ပါ
ယူသွားပါ နွားတွေကို ဂရုစိုက်နော်
လှည်းသွားငှားလေသည်။
ကုန်များ တင်ပြီး အိမ်သို့ ပြန်လာရာ လမ်းတဝက်တွင်—
အို—ဒုက္ခပါဘဲ—ဦးပေါ်လာ နွားတကောင်တော့ သေသွားပြီ—
နွားတကောင် သေသွား၏။
ကျုပ်နွားတွေထဲက ကြိုက်ရာတကောင် ကိုယူပါ
ဘာမှ—အို—ကျုပ်နွား ကလွဲယင်ဘယ် နွားမှမလိုချင်ဘူး
ဦးပေါ်လာထံ သွားပြောရာ—
သေတဲ့နွားကို ရှင်အောင်ဘယ် လိုလုပ်ပေး ရမလဲဗျာ
ကျုပ်နွား ကိုဘဲလို ချင်တယ်ဗျ
သူ့နွားသေကို အသက်ရှင်အောင် လုပ်ပြီးပေးရ မယ်တဲ့
ကဲ—ကျုပ်ဆုံးဖြတ်ချက်ကို သဘောတူယင် မနက်ဖြန်ကျုပ် အိမ်ကိုလာခဲ့ကြ
သို့ဖြင့် သူတို့သည် အငြင်းအခုံဖြစ်ပြီး တရားသူကြီးထံ ရောက် သွားကြလေသည်။



တရားသူကြီးမှာတဲ့အတိုင်း ယူလာပါမယ်
ကိုပေါ်လာပြန်သွားသည့်အခါ တရားသူကြီးသည် အကြံတခု စီစဉ်ပေးလိုက်သည်။
ကိုသော်တာကိုမတွေ့ရတာကြာလှပြီ၊ ကျွန်တော်သွားခေါ်ပါဦးမယ်
သွားခေါ်ပါ
နောက်တနေ့တရားသူကြီးအိမ်၌-
ကိုပေါ်လာသည် ကိုသော်တာအိမ်သို့ လိုက်သွားသည်။
ထိုအချိန်တွင် ကိုသော်တာအိမ်၌ တရားသူကြီး ခိုင်းသည့်အတိုင်း ပြုလုပ်ထားလေသည်။
ဗျို့-ကိုသော်တာ တံခါးဖွင့်စမ်းပါ၊ ဘာဖြစ်လို့ မလာတာလဲ-ဗျ
ဒေါက်
ဒေါက်
မကြာမီ ကိုပေါ်လာရောက်လာပြီး –
ဒေါက်
ဒေါက်
တံခါးအနီး မြေအိုးများ ဆင့်ထားပြီး ကိုသော်တာမှာ ငြိမ်သက်စွာ နေလေသည်။
ကိုသော်တာမရှိဘူးထင်တယ် တံခါးကိုတွန်းဖွင့်ကြည့်မှဘဲ
တံခါးကို တွန်းဖွင့်လိုက်ရာ....


ဟိုက်-အိုးတွေ ကွဲကုန်ပြီ-
မြေအိုးများ ကွဲကုန်လေတော့၏။
ကျုပ်အိုးတွေကွဲကုန်ပြီ ရော်ပေးဗျာ
ထိုအခါ ကိုသော်တာသည် အခန်းတွင်းမှ ထွက်လာပြီး အလျော်တောင်းလေသည်။
ခင်ဗျားအိုးကွဲတာ ဘယ်လောက် ရော်ပေးရမလဲ
အရော်မလိုချင်ဘူး ကျုပ်အိုးကွဲတွေကို ကောင်းအောင်လုပ်ပေး
အိုးကွဲကိုအကောင်း ဖြစ်အောင်လုပ်ပေး လို့ဘယ်ရမလဲ-ဗျ
ဒါ-ဒီဘာတွေအမွေ ပေးထားတဲ့အိုး တွေဗျ၊ ကျုပ်အိုး ကိုဘဲလိုချင်တယ်
ကဲ-ကိုသော်တာကလဲ သူ့သွားကို ရှင် အောင်လုပ်ပေးလိုက်၊ ကိုပေါ်လာကလဲ အိုးကွဲတွေကိုကောင်းအောင်လုပ်ပေး လိုက်ယင်ပြီးတာဘဲ
ဤတွင် တရားသူကြီးရောက်လာပြီး —
အိုး-ကွဲတွေကို လဲ ကောင်းအောင်လုပ်မပေး နိုင်ဘူး၊ ကျုပ်သွားအစား ခင်ဗျားသွားကိုဘဲ ယူ ပါတော့မယ်၊
အင်း-တရားသူ ကြီးရဲ့ဉာဏ်ပညာ ထက်မြက်ပါပေတယ်








# နီပေါလ်နိုင်ငံ

ရေး-စိုးလွင်မြင့် ပန်းချီ-ကျော်ကျော်

နီပေါလ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်၊ ဟိမဝန္တာ တောင်တန်း တောင်ဖက်ပိုင်း တောင်ခြေတွင် တည်ရှိသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် ၅၄,၃၆၂ ရှိသည်။


မြေမျက်နှာပြင်မှာ အများအားဖြင့် မြင့်မားသောတောင်များဖြင့် ထူထပ်နေသည်။ မြောက်ဖက်သို့ တက်သွားရာတွင် တောင်များမှာ ပိုမိုမြင့်မားလာလေရာ နီပေါလ်နှင့် တိဗက်နိုင်ငံနယ်စပ်တွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ် တည်ရှိသည်။

ရိုးရာအဝတ်အစားဖြင့် နီပေါလ်အမျိုးသား

နွေ မိုး ဆောင်း ရာသီဥတုသုံးမျိုးရှိပြီး မိုးသက်မုန်တိုင်းများ တနိုင်ငံလုံး အနှံ့ကျရောက်တတ်သည်။ ရံဖန်ရံခါ မြေငလျင်ပြင်းစွာ လှုပ်တတ်သည်။

နီပေါလ်နိုင်ငံ၏ လူဦးရေမှာ ဆယ်သန်းကျော်ရှိပြီး မြို့တော်မှာ ကတ္တမန္ဒူ ဖြစ်သည်။ နီပေါလ် တိုင်းရင်းသားတို့မှာ မွန်ဂိုလီးယန်းအမျိုးအနွယ် များဖြစ်၍ မိုးတီးယပ်၊ ဂူးရမ်း၊ မဂါး၊ မူးရမစ်၊ ဂေါ်ရခါး၊ နီဝါးစသည်တို့ဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကို အများဆုံး ကိုးကွယ်ကြသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ရာဖြစ်သော ဂေါတမ မြတ်စွာဘုရားသည် နီပေါလ်နိုင်ငံတောင်ပိုင်း တာရိုင်းနယ်ရှိ ကပိလဝတ်ပြည်တွင် ဖွားမြင်ပြီး ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုခဲ့သည်။

ကတ္တမန္ဒူမြို့တော် မြင်ကွင်းတခု



ဟင်ဒီ၊ တိဗက်၊ နီဝါရီ၊ ပဟာရီ၊ နီပေါလ်နှင့် အင်္ဂလိပ် ဘာသာစကားတို့ကို ပြောဆိုသုံးစွဲကြသည်။

နိုင်ငံ လူဦးရေ၏ ၉၅%သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို လုပ်ကိုင်ကြသည်။ နီဝါးလူမျိုးတို့က စိုက်ပျိုးလုပ်ကိုင်ကြပြီး ဂေါ်ရခါးတို့က စစ်မှုထမ်းကြသည်။



တောင်တက်အဖွဲ့ အနားယူစခန်း

ဆန်စပါးနှင့် အခြား သီးနှံများ၊ နှမ်းထွက် ပစ္စည်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းတို့သည် နီပေါလ်နိုင်ငံ၏ အဓိကထုတ်ကုန်များဖြစ်သည်။ သံ၊ ကျောက်မီးသွေး၊ ကြေးနီ၊ ခဲ၊ သွပ်စသော သတ္တုတို့ ပေါကြွယ်လှသည်။ သို့ရာတွင် ယင်းတို့ကို ထိရောက်စွာ တူးဖော် လုပ်ကိုင်နိုင်ခြင်း မရှိသေးပေ။ အသုံးပြုသော ငွေကြေးမှာ နီပေါလ်ရူပီးဖြစ်သည်။




ဧဝရက်တောင်ထိပ်သို့ တက်ခဲ့သော နီပေါလ်သူရဲကောင်းတင်ဇင်း

၁၇၆၉ ခုနှစ်တွင် ဘုရင် ပရီသီနာရာယန်ရှားက နီပေါလ်နိုင်ငံကို တည်ထောင်ခဲ့သည်။ ဇွန်လ ၁၁ ရက်နေ့မှာ အမျိုးသားနေ့ ဖြစ်သည်။ ၁၉၂၃ ခုနှစ်၌ ဗြိတိသျှတို့သည် နီပေါလ်နိုင်ငံကို လွတ်လပ်သော နိုင်ငံအဖြစ် အသိအမှတ် ပြုခဲ့လေသည်။ ၁၉၅၅ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

နီပေါလ်နိုင်ငံ၏ဘုရင်မှာ မဟိန္ဒြာဖြစ်၍ ဝန်ကြီးချုပ်မှာ ကေအင်ဗစ္စတားဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ဧဝရက် တောင်ထိပ်သို့နယူးဇီလန် နိုင်ငံသား အက်ဒမန်ဟီလရီနှင့် အတူ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သော တင်ဇင်းမှာ နီပေါလ်နိုင်ငံသား ဖြစ်သည်။



တောင်ပတ်လည်ဝိုင်းရံနေသော နီပေါလ် ကျေးရွာတရွာ


ဆေး ကြောက်သူ
ဇာတ်လမ်း – မောင်မောင်(မုန်ရွာ)
သရုပ်ဖော် – တင်ဟု
ကျွန်တော် သည် ဆေး အလွန်ကြောက်သူ ဖြစ်ပါသည်။
မနေ့က နီတွတ်နှင့် ကျွန်တော် မိုးရွာထဲတွင် အတန်ကြာ ကစားနေခဲ့ကြပါသည်။
စိန်ပြီဟေ့ – မိ်ကောင် လိုက်ဖမ်းစမ်း ဟီး ဟီး ဟီး
ည အချိန်ရောက်သော် အအေးမိ၍ ကျွန် တော် ဖျားပါတော့သည်။ မေမေက ဆေးပြားထပြား လာပေးရာ–
ကဲ့–ဆေး သောက်လိုက်
ကျွန်တော်သည် မေမေ ရှေ့တွင် ဆေး သောက် ဟန် ဆောင်ကာ ရေကိုသာ သောက်ပြ၍ ဆေးပြားကိုမူ မေမေ့ အလစ်တွင် ကြမ်းပေါက်ထဲသို့ ပစ်ချ လိုက်၏။
ဂလုတ် ဂလုတ်
နောက် တနေ့ တွင် အပြင်း ဖျားလာသောကြောင့် ဆရာဝန်ခေါ်၍ပင် ကုသ ရပါသည်။ နီတွတ်လည်း သတင်း လာမေးပါသည်။
ငါလဲ ဖမ်းလို့တဲ့ မာမား ဖိတာ ဖေါ့ ဒါကြောင့် ဆေး သောက်လိုက်လို့ ပျောက်သွား ပြီကွ
ကျွန်တော် ဆေးသောက်ရမှာကို ကြောက်၍ ပိုပြီး ဖျားခဲ့ရပါသည်။ မေမေ တို့ လည်း ကျွန်တော့် အတွက် စိတ်ပူ ခဲ့ကြရပါသည်။ ထို့ကြောင့် နောက် ဆိုလျှင် ဆေးကို ရရ တင်းတင်း သောက်မှ ဖြစ်ပါတော့မည်။

# လျှို့ဝှက် စကား

စီစဉ်ရေးဆွဲသူ
ပန်းချီ ဓေယျာ








ဒါထက် ဖခမည်းတော်ဘုရားက ဘာများ မိန့်မှာလိုက်သေးသလဲ အရှင့်သား××
အော် ဒါက ဖခမည်းတော်ဘုရား၏ လျှို့ဝှက်စကား×× တစ်ခွန်းမို့×× မပြောသင့်ပါ
ဟာ××× ကိုယ်တော်ကလေးကလဲ×× ကျွန်တော်မျိုးကြီးကို ယုံကြည်စိတ်ချပေးပါ××× ဒီလျှို့ဝှက်စကားကို ကျွန်တော်မျိုးကြီးရဲ့ အသက်နှင့်ထပ်တူ နှုတ်လုံစွာစောင့်ထိန်းပါမယ်လို့ ဝတ်ပြုပါတယ်×××
ပြောပြပါ×× အရှင့်သား×××
ဒီမှာ×× အမတ်ကြီးရဲ့××× အမတ်ကြီးက နှုတ်လုံပါမယ်လို့ ကတိခံသလို ဖခမည်းတော်ဘုရားရဲ့ လျှို့ဝှက်စကားများကိုလဲ ကျွန်တော်က နှုတ်လုံသင့်လှပါတယ်×××
ဘာကြောင့်လဲဆိုတော့ လျှို့ဝှက်စကားပေကိုး အမတ်ကြီးရဲ့×××
မှန်လှပါ အရှင့်သား၊ စကားအရာလိမ္မာလှပေတယ်×××
နောက်တနေ့တွင်-
ဘယ့်နယ်လဲ အမတ်ကြီးရဲ့ သားတော်ကလေး ရွှေနှုတ်တော်လုံပါ၏
မှန်လှပါ×× အရှင်မင်းကြီး၏ သားတော်ကလေးသည် ရွှေနှုတ်တော်လုံရုံတင်သာမက စကားအရာ၌လည်း လိမ္မာပါးနပ်လှကြောင်းပါဘုရား
အမတ်ကြီးက လျှောက်လေ၏။
ထိုနောက်သားတော်အားခေါ်၍-
အိမ်း××× သားတော်သည် အမြော်အမြင်လည်းပြည့်စုံ ဉာဏ်ပညာလည်း ရှိပြီမို့ မင်းကျင့်တရားနှင့်အညီ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်မည်ဟု ဖခမည်းတော် ယုံမှတ်တော်မူသည်။
မှန်လှပါ×× ဘုရား××
မကြာမီ သားတော်လေးသည် ထီးနန်းကို လက်ခံ၍ ဘုရင် ဖြစ်လာလေသတည်း။

# ပန်းများအိပ်စက်သလော

လူနှင့် တိရစ္ဆာန်များ အိပ်စက်သကဲ့သို့ ပန်းများလည်း အိပ်စက်သည်ဟု အချို့က ဆိုကြသည်။ မှန်ချအိပ်စက်သည်ဟု မဆိုနိုင်သော်လည်း အချို့ပန်းများသည် တချိန်ချိန်တွင်ပြန်၍ ငုံသွားတတ်ကြပြီး ပွင့်ချိန်တွင် ပြန်၍ ပွင့်တတ်သည်။ ယင်းသို့ ဖြစ်ပျက်ရာတွင် အချိန်မှန်မှန် ဖြစ်ပျက်လေ့ရှိကြောင်း တွေ့ရသည်။


ပန်း ကန်စွန်းနွယ် ပွင့်များသည် နံနက်စောစောတွင် ပွင့်ကြပြီး နေအလွန် ပူလာသောအခါ ပြန်၍ငုံသွားကြသည်။ လေးနာရီပန်းဟု ခေါ်သော ပန်းတမျိုးမှာ ညနေလေးနာရီခန့်တွင် ပွင့်လေ့ရှိသည်။

ညပွင့်ပန်းများသည် နေ၏ အလင်းရောင်ကွယ်ပျောက်သည်နှင့် ပွင့်ကြပြီး၊ နေ့ပွင့်ပန်း များသည် နေ၏ အလင်းရောင် လာသည်နှင့် ပွင့်လာကြသည်။

ကြယ်ဖြူ



ဤခြံထဲတွင် တိရစ္ဆာန်အမျိုး ပေါင်း မည်မျှရှိ၍ ဘယ်နှစ်ကောင် ရှိသနည်း



အဖြေ။ ယုန်၊ ကြက်၊ ကြောင်၊ ဘဲ၊ ခွေး တိရစ္ဆာန်ငါးမျိုးအားလုံး ၁၅ ကောင်ရှိပါသည်။

# စိတ်ထားသာလျှင်

မောင်ယဉ်လွင်နိုး (စစ်မြား)



ကျွန်တော် အလွန်ဆင်းရဲပါသည်။ အဖေ မရှိသည့်နောက် ကျွန်တော့်အမေသည် အကြော်ဗန်းကို ခေါင်းပေါ်တင် ရောင်းစားခဲ့ရပါသည်။ အကြော်ရောင်းရသော အမြတ်ငွေကလေး တကျပ်ခွဲ နှစ်ကျပ်ဖြင့် ကျွန်တော်တို့ သားအမိ ဝတ်စား နေထိုင်ရပါသည်။ ထိုအမြတ်ထဲမှစုဆောင်း၍ကျွန်တော့်အား ကျောင်းထားခဲ့ပါသည်။ ယခုနှစ် ကျွန်တော် တတိယတန်းအောင်၍ စတုတ္ထတန်းတွင် ပညာသင်ရပါသည်။ ကျောင်းအားရက်များတွင် ကျွန်တော် အိမ်အလုပ်လုပ်ရပါသည်။ ထင်းခွဲ၊ ရေခပ် စသော အခြားဗာဟိရအလုပ်များကိုလည်း နေ့စဉ် ကူညီပေးရပါသည်။

သည်လိုနှင့် သီတင်းကျွတ်ကျောင်းငါးရက် ပိတ်ခဲ့ပါသည်။ ကျောင်းပိတ်ထားသော်လည်း ယနေ့ ကျွန်တော်တို့ မူလတန်းကျောင်းတွင် ဆရာကန်တော့ပွဲ ရှိပါသည်။ ကျွန်တော်သည် ဆရာကန်တော့ပွဲသွားရန် လှူဘွယ်ပစ္စည်း မဝယ်နိုင်သေးပါ။ အမေက မုံ့ရောင်း သွားနေပါသည်။ ကျွန်တော်သည် ဆရာကန်တော့ပွဲသို့ အလွန်သွားချင်ပါသည်။ ထို့ကြောင့် သူငယ်ချင်းဖြစ်သူ မောင်မောင်လွင်နှင့် ကျော်ကျော်တို့ လာမခေါ်မီ အိမ်ရှေ့တွင် ထင်းခွဲရင်း အမေ မုံ့ရောင်းအပြန်ကို မျှော်နေမိပါသည်။

ထိုအခိုက် မောင်မောင်လွင်နှင့် ကျော်ကျော်တို့ ရောက်လာကြပါသည်။ သူတို့သည် သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး ကျော်ကျော်က ကိတ်မုံ့ကိုင်ရင်း၊ မောင်မောင်လွင်က သစ်သီးများ ကိုင်ရင်း အသီးသီး ကိုင်၍ ရပ်နေကြပါသည်။ ကျွန်တော်လည်း သူတို့ကဲ့သို့ သစ်လွင်သော အဝတ်အစားများကို ဝတ်၍ သွားချင်ပါသည်။ သို့သော် ကျွန်တော့်တွင် အဝတ်အစားအသစ် မရှိပါ။ ရှိသမျှ အဝတ်အစားနှင့် လိုက်မည်ဟု စိတ်ကူးမိသော်လည်း ဆရာကန်တော့ရန်အတွက် ဘာပစ္စည်းမျှ မရှိသေး။ ထို့ကြောင့် ကျော်ကျော်နှင့် မောင်မောင်လွင်တို့ကို သွားနှင့်ကြရန် ပြောလိုက်ရပါတော့သည်။

ကျော်ကျော်နှင့် မောင်မောင်လွင်တို့ နှုတ်ဆက်ပြီးထွက်သွားကြသည်ကို ကျွန်တော် ငေးမောကြည့်နေမိပါသည်။ ထို့နောက် လုပ်လက်စ အလုပ်ကို ဆက်လုပ်နေလိုက်ပါသည်။ ဆရာကန်တော့ပွဲက နံနက် ၁၀ နာရီ စတင်မည် ဖြစ်ပါသည်။ သူများနှင့် တန်းတူ ဆရာကန်တော့ပွဲသို့ ပစ္စည်းတခုခု ဝယ်၍ မသွားနိုင်လျှင် ကျွန်တော် မသွားချင်ပါ။ ၁၂ နာရီ ထိုးပြီးသည်အထိ အမေကလည်း မလာသေးပါ။ ထို့ကြောင့် ကျွန်တော်သည် အမေ့ကို မျှော်ရင်း အိမ်ရှေ့တွင် ကျောင်းစာ ဖတ်နေလိုက်ပါသည်။

“ဟေ့–မောင်မောင်”

အိမ်ရှေ့မှ ခေါ်သံ ကြား၍ ခေါင်းထောင် ကြည့်လိုက် မိပါသည်။ ထိုအခါ ကျွန်တော်၏ အတန်းပိုင် ဆရာ ဦးယဉ်မောင် ဖြစ်နေသဖြင့် အိမ်ပေါ်မှ ပြေးဆင်းပြီး တွေ့လိုက်ပါသည်။

"အိမ်ပေါ် တက်ပါအုံးလား ဆရာ"

ကျွန်တော်က ဆရာ့ကိုအိမ်ပေါ်တက်ရန် ဖိတ်ခေါ်လိုက်ပါသည်။ ထိုအခါ ဆရာက အိမ်ပေါ်သို့တက်လိုက်လာပါသည်။

"ဒါနဲ့ မောင်မောင် – မင်း အမေကော မမြင်ပါလား"

ဆရာက ထိုင်ရင်း မေးပါသည်။

"ဈေးရောင်းက အမေ ပြန်မလာသေးပါဘူး ဆရာ"

"ဪ – ဪ – ဈေးရောင်းက တောင် ပြန်မလာသေးဘူးကိုး။ ဒါနဲ့ နေပါအုံး မောင်မောင် ဆရာကန်တော့ပွဲကို မင်း ဘာဖြစ်လို့ လိုက်မလာတာလဲ"

"လိုက်လာမလို့ပါဘဲ ဆရာ ဒါပေမဲ့...."

"ဒါပေမဲ့ ဘာဖြစ်လဲ မောင်မောင်"

"ကျွန်တော့်အိမ်မှာ အမေကလဲမရှိ၊ ပြီးတော့.... ပြီးတော့ ကျွန်တော့်မှာ သူများ တန်းတူ လှျူဘွယ်ပစ္စည်းကလဲ မဝယ်နိုင်လို့ပါဘဲ ဆရာ"

"ဘာဖြစ်တယ် မောင်မောင်၊ လှျူဘွယ်ပစ္စည်း မဝယ်နိုင်လို့ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဘယ်ဟုတ်ပါ့မလဲ ငါ့တပည့်ရာ....ဆရာ ကန်တော့တယ်ဆိုတာ လက်အုပ်ချီပြီး ကန်တော့လဲ ရတာဘဲ။ အဖိုးတန်ပစ္စည်းတွေ ဝယ်ပြီး ဆရာတို့ကို လာကန်တော့မှ "ဆရာ ကန်တော့"တာမဟုတ်ဘူးကွဲ့။ အဖိုးတန် ပစ္စည်းတွေ ဝယ်လာပြီး စိတ်ထား မသန့်ရှင်းဘဲ ဂုဏ်တုဂုဏ်ပြိုင် လာကန်တော့တာမျိုးဆိုယင် ကုသိုလ်လဲ ရမှာမဟုတ်ဘူးကွဲ့ကြားလား။ အေး- ပစ္စည်းမပါပေမဲ့ ဆရာသမားဂုဏ်ကျေးဇူးကို လေးလေးစားစား သိတတ်တဲ့ "စိတ်ထားသာ" အဓိကလိုရင်းဖြစ်တယ်ကွဲ့"

"ဟုတ်ကဲ့ ဆရာ၊ ဒါဖြင့် ဆရာ့ကို အခု ကျွန်တော် လက်အုပ်ချီပြီး ကန်တော့ပါရစေ"

"အေး–အေး သာဓုကွယ်– သာဓု၊ ငါ့တပည့် ဘုန်းကြီးလို့ သက်ရှည်ပါစေ။ နောက်ကို ဘာမဆို ဆရာ့ကို အကူအညီတောင်း။ အခုလို မအုံမနွေး လုပ်မနေနဲ့ ကြားလား။ ကဲ – ဆရာ ရွာထဲမှာ ကိစ္စ ရှိသေးလို့ သွားလိုက်အုံးမယ်"

ကျွန်တော်သည် ဆရာထွက်သွားသည်ကို ငေးကြည့်ရင်း ဝမ်းသာစွာ ကျန်ခဲ့ပါတော့သည်။

# ရုပ်စုံ ကွမ်းအစ်

ကွမ်းအစ်လေး နီတီတီ၊
ဆေးသားပို့တပီ။

စုတ်ချက်ညီတဲ့ ပုံအရုပ်၊
ဟိုရှေးကဇာတ်ထုပ်။

တောမြိုင်အုပ်က ထွက်လို့လာ၊
ဇာလီနဲ့ကဏှာ။

သူတို့လက်မှာ ကြိုးနဲ့ဆွဲ၊
ပုဏ္ဏားတယောက်ဘဲ။

အသားမဲမဲ မျက်နှာအို၊
ဇူဇကာဟုဆို။

စေတုတ္တရာကို သူတို့သွား၊
ခရီးလမ်းအကြား။

သနားမဖက် ခေါ်ဆောင်ပုံ၊
ပန်းချီရောင်မျိုးစုံ။

ဇာတ်တော်ပုံ ရေးဆွဲပြို၊
မြန်မာ့ယဉ်ကျေးမှု။ ။

မောင်သွေးနီ – နွားထိုးကြီး



R. 517

# ရှူးပျံ



ရှူးပျံသည် ရှဉ့်မျိုးတွင် ပါဝင်ပြီး လေထဲတွင် ပျံဝဲဆင်းနိုင်သော သတ္တဝါမျိုး ဖြစ်သည်။

ရှူးပျံ၏ ကိုယ်နံဘေး တဖက်တချက်တွင် ရှေ့ခြေနှင့် နောက်ခြေတို့ဖြင့် ဆက်နေသော အရေပြား ရှိသည်။ သစ်ပင်တပင်မှ တပင်သို့ ကူးသောအခါ ခြေထောက်များကို ဘေးသို့ ကားထုတ်လျက် နံဘေး တဖက်တချက်ရှိ အရေပြားကို ဖြန့်ကားစေခြင်းဖြင့် ဝဲပျံနိုင်ခြင်း ဖြစ်သည်။ ထိုသို့ ပျံဝဲရာတွင် အမြင့်မှ အနိမ့်သို့ ပျံဝဲဆင်းပြီး ရောက်ရာ သစ်ပင်အမြင့်ပိုင်းသို့ ပြန်တက်ရသည်။ ထိုမှ အခြားတပင်သို့ ပျံဝဲ ဆင်းပြန်သည်။ သာမန်အားဖြင့် ပေ ၅၀-၆၀ အထိ ပျံဝဲနိုင်ပြီး တခါတရံ ပေ ၂၀၀ ခန့်အထိပင် ပျံဝဲသွားနိုင်သည်။

အဓိကအားဖြင့် ရှူးပျံမျိုး နှစ်မျိုးရှိသည်။ အမွေးအရောင်မှာ အချို့သည် နီကြန်ကြန်၊ အချို့သည် အနီခံ အဖြူကွက်၊ အချို့ အနက်ရောင်၊ အချို့ အညို၊ အချို့ အနက်ကျားတို့ ဖြစ်သည်။ ကိုယ်အလျား ၁၀ လက်မခန့်မှ ၁၈ လက်မခန့်အထိ အရွယ်ရွယ် အစားစား ရှိသည်။

ရှူးပျံတို့သည် သစ်ပင်ပေါ်တွင်သာ ကျက်စားလေ့ ရှိသည်။ ညဥ့်အချိန်တွင် အစာရှာထွက်ကြသည်။ ခွံမာသီး၊ ရွက်နုရွက်ဖူး၊ ငှက်ဥနှင့် ငှက်ပေါက်စများကို ရှာဖွေ စားသောက်လေ့ရှိသည်။



ဥရောပ၊ အာရှ၊ မြောက်အမေရိက၊ အာဖရိကတိုက်တို့တွင် အများအပြား တွေ့ရသည်။ ကမ္ဘာ့အနှံ့တွင် တွေ့နိုင်သည်ဟု ဆိုရပေမည်။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၄၃။

# လူဖြစ်တာ အကောင်းဆုံး

ဇာတ်လမ်း　　သရုပ်ဖော်

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၃-၁၀-၇၁)






နောက်တနေ့
သံချောင်းနဲ့ဖိုးတောင် ထစမ်း၊
မင်းတို့ဘာပြုလို့ မနေ့က ကျောင်းမတက်ကြတာလဲ
နေမကောင်းလို့ပါ ဆရာ -



ဟုတ်ကဲ့ ဆရာ၊
နောက်တနေ့ ကျောင်းပိတ်ရက်တွင်-
ဟေ့-သံချောင်းတို့-လာကွာ၊ ဘောလုံးကန်ကြရအောင်၊


ဆရာကြီး ပါသလား ဒေါ်ဒေါ်။
ဟဲ့ - သံချောင်းနဲ့ ဖိုးထောင် တို့ပါလား။ မင်းတို့ဆရာ အပြင်ခဏ သွားတယ်။ ခုပြန်လာလိမ့်မယ်။
မင်းတို့လဲ ယင်၊ ခေါင်းဆီထိုးကိုတော့ မှာသွားတယ်ကွဲ့။ လာကြ - လာကြ -
ဒီလိုဆိုယင်၊ ကျွန်တော်တို့ ပန်းခြံထဲမှာ ထိုင် စောင့်နေပါ့မယ် ဒေါ်ဒေါ်။
ဖိုးထောင်ရ - ငါတော့ လူဖြစ်ရတာ မကောင်းဘူးလို့ ထင်တယ်ကွာ။
ဘာဖြစ်လို့လဲ သံချောင်းရ။
မင်းစဉ်းစားကြည့်စမ်းကွာ၊ နို့တစ်တွေ မိုးလင်းလာတာနဲ့ ရေချိုးရ - ရေခပ်ရ - ထမင်းစားရ - ကျောင်းတက်ရနဲ့ -
နောက်ပြီး စာတွေသင်ရ - စာတွေကျက်ရ - အိမ်မှာ ထမင်းအိုးတည်ရ၊ ခလေးထိန်းရ - နောက်ပြီး ကြီးလာယင်လဲ အလုပ်လုပ်ရအုံးမှာကွ။
ဒါဖြင့်တော့ မင်းကဘာဖြစ်ချင်လို့လဲ။
မင်းစဉ်းစားကြည့်လေကွာ၊ လူဖြစ်ရတာ ဘယ်လိုလဲ အလုပ်လုပ်ရမှ၊ ဒီသွားချင်တိုင်း မသွားရဘူး၊ ကိုယ်လုပ်ချင်တာ မလုပ်ရဘူး။

ဆက်ရန်


ဘာကွက်ရေ-ကော်ပီ
စာအုပ်တအုပ်လောက်
ဘာပို မျှ ရှိကြလား
အော-ရှိတယ်
ရှိယင်-စာအုပ်လောက်
ခဏပေးကွာ-ငါရေးရင်း
ကုန်သွားလို့-တော်ကြာ
ဝယ်ပြီး လာပို့ပါ့မယ်
ရော့
ပေါက်ပေါက် လဲ
ခုထိ-စာအုပ်ဘာစား
ပြန်မပေးသေးကြ
သွားတောင်း
ရမှာလဲ-
အားနာစရာ
ကြီး-
သား-လွန်ခဲ့တဲ့-သုံးလေးရက်က
ပေါက်ပေါက် ယူသွားတဲ့ စာအုပ်
ဘာစား ပြန်ရပြီလား
ဟင့်အင်း
ဒီလိုဆို
သွားတောင်း
လိုက်ပေါ့ကွဲ
ဘာ —
အားနာစရာ
မေမေရယ်-လာ
ပေး မှာပေါ့


ဒီကောင်ကလဲ-ဝယ်ပြီး
ပြန်ပေးမယ်လဲဆိုသေး
ခုထိ-လာမပေးသေးဘူး
တလခန့်ကြာသော်——
မေမေ-သားစာအုပ်
သွားဝယ်လိုက်ဦးမယ်
ဖွား - ဒါနဲ့
ပေါက်ပေါက်ယူ
သွားတဲ့စာအုပ်ဖိုးတွေ
ပြန်ရပြီလား
ဟင်-ဟုတ်သားပဲ
သားတောင်မေ့
နေတယ်-
ဖွား-ပြန်ပေးချင်ယင်
စောစောကတည်းက-ပေးမှာ
ပေါ့-ခုတော့ မပေးချင်
လို့-တမင်အမေ့ခံထား
တာဖြစ်မှာပေါ့
ဟင်း-လူပုံက ရိုးပုံရိုး
ပန်းနဲ့-လူလည်လေးကိုး
ဒီလိုလုပ်လို့ ဘာရမလဲ
သွား-အခု ပြန်တောင်း-
ဟုတ်ကဲ့
ဪ-ကွက် ပါလား
အပေါ်တက်လေကွာ
ဟိ-ဟိ-ဟိ
မတက်တော့ဘူး


ဘိုး-ဒါဖြင့် ဘာလို့-လာတာလဲ
ပြောရမှာတော့ အားနာပါရဲ့ကွာ - တလောက-ဂိုဆီက ယူသွားတဲ့ စာအုပ်လာ တောင်း
အော-ဟုတ်သားပဲ
အေး-ဒါ့ပြင်-ဦးအမေ က မြန်မြန်တောင်းခိုင်းလိုက်လို့-
ဟေ
ဂိုလဲ-မင်းဆီက စာအုပ်လာယူပြီးက ထဲက-နေမကောင်းလိုက် တာနဲ့ မေ့သွားတယ်ကွာ
ဟုတ်လား ဒီလိုမှန်းမသိ တော့ အမေက ဒေါ်ပွတာပေါ့
ဒါပေါ့-တကယ်ဆို မင်းကလဲ-ဂိုမေ့နေ တာတောင်-သတိပေး ဦး သင့်ပါတယ်ကွာ-
တောင်းရမှာ အားနာလို့ပေါ့ ကွာ
နေဦးတကာ-အားနာတိုင်းလဲ ကောင်းတာမဟုတ်ဘူး-ခုဆို မင်းအမေက-ဂိုကို အထင်မသေး သင့်ကဲ သေးသွားရပြီ
အော ဟုတ်သားပဲ

# အာရပ်ပြည်ထောင်စု သမ္မတနိုင်ငံ(အီဂျစ်)

ရေး- စိုးလွင်မြင့်
ပန်းချီ- ကျော်ကျော်









ကိုင်ရိုမြို့တနေရာ

အာဖရိကတိုက် အရှေ့မြောက်ဖက်၌ တည်ရှိ၍ မြောက်ဖက်တွင် မြေထဲပင်လယ်၊ အရှေ့ဖက်တွင် အစ္စရေးနိုင်ငံနှင့် ပင်လယ်နီ၊ တောင်ဖက်တွင် ဆူဒန်နိုင်ငံ၊ အနောက်ဖက်တွင် လစ်ဗျား နိုင်ငံတို့ရှိသည်။ အကျယ် အဝန်းမှာ စတုရန်းမိုင် ပေါင်း ၃၈၆,၆၅၉ ဖြစ်သည်။

လစ်ဗီယန် သဲကန္တာရပိုင်းသည် မြေနိမ့်ပိုင်းဖြစ်၍ ဆိုင်နိုင်းကျွန်းဆွယ်ပိုင်းသည် ကုန်းမြင့်ပိုင်းဖြစ်ကာ ပေ ၈,၆၀၀ အထိ မြင့်မားသည်။ နိုင်းမြစ်ဝကျွန်းပေါ်သည် ကျယ်ပြန့်သော နုန်းမြေဒေသကြီးဖြစ်၍ အီဂျစ်နိုင်ငံ၏ ထူးခြားသော ဒေသဖြစ်သည်။ နိုင်းမြစ်သည် ၄,၁၅၇ မိုင်ရှည်၍ ကမ္ဘာတွင် အရှည်လျားဆုံးသော မြစ်ဖြစ်ပြီး မြေထဲပင်လယ်ထဲသို့ စီးဝင်သည်။ ထိုမြစ်၏ နှစ်စဉ် ရေလျှံမှုကြောင့် စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို ရရှိပြီး လူတို့၏ စားဝတ် နေမှုကိုများစွာ အကျိုးပြုသည်။





မမ္မီ

နန်းဝတ်နန်းစားနှင့် ရှေးခေတ် အီဂျစ် အမျိုးသမီး

အီဂျစ်နိုင်ငံ၏ တောင်ပိုင်းသည် အပူပိုင်းဒေသဖြစ်၍ ကျန်ဒေသတို့သည် ခြောက်သွေ့သော အပူလျော့ပိုင်း ဒေသများ ဖြစ်သည်။ မြေထဲပင်လယ်ကမ်းခြေတလျှောက်တွင် ရာသီဥတုသာယာပြီး အတွင်းပိုင်းဒေသတို့သည် အလွန်ပူပြင်းသည်။

လူဦးရေ သုံးဆယ့်တသန်းခွဲကျော်ရှိ၍ မြို့တော်မှာ ကိုင်ရိုဖြစ်သည်။ နေထိုင်သော လူမျိုးများတွင် ၉၅ ရာခိုင်နှုန်းမှာ အီဂျစ်လူမျိုးများဖြစ်သည်။ လူဦးရေ၏ ၉၁ ရာခိုင်နှုန်းသည် မွတ်စလင် ဘာသာကို ယုံကြည် ကိုးကွယ်ကြသည်။ အာရဗစ်ဘာသာစကားကို ပြောဆို ရေးသားကြသည်။

စိုက်ပျိုးရေးသည် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်၍ အဓိကသီးနှံမှာ ဝါဂွမ်းဖြစ်သည်။ ပြည်ပသို့ ပို့ကုန်များမှာ ဝါဂွမ်း၊ ဆန်စပါး၊ ဓာတ်သတ္တုပစ္စည်း၊ အထည်



နိုင်းမြစ်ဝှမ်းစိုက်ပျိုးခင်းများ



သဲကန္တာရအတွင်းရှိ အိုးအေးဆာစ်

အလိပ်၊ ဘီလပ်မြေနှင့်လျှပ်စစ်ပစ္စည်းတို့ဖြစ်သည်။

မန်ဂနီး၊ ဖော့စဖိတ်နှင့် ရေနံကြွယ်ဝသည်။ အသုံးပြုသော ငွေကြေးမှာ အီဂျစ်ပေါင် ဖြစ်သည်။

ကမ္ဘာ့အရှေ့နှင့် အနောက် ဆက်သွယ်ရာကမ္ဘာ့ပေါ်တွင် အရှည်လျားဆုံး (မိုင် ၁၀၀ ခန့်) ဖြစ်သည့် စူးအက်တူးမြောင်းကို ၁၈၆၉ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ကလီယိုပါးထရားမှာ ခရစ်မပေါ်မီနှစ် ၆၈ မှ ၃၀ အထိ အုပ်စိုးခဲ့သော ထင်ရှားသည့် အီဂျစ်ဘုရင်မဖြစ်၍ သူ၏ ရုပ်ရည် ကျော့ကွင်းဖြင့် ရောမစစ်ဗိုလ်ကြီးနှစ်ဦးအား အမိဖမ်းကာ သူ၏လိုရာသို့ စေနိုင်ခဲ့သည်။

ရှေးဟောင်းကမ္ဘာ့အံ့ဖွယ်ရာခုနစ်ခုတွင်ပါဝင်သောဖေးရော့မင်းပြတိုက်နှင့်ဘုရင်၊ဘုရင်မတို့၏အလောင်းများထားရှိရာ ပိရမစ်သင်းချိုင်းဂူတို့ကို အီဂျစ်နိုင်ငံတွင် တွေ့နိုင်သည်။ ကမ္ဘာပေါ်ရှိ အကြီးဆုံးသော စဖင့်ရုပ်တုကြီးကိုလည်း ဤနိုင်ငံမှာပင် တွေ့ရှိနိုင်သည်။

နိုင်းမြစ်ကို ဖြတ်၍ ဆောက်လုပ်ထားသော အက်ဆွမ်ဆည်ကြီးသည် အလျားသုံးမိုင် အမြင့်ငါးပေသုံးရာရှိပြီး စတုရန်းမိုင် ၁၀၀၀ ကျော်မျှ ရှိသော ရေပြင်ကျယ်ကြီးကို သိုလှောင် ထားနိုင်သည်။

၁၉၅၈ ခုနှစ်တွင် အီဂျစ်နှင့် ဆီးရီးယားတို့ပူးပေါင်း၍ အာရပ်ပြည်ထောင်စု သမ္မတနိုင်ငံ ထူထောင်သည်။ သို့သော် ၁၉၆၁ ခုနှစ်တွင် ဆီးရီးယားသည် ခွဲထွက်သွားခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ နိုင်ငံ၏သမ္မတမှာ အန်ဝါဆာဒတ် ဖြစ်သည်။



ရှေးက ပိရမစ်တည်ဆောက်နေပုံ

အောင် စာရင်းများ ထွက်သောနေ့တွင် သံဂဲတို့က စာမေးပွဲရှုံးသော ခွေးနီအား ဝိုင်း၍ နောက်ကြသည်။

# အားပေး နှစ်သိမ့်ပါ


● မောင်မျိုးညွန့်













ဝင်းရွှေ
မိနိုင်ရေ့.. ငါ့ သွားနာနေတာ နုတ်ချင်လို့ပေါ့ဒီ အပ်ချည်ကြိုးနဲ့ ချည်ပေးစမ်းပါဟယ်
ဟင်! မလုပ်တတ်ဘဲ မလုပ်ပါနဲ့ မေမေ့ပြောပြီး ဆရာဝန်နဲ့နုတ်ပါလား ကိုရော်ဂျ...
သွား
အန္တရာယ်
တော်စမ်းပါ... နင် သတ္တိကြောင်တိုင်း ပြောနေ... နာတာမှတ်လို့.. နောက်ပြီး ဆရာဝန်ပြရလောက်အောင် ခက်တာမှမဟုတ်တာ
ကိုကို့သဘောဘဲ
နင်မကြည့်ချင်ယင် တဖက်ကို လှည့်နေ... ငါ့ဟာသာနုတ်မယ်... ကြည့်...
ဖျတ်
အား
ဟဲ့..
ညနေ
မိနိုင်ရေ..မနက်က ငါ့သွားနုတ်တာ အခုထက်ထိ သွေးထွက်တုန်းဘဲ.. ဘာလုပ်ရမလဲ.. ဟင်..
ဟယ် ဟုတ်ပါရဲ့ ပါးကြီးလဲ ယောင်လို့ပါလား
သို့နှင့် — မေမေ့ ထံ ရောက်သွားကြရာ
ကြည့်စမ်း.. ဒါဒါ ကမေမေ့ကို ဘာလို့ မပြောတာလဲ...
လာ ... ဆရာဝန်သွားပြကြ ရအောင် ....
ကိစ္စမရှိတော့ပါဘူး... နောက်ဆိုယင်သွားလည်တဲ့လူကို တိုင်ပင်ရတယ်.. အရမ်းလုပ်ယင် အန္တရာယ်ပေးနိုင်တယ်ကွဲ့
ကျေးဇူးတင်ပါတယ် ဆရာ...


ဟဲ့ သားသား မဆလာတထုပ် သွားဝယ် စမ်း . .
ရော့
ဟာ. ကျပ်တန် ကြီးပါလား
ကျွန်တော်သည် မေမေက မဆလာဝယ်ခိုင်း သဖြင့် လမ်းထိပ်ရှိ ကုန်စုံဆိုင်သို့ ထွက်လာရာ လမ်းတွင် ဇော်လေးနှင့် တွေ့၏။
စိုးမိုးပါလား ဒီတစ်ခါ မှာကျပ်တန် တွေ ဘာတွေနဲ့ ဘယ် သူ့ ပိုက်ဆံလဲ ကွ
ကျွန်တော်သည် ဇော်လေးကို ကြွားလိုက်၏ -
ငါ့ပိုက်ဆံ ပေါ့ . ကွ
ဒါဖြင့် ငါ့ကို မုန့်ဝယ် ကျွေးရ မယ်
သူသည် တခါက ကျွန်တော့်ကို မုန့်ဝယ်ကျွေး ဘူး၍ ယခု သူ့ကို ကျွန်တော်က မုန့်ပြန်ဝယ်ကျွေး ရပါသည်။
အိမ်ပြန်ရောက်၍ မေမေ့ကို အကျိုးအကြောင်း ပြောပြသော် မေမေသည် ကျွန်တော်ကို မရိုက်ဘဲ နောင်ကို မကြွားဘို့ ဆုံးမလေသည်။
သားသား မှတ်ထား ပါ့မယ်

# ပင်လယ်ရေလှိုင်းများ အဘယ်ပုံ ဖြစ်ပေါ်သနည်း

ရေစလုံအတွင်းရှိ ရေမျက်နှာပြင်ပေါ်သို့ ပါးစပ်လေဖြင့် မှုတ်လိုက်လျှင် ရေလှိုင်းကလေးများ ဖြစ်ပေါ်လာသည်ကို တွေ့ရမည်။ ထို့အတူ ပင်လယ်ရေလှိုင်းများ ဖြစ်ပေါ်ရခြင်းမှာ ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် တိုက်ခတ်နေသောလေကြောင့် ဖြစ်လေသည်။ တခါတရံ ပင်လယ်ကမ်းစပ်တွင် လေမတိုက်ပဲ ရေလှိုင်းကြီးများ ကမ်းသို့ တလိမ့်လိမ့် ရိုက်ခတ်နေသည်ကို တွေ့ရတတ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ဝေးလံသော ပင်လယ်ပြင်တွင် လေတိုက်ခတ်နေခြင်းကြောင့် ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်ပေါ်ရှိ လေသည် အလွန် အားကောင်းသည်။ ယင်းကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းများသည် မိုင်ထောင်ပေါင်းများစွာ အဝေးအထိ ရောက်လာနိုင်ပေသည်။

တခါတရံ ရေမျက်နှာပြင်အောက်ရှိ မီးတောင်ကြီးများ ပေါက်ကွဲခြင်းကြောင့်၊ မြေငလျင်လှုပ်ခြင်းကြောင့် ဧရာမရေလှိုင်းကြီးများ ရုတ်ခြည်း ဖြစ်ပေါ်တတ်သည်။ ယင်းသို့သော ဧရာမဒီရေလှိုင်းကြီးများသည် ကမ်းပေါ်သို့တိုင် ရိုက်ခတ်လာပြီး ကြီးမားသော ပျက်စီးမှုများကို ဖြစ်ပေါ်စေနိုင်သည်။

ကြယ်ဖြူ





## ဘာပုံလဲ

သိလိုလျှင် ကြယ်ပွင့် ပြထားသော နေရာတွင် သဏ္ဌာန်ဖောင်တိန် အဖုံးကို ထောင်၍ ဖောင်တိန် အဖုံးထဲ၌ကြည့်ပါ။





# မိုက်မိပါသည်

မောင်နေဘုန်း

ကျွန် တော် သည် တ ဦး တည်းသော သား ဖြစ်ပါသည်။ ဖေဖေ နှင့် မေ မေ သည် ကျွန်တော့်ကို အလွန် ချစ်ပါသည်။ သို့သော် ဖေဖေက ကျွန်တော့်ကို လွတ်လွတ် လပ်လပ် နေစေလိုပြီး မေ မေ က မူ ချုပ်ချယ်လွန်း ပါ သည်။ မေ မေ သည် ကျွန်တော့်ကို အမြဲ ဂရုစိုက်၍ ကြည့်နေ တတ်ပါသည်။ ကျွန်တော် ပြေးလျှင်လည်း မပြေးရပါ။ ခုန်လျှင်လည်း မခုန်ရပါ။ လွတ်လွတ် လပ်လပ်လည်း မကစားရပါ။ အစာ စား ရာ တွင်လည်း သူကျွေးသော စားစရာကိုသာ စားခိုင်းပါသည်။ သူ့အနီးတွင် အမြဲနေစေပါသည်။ ထို့ကြောင့် အိမ်တွင် မေမေနှင့် နေရခြင်းကို မပျော်ပါ။

ကျွန်တော်သည် ကျောင်းတွင် အ လွန် ပျော် ပါ သည်။ ကျောင်း ရောက် မှ လွတ်လွတ်လပ်လပ် ကစားရသောကြောင့် ဖြစ်ပါသည်။ ကျောင်းတွင် သူငယ် ချင်း များ နှင့် ကစားနေရသောအခါ အိမ်ကိုပင် မပြန်ချင်တော့ပါ။ သို့သော် အိမ်သို့ ပြန်ရောက်သော အခါ စိတ်ညစ်ရပြန်ပါသည်။ မေမေသည် ကျွန်တော်၏ အင်္ကျီ လုံ ချည် တို့ကို ချွတ်၍ ကျွန်တော့် တကိုယ်လုံးကို ကြည့် လေ့ ရှိ ပါ သည်။ ကျောင်းတွင် ဆော့ခဲ့၍ ပွန်းရာ ပဲ့ရာတွေ့လျှင် ဆူပါသည်။ ရိုက်ပါသည်။ တခါမဟုတ် နေ့တိုင်းပင် ဖြစ် ပါ သည်။ ထို့ ကြောင့် ဖေဖေက –

"ကလေးဆိုတာ ဆော့မှာပေါ့ကွာ။ ဒီလောက် စိုးရိမ်တာ မကောင်းဘူး"ဟု ပြောတတ်ပါသည်။ ထိုအခါ မေမေက –

"စိုးရိမ်ရတယ် ရှင့်။ ကျမ သားကို လွယ်လွယ် မွေးပြီး ရထားတာ မ ဟုတ် ဘူး"ဟု ပြန်ပြောတတ်ပါသည်။

မှန်ပါသည်။ ကျွန်တော့်ကို မွေးစဉ်က မေမေ့ ဗိုက်ကို ခွဲပြီး မွေး ခဲ့ရ ကြောင်း လူကြီးများ ပြောသံ ကြားဘူးပါသည်။

တနေ့တွင် ကျောင်း အား ချိန်၌ သူငယ်ချင်း များနှင့် ကစားရင်း ကျွန်တော်၏ ဘယ်ဖက်ခြေဖဝါးတွင် သံစူးပါသည်။ ကျောင်းဝင်း အပြင်ဖက်ရှိ အမှိုက် ပုံ နား တွင် ပြေးဆော့ ကစား၍ ဖြစ်ပါသည်။ ကျွန်တော်တို့ ဆရာကိုလည်း မပြောရဲကြပါ။ ထို့ကြောင့် သူငယ် ချင်း များနှင့် တိုင်ပင်ပြီး သံစူးရာကို သဲနှင့် သိပ်လိုက်ပါသည်။ သံစူးရာက အလွန်နာနေသော်လည်း ကျွန် တော် သည် မ နာ ဟန် ဆောင်နေပါသည်။

ညနေ ကျောင်းဆင်းသော အခါ အိမ်သို့ပြန်ခဲ့ပါသည်။ မေမေသည် ခါတိုင်းကဲ့သို့ပင် ကျွန်တော်၏ အင်္ကျီလုံချည်ကို ချွတ်၍ ကြည့်ပါသည်။ ဘာဒဏ်ရာမျှ မတွေ့ပါ။ သို့သော် ကျွန်တော့် မျက်နှာ ညှိုးနေသည်ကို မြင်သဖြင့် –

"သား – ဘာဖြစ် လာလဲ" ဟု မေးပါသည်။

ကျွန်တော်ခေါင်းခါပြလိုက်

ပါသည်။ မေမေ ရိုက်မည်ကို ကြောက်၍ သံစူး ခဲ့သည်ကို မပြောပြပါ။

ညဖက် ရောက်သော် ကျွန်တော့် ကိုယ် အလွန် ပူလာပါသည်။ ခေါင်းလည်း မူးပါသည်။ ဘယ်ဖက် ပေါင်တွင်လည်း အကျိတ်ဖု ဖြစ်နေပါသည်။ သံစူးသည့်အနာမှ ကိုက်သော်လည်း ကျွန်တော့်တွင် အပြစ် ရှိနေသဖြင့် ကျိတ်မှိတ် ခံနေ ပါ သည်။ ခြေထောက်ကို ဖေဖေနှင့်မေမေ မမြင်အောင် စောင် ခြုံထားပါသည်။

သို့သော် ဖေဖေနှင့် မေမေသည် ကျွန် တော် ကိုယ် ပူ နေကြောင်း သိ၍ အလွန် စိုး ရိမ်လျက် ရှိကြပါသည်။ မေမေက–

"သား– ကျောင်းမှာ ဘာဖြစ်လာသလဲ။ ဘာတွေ စားခဲ့သလဲ" ဟု မေးပါသည်။

ကျွန်တော်က ဘာမျှ ပြန်မပြောပါ။

ဖေဖေက ကျွန်တော့်နဖူးကို စမ်း ပါ သည်။ လက် ဖျား ခြေဖျားများကိုလည်းစမ်းပါသည်။ ကျွန်တော်၏ ဘယ်ဖက်ခြေဖျားကို ကိုင်မိသောအခါ –

"အား –နာတယ်" ဟု ကျွန်တော့်ပါးစပ်မှ ရုတ်တရက် ထွက်သွားပါသည်။

ဖေဖေသည် စောင်ကို ဖယ်လျက် ကျွန်တော့် ခြေထောက်ကို ကြည့်ပါသည်။ ဘယ်ဖက် ခြေခုံ ရောင် နေ သည် ကို မြင်သောအခါ –

"သား – မင်း ခြေထောက် ဘာနဲ့ ထိခဲ့ သလဲ" ဟု မေးပါသည်။

ကျွန်တော် လိမ်လို့မရတော့ပါ။ ကျောင်းမှာသံစူးခဲ့ကြောင်း ပြောပြလိုက်ပါသည်။

မေမေအလွန်စိတ်မကောင်း ဖြစ်သွားပါသည်။

"ဟယ်–ညနေကပဲပြောပြော်တာ သွေးမိပြီ ထင်တယ်" ဟု ပြောပါသည်။

ဖေဖေသည် ဘာမျှ ဆက် မပြောတော့ပါ။ ချက်ချင်း သုံးဘီးကားခေါ်ပြီး ကျွန်တော့်ကို ဆေးရုံသို့ ပို့ပါတော့သည်။

ဆေးရုံ ရောက်သော အခါ ဆရာဝန်က ကျွန်တော့်ကို စမ်းသပ်ပြီး ဆေးထိုး ပေးပါသည်။ ဆေးတိုက် ပါသည်။ သံစူးလျှင် အနာရင်းပြီးသေတတ်ကြောင်း ပြောသဖြင့် ကျွန်တော် အလွန် ကြောက်သွားမိပါသည်။

ဆရာဝန်ကအိမ်တွင် သောက်ရန် ဆေး များ ပေး လိုက် ပါသည်။ မစိုးရိမ်ရန်လည်း မှာကြား လိုက်ပါသည်။

ဖေဖေသည် ကျွန်တော့်ကို ပွေ့ချီလျက် ဆေးရုံမှ ဆင်းခဲ့ပါသည်။ မေမေက ဘေးမှပါလာပါသည်။ ကျွန်တော် ဝမ်းနည်းလာပါသည်။

ကျွန်တော် နောက်ကိုမမိုက်တော့ပါ။

# မောင်မယ်တာဝန်

အသက်အရွယ် နုနယ်သေးတဲ့၊
မောင်မယ်လေးတို့ မှတ်စရာ။
ကိုယ်နှုတ်မူရာ ချိုသာအေးမှ၊
လူယဉ်ကျေးလို့ ခေါ်နိုင်မှာ။
သက်တူရွယ်တူ အဖော်များနဲ့၊
ခိုက်ရန်မပွား ချစ်ခင်စွာ။
သက်ကြီးရွယ်အို မိဘများနဲ့၊
ဆရာသမားကို ရိုသေပါ။
ငယ်ရွယ်စဉ်မှာ ပညာရဘို့၊
ကြိုးစားလုံ့လ ရှိသင့်တာ။
ကိုယ့်တိုင်းကိုယ့်ပြည်
ကိုယ့်လူမျိုးကို၊
မြတ်နိုးချစ်စိတ် မွေးရမှာ။
မောင်မယ်လေးတွေ
လိမ်မာကြမှ၊
မြန်မာပြည်လှ တိုးတက်မှာ။
ကြိုးစားပါ....ကြိုးစားပါ။ ။

မောင်တင်စိုး(သစ်ရာကောက်)



R. 517

# တောင်ဆိတ်




အိမ်မွေးဆိတ်နှင့် အလွန်ဆင်တူပြီး ခြေလက်များတုတ်ခိုင်သည်။ အဖိုနှင့်အမ နှစ်မျိုးစလုံးတွင် ဦးချိုရှိသည်။ သို့သော် အမတွင်ရှိသောဦးချိုမှာ ပို၍သေးသွယ်ပြီး ပို၍ချောမွတ်သည်။ အမတွင် ဦးချိုပေါက်ပုံမှာ အဖိုနှင့်မတူပဲ ဦးချိုနှစ်ချောင်းမှာ မျဉ်းပြိုင် အနေအထား ရှိသည်။ အဖျားပိုင်းတွင်သာ အတွင်းသို့အနည်းငယ်ညွတ်၍ နောက်သို့ ကော့သွားသည်။ အဖို၏ဦးချိုမှာ ဘေးနှစ်ဖက်သို့ အနည်းငယ်ကားသည်။ ဦးချို၏ အရောင်မှာ အနက်ဖြစ်သည်။

အမွေးများ သိပ်သည်းစွာပေါက်နေပြီး ရှည်လျား ကြမ်းတမ်းသည်။ ထိုအမွေးရှည်များကြောင့် အအေးဒဏ်ကို ကောင်းစွာ ခံနိုင်ခြင်းဖြစ်သည်။ ကျောတလျှောက်ရှိ အမွေးအရောင်မှာ ကြွက်၏အမွေးအရောင်ကဲ့သို့ ညိုမည်းမည်းဖြစ်သည်။ ဦးချိုကြားတွင်အရောင်ရင့်ပြီး အမြီးရှိအမွေးများမှာ အနက်ရောင်ဖြစ်သည်။ ဝမ်းပိုက်ပိုင်းတွင် နီညိုရောင်သန်းသော ဖွဲညစ်ညစ်အမွေးများရှိသည်။ ခြေချောင်းများတွင် အညိုရောင်အမွေးများရှိသည်။

မျက်စိအလွန်ရှင်သည်။ ပေ ၃၀၀၀ ကျော်မှပေ ၉၀၀၀ ခန့်အထိ အမြင့်များတွင် ကျက်စားလေ့ရှိသည်။ လေးကောင်မှ ဆယ်ကောင်အထိ အုပ်ဖွဲ့နေတတ်ပြီး အထီးကြီးများမှာ တကောင်တည်း သီးခြားခွဲနေလေ့ရှိသည်။ နံနက်စောစောနှင့် ညနေစောင်းအချိန်များတွင် တောင်ခါးပန်းတွင် ပေါက်ရောက်သော မြက်များနှင့် သီးနှံပင်များကို လိုက်လံစားသောက်တတ်ပြီး၊ နေ့လယ်ချိန်များတွင် ကျောက်စွန်း၊ ကျောက်စွယ်များအောက်၌ အိပ်စက်နေတတ်သည်။

ဟိမဝန္တာတောင်၊ အဲ့လပတောင်တန်း၊ ကော်ကေးဆပ်တောင်နှင့် ပီးရနီးတောင်စသည့် တောင်တန်းကြီးများပေါ်တွင် နေထိုင်ကျက်စားကြသည်။ မြန်မာနိုင်ငံတွင် ရခိုင်နှင့် ချင်းတောင်တန်း၊ မြစ်ကြီးနားခရိုင် စသည့် နေရာများတွင် တွေ့နိုင်သည်။



ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးတင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥဓါဝ
မြည်လမ်း စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၁) [illegible] ပုံနှိပ်သည်။


အတွဲ-၃။ အမှတ်-၄၄

# ရွှေသွေး ဂျာနယ်

## ပျား နှင့် ကျား

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-စောစောခင်

၁၃၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် (၃၀-၁၀-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။


ဘယ်သူ့လဲကွ – ဟေ –
ကြောက်လန့်၍ ထွက်ပြေးကြ၏။ သို့သော် –
ကျနော် ပျား ပါဗျာ
တကောင်သောပျားကလေး ကျန်ခဲ့ပြီး ---
အိုး ဟို –
တနေကုန် သွားချည် လာချည် အလုပ်များတဲ့ - ပျားကိုး
ဟေ့ - ငါကတော့ နာမည်ကျော် - ခြင် - ကျော်ကျော် - တဲ့ကွ
ခေါင်းတို့လို အလုပ် မလုပ်ဘဲ နေပေမဲ့
စားနိုင်သောက်နိုင် ရှိတာဘဲ
ဘယ်နှယ်လဲ – ဟားဟား
ဟားဟား
ထိုအခါ သစ်ရွက်အောက်မှ ခြင်တကောင်က–
အလို
မာနသံပါပါဖြင့် ထွက်ပြောလိုက်၍ ပျားမှာ အံ့အားသင့်သွားရာမှ –
ဟုတ်ကဲ့ - ကျနော်တို့ ပျားတွေဟာ - ပင်ပင်ပန်းပန်း အလုပ်လုပ်ကြပါတယ် –
ဒီလို လုပ်ကိုင်ရှာဖွေလို့ရတဲ့ ပန်းဝတ်ရည်တွေကို - ဟောဟို သစ်ပင်ကြီးပေါ်က အိမ်မှာ သိမ်းဆည်းထားပါတယ်
ဒါကြောင့်လဲ - ကျနော်တို့ ဆာလောင်တဲ့ အခါ - အချိန် မရွေး အစာ စားနိုင်ကြပါတယ် ခင်ဗျာ
အမယ်ကွာ - ငါလဲ အချိန် မရွေး အစာစားနိုင်တာ ပါဘဲ - -
ငါ က လက်တွေ့ သမား ကွ
ခေါင်း ကြည့် နေနော်


သွေးလွန် တုပ်ကွေးရောဂါ ဟာ - တယ်ကြောက် စရာကောင်း သတဲ့
ဒီရောဂါဟာ ခြင်ကျားကိုက် တာက,စဖြစ် တတ်သတဲ့
ခြင်ကျားသည် အနီးရှိ အိမ်တအိမ်တွင် လူတစု စကားပြောနေရာသို့သွား၍---
ဒီ- တင်ပါကြီး ကိုက်လိုက်ရ ကောင်းမလား
ဟို ဖွေးသလုံးကြီး ကိုက်လိုက်ရကောင်းမလား
လူကို သေသေချာချာရွေးပြီးမှ---
ဇဲ ကွာ - ကြာတယ်- လက်မောင်းသားကြီး ကို ကိုက်လိုက်မယ်
အလို- ပြောလို့မှ မဆုံး သေးဘူး၊ ခြင်ကျားပါလား
ရိုက်ထဲ့ လိုက်မယ်
စစ်
အမယ် အာရ - မလဲ
ဇဲ ကွာ
ဖတ်
ဖေါင်း
ဖျပ်
လွတ်သွားသော်လည်း ခြင်ကျားမှန်းသိ၍—


ဟာ
တယ်ဖြစ်ပါလား
ခြင်-ငကျားက သွမ်းရော - ဒိုင်မင်ရော- မဆိုးဘူး
ပွတ်သွားတယ်ကွ
အတင်းလိုက် ဖိုက်ကြတယ် ဟေ့
ထိုအချိန်တွင် ပျားတို့ အုပ်စုသည် ပျားအုံ ထဲမှနေ၍ ကြည့်နေကြ၏။
ဟာ
ဟင်
ဟော မျှ
ခဏကြာသော် --
ခြင်-ငကျား ဘယ်ရောက် သွားပြီလဲ မသိဘူး
ခိုင်တို့-ငကျား သေသွားပြီ
လူတွေက သွေးစုတ်- ရောဂါပေးတဲ့ ခြင်ဆိုတော့ မုန်းတာပေါ့
မတရားတဲ့ ခြင်ကို-ရိုင်း သတ်ကြတာဘဲ
ကဲ-ခြင်-ငကျား ရဲ့အဖြစ်ကိုဘဲကြည့်ကြ ပေတော့၊ သူဟာ-ကိုယ့်အား ကိုယ်ကိုးပြီး အလုပ်မလုပ်ချင်ဘူး၊ ရေသာခိုစိတ်နဲ့အချောင် စားချင်တဲ့အတွက်- ခုလို ဘေးဒုက္ခနဲ့တွေ့ရ တာဘဲ။ သူ့အဖြစ်ကို သင်ခန်းစာယူပြီး ငါတို့-ဆတက်ထမ်းပိုးတိုး၍အလုပ် လုပ်ကြ ပါစို့။ အလုပ် ပင်ပန်းပေမယ့် ဘေးရန် ကင်းဝေးတယ်၊ အေးအေးချမ်းချမ်းနေထိုင် စားသောက်နိုင်ဘို့ အရေးကြီးတယ်-ကွဲ---
ပျားဘုရင်မကြီးက ခြင်ကျားဘဝကိုကြည့်ပြီး ပျားများကို ဆုံးမလေတော့သည်။



လူဖြစ်ရတာ အကောင်းဆုံး



မေမေရေ- သူတို့နှစ်ယောက်မှာ အမေမရှိကြဘူးလေ
ဟင်- ဟုတ်လား- ဒီလိုဆိုရင် မင်းတို့နဲ့ အိမ်မှာပဲ နေကြတာပေါ့။
ထိုနေ့မှစ၍ သဲချောင်းနှင့်မိုးတောင်တို့လည်း၊ ငှက်မကြီးနှင့်အတူနေထိုင်ကြသည်၊ ငှက်မကြီးကလည်း သူတို့ကို အစာကျွေးသည်။
ငှက်ဖြစ်ရတာ ... ပါကလား သဲချောင်းရ-
အေး မှ- ဘာမှလုပ်စရာမလိုဘူး၊ စားချိန်စားရတယ်၊ ကစားရတယ်၊ နောက်ပြီး ပျံလို့ရတယ်၊
ဟေ့- ကလေးလေးတွေ- လာကြ- လာကြ- မိုးမုန်တိုင်းကြီး ကျတော့မယ်၊
ဝေါ
အောင်မယ်လေး ကြောက်တယ် အမေရေ-
မိုးလင်းမှ မုန်တိုင်းစဲသွားတော့သည်၊ နေမင်းလည်း တောက်ပစွာ ထွက်ပေါ်လာသည်။
ဟေ့ ကလေးလေးတွေ၊ ထွက်ခဲ့ကြ၊ ကျိုးနေတဲ့ အသိုက်တွေ ပြန်ဆောက်ကြ ရအုံးမယ်၊




ဆက်ရန်

# ဗြိတိန်နိုင်ငံ

ရေး-စိုးလွင်မြင့်
ပန်းချီ-ကျော်ကျော်









ဘုရင်မကိုယ်ရံတော်မြင်းတပ်

အနောက်မြောက်ပိုင်း ဥရောပ၏ ကမ်းခြေအလွန်တွင် တည်ရှိသည်။ မြောက်ပင်လယ်၊ ဒိုဗာရေလက်ကြားနှင့် အင်္ဂလိပ်ရေလက်ကြားတို့က ဥရောပတိုက် ကုန်းမကြီးမှ ပိုင်းခြားထားသည်။ တချိန်က နေမဝင်နိုင်သော အင်ပိုင်ယာကြီးကို ထိန်းချုပ်ခဲ့သော ဗြိတိသျှ ကျွန်းစုတွင် ဗြိတိန်နိုင်ငံ (အင်္ဂလန်ပြည်၊ စကော့တလန်ပြည်နှင့်ဝေလနယ်) နှင့် အိုင်ယာလန် ကျွန်းတို့ပါဝင်သည်။ ဗြိတိန်နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၉၄,၂၁၄ ဖြစ်သည်။

ဗြိတိန်နိုင်ငံ၏ မြောက်ဖက်၊ အနောက်ဖက်နှင့် အနောက်တောင်ဖက်ပိုင်းတို့သည် ကုန်းမြင့်များဖြစ်၍ အရှေ့နှင့် အရှေ့တောင်ဖက်ပိုင်းတို့သည် မြေနိမ့်လွင်ပြင်များဖြစ်သည်။ နိုင်ငံ၏ အချို့နေရာတို့တွင် ရွှံ့နွံစိမ့်မြေများရှိသည်။ ကမ်းခြေသည် ရှည်လျားပြီး မညီမညာ ကွေ့ကောက်လျက်ရှိသည်။ ချောက်ကမ်းပါး၊ ကျောက်စွန်းနှင့် အငူများရှိသည်။

ပါလီမန်အဆောက်အအုံ



ကမ္ဘာ့မြောက်ဖက်ပိုင်း၌ တည်ရှိနေသော်လည်း ပင်လယ်နှင့် အနောက်တောင်လေတို့၏ ပြုပြင်မှုကြောင့် သမပိုင်းရာသီဥတုရှိသည်။

နိုင်ငံ၏ လူဦးရေမှာ ငါးဆယ့် ငါးသန်း နီးပါး ရှိ၍ မြို့တော်မှာ လန်ဒန် ဖြစ်သည်။ အင်္ဂ



ဘစ်ဘင်နာရီစင်ကြီး

လိပ် စကော့၊ ဝေးလ်နှင့် အိုင်းရစ် လူမျိုးတို့ နေထိုင်ကြပြီး ချတ်ရှ်အော့ဖ်အင်္ဂလန်၊ ချတ်ရှ်အော့ဖ် ဝေးလ်၊ ချတ်ရှ်အော့ဖ် စကော့တလန်၊ ချတ်ရှ်အော့ဖ် အိုင်ယာလန်၊ ဗရင်ဂျီ၊ မက်သဒစ်၊ ဘက်ပ တစ် စသည့် ဘာသာများကိုကိုးကွယ်ကြသည်။ အင်္ဂလိပ်၊ ဝေးလ်နှင့် ဂေးလစ် ဘာသာစကားကို ပြောဆိုသုံးစွဲကြသည်။



စကော့လူမျိုးတဦး အိတ်ခရာမှုတ်နေပုံ

ကမ္ဘာ့ထိပ်တန်း စက်မှုနိုင်ငံကြီးတနိုင်ငံဖြစ်၍ စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးသည် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ သံနှင့်သံမဏိ၊ ဓါတုဗေဒပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်၊ လေယာဉ်၊ အထည်အလိပ်နှင့် အခြားပစ္စည်းများစွာ ထုတ်လုပ်သည်။ စိုက်ပျိုးရေးမှာလည်း အရေးပါသည်။ ဗြိတိန်နိုင်ငံ၏ ပင်လယ်ငါးဖမ်းလုပ်ငန်းသည် ကမ္ဘာ့အဓိကစီးပွားရေး လုပ်ငန်းတခုဖြစ်သည်။ အသုံးပြုသော ငွေကြေးမှာပေါင်စတာလင်ဖြစ်သည်။

ဘစ်ဘင်ခေါ် နာရီစင်ကြီးမှ စံတော်ချိန်ခေါင်းလောင်းထိုးသံကို တကမ္ဘာလုံးသို့ အသံလွှင့်ပေးသည်။ စကော့တလန်ပြည်သားတို့မှုတ်လေ့ရှိသောဘက်ပိုက်ခေါ် အိတ်ခရာမှာ ထူးခြားသည့် တူရိယာပင်ဖြစ်သည်။



မျှော်စင်တံတား

စည်းမျဉ်းခံဘုရင်စံနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံဖြစ်၍ နိုင်ငံ အကြီးအကဲ များမှာ ဒုတိယ မြောက် အယ်လစ်ဇဘက် ဘုရင်မနှင့် ဝန်ကြီးချုပ် အက်ဒွပ်ဟိ တို့ဖြစ်သည်။


၁၉၄၅ ခုနှစ်မှစ၍ ကုလသမဂ္ဂ၏ မူလအဖွဲ့ဝင် နိုင်ငံဖြစ်ခဲ့သည်။


ကာတွန်း
ကျုပ်ကိုငွေတရာချေးပါ တလကြာယင်ပြန်ဆပ်ပါမယ်
ကိုမိုးသီးသည် ကိုသူတော်ထံသွားပြီး ငွေချေးလေသည်။
ငွေတရာရရှိကြောင်းနဲ့ တလကြာယင်ပြန်ဆပ်မယ်ဆိုတဲ့ ကတိကိုဒီစာရွက်မှာလက်မှတ်ထိုးရမယ်
ငွေတရာသာချေးပါ ကတိစာချုပ်လက်မှတ်ထိုးပါမယ်
ကဲ- ဟော ဒီမှာ ငွေတရာယူပြီး လက်မှတ်ထိုး
ကိုမိုးသီးသည် ငွေတရာ ချေးယူပြီး အိမ်သို့ ပြန်ခဲ့လေသည်။
ကိုမိုးသီး လဲမလာဘူး သူ့အိမ်သွားအုံးမှ ကွဲ
သို့သော် လပေါင်းများစွာကြာသော်လည်း ကိုမိုးသီးက ပြန်မဆပ်ပဲနေသဖြင့်


ကိုမိုးသီး ကျုပ်ငွေ ပြန်ဆပ်လေ
ဆပ်မှာပေါ့ ဘယ်မှာလဲ ကျုပ် လက်မှတ်ထိုးခဲ့တဲ့ ပေစာ
ကိုမိုးသီးအိမ်သို့ လိုက်သွားရာ - - -
ဟော ဒီမှာ စာချုပ်ရော့
မီးရှို့ပစ် လိုက်ပြီး သူ့ငွေကို မဆပ် နိုင်ဘူးလို့ ငြင်းရမယ်
ဘာမို့လို့ ပေစာမီးရှို့ပစ်ရတာလဲ
ခင်ဗျား ဆီက ငွေယူတာ ဘယ်လို အထောက် အထား ပြနိုင်သလဲ ပြောစမ်းပါဦး ဟား - ဟား - ဟား
ကိုမိုးသီး ကျွန်တော့်ဆီက ငွေတရာယူ ပြီး တထွာလောက်ရှိတဲ့ ပေစာရွက်မှာ ကတိစာချုပ်လက်မှတ်ရေးထိုးပါတယ်
ဤတွင် ကိုသူတော်သည် ရွာသူကြီးထံ သွား၍ တိုင်ကြားလေသည်။


ကဲ-မနက်ဖြန် ကျုပ်မေးတဲ့အခါ မှာထားတဲ့အတိုင်းပြောပါ
ဟုတ်ကဲ့
ထိုအခါ အမြော်အမြင်ရှိသော ရွာသူကြီးက အကြံအစည်တခု စီစဉ်ပေးလိုက်သည်။
မောင်မိုးသီးက ငွေဘယ်လောက် ယူသလဲ-မောင်သူတော်
ငွေတထောင်ချေးယူဖို့ တလံလောက်ရှိတဲ့ ပေရွက်မှာ ကတိစာချုပ်လက်မှတ်ထိုးပါတယ်
နောက်တနေ့ ရွာသူကြီးရှေ့ ရောက်ကြသော် -
ကိုသူတော်လိမ်ပြောတာပါ သူကြီးမင်း
ငွေတထောင်မဟုတ်ပါဘူး၊ ငွေတရာပါ ပေရွက်ကလဲ တထွာဘဲရှိပါတယ်.
ကိုမိုးသီးက မခံချင်စိတ်ဖြင့် ပြောချလိုက်၏။
ဒီလိုဆိုယင် မောင်သူတော်ဆီက ငွေတရာချေးယူတာ မှန်နေပြီပေါ့၊ ပြန်ပေးစေ
ကောင်းပါပြီ
သူကြီးမင်းရဲ့ ဉာဏ်ပညာကို ချီးကျူးပါတယ်
သို့ဖြင့် ကိုမိုးသီးမှာ ချေးထားသော ငွေတရာကို ပြန်ဆပ်ရလေတော့၏။






# အမြီးများ အဘယ်ပုံ အသုံးဝင်သနည်း

တိရစ္ဆာန်များ၏ အမြီးများသည် ယင်းတို့အတွက် တနည်းနည်းဖြင့် အသုံးဝင်လေသည်။

နွားသည် အမြီးဖြင့် ခြင်၊ ယင်၊ ဖြုတ် စသည်တို့ကို ရိုက်ခတ် မောင်းထုတ်နိုင်သည်။

မြေခွေးသည် သူ၏ အမြီးဖြင့် သူ့ကိုယ်ကို နွေးထွေးအောင် ရစ်ပတ်ထားနိုင်သည်။


သားပိုက်ကောင်သည် သူ၏ အမြီးကို နောက်ခြေထောက်တချောင်းကဲ့သို့ အသုံးပြု၍ အားပြု ထောက်ထားနိုင်သည်။



ဗီဗာဖျံသည် သူ၏ လှေတက်သဏ္ဍာန်အမြီးဖြင့် ရေပြင်ကို ရိုက်ခတ်လျက် အချက်ပေးနိုင်သည်။

ကင်းလိပ်ချောသည် ရန်သူ၏ အတိုက်အခိုက်ကို ခံရပါက အမြီးကို ဖြတ်ထားခဲ့လေ့ရှိပြီး အမြီးသစ် ထပ်ပေါက်လေ့ရှိသည်ဟု ဆိုသည်။

ရှဥ့်ပျံသည် သစ်ပင်တပင်မှ တပင်သို့ ပျံ၍ ဆင်းစဥ် အမြီးကို တက်မသဖွယ် အသုံးပြုနိုင်သည်။




ကြယ်ဖြူ

## ဘဲရေကူးရုပ်လုပ်နည်း

ဘဲရုပ်တခုကို စက္ကူမာတွင်ကပ်၍ ညှပ်ယူပါ။ ကျန်တရုပ်ကို တဖက်တွင် ထပ်ကပ်ပါ။ ဖော့ဖူးဆို့ကြီးကြီးတခု၏ထိပ်ဝ အလည်တည့်တည့်တွင် မြောင်းပေါက်တခု ဖောက်လှီးထားပြီး မြားပြထားသောအစကို အပေါက်အတွင်းသို့ ထိုးစိုက်ပါ။ ဖော့အောက်ဖက်တွင် သံမှိုနှစ်ခု တပ်ပြီး ရေဇလုံတွင် ချ၍ ကစားပါ။



ဘဲရုပ်ကိုဖယောင်း
မြင့်ပွတ်ပေးလျှင်ရေစိုခံပါသည်။



# အတတ်ပညာတခု

မောင်မြတ်နွယ်



တင်ထွန်းအောင် နှင့် တင်မောင်လတ်တို့သည် အလွန်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြသည်။ သူတို့သည် အတန်းတူဖြစ်ပြီး တခန်းထဲတွင် ပညာသင်ကြားကြသည်။ သူတို့သည် အိမ်နီး နားချင်းလည်း ဖြစ်ကြသည်။

သူတို့နှစ်ဦးစလုံးပင် အတန်းထဲတွင် စာတော်သူများ ဖြစ်ကြသည်။ သို့သော် သူတို့နှစ်ဦးသည် ဝါသနာချင်း မတူညီကြချေ။ တင်ထွန်းအောင် သည် စာကျက်ပြီး၍ အားလပ်သော အချိန်များတွင် ပန်းချီပညာကို လေ့ကျင့်လေ့ ရှိသည်။ တင်မောင်လတ်ကမူ အားလပ်သော အချိန်များတွင် ကစားလေ့ ရှိသည်။

တင်ထွန်းအောင်က တင်မောင်လတ်ကို အားလပ်သည့် အချိန်တွင် ပန်းချီပညာကို လေ့ကျင့်ရန် မကြာခဏ ပြောဘူးသည်။

"တင်မောင်လတ်၊မင်းအားလပ်တဲ့ အချိန်မှာ ငါနဲ့ အတူ ပန်းချီဆွဲကျင့် ကြည့် ပါလား"

ထိုအခါ တင်မောင်လတ်က –

"တော်စမ်းပါကွာ၊ မထွန်းကားတဲ့ အလုပ် ပျင်းစရာကြီးဘဲ၊ အခုလို အေးအေး ဆေးဆေး ကစားနေတာကမှ အကျိုးရှိအုံးမယ်" ဟု တင်ထွန်းအောင်၏ စကားကို ငြင်းဆိုလေ့ရှိသည်။

သည်ကနေ့ ကျောင်းမှာ ပန်းချီပြိုင်ပွဲ ကျင်းပသည်။ ပြိုင်ပွဲတွင် တင်ထွန်းအောင် လည်း ပါဝင်ယှဉ်ပြိုင်သည်။

ဆုများကို ကြေညာသော အခါ တင်ထွန်းအောင် သည် ပဌမဆု ရသည်။ သူသည် ဆုအဖြစ် ရရှိထားသော ဘောလ်ပင်နှင့် ပလာစာအုပ်များကို တင်မောင်လတ်အား သွားပြသည်။

"တင်မောင်လတ်ရေ – ငါ ပဌမဆု ရတယ်ကွ၊ ဟောဒီမှာ ဘောလ်ပင်နဲ့ ပလာစာအုပ်"

"အဲဒါ ဘာဖြစ်သလဲ"

တင်မောင်လတ်က ဘုဆတ်ဆတ်ပြင့် ပြန်ပြောလိုက်သည်။

"ဘာမှတော့ မဖြစ်ပါဘူးကွာ၊ ဒါပေမဲ့ မင်းလဲ ငါ့လိုဘဲ ကြိုးစားခဲ့ယင် ငါ့လိုဘဲ ဆုရမယ် မဟုတ်လား"

"အို မလိုချင်ပါဘူး ကွာ၊ ပိုက်ဆံ ပေးယင် ဝယ်လို့ ရသားဘဲ။ ပျင်းစရာ အလုပ်ကို လုပ်မှ ဒီဘောလ်ပင်နဲ့ စာအုပ်ခြောက်အုပ်ရတာ ဘာလုပ်မလဲ"

"ဒီလိုလဲ ဘယ်ဟုတ်မလဲ တင်မောင်လတ်ရာ၊ ကိုယ်တတ်ထားတဲ့ပညာရဲ့ အစွမ်းအစနဲ့ ရထားတဲ့ဆုမျိုးဟာ ငွေနဲ့တိုင်းဆလို့ မရပါဘူး"

"တော်စမ်းကွာ တင်ထွန်းအောင်၊ နောင်ကို ဒီလိုစကားတွေကို ငါ့ဆီလာမပြောနဲ့၊ က

စားချင်ယင်တော့ အချိန်မရွေး လာခဲ့''

တင်မောင်လတ်က ထိုကဲ့သို့ ပြောလိုက်သဖြင့် တင်ထွန်းအောင်မှာ အတော်ကလေး အခံရခက်သွားလေသည်။ ထို့ကြောင့် တင်ထွန်းအောင်သည် ရှေ့ဆက်၍ စကားမပြောတော့ဘဲ တင်မောင်လတ်အပါးမှထွက်ခွာ လာခဲ့သည်။

နောက်တနေ့တွင် တင်ထွန်းအောင်၏ ပန်းချီကားကို အိန္ဒိယနိုင်ငံတွင် ကျင်းပသည့် ရှန်ကာ ကမ္ဘာ့ကလေးများ ပန်းချီပြိုင်ပွဲသို့ ပါဝင် ယှဉ်ပြိုင်ရန်အတွက် ကျောင်းမှရွေးချယ်လိုက်လေသည်။

သို့နှင့် လပေါင်း အတော်ကြာသွားလေသည်။ တနေ့တွင် တင်မောင်လတ်သည် ကိစ္စတခုကြောင့် ကျောင်းမတက်ဘဲ ခွင့်ယူထားသည်။ ညနေပိုင်းတွင် သူ့အိမ်သို့ တင်ထွန်းအောင် ရောက်လာသည်။

''တင်မောင်လတ်ရေ၊ ရှန်ကာ ပန်းချီပြိုင်ပွဲမှာ ငါဆုရတယ်ကွ။ ဟောဒီမှာ''

''ဟေ....ဟုတ်လား''

တင်ထွန်းအောင် ပြသော သတင်းစာကို ကြည့်၍ တင်မောင်လတ်သည် အံ့အားသင့်လျက် တွေဝေသွားသည်။ သတင်းစာတွင် တင်ထွန်းအောင်နှင့်အတူ အခြား ဆုရသော ကလေးများ၏ ဓာတ်ပုံများကို ဖော်ပြထားသည်။ သူသည် အားလပ်သည့်အချိန်များတွင် အချိန်ကို တန်ဖိုးထား၍ လေ့ကျင့်ခဲ့သော တင်ထွန်းအောင်၏အတတ်ပညာကို လေးစားလာမိသည်။

မင်း တတ်ထားတဲ့ အတတ်ပညာနဲ့ တိုင်းပြည်အတွက် ဂုဏ်ယူနိုင်ခဲ့တဲ့အတွက် ငါချီးကျူးပါတယ်၊ ဂုဏ်ယူပါတယ် သူငယ်ချင်းရာ''

''ငါပြောတုန်းကသာ မင်း ငါနဲ့အတူတူပန်းချီပညာကို လေ့ကျင့်ခဲ့ယင် မင်းလဲ ငါ့လိုဘဲဖြစ်မှာပေါ့''

''ဟုတ်ပါတယ် သူငယ်ချင်းရာ နောင်ကို ငါအားလပ်တဲ့ အချိန်တွေမှာ မင်းလိုဘဲ အတတ်ပညာ တခုခုကို လေ့ကျင့်မယ်ကွာ''

''ဝမ်းသာလိုက်တာ တင်မောင်လတ်ရာ ငါပြန်အုံးမယ်နော်....''

ပြောပြောဆိုဆိုနှင့် တင်ထွန်းအောင်သည် တင်မောင်လတ်အပါးမှ ထွက်ခွာသွားသည်။ သည်အခါ တင်မောင်လတ်သည် တင်ထွန်းအောင်၏ ကျောပြင်ကိုငေးမောကြည့်ရင်း ကျန်ခဲ့လေသည်။

## လမြတ်တန်ဆောင်

ကြယ်ညီလာ ရောင်ငွေပွင့်၊  
ခေါင်ဗွေမြင့် ဝေဟင်။  
ပြုံးပြက်ရောင်ရှစ်။ .  
မြူတိမ်ကစင်  
ကြည်လင်သည့်ရှုခင်း။  
ညဘုရင် ဖိုးလမင်းက၊  
ဝင်းထိန်လို့လင်း။ ။  
လတန်ဆောင် အချိန်တွင်း၊  
ကထိန်ခင်း လှူသဘင်။  
ပွဲခြိမ့်ခြိမ့်ယင်။  
ဆီမီးရောင်ဝါလွင်  
ရပ်တိုင်းပင်ကြည်လင်း။  
ဆိုင်းပုံသံ ညံညံကြွက်တယ်၊  
လက်သံကပြင်း။ ။  
ပဒေသာ ပေါင်းစုစည်း၊  
ကောင်းမှုသီး စုံစုံလင်။  
ပေးလှူဘို့ပြင်။  
ရပ်သွင်ကရှင်  
စိတ်စဉ်ကကြည်နူး။  
တို့ရိုးရာ အလှူပွဲ၊  
နွဲပျော်လို့မြူး။ ။

နီနီသန်း



R. 517

# ခွေးတူဝက်တူ



ခွေးတူဝက်တူဟုဆိုသော်လည်း ခွေးနှင့်ဝက်တို့ထက်ဝက်ဝံနှင့်ပို၍ဆင်တူသည်။ ကိုယ်ထည်တုတ်ခိုင်၍ ပြားယောင်ယောင်ရှိသည်။ ခြေလက်များတိုသဖြင့် မြေတွင် ဝပ်၍ သွားနေသယောင် ထင်မှတ်ရသည်။ ခြေသည်း၊ လက်သည်းများမှာ ချွန်ထက်သည်။ မာကျောလှသည်။ နှုတ်သီးမှာ ဝက်၏နှုတ်သီးကဲ့သို့ရှည်လျားသည်။ မျက်လုံးနှင့်နားရွက် အလွန်သေးငယ်သည်။ အမြီးလည်းတိုသည်။ သို့သော် နားပါးပြီး၊ အနံ့ခံကောင်းသည်။

အရောင်မှာ ကိုယ်တွင် မီးခိုးရောင်ဖြစ်ပြီး၊ ခြေလက်၊ လည်ပင်းနှင့်ဝမ်းဗိုက်ပိုင်းတို့တွင် မည်းနက်သည်။ ဦးခေါင်းတွင် အနက်ရောင်အောက်ခံနှင့် နှာဖျားပေါ်တွင်အဖြူစင်း တစ်ခု၊ ပါး တစ်ဖက်တချက်စီတွင် အဖြူစင်းတခုစီပါရှိသည်။

နေ့ဖက်တွင် တွင်းအောင်းနေပြီး ညဖက်တွင် ထွက်၍ကျက်စားလေ့ရှိသည်။ သစ်ဥသစ်ဖု၊ မှားရည်၊ ပက်ကျိ၊ ခရု၊ ကီကောင်၊ မြွေ၊ ငှက်ပေါက်၊ ငှက်ဥ စသည်များကို ရှာဖွေ စားသောက်သည်။

သစ်တောထူထပ်သော အရပ်များတွင်အနေများသည်။ ကမ်းပါးယံများနှင့် တောင်စောင်းများတွင် ဥမင်လိုဏ်ခေါင်းများဖောက်၍ နေထိုင်သည်။ အချို့ ဥမင်လိုဏ်ခေါင်းများမှာ ကိုက် ၁၀၀ ခန့်အထိရှည်လျားသည်။

ရန်သူနှင့်တွေ့လျှင် တွင်းထဲသို့ ပြေးဝင်သည်။ တွင်းထဲသို့ ရောက်အောင် မပြေးနိုင်လျှင် ဦးခေါင်းကို ခြေလက်တို့ဖြင့် ဖုံးအုပ်လျက်မလှုပ်မရှက် ဝပ်နေတတ်သည်။ ထိုအခါ ကျောက်တုံးနှင့် ထင်ယောင်ထင်မှားဖြစ်နေသည်။ မြေကျင်းတူးကျင်လျင်သဖြင့် အရေးပေါ် မြေကျင်းတူး၍ ပုန်းအောင်းတတ်ပေသေးသည်။

အဖိုအမစုံတွဲ သက်ဆုံးတိုင် နေလေ့ရှိပြီး သားပေါက်လျှင် တကြိမ်တွင် တကောင်မှငါးကောင်အထိပေါက်ဖွားတတ်သည်။ သက်တမ်း ၁၂ နှစ်ခန့်အထိ နေနိုင်သည်ဟု ဆိုကြသည်။



ခွေးတူဝက်တူတွင် ဆိုးရွားသော ကိုယ်နံ့ရှိပြီး၊ ယင်းတို့အသားကို စားလေ့စားထ မရှိကြပေ။ ယင်းတို့၏ သားမွေးကို ပန်းချီစုတ်၊ မုတ်ဆိတ်ရိတ်ဗရှတ်များ ပြုလုပ်ရာတွင် အသုံးပြုသည်။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၂၉၅/၃၀၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးဌာန၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုက ထင်းလွတ်ခွင့် အမှတ် ၀၁၂၀၀ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဥစ္စာ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၄၅။

# ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - ဖေခက်

၁၃၃၃ ခု၊ တန်ဆောင်မုန်းလဆုတ် ၄ ရက် (၆-၁၁-၇၁)




တခါတုန်းက ချမ်းသာသော ကုန်သည်ကြီး ဦးဝံသဆိုသူ တယောက်ရှိလေသည်။ သူသည် လွန်စွာ မကျန်းမမာ ဖြစ်လျက် ရှိသဖြင့် ကျွန်ယုံ ဦးမိုးကိုခေါ်၍....



ဦးဝဏ္ဏသည် ငွေတိုးချေးစားသူဖြစ်၍ ချမ်းသာ သူတဦးပင်ဖြစ်၏။




ဦးဝဏ္ဏ ရောက်လာသော်..........

စနေနေ့တိုင်း ထုတ်ဝေသည်။



ငါ့မှာ-အသပြာငွေ နှစ်သောင်း ရှိတယ်-အဲဒါကို-မင်း စောင့်ရှောက် သိမ်းဆည်းထားပြီး-ငါ့သားလေး အရွယ်ရောက်လာယင်-မင်းကြိုက်သလောက်ငွေကို ငါ့သားလေး ပေးပါ-ကွာ…
အေး…စိတ်ချပါကွာ
ထိုသို့ ပြောဆိုပြီး အသပြာထုပ်များပေးလိုက်စဉ် မလှမ်းမကမ်း၌ ဦးမိုးနှင့် မောင်သူရတို့ ရှိနေလေသည်။
များမကြာမီ ဦးဝံသသည် ထိုရောဂါနှင့်ပင် သေဆုံးသွားလေတော့သည်။
နှစ်လများကုန်လွန်လာခဲ့သည်။ မောင်သူရလည်း အရွယ်ရောက်လာ၏။
ဆရာလေးလဲ-အရွယ်ရောက်ပြီပဲ-
ဆရာလေး အဖေ မှာထားတဲ့ အတိုင်း ဦးဝဏ္ဏဆီမှာ-အရင်း အနှီးလုပ်ဖို့ ငွေသွားယူပါလား
ဟုတ်လား-ကောင်းတာပေါ့
တနေ့သော် ဦးမိုးကပြောပြ၍……
ဦးလေး-အဖေ အပ်ထားတဲ့ ငွေတွေ ပေးပါခင်ဗျာ
ဟာ-ရတာပေါ့ကွာ
အလုပ်လုပ်ချင်လို့ပါ
မင့်အဖေနဲ့ ငါနဲ့ဟာ သိပ်ခင်တာ..
လာ-ထိုင်ပါအုံး
ဦးဝဏ္ဏထံ သွားတောင်းရာ—····



ရော့ - ရော့ အသပြာငွေ တထောင်
ဦးလေးက မင့်အတွက် ဒီငွေတွေကို အရှုံသင့် ထုပ်ပိုးထား တာ
အတန်ကြာသော် — — — — —
အဖေ က.လဲ အသပြာ ငွေ လေး တထောင် ထဲ ထားခဲ့တာ ကိုး
ဒါနဲ့များ ချမ်းသာ တယ် လို့ လူတွေက ဘာလို့ ပြောကြပါလိမ့်
မောင်သူရမှာ စိတ်ပျက်စွာဖြင့် ပြန်လာ၏။
ဟာ - ဆရာလေး အဖေ အပ်ခဲ့တာက - အသပြာငွေ နှစ်သောင်းဘဲ
ဟင် - - ဟုတ်လား ဒီလိုဆိုယင် - ဒီလူကြီး လူလည် လုပ်တာ ပေါ့ -
အင်း ပေါ့ - မတရားလုပ်တာကို တော့ မခံနဲ့ - ဆရာလေး...
အိမ်ပြန်ရောက်သော် ဦးမိုးက — — — —
ဦး ရယ် အသပြာ တထောင်ထဲ ဆိုတော့ - နည်းလှပါတယ်
အောင်မယ် - မင်းက - ငွေလဲ ထိန်းပေးရသေးရဲ့ - လူကို - ဘာများ စွပ် စွဲ ချင် သေး လို့လဲ
ဒါဘဲ - ရမယ် သွား
ထို့ကြောင့် ထပ်မံ၍ သွားတောင်းရာ —
အဖေ အပ်ထား တာ အသပြာ တထောင် တော့ မက - နိုင်ဘူး ဗျ
အေး လေ - ခင်း မကျေနပ်ယင် ရုံးတော်မှာ တရား ဆွဲ ပေါ့ -
ကဲ - အမှုသွား ကို လျှောက်တင် ရမည့် တရားလို - မောင်သူရ
ကျွန်တော်မျိုး၏ ဖခင်ကြီး ဦးဝံသ - က - တရားခံ ဦးဝဏ္ဏ ကို - အသပြာငွေ နှစ်သောင်း ခေတ္တ စောင့် ထိန်း ရန် အပ်နှံ ခဲ့ ပါတယ် - -
သို့ဖြင့် တရားရုံးသို့ ရောက်ကြလေ၏။


--- ကျွန်တော်မျိုး အရွယ်ရောက်လါလျှင် ကျွန်တော်မျိုးကို ပြန်ပေးတို့ - မှာခဲ့ပါတယ်။ အဲဒီ အသပြာငွေကို ယူ၍ ကျွန်တော်မျိုး သွားတောင်းသည့်အခါ - ငွေ တထောင်သာ ပေးပါတယ်။ ဒီကိစ္စကို ကျွန်တော်မျိုး ဖခင်ကြီး အနားမှာ အဖြဲ့ပြုရနေတဲ့ - ဟောဒီ - ဦးမိုး က သက်သေခံပါလိမ့်မယ် -
မှန်ပါတယ် ဒီအတိုင်း ပါဘဲ ခင်များ
မင်းတို့ ခွဲချက် တင်တာ - တကယ် အမှန်ပါဘဲလို့ ကျမ်းသစ္စာ ကျိန်ဝံ့ရဲ့ လား
ဘယ့်နှဲ့လဲ - တရားခံ - ဦးဝဏ္ဏ
ကျိန်ဝံ့ ကြောင်းပါ
သူတို့ ခွဲချက် တင်တာ - မှန်ရဲ့ လား
အလို ----- သက်သေပါ ပြနိုင်ပါလား။ မလွယ်ဘူး ထင်တယ်
မှန်ပါတယ် - ဝန်မင်း - အသပြာငွေ နှစ်သောင်း တော့ အပ်ပါတယ် ----- ဒါပေမယ့် ။ ကျွန်တော်မျိုး ကြိုက်သလောက် ငွေကို သူ့သား အားပေးရန် မှာခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်မျိုး အသပြာငွေ တထောင် ပေး ကြောင်းပါ
ကောင်းပြီ - ဒီလိုဆိုယင် - ဦးဝဏ္ဏ ကြိုက် သလောက်ငွေ ဟာ - အသပြာငွေ တထောင် ဘယ်ဟုတ်ပါ့မလဲ။ ဦးဝဏ္ဏ ကြိုက်သလောက် ငွေဆိုတာ - မပေးဘဲနဲ့ စိတ်ကြိုက် ယူထားတဲ့ အသပြာငွေ - တသောင်း ကိုးထောင် မဟုတ် ပေဘူးလား ----
ဟင်
--- ထို့ကြောင့် - ဦးဝဏ္ဏ ကြိုက်သလောက် ငွေဖြစ်တဲ့ ငွေ - တသောင်းကိုးထောင် ကို မောင်သူရ ကိုပေးပြီး - ဦးဝဏ္ဏ က - ငွေ စောင့် ထိန်း ခ, အဖြစ် နဲ့ - တထောင် ယူစေ .... ဟု ကျွဲရုံးတော်မှ အမိန့်ချ မှတ်လိုက် သည် ....
မောင်သူရနှင့် ဦးမိုးတို့လည်း ငွေများပြန်ရ၍ ဝမ်းသာမဆုံး ရှိကြလေသတည်း။



ဟာ-ဒါတို့ ပုရွက်ဆိတ် ဖြစ်သွားပြီ-
ဟုတ်-ဟုတ်-ဟုတ်ကဲ့-
ပုရွက်ဆိတ်ဘဝရောက်တော့လဲ ခွန်အားကို မကြောက်ရတော့ဘူးနော်၊
ဟေးကွ၊
အားလုံး နားထောင်ကြ၊





ဆက်ရန်



ဖီးနစ်ငှက်

အထွန်းမောင်မောင်သက်

# ငှက်ပုံပြင်

နှင့် ဝင်းဖေ

အလွန်ရှေးကျသော အချိန်ကစ၍ လူတို့သည် ငှက်များကို ယင်းတို့၏ လှပသော အမွေးအတောင်၊ သာယာသော သီချင်းသံနှင့် ပျံဝဲပုံတို့ကြောင့် စိတ်ဝင်စား ခဲ့ကြပေသည်။

အီဂျစ်ဒဏ္ဍာရီ ပုံပြင်များတွင် ဖီးနစ်ခေါ် ငှက်တမျိုးကို အထွတ်အမြတ် ထားခဲ့ကြလေသည်။ ဖီးနစ်သည် သူ၏ဖခင်ကို ဟီလီယိုပိုလစ်မြို့ရှိ ဘုရားကျောင်းအတွင်း မြှုပ်နှံ ထားခဲ့၍ နှစ်ပေါင်း ၅၀၀ လျှင် တကြိမ် အီဂျစ်သို့ ပြန်လာသည်ဟု ယုံကြည်ကြ၏။ အချို့ကလည်း ဖီးနစ်သည် သူ့ကိုယ်သူ မီးရှို့သတ်သေလိုက်ပြီး နောက် ဖီးနစ်အသစ်တကောင်သည် ပြာပုံထဲမှ ခုန်ထွက်လာသည်ဟု ယူဆကြသည်။



ဒေါင်း



ဝံပို

ဝံပိုငှက်အကြောင်း ပုံပြင်အချို့တွင် မိခင် ဝံပိုငှက်မကြီးသည် မိမိ ရင်ဘတ်မှ သွေးကို ဖောက်ထုတ်ကာ သားသမီးငယ်များကို တိုက်ကျွေးခဲ့သည်ဟု ဆိုလေသည်။

ခရစ်မပေါ်မီ ၃၂၄ နှစ်က မက်ဆီဒိုးနီးယားဘုရင် အလက်ဇန္ဒားသည် အိန္ဒိယပြည်မှ ဒေါင်းများကို ယူဆောင်လာ၍ ဟယ်ရာနတ်သမီးအတွက် ဆေးမော့ကျွန်းတွင် ထားရှိခဲ့၏။ ခရစ်မပေါ်မီ တစ်ရာစုနှစ်အတွင်းက ရောမတို့သည်ဂရိမှ ဒေါင်းများကို အီတလီသို့ ယူဆောင်လာခဲ့ကြသည်။ ရောမမျှူးမတ်တို့သည် ဒေါင်းများကို မွေးမြူပြီးလျှင် ဒေါင်းလျှာများကိုလည်း ချက်ပြုတ်၍ စားသောက်ခဲ့ကြသည်။ ပါးရှင်းဗိသုကာ ပညာရှင်များသည် ဒေါင်းမြီးကွက်ပုံစံကို နမူနာယူကာ ပါရှင်းဘုရင်တို့ အတွက် ဒေါင်းမြီးကွက်ပလ္လင် ပြုလုပ်ပေးခဲ့ကြသည်။

နိုက်တင်းဂေး



ဗီလိုမီလာ အမည်ရှိ အေသင်ဘုရင်၏ သမီးတော်တပါး သည် နိုက်တင်းဂေး ခေါ် တေးဆိုငှက်



သပိတ်လွယ်



ငှက်ဆိုး

ဘဝသို့ ကူးပြောင်း သွားခဲ့သည်ဟု ပုံပြင်တွင် ပါရှိလေသည်။


ပြင်သစ် ကျေးလက်များတွင် သပိတ်လွယ်ငှက်ကို အထွတ်အမြတ် ထားခဲ့ကြသည်။



တောကျီး

ဗြိတိန်နိုင်ငံတွင် ငှက်ဆိုးအော်သံကို မကောင်းသော ရှေ့ပြေး နိမိတ် အဖြစ် ယူဆခဲ့ကြသည်။

ရှေးအခါကစ၍ တောကျီးများသည် လန်ဒန် မျှော်စင်ပေါ်၌ နေထိုင် လာခဲ့ကြသည်။ ယင်းတို့ ပျောက်ကွယ်သွားလျှင် နန်းဆက်ပျက်မည်ဟု ယူဆကြသဖြင့် ယင်းတို့ကို အဆက်မပြတ်အောင် မွေးမြူထားလေသည်။



သိမ်း



ငှက်ကုလား

ဥရောပတိုက် အနှံ့အပြားတွင် ငှက်ကုလားများကို လပ်ကောင်းသည်ဆိုကာ အိမ်ခေါင်မိုးပေါ်တွင် မွေးမြူလေ့ ရှိကြသည်။

ငှက်လိုက်မှုဆိုး အချို့သည် သိမ်းငှက်ကဲ့သို့သော ငှက်ရဲများကို မွေးမြူ လေ့ကျင့်ပေးပြီးလျှင် ငှက်လိုက်ရာတွင် အသုံးချကြသည်။

အရှေ့တိုင်းများတွင် တံငါသည် အချို့သည် တင်ကျီးငှက်များကို မွေးမြူထားပြီးလျှင် ငါးဖမ်းရန်အတွက် လေ့ကျင့်ပေးကြသည်။

သိပ္ပံ ပညာရှင်များသည် ငှက်များ နယ်ပြောင်းမှုကို လေ့လာနိုင်ရန်အတွက် ငှက်များ၏ ခြေထောက်တွင် အမှတ်အသားပါသော ကွင်းများကို စွပ်ပေး ထားကြသည်။ လေယာဉ်ပျံ တည်ဆောက်သူများကမူ ငှက်တို့၏ ပျံသန်းမှုကို လေ့လာရာမှ အကူအညီများစွာ ရရှိခဲ့ပေသည်။



တင်ကျီး





ဝင်းဖေ —
ရှိုး မောင်
ဖိုးထောင်သည် ဝတ်ကောင်းစားလှ ကြိုက်သူဖြစ်၍ သူငယ်ချင်းများက သူ့ကို (ရှိုးမောင်) ဟု ခေါ်ကြသည်။
ဟိုမှာရှိုးမောင် အကျႌတမျိုးဝတ်လာပြန်ပြီကွ
အဝတ် ဝတ်ရာ၌ ချေး (ဂျီး) ထူသူ လည်းဖြစ်သည်။
ဟင်း့ခြ အကျႌက တွန့်နေတယ် မဝတ်ဘူး သွား!
တနေ့
ဟဲ့ သား-အကျႌတထည် လဲပြန်ပြီလား -မနေ့ကမှ ဝတ်တဲ့ အမှုကဘာဖြစ်လို့လဲ တရက်ဘဲရှိသေးတာ--
ပေါင်းနေယင် မဝတ်ချင်ဘူး မေမေ ---
ဒါချည်းဘဲထပ်ဝတ် ယင်ရှက်စရာကြီး မေမေရ - -
ဟေ့ရှိုးမောင် မေ့နေပြီလား ဒီနေ့ သန့်ရှင်းရေးလုပ်ဘို့ ဆရာမခေါ်ထားတာလေ
ဟာ...ဟုတ်သားဘဲ နေအုံးကွာ ..ငါ အကျႌ လဲလိုက်အုံးမယ်



မြန်မြန် လိုက်
မေမေရေ.. သားကျောင်းသန့်ရှင်းရေး လုပ်ဖို့သွားမယ်မေမေ -
အား! အား!
ဟယ်.. ဒီကောင်လေး ..အကျႌ အသစ်လဲသွားပြီး သန့်ရှင်းရေး သွားလုပ်တယ်.. တော်ပုံတန်ပုံ အဟောင်းဝတ်သွားရမှန်းမသိဘူး
ပြန်လာပြီလား.. အကျႌမှာလဲချေးတွေ နဲ့ပါလား ကွဲ့...
ဟုတ်တယ်မေမေ၊ အခုရေချိုးပြီးယင်ဆရာမက ဝတ်မြဲ မုံ့ဟင်းခါး ကျွေးမလို့တဲ့...
ရေမိုးချိုးပြီးသော်----------
ဟာ... လျှော်ပြီးသား တွေလဲမရှိပါလား ဒုက္ခဘဲ.. ဆရာမအိမ် သွားယင်ဝတ်ဖို့မရှိတော့ဘူး
အား.. မဆင်မခြင် နေရာတိုင်း အသစ်ထုတ်ဝတ် တော့ လိုတဲ့အခါကျရော မဟုတ်လား- သူ့နေရာနဲ့သူ ဝတ်ရတယ် ကွဲ့..
အင်း... ဒီလိုနေရာမျိုးမှာသာ အသစ်ဝတ်ဖို့လိုတာ ငါဒီလိုမှန်ရတာ မဆင်မခြင် ဝတ်လို့ဘဲ...
အဟောင်းကိုသာ ဝတ်သွားရသဖြင့် ဖိုးထောင် ခမျာ မပျော်နိုင်ရှာပေ။
ဖြိုး



မှတ်မိတာပေါ့
ဟာ-ဟေ့ကောင် - ဟေ့ကောင် ငစိုး-- နေပါအုံးကွ..ငါ.မင်းကို လိုက်ရှာနေတာ
ဘာလုပ်မလို့လဲကွ -
ဟောဟဲ-ဟောဟဲ-ငါ့မှာ ပိုက်ဆံ နှစ်ကျပ်ပါတယ်ကွ၊ ရုပ်ရှင်သွား ကြည့်မယ်၊ ခွင့်စာရေးပြီး လက် မှတ်လိမ်ထိုးကွာ၊ ငါတော့ရေး ပြီးပြီ၊ ဟောဟဲ..ဟော..
ဟာ၊ ငါမလိုက် ဖူးကွာ--
ဟ၊ ဘာဖြစ်လို့လဲကွ၊ မနှစ်က ဒို့နှစ်ယောက် ကျောင်းပြေးပြီး ရုပ်ရှင် ခဏခဏကြည့်တာ မ မှတ်မိတော့ဘူးလား
ပြီးတော့ လေဟာပြင်ဈေး မှာ ခေါက်ဆွဲတွေ ဘာတွေဝယ် စားပြီး အင်းယားလဲသွားတယ် လေကွာ၊ မမှတ်မိတော့ ဘူးလားကွ--
ဟာ မှတ်မိတာပေါ့--ကျောင်း ပြေးတဲ့နေ့ကစပြီး စာမလိုက်နိုင် တာတွေ-စာမလိုက်နိုင်လေ ကျောင်း ခဏခဏ ပြေးတာတွေ၊ ကျောင်း ခဏခဏ ပြေးလေ သင်ခန်းစာ တွေ မနိုင်မနင်းဖြစ်ကျန် တာတွေ-----
ပြီးတော့ လစဉ်စာမေးပွဲတွေ တဘုံးဘုံး ကျတာတွေ-သိပ်မှတ်မိတာ ပေါ့၊ အဲ-ဒါ ကြောင့် ဒီနှစ်စကစပြီး ကျောင်းမပြေး တော့ဘူးဆုံးဖြတ်လိုက်ပြီကွ...



## မည်သည့်တိရစ္ဆာန်တို့သည်



### အသိဉာဏ်အရှိဆုံးနည်း




လူမှလွဲလျှင် ချင်ပန်ဇီမျောက်ဝံသည် အသိဉာဏ်အရှိဆုံး တိရစ္ဆာန်ဖြစ်သည်ဟု ကြာမြင့်စွာကပင် ယုံကြည်ခဲ့ကြသည်။ ချင်ပန်ဇီမျောက်ဝံ ပြီးလျှင် ဂေါ်ရီလာမျောက်ဝံ၊ မျောက်နှင့် လူဝံတို့ပင်ဖြစ်သည်။ သို့သော် ဆင်သည် ချင်ပန်ဇီထက် ပို၍ အသိဉာဏ်ရှိသည်ဟု အချို့သော သိပ္ပံပညာရှင်များက ဆိုလေသည်။ ဆင်သည် လူ၏အမိန့်များကို နားလည်ပြီး ပြဿနာများကိုပင် ဖြေရှင်းနိုင်သည်။



အသိဉာဏ်ကား တိတိကျကျတိုင်းတာပြရန်လွယ်ကူသောအရာမဟုတ်ပေ။ ဗီမာဖျံသည် စမ်းချောင်းများကိုပိတ်၍ ဆည်တည်ဆောက်နိုင်သော်လည်း ယင်းကို မွေးမြူလေ့ကျင့်ပေးရန် ခက်ခဲလှသည်။ အချို့တိရစ္ဆာန် များ ကိုမူ လေ့ကျင့်ပေးရန် လွယ်ကူကြောင်း တွေ့ရသည်။ ဥပမာ–ခွေး၊ လင်းပိုင်တို့ ဖြစ်၏။ ယခုအခါ၌ လင်းပိုင်ကို အသိဉာဏ် အရှိဆုံးဟု ယူဆလာကြပြီး ယင်းနှင့် ပတ်သက်၍ သိပ္ပံပညာရှင်များက ရှာဖွေစူးစမ်းနေကြလေသည်။



ကြယ်ဖြူ



သစ်ပင်ပေါ်တွင် ပုန်းနေသော ရှဉ့်ကလေးကို ရှာပေးပါ။

# လက်မှတ်တု

အာကာပျံ



တန်ဆောင်တိုင် ပွဲတော်အတွက် ကျောင်းကောင်စီကကြီးမှူး၍ ကပွဲများ ကျင်းပရာ ကျောင်းသူ ကျောင်းသားများ၏မိဘများကိုလည်းဖိတ်ပြီးလိမ်မော်ရည်၊ စမူဆာတို့ဖြင့် ညှော်ခံကျွေးမွေးသည်။

"ဟေ့–ခင်မောင်၊ လာကွာ လိမ်မော်ရည် သွားသောက်ရအောင်"

"ဟာ....ဟေ့ – ထင်ကျော်၊ မင်း ငါနဲ့အတူတူ တခါသောက်ပြီးပြီမဟုတ်လား။ ခုတခါထပ်သောက်အုံးမလို့လား"

"အေးကွ၊ ဆာ လာ တာ နဲ့ တခါ ထပ်သောက်အုံးမလို့။ ဒို့လဲပိုက်ဆံထည့်ထားတာဘဲကွာ၊ ဒီလိုမလုပ်ယင် ရှုံးနေမှာပေါ့"

"ဒို့ဆရာက မုံ့လက်မှတ် တစောင်ထဲထုတ်ပေးတာ၊ မင်းက လက်မှတ်အပို ဘယ်ကရလို့လဲ"

"အမယ် .... လက် မှတ် က ခက် – ခက် နိုးနိုး။ ဟောဒီမှာကြည့် လက်မှတ်တွေ"

ထင်ကျော်သည် သူ့အိတ်ထဲမှကျောင်းတံဆိပ်နှိပ်ထားသည့် လက်မှတ်တု သုံးလေးစောင်ကို ထုတ်ပြလိုက်လေသည်။

"ရော့ – မင့် အ တွက် တစောင်"

ထင်ကျော်က ပြောပြောဆိုဆို လက်မှတ်တု တစောင်ကို ထုတ်ပေးရာ ခင်မောင်ကလည်း ယူလိုက်သည်။ သို့သော် တကြိမ်စားရသောက်ပြီးပြီဖြစ်၍နောက်တကြိမ် ထပ်သွားစားရမည်ကို မဝံ့မရဲ ဖြစ်နေမိသည်။

လက်မှတ်တုက အစစ်နှင့်မခြား။ သို့သော် ကိုယ့်လိပ်ပြာကိုယ် မလုံသောကြောင့် ချက်ချင်း မသွားသေးပဲ အရိပ်အခြေကို အကဲခတ်နေသည်။ ထိုစဉ် ထင်ကျော်က ခင်မောင်ကိုလက်ဖြင့် အသာတို့ရင်း မျက်စိမှိတ်ပြီး အ ချက် ပေး လိုက်သည်။ ခင်မောင်လည်း စိတ်အား တက်လာပြီး သွားရန် ဟန်ပြင်လိုက်စဉ် ကျောင်းအုပ်ဆရာမကြီး ရုတ်တရက် ရောက်လာသဖြင့် ကိုယ်ရှိန်သတ်ပြီးနေလိုက်သည်။

"လိမ် မော် ရ ည် ပု လ င်း လောက်ပါ့မလား ဆရာ။ ညှော်သည်တွေက တဖွဲဖွဲ လာဆဲဘဲ"

"လောက်မယ်တော့ မထင်ဘူး ဆရာမ"

"ဒီလိုဆိုယင်တော့ အခက်ဘဲ၊သွားဝယ်ဘို့လဲကားမရှိဘူး"

"ဒီလိုဆိုယင် ကျောင်းစာရေးဦးထွေးကို လိမ်မော်ရည်ပုလင်း ထပ်ဝယ်ခိုင်းချင်ယင် ကျွန်တော့်ကား ယူသုံးနိုင်ပါတယ်ဆရာမ"

မိဘဆရာ အသင်းဝင်တဦးကဝင်ပြီး အခက်အခဲကို ကူညီဖြေရှင်းပေးခြင်းဖြစ်သည်။

"အော် – ကျေးဇူး တင်ပါတယ်။ ကျောင်းစာရေးကိုထွေးအကြောင်းလဲ ပြောဘဲမပြောချင်ပါဘူးရှင်။ ကျောင်းတံဆိပ်တုံးတွေနဲ့ လက်မှတ်တု လုပ်ပြီး ဖောင်တိန်တွေလိမ်ထုတ်လို့ အဖမ်းခံနေရပါပကော"

ခင်မောင်သည် ဆရာမကြီး

တို့ပြောနေကြသည်ကိုအားလုံး ကြားနေရသည်။ မိမိကြောင့် လိမ်မော်ရည် တပုလင်း လျော့ သွားလျှင် ပို၍မလောက်မဖြစ် မည်ကို စဉ်းစားမိသည်။ လက် မှတ်တုကြောင့်ကျောင်းစာရေး ဦးထွေး အဖမ်း ခံနေရသည်ဆို သဖြင့်လည်းခင်မောင့်ခေါင်းထဲ တွင် အတွေးမျိုးစုံပေါ်လာကာ ရင်ခုန် လာသည်။

ထင်ကျော်ကမူ ခပ်တည် တည်ဖြင့် အစား အသောက် တာဝန်ခံဆရာအားလက်မှတ်တု ကို ပေးလိုက်သည်။ ဆရာက လည်း ဘာမျှမပြောပဲလိမ်မော် ရည် ပုလင်းကို ထုတ်ပေးသဖြင့် ထင်ကျော်ကလှမ်းယူလိုက်စဉ်–

"ဟော့–ထင်ကျော်၊ မင်း အ ဖေ လိုက်လာတယ်ကွ။ ခုချက် ချင်း လာပါတဲ့။ အရေးကြီး လို့တဲ့"

ထင်ကျော် လိမ်မော်ရည် ပုလင်းကို မယူနိုင်မီ ခင်မောင် က ရုတ်တရက် ဆွဲခေါ်သွားသ ဖြင့်ဆရာလုပ်သူမှာအံ့အားသင့် ပြီး ကျန်ရစ်ခဲ့သည်။

"ဟေ့ကောင်–ဒါ ဘာလုပ် တာလဲကွ"

ခပ်လှမ်းလှမ်းသို့ အရောက် တွင် ထင်ကျော်က ခင်မောင်၏ လက်ကိုပုတ်ချရင်း ဒေါသဖြင့် မေးလိုက်သည်။

"ဒီမှာ ကြည့် ထင်ကျော်၊ မင်းပေးတဲ့ လက်မှတ်တုကို ငါ ဆုတ်လိုက်ပြီ"

ခင်မောင်က ပြောပြောဆို ဆို လက်မှတ်တုကို ဆုတ်ပစ် လိုက်သည်။ ထင်ကျော်က နား မလည်သဖြင့် အံ့အား သင့်ပြီး ကြည့်နေလေသည်။

"လိမ်မော်ရည် ပုလင်း မ လောက်ဘူး၊ ကျောင်းစာရေး ဦးထွေးလဲ လက်မှတ်တုလုပ်ပြီး ဖောင်တိန်တွေ လိမ်ထုတ်လို့ အ ဖမ်း ခံနေရပြီ ဆိုတာ မင်းလဲ ကြားတယ် မဟုတ်လား။ ဒါ ကြောင့် လက်မှတ်တုကို မင်း အသုံးမပြုခင် ဒီကို ဆွဲခေါ် လာ တာကွ၊ နားလည်ပြီလား။ ဆ ရာမကြီးသိယင်လဲဒို့ကိုကျောင်း က ထုတ်ပစ်မှာ သေချာတယ်"

ထင်ကျော်ငိုင်ပြီး တွေတွေ ကလေးစဉ်းစားနေသည်။ မူလ က တင်းမာနေသော သူ၏မျက် နှာမှာ တဖြည်းဖြည်း ပျော့ ပျောင်းလာသည်။

"ကျေးဇူးပါဘဲကွာ.... မင်း အချိန်မီ တားလိုက်ပေလို့သာ ငါ မကောင်းတဲ့ ပြစ်မှုတခုကို မကျူးလွန်မိတာ"

ထင်ကျော်က ပြောပြော ဆိုဆို သူ့အိတ်ထဲတွင် ကျန်နေ သေးသော လက်မှတ်တု နှစ် စောင်ကို အစိတ်စိတ်အမွှာမွှာ ဆုတ်ပစ် လိုက် သည်။ ထင် ကျော်လုပ်သမျှကို ခင်မောင်က ကြည့်ရင်းပြုံးနေသည်။

"လာကွာ ဒို့ပွဲဆက်ကြည့် ချေရအောင်"

"အေးကွာ–သွားမယ်"

## မြန်မာဆံချင်သူ


ပုသိမ်ထီးကလေး ဆောင်းစရာ၊
ပုသိမ်မြို့ကလာ။
ဒို့မြန်မာ ဒို့အားပေး၊
မြန်မာ့ ဂုဏ်ရည်မွေး။
အင်္ကျီကလေး ဝတ်စရာ၊
ပင်ဖြူပင်နီပါ။
မုံရွာဟံဇား ရက်ကန်းသား၊
ချောချောညက်ညက်ပါး။
သနပ်ခါးတော့ ရွှေဘိုမှာ၊
ပေါင်ဒါမလိုပါ။
လွန်းတရာ ပန်းနုသွေး၊
ကြိုးချိတ်ထမီလေး။
မန္တလေးက ဝယ်ခဲ့နော်၊
မြန်မာ့လက်ရာကျော်။
နေပြည်တော်က ဖိနပ်ကလေး၊
အရောင်နီတွေးတွေး။ ။

ဖိုးလမင်း



R. 517

# ကြံ့သူတော်



ကြံ့သူတော်သည် ဆင်နှင့် ဝက်တို့၏ အသွင်လက္ခဏာများကို ပေါင်းစပ်ထား သောတိရစ္ဆာန်ဟုဆိုရပေမည်။ ယင်းတွင် ဆင်၏ နှာမောင်းကဲ့သို့ နှာမောင်းတိုတခု ပါရှိ၍ ယင်း၏ကိုယ်ထည်မှာ ဝက်နှင့် တူ သည်။ ယင်း၏ကိုယ်ပေါ်တွင် နုနယ်သော အမွှေးတိုများ ဖုံးလွှမ်းလျက်ရှိသည်။ အာရှ တိုက်ရှိ ကြံ့သူတော်မျိုးတွင် ခြေလက်နှင့် ကိုယ်ရှေ့ပိုင်းများ၌အမွေးရောင်မှာအနက် သို့မဟုတ် အညိုရင့်ဖြစ်ပြီး ကိုယ်ဖားနှင့် နောက်ပိုင်းတို့တွင် ဖြူညစ်ညစ် အမွေးများရှိသည်။ အမေရိကတိုက်ရှိ ကြံ့သူတော်မျိုး တွင်ကား တကိုယ်လုံး၌ အနက်ရောင် သို့မဟုတ် အညိုရောင် အမွေးများရှိသည်။ ကြံ့သူတော်သည် ရှက်တတ်ကြောက်တတ်သော တိရစ္ဆာန်မျိုး ဖြစ်သည်။ တကောင်ချင်း အနေ များသည်။ နွေးသော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ ညပိုင်းတွင် ကျက်စားလေ့ ရှိ၍ ယင်းတို့၏ အဓိက အစာမှာ သစ်ရွက်နုနှင့် သစ်သီးသစ်ဥများဖြစ်သည်။

ရှေးကျသော နို့တိုက်သတ္တဝါ တမျိုးဖြစ်သည်။ မူလက ကမ္ဘာ့မြောက်ပိုင်းခြမ်းတွင် အနေများခဲ့ကြပြီး၊ ယခုအခါ အမေရိကနှင့် အာရှတောင်ပိုင်းသို့တိုင် ပျံ့နှံ့နေပြီဖြစ်သည်။

တကြိမ်လျှင် သားငယ်တကောင်သာ မွေးဖွားသည်။ သားပေါက်များတွင် အနက်ရောင် အမွေးများ နောက်ခံ ပြုလျက် အဝါရောင်နှင့် အဖြူရောင် အစင်းကျားများ ပါရှိသည်။



မြန်မာနိုင်ငံတွင် ထားဝယ်နှင့် မြိတ်နယ် များ၌ တွေ့နိုင်သည်။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၂၉-၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၄၆။

# အမျိုးသားနေ့

၅၂-၁၁-၇၁

# ရွှေသွေး


ဂျာနယ်


၁၃၃၃ခု၊တန်ဆောင်မုန်းလဆုတ်၁၀ရက်(၁၃-၁၁-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။

# သူရဲကောင်း ဖိနပ်ညီနောင် /ပန်းချီ-ဦးဘကြည်/ စာတ်လမ်း-စန္ဒာမင့်





ငါတော့ သူဌေးကတော် လက်ထဲလိုက် သွားတော့မယ်
နောက်တနေ့တွင် သူဌေးကတော် မယ်ရှုပ ရောက်လာပြီး လက်ပွေ့အိတ်ကို ဝယ်သွားလေ၏။
မကြာမီ ဖိနပ်ညီနောင်တို့လည်း ဗိုလ်သူရထံသို့ ရောက်သွားပြီး ဗိုလ်သူရနှင့်အတူတောတောင် ရေမြေ အထပ်ထပ် ဖြတ်ကာ အမှုထမ်းနေရလေသည်။
အင်း - လက်ပွေ့အိတ်ကြီး ပြောတာ - တကယ်မှန် တာဘဲ - အကိုရယ်
ကျုပ်တို့ - ဖိနပ်ဘဝ ဖြစ်ရတာ - တယ်ပင်ပန်း တာဘဲ
နားရတယ် ဘဲမရှိဘူး
ဒါနဲ့တောင် - အရေးစိုက် မယ့်သူလဲ မရှိဘူး
ဒို - - အရေးမစိုက်လဲ ကိစ္စမရှိပါဘူးကွာ
ကိုယ့်ဘဝ - ကိုယ့်တာဝန် ကျေပွန်ယင် - ပြီးတာဘဲ
တောစခန်းတခု၌ ဗိုလ်သူရ ခေတ္တ နားနေစဉ် - - -
တနေ့တွင် ဗိုလ်သူရသည် တိုက်ပွဲဝင်ရင်း တဖက်မှ ရန်ပုံငွေ စုဆောင်းရာ သူဌေးများက အားပေးကြ၏။ မယ်ရှုပလည်း ငွေပေးရန် တိတ်တဆိတ် လာရာ လက်ပွေ့အိတ်ကြီးနှင့်-
ဟာ - မင်းတို့နှစ်ကောင် ကြည့်ရတာ - စိတ် ပျက်စရာကြီး - ညစ်ပတ် - ပေရေ စုတ်ပဲ့နေတာဘဲ
ပေရေနေလဲ - အကြောင်း မဟုတ် ပါဘူးများ - - -
ကိုယ့်တာဝန် ကျေပွန်ယင်ပြီးတာ ပါဘဲ - - -
ဖိနပ်ညီနောင်တို့ ဆုံမိကြလေ၏။


ဗိုလ်သူရ၏ တော်လှန်မှုကြောင့် နောက်ဆုံး၌ လွတ်လပ်ရေးရလျှင် —
- ဗိုလ်သူရ၏ ဖိနပ် - သားမင်း သား ရေ နှင့် လုပ်သည်
အကိုရေ - ကျနော်တို့ အဖေကို - ဟို - လက်ပွေ့အိတ်ကြီး မြင်စေချင်လိုက်တာ -
လှတယ်နော်
သိပ်ချိုင်ဖွာဘဲ
ဗိုလ်သူရတော်လှန်ရေးတွင် အသုံးပြုခဲ့သောပစ္စည်းများပြတိုက်၌ - - -
အဖယ်လေးတော့
သေပါပြီ
ကယ်ကြပါအုံး
အား
ထိုအခိုက် အသံကြား၍ လှည့်ကြည့်ကြရာ —
ဖျစ်
ဖျိ
လက်ပွေ့အိတ်ဟောင်းကြီးတခုကို ခွေးတကောင် ကိုက်ဖြတ်နေသည်ကို
တွေ့လိုက်ရသဖြင့် ဖိနပ်ညီနောင်တို့အံ့အားသင့်နေကြစဉ် —
ဪ - - - - အဲဒါ သူ့မွေးကတော်ကြီး ဒေါ်ရူပ ရဲ့ လက်ပွေ့အိတ်ဘဲ
ဟောင်းသွားတော့ သူ့အစေခံကိုပေးလိုက်သတဲ့ ကွ
တခါ - ဆွေးပြီးပေါက်သွားလို့ - အစေခံက - ဟို - အကြော်သယ်အဒေါ်ကြီးကို ပေးလိုက်တယ်လေ
အဲဒီ အိတ်ပေါက်က ငွေတမတ် - ကျပျောက်လို့ ဒေါသဖြစ်ပြီး - ရှင့်ပစ်လိုက်တာကွ -
ငါ့ညီ - သူတို့ပြောနေတာတွေ ကြားတယ်မဟုတ်လား။ အေး - ဟိုလက်ပွေ့အိတ်လို - မာနကြီးနေလို့လဲ - အလကားဘဲ - - - - ကိုယ့်တိုင်းပြည် - ကိုယ့်အမျိုးသား အတွက် လုပ်မှသာ - လူတွေက တန်ဖိုး ထားသကွ
ဟုတ်ကဲ့



ဖခင်အပေါ်မှာအသက်
ပုရွက်ဆိတ်အကောင်းဆုံး
ဇာတ်လမ်း - မြေရှင်း
သရုပ်ဖော် -
ဟေ့ ဟိုမှာ - နို့ဆီတွေကွ ပွကတဲ့၊
တိုး - တိုးကွ
မင်းကျွေသ နေအုံးမယ်၊
ဟေ့ ဒီမှာ ထန်းလျက်တွေ တွေ့တယ် လာကြဟေ့၊
ပုရွက်ဆိတ်ဖြစ်ရတာ သိပ်ကောင်းသာ ပါကလား သူငယ်ချင်းရ၊
အမယ်လေး - မောလိုက်တာ၊ ခဏလောက်နားပါရစေအုံး ကွာ -
နားနေတုန်း ထန်းလျက်ခဲကြီး မြည်းလိုက်အုံး မှာကိုက်မယ် - တယ်ချို ပါကလားကွ -
ငါလည်းကြားခဲကြီးလျက် လိုက်အုံးမယ်၊
ဟေ့ကောင်တွေ - ဘာလို့နားပြီးနေကြတာလဲ
မောလို့ပါကွ၊




ဟေ့- မင်းတို့နှစ်ကောင် ဒီမှာဘာ လာလုပ်နေ ကြတာလဲ၊
ကျနော်တို့လဲ၊ သင်္ကြန်တို့ထင်း လျှက်တို့ လာနိုးတာပေါ့ဗျ၊
ဟား-ဟား-ဟား-ကြွက်ဖိုဟေ့-ဒို့လဲလာနိုး တာဘဲ၊ဒါနဲ့ မင်းတို့နံမယ်ကဘယ်သူ ဖြစ်သလဲ၊
ကျနော့်နံမယ်က သင်္ကြန်သောင်း၊ သူ့နံမယ်က ဖိုးထောင် ခေါ်ပါတယ်၊
ဝေး-ဒီနှစ်ကြွက် သင်္ကြန်သောင်းနဲ့ကြွက် ဖိုးထောင်ပေါ့-ဟုတ် လား၊
လာကြဟေ့-ဒီညဒီမှာပဲ ပေါက်နှစ်ပေါက် တိုးတယ်ကွ
မင်းတို့က လျှင်ကဲ့လား၊ ဒို့အလုပ်က လျှင်မှ ဖြစ်မှာကွဲနော်၊
ခမ်းကြည့်ပါဗျာ-
ဖိုးထောင်နှင့် သင်္ကြန်သောင်းတို့သည် ထိုညက ဝက်အူ ချောင်းများ၊ အသားကင်များနှင့် အခြားစားစရာ များကို အတော်ပင်ရနိုင်ကြသည်။

ဆက်ရန်

# ဖိနပ်




ရှေးလူတို့သည် မြေခတ်၏ အပူအအေးကို ခံနိုင်ရည်ရှိရန်၊ ဆူးငြောင့်ခလုတ်တို့မှ ကာကွယ်နိုင်ရန် ဖိနပ်ခြေနင်း လိုအပ်ကြောင်းကို သိမြင်လာခဲ့ကြသည်။ ထို့ကြောင့် တိရစ္ဆာန်တို့၏ သားရေကြမ်း စသည်တို့ဖြင့် ဖိနပ်ခြေနင်းတို့ကို ပြုလုပ် အသုံးချခဲ့ကြသည်။

ဖိနပ်ကို ရှေးလူတို့ တီထွင် စီးစပြုကြသည့် အခါက တိရစ္ဆာန်တို့၏ သားရေကြမ်းကို ခြေဖဝါး၊ ခြေဖမိုးတို့ လုံအောင် ရစ်ပတ် ထုပ်ပိုးပြီးလျှင် သားရေကြိုးဖြင့် စည်းနှောင်ကြသည်။

အီဂျစ်နိုင်ငံတွင် ရာသီဥတုပူပြင်းသဖြင့် ခြေဖမိုးကို မဖုံးလွှမ်းသည့် ကြိုးသိုင်း ဖိနပ်များကို စီးကြသည်။

ဂရိတို့သည် ခြေဖျားနှင့် ခြေမျက်စိကို ရစ်သိုင်းထားသော ကြိုးသိုင်းဖိနပ်များ၊ ရှူးဖိနပ်များကို စီးလေ့ရှိကြသည်။

၁၃ ရာစုနှစ်လောက်က အဖျားချွန်၍ ရှည်လျားသော ဖိနပ်များကို ပြုလုပ်စီးမှုများ ဥရောပတိုက်တွင် အလွန်ခေတ်စားခဲ့သည်။

ကာလဒေသအလိုက်ကမ္ဘာ့အရပ်ရပ်၌ ဖိနပ်အမျိုးမျိုးကို စီးကြသည်။ သို့သော် ရှူးဖိနပ်၊ ဖွတ်ဖိနပ်များကိုကား တကမ္ဘာလုံး၌ အသုံးပြုကြသည်။



# စန်းဖအောင်

(ကာတွန်း)




အာရှတိုက်နှင့် အာဖရိကတိုက် ဒေသများတွင် ကြိုးသိုင်းဖိနပ်၊ ခြေညှပ်ဖိနပ်များကို အသုံးများသည်။

ဂျပန်တို့၏ အမျိုးသားဖိနပ်သည် ဂေတာခေါ် ခုံဖိနပ်အပေါ်စားများဖြစ်ကြသည်။

အီဂျစ်၊ အိန္ဒိယ၊ မြန်မာ၊ ဂျပန်စသည့် နိုင်ငံများတွင် ကျောင်းကန်ဘုရား ပရဝုဏ်များ အတွင်းနှင့် နေအိမ် အဆောက်အအုံများအတွင်း၌ ဖိနပ်မစီးကြချေ။


မြန်မာဘုရင်တို့၏ မင်းမြောက်တန်းဆာ ငါးပါးတွင်လည်း ဖိနပ်ခြေနင်းသည် တပါး အပါအဝင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဲကြိုးနှင့် ခြေညှပ်ဖိနပ်များကို အစီးများကြသည်။

သားရေဖိနပ်၊ ကတ္တီပါပုံတော်ဖိနပ်၊ ခုံဖိနပ်၊ ကွင်းစွပ်ဖိနပ်၊ ရွှေထိုးဖိနပ်ဟူ၍ အမျိုးမျိုးစီးကြလေသည်။

ဂျပန်ပုံ ရော်ဘာဖိနပ်များကိုလည်း မိုးတွင်း၌ အစီးများကြသည်။

ဖိနပ်သည် လူတို့အတွက် အရေးပါသော ပစ္စည်းအသုံးအဆောင်တခု ဖြစ်ပေသည်။





တခါတုန်းက မြကန်သာအမည်ရှိ ရေအိုင်တွင် ခရုမိသားစုသည် အေး
ချမ်းစွာ နေထိုင်လျက်ရှိကြ၏။
အားလုံးမြန်မြန်လာကြဟေ့
အလို ကျူးကျော်စော်ကား ဘယ်ကဖါးတွေပါလိမ့်
ဟေ့ဟေ့ အင်မတန်သာယာတဲ့ ကန်ကလေးဘဲ
ဒီရေအိုင်ဟာ ကျုပ်တို့ပိုင်တဲ့ ရေအိုင်ကွယ်.
အတော် လေကျယ်တဲ့ ခရုစုတ်ဘဲ ၊ ဒါပေမဲ့ သူပိုင်နက်ဆို တော့... ချိချိသာသာ ဆက်ဆံ ရမှာပေါ့
ဆိုးသွား ဧည့်သည်တွေပါခင်ဗျာ တနေ့တာ တည်းခိုခွင့်ပြုပါ
အင်း ဒီလိုဆိုလဲ ခွင့်ပြုရမှာပေါ့လေ




အတော့ကို ဖရုတ်ကျတဲ့
အမျိုးတွေဘဲ၊ အင်း…
ငါ့မြေးတွေ အတူချိုးမိယင်
တော့ ကိုယ်ကျိုးနဲရချည်ရဲ့
ကီး ဒီးရှယ် ဒွန်း ဒေါင်
ပျော်ရအောင်
ကော့ကော် က်ဗွား
ခုန်ပေါက်ရအောင်လား
အင်း
ငါ့မြေးတွေ
မပျက်စီးရအောင်
သတိပေးမှဘဲ
အဲအဲ ဘာသံတွေပါ
လိမ့်၊ တယ်ယုတ်မာ
တဲ့ ကောင်တွေဘဲ
ဟဲ့ လာလာ
ဥက္ကစောက်တော့မယ်
သွားစမ်းဗျာ
သိပ်ရှုပ်တဲ့အဘိုးကြီး
အင်း ပါးတုလို့ခရုခုန်
ဥက္ကစောက်ကုန်ပါပေါ့
ကလား
ကိုင်း ဘယ်နှယ်ရှိစ
မတုဘဲ တမိကြလို့
အထိနာပြီမဟုတ်လား


အပေး အယူ
ဟာ- ဖိုးထူး ပါလား- အတော်ဘဲ ငါ့ အမေက- မင်း အမေဆီ- ငွေ တဆယ် ပေးခိုင်း လိုက်လို့
ဒါဖြင့်- ငါ့ဘဲ ပေး လိုက်ပေါ့
ကောင်းသားဘဲ- ပေး- တဆယ်နော် ရေကြည့် ဦး-
အမလေး မလိုပါဘူး
ဒါဖြင့်- စာကျို အိတ်ထဲ- သေသေချာချာ- ထည့်ယူသွားကွာ-
ဖိုးထူးသည် လမ်းတွင် သူငယ်ချင်းများ ကျား ထိုးကစားနေသည်ကိုတွေ့၍-
အတော်ကြာမှ အိမ်သို့ပြန်ရောက်၏။
ဟာ- ဟိုကောင်တွေ- ကျားထိုးနေပါလား တပွဲ- နှစ်ပွဲ ဝင်ထိုးလိုက် ဦးမယ်-
ဖိုးဝ က- မေမေ့ ဆီကို ငွေ တဆယ် လာပေးမလို့- သားနဲ့တွေ့တာနဲ့ သားဘဲ ယူခဲ့တယ်-
အေး
သူ့ အမေက- စာကျို ချုပ်ခ ပေးခိုင်း လိုက်တာ ဖြစ်မှာပေါ့- ဟင်- ငွေက တဆယ် မပြည့် ပါလား- ကိုးကျပ်ထဲ- နင် ယူ တုန်းက ရေ ယူ ရဲ့လား- ဟင်-
ဟင့်အင်း
ကစားရင်းကျ ရအောင်လဲ ထိုင်ပြီး ကျားထိုးနေတာဘဲ- အိတ်ထဲကတော့ ထွက်မကျ နိုင်ပါဘူး- ဖိုးဝ ပေးကတည်းက လိုနေတာ များလား-
အေး- ပေးတုန်းကသာ ရေယူလိုက်ယင် ဘယ်သူ့ကြောင့် လျော့တယ်ဆိုတာ သိရမှာပေါ့-
ပိုက်ဆံ- အပေး အယူ လုပ်ယင် ရေပြီးမှ ယူ- ရေပြီးမှ ပေးရတယ်ကွဲ့
ပြီး




# ငါးများကြားနိုင်သလော

ငါးတွင် အသံတစုံတရာကို ကြားနိုင်သော နားများရှိသည်။ သို့သော် ယင်းနားများသည် ခေါင်း၏ အတွင်းပိုင်းတွင် တည်ရှိနေပေသည်။ ငါးသည် အသံအတော်များများကို ကြားနိုင်သော်လည်း နားကြားမပါးပေ။ ငါးတိုင်းလိုလိုတွင် ကိုယ်ထည် ဘေးတဖက်တချက်စီ၌ အထူး အကြေးခွံတန်း တခုစီရှိကြသည်။ ယင်းအကြေးခွံတန်းရှိ အကြေးခွံတခုစီတွင် အပေါက်ငယ်တပေါက်စီ ရှိသည်။ အပေါက်ငယ်များနှင့် ဆက်လျက် အမြီးမှ ဦးခေါင်းအထိ ရှည်လျားသော မြောင်းတခုရှိသည်။ မြောင်းအတွင်းရှိ အထူး အင်္ဂါအစိတ်အပိုင်းများက အသံကို ဖမ်းယူပြီး အာရုံကြောများမှ တဆင့် ဦးနှောက်သို့ ပို့ပေးလေသည်။ ဤနည်းဖြင့် ငါးသည် ကျယ်လောင်သော အသံ၊ နီးကပ်လာနေသော အရာဝတ္ထုမှ ထွက်ပေါ်လာသော အသံတို့ကို ကြားနိုင်လေသည်။



ကြယ်ဖြူ



စိမ်း၊ လိမ်မော်၊ ပြာနရောင်ဆေးများဖြင့် အရောင်ခြယ်ပါ။

# ကြိုးစားခြင်း၏ရလဒ်

ခိဖြ ဇော်အောင်



မိညိုတယောက် အမှန် တကယ်ပင် ဉာဏ် မကောင်းခဲ့ပါ။ ဉာဏ် မကောင်း သောကြောင့် မိညို တယောက် ကျောင်းတွင် မတ်တတ်ရပ်၍ လက်ပိုက်နေရ ပေါင်းများလှပေပြီ။

မိ ညို သည် မိ မိ ၏ ဉာဏ်မ ကောင်းခြင်းအတွက် အလွန်ပင် ဝမ်းနည်းမိသည်။ ကျောင်းသူ ကျောင်းသား အများ ရှေ့တွင် မတ်တတ် ရပ်၍ နေ ရ ခြင်း ကို လည်း မိညိုရှက်လှသည်။

မိညို အတန်းထဲသို့ ရောက် လျှင် ဆရာကြီးက “မိညို ကျက် စာ ရရဲ့လား ဆိုပြစမ်း” ဟု ခိုင်း လေ့ရှိ၏။ မိညိုကဲ့သို့ အလွန် ဉာဏ်ထိုင်းသောသူ တယောက် ကျက်စာကို ရခဲ့ပါလျှင် အခြား ကျောင်းသူ ကျောင်း သား ကို ကျက်စာဆိုပြခိုင်းဖို့ မလိုတော့ ဟု ဆရာကြီးမှာ သဘောပေါက် နေလေရော့သလားမသိ။

မိညိုက ကျက်စာကို ဆိုပြ ၏။ အစတပိုဒ်နှစ်ပိုဒ်တွင် ဟုတ် တော့ မ လို လို။ ယင်း နောက် အထစ်ထစ် အငေါ့ငေါ့ ဖြစ်လာ ၏။ ယင်းနောက်တွင်မူ ထုံးစံ အတိုင်း မိညိုသည် ပါးစပ်ကို ဟ ၍ ကြောင်စီစီ ဖြစ်နေတော့၏။ မိညိုတယောက် ရှေ့ကို ဆက်၍ ဆိုရန် မေ့နေလေပြီ။

“အစက ပြန်ကောက် ဆို စမ်း” ဟု ဆရာကြီးက ခိုင်းပြန် ၏။

“မိ ညို သည် ဆရာကြီးကို ကြောင် ၍ သာ ကြည့် နေ ၏။ ကျောက်ရုပ်ကြီး ကဲ့သို့ မလှုပ် မရှက် ငြိမ်သက်လျက်ရှိ၏။

မှန်၏။ မိညိုသည် မိမိဆိုပြ ခဲ့သော ကျက်စာ၏ အစကိုပင် အစပြန်ကောက်၍မရ ဖြစ်နေ လေပြီ။

ထိုနောက်တွင်မူ ဆရာကြီး ၏ အော်ငေါက်သံနှင့်အတူ မိညို တ ယောက် မတ် တတ် ရပ် ၍ လက် ပိုက် နေ ရ လေ ပြီ။ ဤ အလုပ်သည် မိညိုအဖို့ မရိုးနိုင် သော ထာဝရအလုပ်တခု ကဲ့သို့ ဖြစ်နေချေပြီ။

သို့ဖြင့် ရက်များစွာ ကုန် လွန်ခဲ့ပေသည်။

မိ ညို မှာ ဉာဏ် မ ကောင်း သောကြောင့် အ များ တ ကာ တို့ထက် ပို၍ စာကို ကြိုးစားရှာ ၏။ မိဘများက စာကြိုးစား ရန် အထူး တိုက်တွန်း မနေရ။ သူ့အသိစိတ်ဓာတ်နှင့်အတူ အ ထူးတလည် ကြိုးစား၏။ တခါ တရံ မိဘများကပင် စာ ကြိုး စားလွန်းသော သ မီး က လေး မိညို နေထိုင်မကောင်း ဖြစ်မည် ကိုစိုးရိမ်ပြီး လျှော့၍ ကြိုးစား ရန် ပြောရသေး၏။

ဉာဏ် မကောင်းသည်နှင့်အ မျှ စာကိုကြိုးစားနိုင်လွန်းသော ကြောင့် မိညိုသည် တတန်းပြီး

တတန်း စာမေးပွဲများကို မှန်မှန် အောင်ခဲ့၏။

တနှစ် ပတ်လုံး မိညို တယောက် ဉာဏ် မကောင်း၍ အားငယ်ခဲ့ရခြင်း၊ ဝမ်းနည်းခဲ့ရခြင်း၊မျက်ရည်တောက်တောက်ကျခဲ့ရခြင်းတို့မှာ စာမေးပွဲအောင်စာရင်း ထွက်သောအခါ၌ မိမိ၏ နာမည်ကလေးနှင့် ခုံနံပတ် ပါလာပြန်သည်ကို တွေ့ရလျှင် တအား တက်ရပြန်၏။ ဝမ်းသာကြည်နူးရပြန်၏။ ပျော်ရွှင် ကျေနပ်မိပြန်၏။

သည်လိုနှင့် မိညို အတန်း တဖြည်းဖြည်း မြင့်လာ၏။ အတန်း ကြီးလာသည်နှင့်အမျှ အသိစိတ်ဓာတ်ပါ တိုးတက်လာ၏။ ထိုအသိစိတ်ဓာတ် ကား ကြိုးစားလျှင် တနှစ်တတန်း မှန်မှန်အောင်ရမည်ဟူ၍ပင်ဖြစ်၏။

မိညိုသည် သူ၏ အသိစိတ်ဓာတ်နှင့် ယုံကြည်ချက်အတိုင်း ကြိုးစားမှုကို တရွေးသားမျှ မလျော့ခဲ့ပေ။ အချိန်ပိုကို အလဟဿ အကုန်မခံခဲ့ပေ။ အချိန်ရှိတိုင်း စာအကြောင်းကို စဉ်းစား၏။ ကျက်စာကို ကျက်၏။ စာကို အကြေး မထားခဲ့ပေ။ မိညိုတယောက် ယခု စာကို အလွန်စိတ်ဝင်စားစွာဖြင့် ကြိုးစားနေလေပြီ။

စာဆိုသည်မှာ စိတ်ဝင်စားစွာဖြင့် ကြိုးစားခဲ့ပါလျှင် ထူးထူးခြားခြား သဘောပေါက်လျက် အစွမ်းအာနိသင် ထက်မြက်လာနိုင်သည်ဟုလည်း မိညိုယုံကြည်မိလေပြီ။ ထို့ကြောင့် မိညိုသည် ယခင်အခါက ကဲ့သို့ မိမိကိုယ်ကို ဉာဏ်ဖျင်းလှသည်ဟု မထင်တော့ပြီ။

တရံရောအခါက ကျောင်းခန်းထဲတွင် မတ်တတ်ရပ်၍ လက်ပိုက်နေခဲ့ရသော မိညို၊ ကျောင်းသူ ကျောင်းသားများ၏ ဟားတိုက်ရယ်မောလှောင်ပြောင်ခြင်းကို ခံခဲ့ရသော မိညို၊ ဆရာကြီး၏အော်ငေါက်ခြင်းကို အမြဲတစေ ခံခဲ့ရသော မိညို၊ စာအုပ်ထဲတွင် မျက်ရည်ပေါက်ကြီးငယ်ကျခဲ့ရသောမိညိုသည် ယခုအခါ အချိန်မီ ကြိုးစားခြင်း၏ သဘောကို နားလည်ခဲ့လေပြီ။ စာဆိုသည်မှာ ကြိုးစားရသော အလုပ်ဖြစ်သည်။ စာမေးပွဲဆိုသည်မှာ စာကို သဘောပေါက်မှ ကျက်စာကိုရမှ အောင်နိုင်သည်ဟူသောဆောင်ပုဒ်ကို နားလည်ခဲ့လေပြီ။

ထို့ကြောင့် ပင် မ ဟုတ် တုံလော၊ "မိညို တယောက်တော့ ဂုဏ်ထူး သုံးဘာသာနှင့်အောင်တယ်ဟေ့" ဟု ပြီးခဲ့သောဇွန်လ ပညာရေးအထက်တန်းစာမေးပွဲ အောင်စာရင်း ထွက်လာသောအခါ၌ သူ့သတင်းမှာ ကျွန်တော်တို့ မြို့ကလေးတွင် အုတ်အော် သောင်းနင်း ဖြစ်ခဲ့ပါသတည်း။

## အမျိုးသားနေ့

အမျိုးသားနေ့ အမျိုးသားနေ့၊
မမေ့အပ်တဲ့ အမျိုးသားနေ့။

အမျိုးသားနေ့ကို တွက်ချက်စစ်
မြန်မာ့သက္ကရာဇ်။

ရှစ်ဆယ့်နှစ်စွန်း ထောင့်နှစ်ရာ၊
တန်ဆောင်မုန်းလဆုတ်ပါ။

ဆယ်ရက်နေ့မှာ တက္ကသိုလ်က၊
ကျောင်းသားသပိတ် ဆန္ဒပြ။

ပထမအကြိမ် တော်လှန်သည်၊
နယ်ချဲ့ဆန့်ကျင်ပြီ။

ဒို့မြန်မာပြည် နယ်တလွှား၊
အမျိုးသားကျောင်းတွေ
ဖွင့်လှစ်ထား။

မှတ်သားထိုက်တဲ့ နေ့မဟာ၊
သမိုင်းတင်လို့သာ။


အမျိုးသားနေ့ဟာ မမေ့အပ်၊
ဒို့များသတိချပ်။ ။

ဒေါ်သန်းမြင့်



R. 517

# မိကျောင်း



မိကျောင်းသည် ဖွတ်ပုတတ်မျိုး အကြီးစားနှင့် သဏ္ဌာန်တူသည်။ ဝမ်းပိုက်ကားကားနှင့် လေးလံသော ဦးခေါင်းရှိသည်။ ရေထဲတွင်သာ အနေများပြီး ကုန်းပေါ်သို့ တက်ပါကလည်း ကမ်းပါးထက် ကျော်လွန်၍ မသွားတတ်ပေ။

လွန်ခဲ့သော နှစ်သန်းပေါင်း ၂၀၀ ခန့်ကပင် မိကျောင်းများရှိခဲ့ကြောင်း တွေ့ရှိရသည်။ ရှေးခေတ် မိကျောင်းတကောင်၏ ကျောက်ဖြစ် ရုပ်ကြွင်းမှာ ဦးခေါင်းအလျား ခြောက်ပေရှိပြီး အမြီးအထိ ပေ ၃၀ ရှည်လျားကြောင်း တွေ့ရသည်။ ယနေ့ အကြီးဆုံးမိကျောင်း၏ အလျားမှာ ပေ ၂၀ ခန့်သာ ရှိပြီး အများအားဖြင့် ခြောက်ပေမှ ၁၀ ပေအထိသာ ရှိကြသည်။

မိခင်မိကျောင်းမကြီးသည် ဥပေါင်း ၅၀ အထိ အများဆုံးအုနိုင်သည်။ ဥများကို မြစ်ကမ်းပေါ်တွင် သဲကျင်းတူး၍ အုပြီး သဲဖြင့်ဖုံးထားလိုက်သည်။ ခြောက်ပတ်ခန့်တွင် ဥများအထဲမှ သားငယ်များ၏ လှုပ်ရှားသံကို ကြားသည်နှင့် မိကျောင်းမကြီးက သဲများကို ယက်ဖယ်ပေးလိုက်သည်။ ထို့နောက် မိကျောင်းပေါက်ကလေးများသည် ဥကို ဖောက်ထွက်ကြပြီး ရေထဲသို့ ဆင်းသွားကြလေသည်။ မိကျောင်းဥသည် အနည်းငယ် ရှည်ပြီး ငါးလက်မခန့် အလျားရှိသည်။ မွေးကင်းစ မိကျောင်းငယ်၏ အလျားမှာ တပေခန့်ရှိသည်။ တနှစ်လျှင် တပေခန့် ကြီးထွားပြီး ငါးနှစ်မှလွန်သော် ကြီးထွားနှုန်းအလွန်နှေးသွားလေသည်။

မိကျောင်းရေကူးလျှင် ခြေလက်များက ထိန်းပေးပြီး ကိုယ်ကို တွန့်လိမ်၍ ကူးသွားသည်။ မိကျောင်းသည် နား၊ နှာခေါင်း၊ မျက်စိများကိုသာ ဖော်၍ မလှုပ်မရှက်နေလျှင် သစ်တုံးနှင့် ထင်ယောင်ထင်မှား ဖြစ်စေသည်။ မိကျောင်းသည် ရေထဲမှ ငါးများကိုသာမက ရေဆင်းသောက်သော ကုန်းသတ္တဝါများကိုပါ ဖမ်းယူ စားသောက်သည်။

ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝများတွင် ကျက်စားသော မိကျောင်းများမှာ မြစ်ချောင်း အင်းအိုင်များတွင် ကျက်စားသော မိကျောင်းများထက် ကြီးမားသည်။

မိကျောင်းတွင် ခေါင်းရှည်မျိုးနှင့် ခေါင်းတိုမျိုး ဟူ၍ နှစ်မျိုးရှိလေသည်။



ရဲမြင့်


၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


ရဲဖအောင်
သရုပ်ဖော် ဦးစိန်
ဇာတ်လမ်း မြတင်ရည်
ရွှေသွေး
ဂျာနယ်
၁၃၃၃ ခု၊ နတ်တော်လဆန်း ၃ ရက် (၂၀-၁၁-၇၁)
ရဲအောင်သည် ကျောင်းသို့သွားရန် အိမ်မှ စောစော ထွက်ခဲ့လေသည်။
ဒီကား ဒီနေရာမှာ ဘာဖြစ်လို့ ရပ်ထားပါလိမ့်
လမ်းတွင် အိမ်တအိမ်၏ မနီးမဝေး၌ ကားတစီး ရပ်ထားသည်ကို တွေ့ရသည်။
ဒီလူကြီးကြည့် ပုံက တမျိုးဘဲ မသင်္ကာစရာ
ရဲသားကြီး တွေ ထင်ပါရဲ့ မေးကြည့် ဦးမှဘဲ
ထိုအတွင်း ရဲသားများကဲ့သို့ ဝတ်ဆင်ထားသော လူနှစ်ယောက် အိမ်ထဲမှ ထွက်လာသည်။


ဦးတို့က ရဲသားကြီးတွေလား...ဒီအိမ်မှာ ဘာဖြစ်လို့လဲဟင်
ဟား ဟား ဟား!! သိပ်စပ်စုတဲ့ ချာတိတ်ပါလားဟ
ဟဲ ဟားဟား ဟား
ကဲကွာ လျှာရှည်ချင်အုံး
ကားထဲကို ခေါ်သွား-အသံမထွက်စေနဲ့-တို့အလုပ်ပြီးမှ ကြည့်ရှင်းမယ်
အော်မယ် မကြံနဲ့ တွေ့လား သေသွားမယ်
ကားထဲမှလူသည် မောင်ရဲအောင်အား ခြိမ်းခြောက်လိုက်လေသည်။
တကယ့် ရဲသားတွေ မှတ်ပြီး အကူအညီပေးမိမလို့ သူတို့ကရဲဟန်ဆောင်ထားတဲ့ ဓါးပြတွေဘဲ


လူဆိုးတွေ ကားမောင်းပြီး မပြေးနိုင်အောင် ဒီကား သော့ကိုယူပြေးမှဘဲ
ဘာလုပ်တာလဲ ဟေ့ မပြေးနဲ့
ဂါ...ကွ
ဟေ ဘာလဲကွ ချာတိတ်လစ်ပြေး ပြီလား
လစ်ပြေးရုံ ဘယ်ကမလဲ ကားသော့ကိုပါ ယူသွားပြီ စက်နှိုးလို့မရတော့ဘူး
ဟာ ဒုက္ခပါဘဲ
ဒီနားကလူတွေ ကြား အောင်အော်မှဘဲ


ဓမြ ပါဗျို့
ဓမြ ဓမြ
ဓမြတွေတဲ့ဟေ့ မလွှတ်စေနဲ့ ဖမ်းကြဟေ့
အင့်
အား
ဖုန်း ဒိုင်း!
အို
ကြောက်ပါပြီ ခင်ဗျာ အသက် ချမ်းသာပေးပါ
မောင်ရဲအောင် ကူညီတဲ့ အတွက် လူဆိုးတွေကို ဖမ်းနိုင် ခဲ့တယ်
ရဲအဖွဲ့က မောင်ရဲအောင်ကို ချီးကျူးဂုဏ်ပြုလေသည်။
တကယ့် ပြည်သူ့ရဲ အစစ်တွေကို ကူညီ ဘို့ အစဉ်အသင့်ပါဘဲ
ရဲအောင်ကလည်း ပြည်သူ့ရဲအဖွဲ့ကို ပြန်လည်ကတိ ပေးလိုက်သည်။




ယခင်အပတ်မှအဆက်
ည ဖြစ်ပွာ
အကောင်းဆုံး
ဇာတ်လမ်း- ဖြေရိုး
သရုပ်ဖော်- သုကြိုး
ကြွက်ဖိုးတောင်နှင့် ကြွက်သံချောင်းတို့သည် ခခန်းသို့ ပြန်ရောက်လာသောအခါ ပျော်ရွှင်စွာ စားသောက်ပွဲကြီး ကျင်းပကြလေသည်။
ကလေးတို့-နားထောင်ကြစမ်း-နောက်ဖြန်ညအချိန်ရောက်ရင် အဂါ ညက်အိမ်ကို ပြန်သွားကြမယ်၊
ကောင်းတယ်-ကောင်းတယ်- သဘောတူတယ်၊
နောက်တနေ့ည
ဟာ-ချွတ်လိုက်တဲ့ကြောင်လေးကလှပ မသိလိုက်ဘူး၊
မီမီ-မီမီ- M-M--
ဟုတ်တယ်-ဘိုးဘိုး တို့အိမ်မှာ အရင်က မရှိပါဘူး၊
ဒါနဲ့တို့ ဦးလေးဆီက မေမေတောင်းလာတာကွဲ၊ ကြွက်တွေသောင်းကျန်းလွန်းလို့၊ ညကကြောင်အိမ် ထဲမှာထားတာတွေ၊ လွန်ပါပြီ ကောလား၊
ထိုနေ့ညတွင် တီးတီးနှင့်မွှေးမွှေးတို့ ညီအစ်မနှစ်ယောက် သည်ကြောင်လေးနှင့်အတူ အိပ်ကြသည်။


ထိုအခိုက်တွင်
အေးပါကွ - ဟော့ ဟိုမှာ ဝက်အူ ချောင်းနဲ့ ဂုတ်ပဲကွ။
သတိနဲ့ ဝင်ကြဟေ့။
အနံ့က မွှေးလိုက်တာ။ မစီး ဂုဇ်ကတ်က သွားကြည့်ကြရအောင်ကွ။ မြန်မြန်တက်စမ်းပါ ဖိုးတောင်ရ။
ထိုအချိန်တွင် မွှေးမွှေးတို့နှင့် အတူ အိပ်နေသော ကြောင်လေး ရွှေဝါသည် ကြွက်နံ့ ရသဖြင့် ထလာသည်။
ဟာ - ငှက်ပျောသီး တွေပါလား အကောင်းဆုံး အလုံးကို ရွေးဆိုမှကွ။
အောင်မယ်လေး ကြောင်ကြီး -
အောင်မယ်လေး - သေပါပြီဗျ -
ကြောင်ကြီးဟေ့ ကြောင်ကြီး - ဟိုကောင်တွေ လွှတ်သွားပြီကွ - ပြေးကြ - ပြေးကြ -


အမယ်လေး.. ဒေါက်တာကြောင်ကြီး ဆိုက်လာပြီ ခုနေ့ကြောင် ဖြစ်မယ်ဆိုပ် ကောင်းမှာ ဘဲ..
ဟဲ - ငါတို့ကြောင်ဖြစ်သွားပြီ -
ဟေ့ - ခုနငါ ရှုကပြေးတဲ့ ကြွက်ခုတ်နှစ်ကောင် ဘယ်ကိုပြေး သလဲကွ၊
ဘယ်သိမလဲကွ၊ ငါတို့လဲ အခုမှဒီအထဲရောက် လာတာ၊
မကြာမီ
ဟဲ - နောက်ထပ်ကြောင်လေးနှစ်ကောင်
ငါတို့ ဒီးဖိုချောင်ထဲ ရောက်နေပါလား၊ မှုလိုက်တဲ့ကြောင် ကလေးတွေ ပမှတ ဘဲဟေ့၊
ဒီကြောင်လေးနှစ်ကောင်ဟဲ၊ ငါတို့နဲ့ထိုက်သို့ရောက် လာတာပေါ့ ကြွယ်မနက်ဖြန် ရေတွက်နင်တို့ ဦးလေးဆီပြန်ပို့ လိုက်ကြ - ကဲ - ကဲ - ပြန်ကြပါ ကြအုံး -
ထိုနေ့မှစ၍ ကြောင်သူငယ်ချင်းနှစ်ကြောင်ဖိုး တောင်တို့သည် ဖွေးဖွေးတို့အိမ်တွင် နေကြရသည်။

ဆက်ဂုန်


ထူးဆန်းသော
ဖြစ်ရပ်မှန်များ
တခါက ဂျာမနီနိုင်ငံ အက်ဆင်းမြို့တွင် မိုးသီး မုန်တိုင်းကျရာ မိုးသီးကြီးတလုံးတွင် ငသိုင်းကလေး တကောင် ပါလာခဲ့ဘူးသည်။
တောင်အမေရိကတိုက် ဗိုလစ်ဗီးယား နိုင်ငံမှထုတ်ဝေခဲ့သောစာပို့တံဆိပ်ခေါင်း များမှာ ကမ္ဘာပေါ်တွင်အသေးငယ်ဆုံး ဖြစ်၍ အရွယ်မှာ ၇"/၁၆ × ၃"/၈ ရှိသည်။
၁၆၉၇ ခုနှစ်မှ ၁၇၂၇ ခုနှစ်အထိ ထီးနန်း စိုးစံခဲ့ သော ပိုလန်ပြည့်ရှင်ဘုရင်မခရစ်ရှန် အီဗာဟာဒင်သည် သူ၏နန်းသက် နှစ်ပေါင်း သုံးဆယ်အတွင်း ထိုနိုင်ငံ မြေပေါ်သို့ တခါမျှ ခြေမချခဲ့ဘူးချေ။
ရေခဲတောင် ကြီးများ တွင် ရှစ်ပုံတပုံမျှသော အစိတ်အပိုင်းသာလျှင် ရေပေါ်၌ပေါ်လျက် ရှိသည်။ တခါတရံ ရေခဲတောင်ကြီး တခုလုံး၏ အလေးချိန်မှာ တန်ချိန် နှစ်သန်းပင် ကျော်နိုင်သည်။

# ရေးသူ ဖူဆာတင်

ပန်းချီ ဆိုင်း

၁၆ ရာစုနှစ်အတွင်းက အာဒီဗီးလ်မြို့ရှိ ဗလီကြီးအတွက် ကော်ဇောကြီးတချပ်ကို မက်ဆွတ်ဆိုသူ တဦးတည်းက ရက်လုပ်ရာ နှစ်ပေါင်း ၄၀ ကြာ၍ ကော်ဇော တချပ်လုံးတွင် အထုံးပေါင်း ၃၀,၀၃၈,၂၀၀ ပါရှိသည်။






၁၈ ရာစုနှစ် အတွင်းက ဒေါ်အိုင်ယာလန်မှလေဒီ မာရီယာ ကိုဗင်ထရီဆိုသူ ရုပ်ရည်ရှင်သည် မိတ်ကပ် လိမ်းခြယ်ရာမှ အသက်သေဆုံးခဲ့ရသည်။ အကြောင်းမှာ မိတ်ကပ်တွင်ပါသော ခဲဖြူသည် ပြင်းထန်သောအဆိပ် ဖြစ်သောကြောင့် ဖြစ်၏။



မာရာကီနာခေါ် တောင်အမေရိကတိုက်မှ မာမိုဆက် မျောက်တမျိုး၏ ကိုယ်ပေါ်တွင် ရှည်လျားတောက်ပြောင်သော ရွှေရောင်အမွေးများရှိ၍ အမြီးဖျားတွင် အမွေးဖွားများ ပါရှိပြီးလျှင် ခရမ်းရောင် ခြေလက်များရှိသည်။


အာဖရိကတိုက်မှ ကုန်းခရုကြီး တမျိုးသည် အလျား ခုနစ်လက်မ ရှိ၍ အရွယ်အစား၊ပုံသဏ္ဍာန်နှင့် အခွံပါ ငှက်ဥနှင့်တူသော ဥများကို အုလေ့ရှိသည်။




အမတ်ကြီး
ဦးသီလ
အိမ်အပြန်မိုးချုပ်နေပြီ - မြန်မြန်လျှောက်မှ
ဟိုကောင်တွေဟာ သူခိုးတွေ ဖြစ်မှာဘဲ၊ ငါ ကိုယ်တိုင် ဖမ်းမိအောင် ကြံမယ်
တနေ့တွင် အမတ်ကြီး ဦးသီလသည် နန်းတော်မှ အိမ်သို့ပြန်လာရာ အိမ်အနီးသို့ရောက်သော် မသင်္ကာဘွယ် လူနှစ်ယောက်ကို တွေ့ရသဖြင့် —
မိုးချုပ်လှချည်လား
အရေးကြီးတဲ့ တိုင်းရေးပြည်ရေးတွေ ဆွေးနွေးနေရလို့ ရှင်မရဲ့ -
ထို့ကြောင့် အိမ်ထဲဝင်ခဲ့စဉ်....
ဟေ့ အမတ်ကြီး ပြောတာ ကြားလား တိုင်းရေးပြည်ရေး အရေးကြီးတယ်ဆိုဘဲ
ဘာများ ပါလိမ့် နားထောင် ရအောင်
အသံကြား၍ သူခိုးနှစ်ယောက်လည်း—
အနီးကပ်ပြီး ချောင်း၍နားထောင်ကြ၏။
ကဲ ဘယ်လိုများ အရေးကြီးတာလဲ ပြောစမ်းပါအုံး
အခု သူခိုးတွေ ထနေတယ်၊ ငါ့ရဲ့ ရွှေငွေတွေကို လုံခြုံတဲ့ နေရာမှာ သိမ်းဆည်းမှ ဖြစ်မယ်
သူခိုးများကြားအောင် အော်ပြောလေသည်။



ကဲ - ဒို့ရဲ့ရွှေငွေ တွေကိုခုပြီး ထုပ်ယူခဲ့
ဒီအထုပ်ကိုအိမ်ဘေးက ရေတွင်းထဲသွားချထားမယ်
ဘယ်သူမှမသိစေနဲ့နော်
အမတ်ကြီးနှင့် ဇနီးသည် အထုပ်ကိုပိုက်၍ ယူလာပြီး....
ဒီည အိမ်ဖောက်ဖို့စရာမလိုတော့ဘူး သန်းခေါင်ကျော်ရင်ရေတွင်းထဲက အထုပ်ကိုသွားယူရုံဘဲကွ
အေးပါကွ
မင်း အပေါ်ကစောင့်နေ ငါရေတွင်းထဲဆင်းပြီး ရွှေထုပ်ယူမယ်
အိမ်တေးမှ သူခိုးနှစ်ယောက်သည် ညဥ့်သန်ကောင်ကျော်သောအခါ....
ဟေ့ - ရေကနက်တယ်ကွ ရေငုပ်ယူရမယ် ဘယ်လိုလုပ်မလဲ
ဒါဖြင့် ငုပ်ကွာ ငါကအရိပ်အခြေ ကြည့်နေမယ်


တွေ့ပြီဟေ့-တွေ့ပြီ-ရွှေထုပ်က
အိုးလေးကြီး ကွ
မြန်မြန် ယူတက်ခဲ့ဟေ့
လူကြီးမြင်ခက်မယ်
အတန်ကြာ ရေငုပ်ပြီးနောက်- - -
ဟဲ-ဟဲ-ဟဲ-ဖြေးဖြေး လုပ်ပါကွာ
ပြေးဖို့မလိုပါဘူး
ဗျာ
ရေတွင်းထဲက လူတက်ခဲ့ဟေ့ အထုပ်ကြီး
ထဲမှာ ခဲတွေထည့်ထားတာ
ဤတွင် ဦးသီဝနှင့် ခြံစောင့်ရောက်လာပြီး သူခိုးကို ဖမ်းဆီးလိုက်လေသည်။
ဟဲ-ဟဲ-ဟဲ
မင်းတို့အမြဲ ကရှင်းနေဖို့ဘာ ငြင်းဖို့
မကြိုးစားကြနဲ့ပေါ့ကွာ
ရေတွင်းထဲမှ သူခိုးလည်း တက်လာရတော့၏။



# ရှားစောင်းပင်တွင် အဘယ်ကြောင့် ဆူးများပေါက်သနည်း

အရွက်ရှိသော သစ်ပင်များသည် မြေကြီးထဲမှ ရေနှင့် ဓာတ်ပစ္စည်းများကို အမြစ်မှတဆင့် အရွက်များသို့ တင်ပို့ပေးပြီး အရွက်များက နေရောင်ကိုခံယူ၍ အစာချက်ကြသည်။ ထိုအခါ ရေသည် အခိုးအငွေ့ဖြစ်သွားပြီး အရွက်များထဲမှ ထွက်သွားသည်။ တနေ့လျှင် ရေဂါလံ အတော်များများ ထွက်သွားသည်ဟု ဆိုသည်။




ရေရှားသော ကန္တာရများအတွင်း၌ ပေါက်သည့် ရှားစောင်းပင်များအဖို့ ယင်းကဲ့သို့ ရေများထွက်သွားလျှင် မကြာမီ ညှိုးခြောက်၍ သေသွားပေမည်။

ထို့ကြောင့်ရှားစောင်းပင်များတွင်ရှားပါးသောရေကို ထိန်းသိမ်းထားနိုင်ရန် ထူးခြားသော အင်္ဂါရပ်များ ဖြစ်ထွန်းလာရပေသည်။ ကျယ်ပြန့်သော အရွက်များရှိရမည့်အစား၊ ဆူးအသွင်ပြောင်းလဲနေသော အရွက်ပုံစံသစ်များ ရှိနေခြင်းပင်ဖြစ်သည်။ ထူထဲသော အစိမ်းရောင် ပင်စည်များက အရွက်များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပေးလေသည်။ ရေကိုလည်း သိုလှောင်ပေးသည်။ ဆူးများကမူ ပင်စည်ကို ချိုးဖဲ့စားမည့် တိရစ္ဆာန်များကို ကာကွယ်ပေးလေသည်။

ကြယ်မြူ

၏တိရစ္ဆာန်တို့၏ အော်မည်ပုံကို မည်သို့ခေါ်သနည်း။



# မမုန်းတော့ပါ

မောင်သာမြည့်



ဦးသာခင်ကြီးကိုကျွန်တော်တို့ မုန်းပါသည်။

ဦးသာခင်ကြီးသည် ကျွန်တော်တို့ ရပ်ကွက်မှ ငါးဦး ကော်မီတီဥက္ကဋ္ဌ ဖြစ်ပါသည်။ နေ့ဆုတကာ ဝင်ပါတတ်သော၊ စပ်စုတတ်သော လူကြီးတယောက်အနေဖြင့် ကျွန်တော်တို့မမုန်းပါ။ ကျွန်တော်တို့ မုန်းရခြင်း အကြောင်းမှာ ကျွန်တော်တို့ ကလေးတသိုက် ဘာပဲကစားကစား၊ ပိတ်ပင် တားဆီးလေ့ ရှိသောကြောင့် ဖြစ်ပါသည်။

တနေ့တွင် ကျွန်တော်တို့ သူငယ်ချင်းတစု လမ်းပေါ်၌ ဘောလုံး ကစားလျက် ရှိစဉ် ဦးသာခင်ကြီး လာ၍ ဖျက်ပါသည်။ အများပိုင် စုဝယ်ထားသော ဘောလုံးကိုပါ မတရား သိမ်းသွား ပါသည်။ တော်တော်ဆိုးသော ဦးသာခင်ကြီး ပါပေ။

ဘောလုံး မကန်ရ၍ ကျွန်တော်တို့ လေးခွနှင့် ငှက်လျှောက်ပစ် ပြန်တော့လည်း ဦးသာခင်ကြီး၏ တားဆီးမှုမှ မလွတ်ပါ။ သူသည်ကျွန်တော်တို့ကို အဘယ်ကြောင့် အမုန်းပွား နေရပါသနည်း။ ကျွန်တော်တို့ ပျော်ရွှင်စွာ ငှက်ပစ်လျက်ရှိစဉ် ဦးသာခင်ကြီးတို့ ကော်မီတီဝင် လူကြီး များက ကျွန်တော်တို့ကို အတင်းလိုက်ဖမ်းပြီး လေးခွများကို သိမ်းယူလိုက်ကြပါသည်။ မိဘများကို လိုက်၍ ဝိုင်ပြန် သဖြင့် အဖေ၏ ကြိမ်လုံး စာကြောင့် ကျွန်တော့်တင်ပါးတွင် အရှိုးရာ ထင်ခဲ့ရပါသည်။

ကျွန်တော်တို့ လူစု လမ်းထိပ် မန်ကျည်းပင်အောက်တွင် ပိုက်ဆံထောင်ပစ် ကစားစဉ်ကလည်း အနှောင့်အရှက် ပေးသူမှာ ဦးသာခင်ကြီးပင် ဖြစ်ပါသည်။ ကျွန်တော်နှင့် သူငယ်ချင်းများမှာ ဦးသာခင်ကြီးအတွက် အတော် စိတ်ပျက်မိပါသည်။ ကစားကောင်းခြင်း မကစားရ၊ ဆော့ကောင်းခြင်း မဆော့ရနှင့် စိတ်ဆင်းရဲ ကြရပါသည်။

"လူကြီးတွေ လာတိုင်တာ နှစ်ခါရှိပြီ။ နောက်တခါ ဆိုယင်တော့ မင်းအသက် ဖက်နဲ့ ထုပ်ဖို့သာ ပြင်ပေတော့"

အဖေသည် ကျွန်တော့်တင်ပါးကို ကြိမ်လုံးစာ ကျွေးပြီးနောက် ဒေါသ တကြီးဖြင့် ကြိမ်းမောင်းလျက် ရှိပါသည်။

အဖေ့ကို ကျွန်တော် မော်မကြည့်ရဲပါ။ စိတ်ထဲမှ နေပြီး ဦးသာခင်ကြီးကိုသာ ကျိန်ဆဲနေမိပါသည်။

× × ×

တခုသော တနင်္ဂနွေ ကျောင်းပိတ်ရက်၏ နံနက် ဖြစ်ပါသည်။ မွတ်တီးတို့ အိမ်ဘေး ပိတောက်ပင်အောက်တွင် ကျွန်တော်တို့ လူစုကြပါသည်။

"ငါတို့ ဘာကစားကြမလဲကွာ။ တို့ ဘာကစား ကစား၊ ဦးသာခင်ကြီးက ဖမ်းတာချည်းနော်"ဟု ဟံမြင့်က ညည်းလိုက်

သည်။ သက်ဇင်၊ ဖိုးနီနှင့် ခင်ညို တို့မှာ ငေး၍ တွေး၍ နေကြသည်။

"ဘောလုံးကန်မယ်ကွာ"

"ဟာ– ဘောလုံး ကန်ယင် တို့ကို ဖမ်းအုံးမယ်ကွ" ဟု သက်ဇင်က စိုးရိမ်စွာ ကန့်ကွက်လိုက်သည်။

ကျွန်တော်တို့မှာ လေးခုမပစ်ပဲ နေနိုင်ပါသည်။ ပိုက်ဆံထောင်မပစ်ပဲ နေနိုင်ပါသည်။ သို့သော်ဘောလုံး မကန်ပဲ မနေနိုင်ကြပါ။

ထိုစဉ် အနောက် ပိုင်းမှ အောင်ထွန်း ရောက်လာပြီး –

"ဟော့ကိုမျိုးတို့၊ မင်းတို့အုပ်စုကို ဦးသာခင်ကြီးက ပဒ္မာဘောလုံးကွင်း ဟောင်းဆီကို လာအုံးလို့ ပြောလိုက်တယ်ကွ" ဟု လာခေါ်ပါသည်။

"ငါတို့ကို ဖမ်းအုံးမလို့လား မသိဘူး" ဟု မွတ်တီးက ပြောကာ ကြောက်ရွံ့ နေပါသည်။ ကြောက်ရွံ့သော်လည်း ကျွန်တော်တို့ မသွားပဲ မနေရဲပါ။ ထိတ်ထိတ် လန့် လန့် ဖြင့် ပင်ကွင်းဆီသို့ လာခဲ့ကြပါသည်။

မြက်ပင်၊ ချုံဖုတ် များထူထပ်နေသော ကွင်းထဲတွင် ဦးသာခင်ကြီးနှင့် ရပ်ကွက်လူကြီးများရောက်နှင့် နေပါသည်။ ဦးသာခင်ကြီးသည် ကျွန်တော်တို့ကို မြင်သည်နှင့် –

"လာကြဟေ့–လာကြ၊ ငါတူများကတော့ ဘောလုံးကန်ချင်ကြတယ် မဟုတ်လား။ အဲဒီတော့ ဦးလေးတို့စုပေါင်းအားနဲ့ဒီကွင်းကြီးကို ရှင်းမယ်။ ဒါမှငါ့တူတို့ ဘောလုံးကို အန္တရာယ်ကင်းကင်းနဲ့ကစားရမယ်။ လမ်းပေါ်မှာ ဆိုတော့ ကားတိုက်မိမယ် မဟုတ်လား။ ဒါကြောင့် ဦးလေးက မင်းတို့ကို လမ်းပေါ်မှာ မကစား စေချင်တာပါကွယ်။ ပိုက်ဆံထောင်ပစ်တာလဲ လောင်းကစားမှုဘဲကွဲ၊ ကောင်းတဲ့ အလုပ်မဟုတ်ဘူး။ ငှက်ပစ်တာလဲသူတပါး ကို နာအောင်၊ သေအောင် လုပ်တာ မကောင်းပါဘူး"

ဦးသာခင်ကြီး၏ ချိုသာသောစကားကို ကျွန်တော်တို့က မယုံကြည်နိုင်စွာနားထောင်နေမိပါသည်။ သူ့ထံမှ ချိုသာသော စကားကို သည်တကြိမ်ပဲ ကြားဘူးပါသည်။ အမှန်မူ ဦးသာခင်ကြီး၏ စေတနာမှာ သန့်ရှင်း ဖြူစင်ပါသည်။ ယခင်က သူ့စိတ်သဘောထားကိုကျွန်တော်တို့ နားမလည်ခဲ့ပါ။ ယခု သူ့စေတနာကို ကျွန်တော်တို့ နားလည်ပါပြီ။ ယခင်က သူ့ကို မုန်းတီးခဲ့သော်လည်းယခုတော့ မမုန်းတော့ပါ။ ဦးသာခင်ကြီးသည် ကျွန်တော်တို့အဖို့ အင်မတန် ချစ်စရာ ကောင်းသောလူကြီး တယောက် ဖြစ်နေပါတော့သည်။

---

# စာဆိုတော်နေ့

ဆောင်းလဟောပါန်

မြောက်လေပြန်၊

ငွေနှင်း ငွေရည်ဂေါ်။

စုံမြိုင်ယံ ထုံကာ ခသင်း၊

ပန်းမြတ်သဇင်မင်း ။

ဆုနှင်းသဘင် နွဲဆင်ယင်၊

နတ်တော်ဆန်းစတွင်။

စာဆိုရှင် ဂုဏ်ရည်သွေး

ချီးကျူးဘွယ်ပလေး၊၊

ရွှေသွေးလူလု အားကျဘွယ်၊

စာပေဆုကိုရွယ်။

ရေးမယ်ဖွဲ့မယ် မမောဂမ်း၊

ဇွဲနဲ့မျှော်ကြိုးပမ်း။ ။

တက္ကသိုလ် ကြည်မာ



R. 517

# မြွေပါ



မြွေပါ၏အရောင်မှာ ညိုမှိုင်းမှိုင်း ဖြစ်သည်။ အမွေးရှည်ပြီး ယင်းအမွေးများမှာ ပိုးသားကဲ့သို့ ချောမွတ်သည်။ ကိုယ်ထည် ရှည်လျားပြီး ခြေလက်များတိုသည်။ အမြီးသည် ကိုယ်ထည်အလျားထက် အနည်းငယ်တိုပြီး အမွေးရှည်များ ပေါက်နေသည်။ နားရွက်များ ပိုင်းသည်။ နှုတ်သီး ချွန်သည်။ ခေါင်းမှ အမြီးအထိ စုစုပေါင်း ၁၈ လက်မမှ လက်မ ၂၀ အထိ ရှည်လျားသည်။


မြွေပါများသည် လျှပ်ပြက်သကဲ့သို့ လျင်မြန်စွာ လှုပ်ရှားနိုင်သည်။ ထို့ကြောင့် မြွေများကို တိုက်ခိုက် သတ်ဖြတ်နိုင်ခြင်း ဖြစ်သည်။ ယင်းသို့ တိုက်ခိုက်ရာတွင် အမွေးများ ထောင်နေသဖြင့် မြွေ၏အစွယ် မထိုးဖောက်နိုင်ပေ။ ယင်းတို့၏ အစာများမှာ ကြွက်၊ ကင်းလိပ်ချော၊ ပိုးမွှားနှင့် ဥများပင်ဖြစ်သည်။

များသော အားဖြင့် မြွေပါများသည် တကောင်ချင်း နေလေ့ရှိသည်။ သို့သော်အရှေ့အာဖရိကရှိ မြွေပါငယ်တမျိုးမှာ အုပ်ဖွဲ့လျက် အစာရှာလေ့ရှိသည်။

သစ်ခေါင်းများ၊ မြေကျင်းများတွင် နေလေ့ရှိပြီး ချုံများ အကြားတွင်သာ ကျက်စားလေ့ရှိသည်။

အချို့နိုင်ငံများတွင် မြွေပါအမွေးကို အဝတ်အထည် ချုပ်လုပ်ရာတွင် တန်ဖိုးထား၍ သုံးစွဲလေ့ရှိကြသည်။

မြန်မာနိုင်ငံတွင် မြွေပါကို တောင်ငူမှ တနင်္သာရီ အထိ တွေ့နိုင်သည်။



ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ - ၃။ အမှတ်-၄၈။

# ဒီဥစ္စါကြီး


# ရွှေသွေး

ဂျာနယ်

ပန်းချီ - ဦးဘကြည်
ထုတ်လတ်း - ဖိုးချစ်လှိုင် (ဖြမ္မာလတ်) ၁၃၃၃ ခု၊ နတ်တော်လဆန်း ၁၀ ရက် (၂၇-၁၁-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။


တခါသော် ကြေးငှက်တို့က ဆွေးနွေးကြ၏။
လူဆိုတာ - တယ်ဉာဏ်များတယ်
တစ်ခါတုန်းက - ကောင်လေးတစ်ယောက် - ငါ့ရွှေမင်းကိုကြိုးချည်ထားနေတယ်။ မကြာပါဘူး - ဖတ် - ခနဲ ကြားလိုက်ပြီ - ငါ့ညီလေး သစ်ပင်ပေါ်က ကျပြီး သေတာပဲ
အေး - ဟုတ်တယ်ကွ။ တစ်ခါက - ချာတိတ်လေးတစ်ယောက် သစ်ကိုင်း ထောင်ပြီး
ဖျောက်ခနဲ သာ ကြားလိုက်တယ် ငါ့အကို အောက်ကျပြီး သေတာပဲ
အမယ် - ဒါ - ဘာဟုတ်သေးလဲ ဒို့ ဦးလေးလေး ကဆန်ဖြူ့ရဲ့ တွေ့လို့ သွားစားနေတယ်။ တကထဲ ရှိန်းကနဲ ကြားပြီး တောင်းကြီး အုပ်သွားတယ်။
ဒီလိုဆိုယင် - ငှက်မျိုးစုံ ညီလာခံခေါ်ပြီး ဆွေးနွေးယင် မကောင်းဘူးလား
အေး
ဟာကောင်းပြီဟ
ထို့ကြောင့် ခိုများကိုဖိတ်စာဝေခိုင်းလိုက်ပြီး....





ငှက်ညီလာခံကြီးကို ကျင်းပတော့၏။

ဦးစွာ ယတာပတိကျီးကထ၍ အာ၏။



--- ငှက်တွေ အားလုံး စုပေါင်းပြီး မိုင်းမျက်ပစ်မှဖြစ်မယ်
ဟုတ်တယ်
အေး
ခါမှရှင်းတယ်
ချမယ်
ကြိုက်ပြီ
ခဏလေး နေကြပါအုံး - ကျုပ်နဲ့နဲ့ မေးပါရစေ
ထိုအခါ ပညာရှိဦးဇီးကွက် ထွက်လာပြီး....
ခင်များတို့ကို - ဗိုဒ္ဓလှာကြီးက - လိုက်လိုက်ပြီး ရန်ရှာနေတာလား။ မဟုတ်ယင် - သူ့အနား သွားတဲ့အခါ အေးတွေ့တဲ့အခါ တွေ့တာလား
ဟာများ -... သူကတော့ ဘယ်လာမလဲ။ ဒါပေမယ့် မသိဘူးဗျ
ဒီလိုဆိုယင်လဲ - သူ့နားမသွားကြဘဲ နေရုံပေါ့။ ကောင်းကင်တခုလုံး ပျံသွားစရာ အများကြီးရှိတာဘဲဟာ။ ခပ်ရှင်းရှင်း ရှောင်နေလိုက်ယင်ပြီးတာဘဲ
လူ့ဆိုတာ - ဉာဏ်ရှိတယ်။ လူတွေရဲ့ ဥစ္စာကို ဖျက်ယင် - လူတွေက ငှက်တွေကို ရန်မူမယ်။ ငှက်တွေ ခံရမှာဘဲ။ ကျုပ်မှတ်မိသမျှ ပြောရယင်...... အခုတုန်းက ဒီနေရာမှာ ငှက်နဲ့နဲ့ဘဲ ရှိတယ်....
ဗိုဒ္ဓလှာကြီး ဖြစ်လာမှ သီးနှံပင်တွေ ထလာတယ်။ စားစရာပေါလို့ ငှက်တွေ များလာတာ၊ ဒါကြောင့် အကျိုးမဲ့တာကို မလုပ်ကြပါနဲ့၊
ဟုတ်တယ်
ပညာရှိပါပေတယ်
အေးအေးနေကြပါ
ဖြန့်ကြပါရို
အကျိုးမဲ့မလုပ်ကြပါနဲ့
ကျေးဇူးပါဘဲ


လူဖြစ်တာ အကောင်းဆုံး
ကြောင်ဖိုးထော်နှင့်ကြောင်သဲလျှောင်းတို့ အလုပ်ကား၊ ဒီဘက်တွင် ကြွက်များကို လိုက်ဖမ်းရန်ဖြစ်သည်။
အခုဒါတို့ကို လိုက်ဖမ်းတဲ့ ကြောင်နှစ်ကောင်ကို မြင်ဘူးသလားကွ။
အေးကွ - ဒီသိုက်ကျော်လာတဲ့ ဂုဏ်ကြီးကြွက်နှစ်ကောင်နဲ့ ပြိုင်တာပါ၊ ဒီကောင်တွေ သေဖြို့ ကြောင်ဘဝ မျိုး ဝင်စားတာလား မသိဘူး။
အေးကွာ - ဘာဖြစ်ဖြစ် ဒီကောင် နှစ်ကောင်ကြောင့် ငါတို့ စားကျက် ပြောင်းရတော့မယ်။
ကြောင်သဲလျှောင်းနှင့်ကြောင်ဖိုးထော်တို့မှာ မွေးမွေး တို့ အိမ်တွင် ကောင်းစားနေကြသည်။
မီးနောင် - မီးနောင် - လာ - လာ - စား ကြ စားကြ။
ထိုအခိုက်
ဟဲ - ဟဲ - ဟဲ - အဝေးကြီး၊ ဟေ့ ကောင်တွေ - မင်းတို့ အစာတွေ ငါ့ကို ပေးစမ်း။


မင်းတို့က ငါ့ကို ပြန်ပြောတယ်ပေါ့လေ၊
မစားချင်ရင်ပေးစမ်း၊
အင်း-ကြာယင်တော့ငါတို့များငတ်သေ
တော့မှာကွ၊
ဘာဖြစ်ဖြစ်-ငါတော့
ပြန်ကိုက်ချင်တယ်ကွာ၊


အား-
ဟာ- ငါတို့ခွေးဖြစ်သွားပြီ
ဆက်ရန်


# ကြော်ကြော် ဖန်ဖန်

ရေး★ကျော်မြင့်



ခြင်္သေ့များသည် အလွန် မာနကြီး သည်။ တခါက ဂျာမနီနိုင်ငံ တိရစ္ဆာန်ရုံရှိ ခြင်္သေ့တကောင်သည် လည်ဆံမွေးများ ကျွတ်ကုန်သဖြင့် မာနကျကာ မှိုင်တွေနေတော့၏။ လူတယောက်က အကြံရပြီး လည်ဆံမွေးအတု တပ်ပေးမှ ပြန်၍ မာန်ထလာလေသည်။





တခါက ရှီကားဂိုးမြို့သားတယောက်သည် ရေခဲတုံးပေါ်တွင် ၂၆ နာရီတိတိ ထိုင်ပြကာ စံချိန်တင်ထားခဲ့သည်။




အမေရိကန် ရေငုပ်သမားတယောက်သည် ဖန်လှောင်အိမ်ကြီး အတွင်း၌ ကြောက်မက်ဖွယ်ကောင်းသော ဘဲကြီးတကောင်နှင့် လက်ဝှေ့ထိုးသတ်ပြလေ့ရှိသည်။ ယင်း လက်ဝှေ့ပွဲကို လူအများက အခကြေးငွေပေး၍ ကြည့်ကြရသည်။




တခါက အင်္ဂလိပ်လူမျိုး ပန်းချီဆရာတဦးသည် ရေငုပ်ဝတ်စုံ ဝတ်လျက် ရေအောက်သို့ ဆင်းပြီးလျှင် အထူးစီမံထားသောပုံဆွဲဘုတ်ပေါ်၌ ပုံကြမ်းများ ရေးဆွဲခဲ့လေသည်။

တင်းနစ်ရိုက် တော်သူများအဖို့ ဘက်တံ ကောင်းကောင်းရှိဖို့ မလိုကြောင်းကို ပြသလိုသဖြင့် ကျော်ကြားသော တင်းနစ်အားကစားသမားတဦးက လက်ကိုင်ရှိးပါသော အကြော်ဒယ်အိုးဖြင့် အနိုင်ကစားပြခဲ့ဘူးလေသည်။


ကာတွန်းမောင်မောင်ချောက်



တခါက ဟန်ဂေရီလူမျိုး နှစ်ဦးသည် အငြင်းအခုံဖြစ်ရာမှ ကြိုက်ရာ လက်နက်ဖြင့် ယဉ်ပြိုင်တိုက်ခိုက်ကြရန် သဘောတူကြသည်။ ယင်းတို့ ရွေးချယ်သော လက်နက်မှာ အမြောက်ဖြစ်လေသည်။




မက်ဆီကို လက်ဝှေ့ ဝါသနာအိုးများသည် ရိုးရိုး လက်ဝှေ့ပွဲ ကြည့်ရခြင်း ကို ပျင်းစရာကောင်းသည်ဆိုကာ ရေခဲပြင်ပေါ်၌ စကိတ်စီး၍ ထိုးသတ်ရသော လက်ဝှေ့ပွဲမျိုးကို တီထွင်ခဲ့ကြသည်။



လော့စ်အိန်ဂျယ်လိစ်မြို့သား တဦးသည် နယူးယောက်မြို့သို့ အသွားအပြန် မိုင် ၁၀,၀၀၀ ခရီးကို စက်ဘီးတွင် လက်ထိပ်ခတ်လျက် စီးနင်းရန် အလောင်းအစားပြုရာ၏။ လမ်းတွင် ထိခိုက်မှုဖြစ်သောကြောင့် ဆေးရုံအထိ စက်ဘီးပါ ပါသွားလေသည်။




တခါက နယူးယောက်မြို့တွင် အသံများဆူညံမှုကို ဆန့်ကျင်သော ဆန္ဒပြပွဲကို ထောက်ခံလျက် မြင်းလှည်းသမားများက သူတို့၏ မြင်းများကို ရာဘာ ဘွတ်ဖိနပ် ဝတ်ဆင်ပေးခဲ့ကြသည်။



တခါက အမေရိကန်တွင် အမှိုက်ပုံးကို ရေပေါ်မှော တပ်ဆင်၍ စီးနင်းကာ ငါးများခဲ့ကြသည်။ တခါတရံ မိသောငါးကဆွဲသွားသဖြင့် ကမ်းနှင့် မိုင်အတော်ဝေးသောအရပ်သို့တိုင် ပါသွားတတ်လေသည်။


ဦးမလေး - ကိုကိုကြီးကို စက်ဘီး ခဏ ပေးစီးပါလား
ဟင့်အင်း - ကိုကိုကြီး ကိုယ်လုံးကြီးက စီးယင် - ပျက်သွားမှာပေါ့
ကဲမယ် - ဒီလောက်တောင်ဖြစ်သဲလှတာ - တနေ့နေ့ - နင့်စက်ဘီး ပျက် ပစ် လိုက်ဦးမယ်
သမီး စက်ဘီးလေး နင်းလို့မရတော့ဘူး - ဒါဒီ ကိုကိုကြီး ဖျက်ထားတာ ဖြစ်မှာပဲ -
ဟုတ်တယ် - မနေ့က - သူ့ကို စက်ဘီးပေးမစီးတာနဲ့ - တနေ့နေ့ပျက်ပစ်မယ်တဲ့
ဟုတ်လား - သွားခေါ်စမ်း


လာခဲ့စမ်း- ဒီလောက်ပျက်စီး
ဆိုးရွားတဲ့ကောင် —
ဗျာ
ဘာမှားလို့လဲ
ဟား
ဟီး-ဟီး
ဒီမယ်-ခုမှ မသိချင်ယောင်ဆောင်လို့ ဟဲ့-ပျက်စီး
ဖြန်း
ဖြန်း
ဟော ဒီမှာလေ-ဆိုးဆိုး ခလေးတွေစက်ဘီး ပျက်လို့-ငိုနေတာ
ဟိုက်
ဒါက စက်ဘီးကို-သား မပျက်ပါဘူး- မနေ့က စိတ်ဆိုးပြီး-ပျက်ပစ်မယ်လို့-စိတ်လိုက်မာန်ပါပြောမိပါ
ဟုတ်တယ်-စက်ဘီးက- သားကြောင့် ပျက်တာ-မေမေသိပေမဲ့-ခုမှာဆိုးလို့ မေမေ-ပြန်လာမှ ပြင်ခိုင်းမလို့-သူ့ပေါင်နေတာ
ဟင်
ဟဲ့-သားကြီး က-စိတ်လိုက် မာန်ပါ ပြောမိလို့-ခလေးတွေက ထင်တယ် ထီး-မင်းကလဲ မရှုံးစမ်းပဲ ငိုက်တာ ဟဲ -
ဟုတ်မလဲ-စိတ်လိုက် မာန်ပါ-ပြောမိတာ ပေါ့
အေး- လူကြီးတောင်မှ-စိတ်လိုက် မာန်ပါ ပြောမိလို့- မှားသေးပင် သားတို့အနေနဲ့ အောက်ရှိ
ဟုတ်ကဲ့-မေမေ

# ဒီဂိုသေ


ဟေ့ဖိုးတင်ဝင်း ရေနက်ထဲမထွက်နဲ့
တစ်-နှစ်
ငုပ်ပြီ
တခါက လူငယ်တစုရေကစားနေရင်း
စိုးမြင့်ဒီမှာ ကြည့်စမ်း
ရွှေကြိုးကြီး နဲ့တူတယ်
ပစ္စည်းတခုကို တွေ့ကြသည်။
ဒို့ပွတာဘဲ ဝေယူကြမယ်
မဟုတ်ဘာ
လူကြီး တွေသွားပြမယ်
အေး
အချင်းချင်းတိုင်ပင်ကြပြီး နောက်ဆုံး—
ဒီဟာရှေးဟောင်း ပစ္စည်းတခုဖြစ်တယ်
ဘယ်မှာ အသုံးပြုတာလဲ
သူတို့ ဆရာထံ သွားပြကြသည်။
ရှေးခေတ်ကမင်းညီ မင်းသားတွေဝတ်တဲ့ စလွယ်တခုဘဲ
ဒီတော့ သက်ဆိုင်ရာကို ဒို့သွားအပ်ကြမယ်
ဆရာက ရှင်းပြမှ နားလည် လာကြသည်။
ဒီမှာဟော့မောင်သိန်းထွန်း ဒို့များရေထဲကရထားတဲ့ ရွှေစလွယ် --
ဟုတ်တယ်ဟေ့ ဒို့နာမည်တွေ ရေးထားတယ်
ပြီး
သူတို့လူစု ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ လေ့လာရင်း ရောက်လာကြရာ —

# တိမ်များ အဘယ်ပုံ ဖြစ်ပေါ်သနည်း

ပူပြင်းသော နေမင်းကြီး၏ အပူဒဏ်ကြောင့် ကမ္ဘာပေါ်ရှိ အင်း၊ အိုင်၊ မြစ်၊ ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာစသည့် ရေမျက်နှာပြင်များပေါ်မှ ရေခိုးရေငွေ့များ ထွက်လာသည်။ ရေခိုးရေငွေ့များသည် ပူနွေးပေါ့ပါးသော လေဖြင့် ရောနှောသွားပြီး အေး၍လေးလံသော လေကယင်းတို့ကို အောက်မှ တွန်းတင်ပေးလိုက်သည်။ အေး၍ လေးသောလေသည် အောက်သို့ အမြဲဆင်းလေ့ရှိပြီး နွေး၍ ပေါ့သောလေသည် အပေါ်သို့ နေရာဖယ်ပေးရလေ့ရှိသည်။ ဤသို့ဖြင့် ရေခိုးရေငွေ့များသည် မိုးကောင်းကင်သို့တက်သွားကြလေသည်။ အထက်သို့ရောက်သောအခါ တဖြည်းဖြည်းအေးသွားပြီး သေးငယ်သော ရေစက်ကလေးများအဖြစ် ပြောင်းလဲသွားသည်။ ထိုအခါ နွေးသောလေထဲတွင် ပါလာသော ဖုန်မှုန့်ကလေးများနှင့် ပေါင်းမိသွားပြီး တခုကို တခုတွယ်ကပ်နေတော့သည်။ သို့ဖြင့် လှပသော အဖြူရောင်တိမ်များကို သင်တို့ မြင်တွေ့ရခြင်းဖြစ်လေသည်။

ကြယ်ဖြူ



# ငှက်တောင် ကလောင် လုပ်ရအောင်



# နေ့စဉ်မှတ်တမ်း

ကျော်ဝင်းမောင်



ကျွန်တော့်တွင် အနီရောင် နေ့စဉ်မှတ်တမ်း စာအုပ်ကလေး တအုပ် ရှိပါသည်။ ယင်းကို အင်္ဂလိပ်လို ဒိုင်ယာရီ ဟု ခေါ်ကြောင်း ဖေဖေက ပြောပါသည်။ ကျွန်တော် စတုတ္ထတန်း အောင်သည့်နှစ်က ဖေဖေဝယ်ပေးထားခြင်း ဖြစ်ပါသည်။

ဖေဖေသည် ကျွန်တော့်ကို နေ့စဉ် ဤစာအုပ်ကလေးထဲမှာ တနေ့လုံး ကျွန်တော် လုပ်ကိုင်သမျှ၊ တွေ့ကြုံရသမျှတို့ကို မှတ်သားထားစေပါသည်။ နေ့စဉ်မှတ်တမ်းရေးခြင်းသည် စိတ်ကို ပြုပြင်နိုင်သည်၊ စည်းကမ်းသေဝပ်စေသည်ဟု ဖေဖေက ခဏခဏပြောပါသည်။ ကျွန်တော့်မှာ ငယ်သေးသဖြင့် ရေးစရာ အကြောင်းများ မရှိလှပါ။ သို့သော် နေ့စဉ်တွေ့ကြုံသမျှလေးများကို မှန်မှန်ပင် ရေးသားလာခဲ့ပါသည်။

တနင်္ဂနွေနေ့သို့ ရောက်လျှင် ဖေဖေက ကျွန်တော့်မှတ်တမ်း စာအုပ်ကို ယူကြည့်တတ်ပါသည်။ ပြီးလျှင် ဆုံးမစကားများ၊ သတိပေးစကားများအမြဲ ပြောလေ့ရှိပါသည်။ ကျွန်တော်သည် ဖေဖေပြောသမျှကို ဂရုတစိုက် နားထောင်ပြီး၊ ဖေ့ဖေ့အလိုကျဖြစ်အောင် နေလာခဲ့ပါသည်။

ကျွန်တော်၏ အတွေ့အကြုံနှင့် လုပ်ကိုင်သမျှများကိုနေ့စဉ်မှတ်တမ်း ရေးနေရသဖြင့် မကောင်းသည့် အလုပ်များကို မလုပ်မိခဲ့ပါ။ မကောင်းသည့် အလုပ်ကို လုပ်မိလျှင်လည်းမှတ်တမ်းထဲတွင် ရေးရမည် ဖြစ်၍ ကျွန်တော် ရှောင်ကြဉ်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် ကျွန်တော်နေ့စဉ်မှတ်တမ်း ရေးလာသည်မှာ လေးလပင်ကျော်လာပါပြီ။ ဤလေးလ အတွင်း ကျွန်တော်သည် ဖေဖေသဘောမကျသည့် အလုပ်များကို လုံးဝ မလုပ်မိခဲ့ပါ။ ထို့ကြောင့် ဖေဖေ၏ ချီးကျူးခြင်းကို ခံခဲ့ရပါသည်။

သို့သော် တနေ့တွင် ကျွန်တော်ကျောင်းပြေးမိခဲ့ပါသည်။ အမှန်မှာ ကျွန်တော့် သဘောကြောင့် ပြေးရခြင်း မဟုတ်ပါ။ ထိုနေ့က ကျောင်းအသွားလမ်းတွင် ဘတ်စ်ကား ပျက်သွားသဖြင့် ကျွန်တော်ကျောင်းနောက်ကျခဲ့ရပါသည်။

ထို့ကြောင့် ကျောင်းသို့ အပြေးအလွှားသွားစဉ် လမ်းတွင် တင်အေးတို့လူသိုက်နှင့် တွေ့ပါသည်။ တင်အေးတို့ကို အတန်းထဲတွင် အဆိုးဆုံး၊ ကျောင်းအပြေးဆုံး ကျောင်းသားများအဖြစ် အားလုံးက သိကြပါသည်။ သူတို့သည် အသက်အကြီးဆုံးသူများလည်းဖြစ်ကြပါသည်။ တင်အေးက ကျွန်တော့်ကို သူတို့နှင့်အတူ အင်းယားကန်သို့ လိုက်ခဲ့ရန် ခေါ်ပါသည်။ ကျောင်းနောက်ကျသူများကို ဆရာကြီးက ဒဏ်ပေးနေသည်ဟုလည်း ပြောပါသေးသည်။ ထို့ပြင် ထွန်းသိန်း၊ ကြည်စိုးတို့ကပါ ကျွန်တော့်ကိုအတင်းဆွဲ၍ ခေါ်သွားကြပါသည်။

ကျွန်တော်လည်း ကြုံရာမရဖြစ်သွားပြီး သူတို့နှင့် လိုက်သွားမိခဲ့ပါသည်။ အင်းယားသို့ရောက်လျှင် ရေကူးကြပြီးနောက် ဗူးသီးကြော် ဝယ်စားကြပါသည်။

ထိုနေ့ညနေတွင် ကျွန်တော်အခက်ကြုံရပါတော့သည်။ ကျွန်တော့် မှတ်တမ်းတွင် ယနေ့ကျောင်းပြေးကြောင်း အမှန်အတိုင်းရေးလျှင် ဖေဖေသိသွားပါလိမ့်မည်။ အမှန်အတိုင်းမရေးလျှင်လည်း ကျွန်တော် လူလိမ်လူညာဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော် သေသေချာချာ စဉ်းစားပါသည်။ လူလိမ်လူညာလည်း အဖြစ်မခံလိုပါ။ ဖေဖေ့ကိုလည်း ကြောက်ပါသည်။ နောက်ဆုံးတွင် ကျွန်တော် လူလိမ်လူညာ မဖြစ်ချင်သဖြင့် အမှန်အတိုင်းရေးထည့်မည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

တနင်္ဂနွေနေ့ညတွင် ဖေဖေက ကျွန်တော့် စာအုပ်ကို ယူကြည့်ပါသည်။ ကျွန်တော့်မှာ ရင်တဖိုဖိုထိတ်နှင့် ကြောက်ရွံ့နေမိပါသည်။ "ဖေဖေ ငါ့ကိုဆူများဆူမလား၊ ရိုက်ဘဲရိုက်မလား" ဟု တွေးနေခဲ့ပါသည်။

ဖေဖေသည် ကျွန်တော့်မှတ်တမ်းကိုဖတ်ပြီးသောအခါ ကျွန်တော့်ကိုသူ့အနီးသို့လာရန်ခေါ်လိုက်ပြီး သူ့ရှေ့တွင် ထိုင်ခိုင်းပါသည်။ ထို့နောက် ကျွန်တော်ခေါင်းကို လက်ဖြင့်သပ်၍ --

"ငါ့သားက လိမ်မာသားဘဲ။ ဒီလိုအမှန်အတိုင်း လုပ်တာဟာ လူလိမ်မာတွေရဲ့အလုပ်ဘဲကွဲ့။ ဒါပေမဲ့ မင်းကျောင်းပြေးတာကိုတော့ဖေဖေမကြိုက်ဘူး။ နောင်ကို ဘယ်တော့မှကျောင်းမပြေးနဲ့။ မင်းရဲ့ စိတ်ထားကိုလဲ အခုအတိုင်းဘဲ ထားသွားပေတော့" ဟု ပြောလိုက်ပါသည်။

ကျွန်တော့်မှာ အံ့ဩပြီး ဝမ်းသာ သွားမိပါသည်။ နောင်တလည်း ရမိပါသည်။ ထိုနေ့မှ စ၍ ကျွန်တော် ကျောင်း မပြေးတော့ပါ။ ကျွန်တော့် မှတ်တမ်းစာအုပ်ကလေး ထဲတွင်လည်း ဖြစ်ရပ်အမှန်များကိုသာ ရေးခဲ့ပါသည်။

နေ့စဉ် မှတ်တမ်း ထားခြင်းမှာ စိတ်ကိုပြုပြင်နိုင်သည်၊ စည်းကမ်း သေဝပ်စေသည် ဆိုသော ဖေဖေ့စကားများကိုကျွန်တော် သဘောပေါက် လာပါသည်။ ကျွန်တော့် သူငယ်ချင်းများကိုလည်း ကျွန်တော်ကဲ့သို့ပင် နေ့စဉ် မှတ်တမ်းရေးကြရန် တိုက်တွန်းမိပါသည်။ အမှန်အတိုင်း ရေးကြရန် လည်း သတိပေးပါသည်။

ကျွန်တော်သည် နေ့စဉ်မှတ်တမ်းကို လူကြီး ဖြစ်သွားသည့်အထိ အမြဲ ရေးသွားတော့မည်ဟု ဆုံးဖြတ်ထားပါသည်။

## လူငယ့်သစ္စာ အဓိဋ္ဌာန်

လုပ်သားပြည်သူ့<br>
ကိုယ့်တိုင်း သားကို၊<br>
သစ္စာတရား ထားပါ့မယ်။<br>
လုပ်အားတန်ဘိုး<br>
ချစ်မြတ်နိုးလို့၊<br>
တိုင်းကျိုး ပြည်ကျိုး<br>
ထမ်းဆောင်မယ်။<br>
လူလူချင်းကို စာနာမယွင်းဘဲ၊<br>
ညာတာခြင်းနဲ့ ဆက်ဆံမယ်။<br>
ဆိုရှယ်လစ်ဘောင်<br>
ဒို့စောင့်ရှောက်လို့၊<br>
တည်ဆောက်ရန်သဲ<br>
ကြိုးစားမယ်။<br>
ပေးအပ်တာဝန် ဝတ်တရားကို၊<br>
မပျက်မပြား ထမ်းဆောင်မယ်။<br>
ဒို့များလူငယ် သစ္စာ "ငါး" ကို၊<br>
မယွင်းမမှား လိုက်နာမယ်။<br>
လိုက်နာမယ်၊ လိုက်နာမယ်။ ။

မန္တပြု - အောင်သူ



R. 517

# သမင်



သမင်သည် အလွန်လှပသော တိရစ္ဆာန်တမျိုးဖြစ်သည်။ ပခုံးအထိ အမြင့် လေးပေခန့်ရှိပြီး အချိုးအဆစ် ပြေပြစ်လှပသည်။ အမများသည် အထီးများထက် ကိုယ်ထည်သေးငယ်သည်။

သမင်အထီးကြီးများ၏ အသွေးအရောင်မှာ အညိုရင့်ရောင်ဖြစ်သည်။ လည်တိုင် ပတ်လည်တွင် ရှည်လျားသော အမွေးကြမ်းများပေါက်လျက်ရှိသည်။ အမများ၏ အရောင်မှာ ညိုမွဲမွဲဖြစ်သည်။ မွေးကင်းစ သမင်ကလေးများတွင် အဖြူစက်များ ပါရှိ၍ ကြီးလာလျှင် ပျောက်သွားတော့သည်။

သမင်၏ ဦးခေါင်းမှာ လှပသော ဦးချိုများဖြင့် အလွန်လှပသည်။ ဦးချို တချောင်းစီ၏ အလျားမှာ လက်မ ၂၀ ခန့်အထိ ရှိတတ်၍ တနှစ်လျှင် တကြိမ် ဦးချိုအသစ် လဲလေ့ရှိသည်ဟု ဆိုသည်။

မျက်စိ အလွန်လျင်ပြီး အလွန်အပြေးမြန်သည်။ မြက်ကိုသာ အဓိကအစာအဖြစ် စားသော်လည်း အခြား အပင်ငယ်များ၏ အရွက်များ၊ မြေသို့ ကြွေကျလာသော အသီးအပွင့်များကိုလည်း စားသည်။ အထူးသဖြင့် ညပိုင်းတွင် အစာရှာထွက်လေ့ရှိသည်။ ရေမသောက်ဘဲ ရက်အတော်ကြာကြာ နေနိုင်သော်လည်း စမ်းချောင်းများနှင့် နီးလျှင် မကြာမကြာ ရေ ဆင်းသောက်လေ့ရှိသည်။

အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် သားပေါက်လေ့ရှိ၍ တကြိမ်လျှင် တကောင်သာ ပေါက်ဖွားသည်။ သားငယ်သည် မိခင်နှင့်အတူ တနှစ်သားအရွယ်အထိနေသည်။ နှစ်နှစ်သားအရွယ်တွင် ဦးချို စထွက်ပြီး ခုနစ်နှစ်သားအရွယ်တွင် ဦးချို အထွက်ရပ်သည်။

သမင်ကို မြန်မာနိုင်ငံတွင် ပူအိုက်ခြောက်သွေ့သောဒေသများဖြစ်သည့် ရွှေဘို၊ အောက်ချင်းတွင်း၊ ယော၊ မင်းဘူး၊ မိတ္ထီလာ စသည့် ခရိုင်များ၌ တွေ့ရသည်။



ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉-၃၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၄၉။

# သူတို့အစွမ်း


ရွှေသွေး ဂျာနယ်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ဖေအောင်

၁၃၃၃ ခု၊ နတ်တော်လဆုတ် ၂ ရက် (၄-၁၂-၇၁)




စနေနေ့တိုင်း ထုတ်ဝေသည်။


နို့ရွာဘက်က-တခါမှ-မိကျောင်း မတွေ့ဘူး ပါဘူး ကွ
တခါ တခါတော့-ဦးကြီးသာဦးတို့ မီလာတဲ့-ငါးကြီး တွေသာ တွေ့ဘူးတယ်.
သို့ဖြင့် ချောင်းတဖက်ကမ်းရှိ ကိုင်းတောကြီး ဆီသို့ ဦးတည်၍ လှော်ခပ် သွားကြလေသည်။
ဟေ့- ဟိုမှာ-မဲမဲကြီးတွေပါလား
ကိုင်းတောကြီး၏ အစပ်သို့ လှေဦး တိုးဝင်မိသည်နှင့် မောင်ထွေးက လက်ညှိုးထိုးပြ၍-
အာမယ်လေး
မိကျောင်းကြီးတွေ ပါဆဲ
မြန်မြန်ကြစို့
နေပါအုံးကွ
မိကျောင်း ဆိုယင် ရေကူးပြီး လျှပ်နေမှာပေါ့
အရတော့ လျှပ်လဲ မလျှပ်ဘူး
ငါ.ဂွလေးနဲ့ တချက် ပစ်ကြည့်လိုက်မယ်
ပြော ပြော ဆိုဆို နှင့်ပင် ပစ်လိုက်ကြရာ - - -


ဟာ - မလှုပ်ပါလား
ဖိကျောင်း မဟုတ်ဘူး နဲ့ တူတယ်
အနား သွားကြည့် ရအောင်
ပလုံ
ပလုံ
ငပိန်သည် ကြောက်ကြောက်နှင့် ပဲ့ကိုင်ရင်း လိုက်ပါလာလေသည်။
မလှမ်းမကမ်းရောက်လျှင် —
ဟာ- သစ်တုံးကြီး တွေ ဘဲဗျ
ဟား ဟား - ဟား ဟား
လေါက်စလုံး နဲ့ ထိတာကောင်း ဒေါက် - ဒေါက် နဲ့
ဒေါက်
ဒေါက်
ထိုအခါမှ ငပိန်မှာ ကြောက်စိတ် ပြေသွားပြီး ပြုံးနိုင်ပေတော့သည်။
ဟေ့ - ဘယ်သူတွေလဲ ကိုင်းတောထဲမှာ ဘာလဲလုပ်နေ ကြတာလဲ
ဘယ်သူတွေ လဲကွ -- ဟေ့
ထိုအခိုက်တွင် အသံတသံထွက်လာရာ ငပိန်မှာ ကြောက်လန့် တုန်လှုပ်သွားပြန်သည်။
ချောင်းပို့ဘကြီး ဘုန်းကြီး ကျောင်းသား တွေပါဗျို့
နှက်ပစ် လာကြ တာပါ
ဟေ - ဘုန်းကြီး ကျောင်း သား - ဟုတ်လား



…. မင်းတို့ - ရ ချက် ချင်း ပြန်ကြစမ်း မိကျောင်းစာ ဖြစ်သွား ချင်လို့လား
သွား
သွား
မြန်မြန် ထွက်သွား ကြစမ်း ကွာ
စကားဆုံးသည်နှင့် သစ်တုံးကြီးများ တဖက်ရှိကိုင်းပင်များအကြားမှ လှေတစင်း ထွက်လာကာ
ဟုတ် - ဟုတ်ကဲ့ သွား ပါမယ်ဗျာ
ငပိန်သည် ကြောက်ကြောက်လန့်လန့်ဖြင့်ပြော ပြောဆိုဆို လှေဦးကို လှည့်လိုက်သည်။
?
?
မောင်ထွေးမှာမကျေနပ်ဟန်ဖြင့်လိုက်သွား၏။
သူတို့ ဘာကြောင့် ကိုင်း တောထဲ လိုက်ကြတာလဲ----
သစ်တုံး တွေက-ဘာလို့ ဒီထဲ ရောက်နေလဲ ----
ဒီကို ဘာလို့ နှင် ထုတ် ရတာလဲ...
မိကျောင်းမရှိဘဲနဲ့ ဘာ လို့လိမ်ပြောလဲ..
အား…. ဟုတ်ပြီ
ဒါ ဘာဖြစ် ရမယ်
လှေပေါ်တွင်လည်း နက်နက်နဲနဲတွေးလာ၏။
လာ- ဦးလေး - မြန်မြန် --- သစ်သူခိုး တွေနဲ့ တူတယ်.. အိမ် ကို အမြန်ဆုံး ရောက်အောင် ပြေးမှ ဖြစ်မယ်
ကျောင်းရောက်လျှင် ဘုန်းတော်ကြီး အား အလျင်စလို ကန်တော့၍ ပြန်လေတော့သည်။


(ဆက်ရန်)



လူဖြစ်တာ အကောင်းဆုံး
ဟဲ့ - ခလေးတွေ အိမ်ထဲဝင်နေကြစမ်း၊ ဟိုမှာ ခွေးနှစ်ကောင် လာနေတယ်၊ ကိုက်လိမ့်မယ်၊
ခွေးလေးကွ၊ ဒို့ကို ဘယ်လောက်ကြောက်ကြသလဲ - ဟဲ - ဟဲ - ဟဲ -
ကြောက်ကြသလိုပဲ မနေနဲ့၊ ဒို့ဘယ်ကို သွားကြမလဲ ပြောစမ်း၊
အခု အိမ်ကို သွားလို့မဖြစ်ဘူးကွ၊ ဒို့ကို ကြောင်မဲ့ ကွက် တော့မလော့မှာ မဟုတ်ဘူး၊
ဟေ့ကောင် အနံ့လိုက်ကွ၊ ခွေးနံ့လိုက်ထာ၊ ဖိုက်ထဲ တောင်သားလာတယ်၊
အေးကွ - အနံ့ခံကြည့်ရအောင် -
ဟဲ - အမဲရိုးတွေကွ၊
အမှိုက်ပုံးထဲမှာ ရှိတယ်ကြီးကွာ -





ဒိုက်ဟေ့- ဒိုက်ဟ- ပြေးနိုင်မှ လွတ် မယ်နော်-
ဝုတ် ဝုတ်-
ဟမ်း- ဟမ်း
ဖိုးတော်ရေ- လွတ်အောင်ပြေးဟေ့၊ ခွေးကောင်တွေ မိယင်၊ မသက်သာဘူးကွ၊
အမယ်လေး- ငါတို့ အပုန်းကောင်းပေလို့ပေါ့ကွာ နို့ မို့ယင် အခန့်ဘဲ၊
ဝုတ် ဝုတ်- ဟမ်း ဟမ်း
ဘာလို ပြန်ကြပါစို့ သံချောင်းကျ၊
အေးပါကွာ၊ ပြန်ကြတာပေါ့- ဟော့- ဟိုမှာ အမဲရိုးတွေပါလား ပွဲတော်ဘဲ၊
ဟယ်- မိတုတ်- ညီး အမဲရိုးတွေ ခွေးဆွဲနေတယ်၊
တော်တော်အတင့်ရဲတဲ့ ခွေးဝဲစားတွေပါလား၊ လဲဟာ-
ဂိန်-

ဆက်ရန်---

# ကာကွယ်ဝတ်စုံ နှင့်






တောင်တက်သမားများသည် နံရံနှစ်ထပ်နှင့် ကြမ်းခင်းပါသော ရွက်ထည်တဲကို အသုံးပြုခြင်းဖြင့် အအေးဒဏ်ကို ကာကွယ်နိုင်သည်။

မီး သတ် သ မား များ သည် ကျောက်ဂွမ်းမီးသတ်ဝတ်စုံဝတ်၍ မီးပူရှိန်နှင့် မီးလောင်ကျွမ်းမှုကို ကာကွယ်နိုင်သည်။



ဓာတုဗေဒလုပ်ငန်း အလုပ်သမားများသည် အဆိပ်ပြင်းသော ဓာတ်ငွေ့များကိုမရှူမိစေရန် ခေါင်းစွပ်မျက်နှာဖုံး တပ်ဆင်ထားရသည်။



အအေးဓာတ် လွန်ကဲသောဒေသရှိ စစ်သားများအား အပေါ် ဝတ်စုံက လေအေးဒဏ်ကို ကာကွယ်ပေးပြီး အတွင်းခံ ဝတ်စုံက အနွေးဓာတ်ကို ထိန်းပေးသည်။

ခွဲစိတ်ကုဆရာဝန်များသည်ဗက်တီးရီးယားများ မကူးစက် စေရန် နှာခေါင်းနှင့် ပါးစပ်ကို အဝတ်စည်းပြီးရော်ဘာလက်အိတ်ရှည်များ စွပ်ထားရသည်။





သံဂဟေဆက်သမားများသည် မီးပွားနှင့် စူးရှသော အလင်းရောင်ကို ကာကွယ်ရန် လချေးတပ်သံမဏိမျက်နှာဖုံး တပ်ဆင်ထားရသည်။

# ပစ္စည်းများ

ပုံစု သရုပ်ဖော်သူ




အပူပိုင်းဒေသသုံး ရွက်ထည်တဲတွင်လည်း လေအေးခိုဝင်လှည့်ပတ် နေစေရန် နံရံနှစ်ထပ်ပြုလုပ်ထားသည်။




အမြင့်ပျံ လေသူရဲ ဝတ်စုံ၌ လေသူရဲ၏ ဝမ်းပိုက်၊ ပေါင်နှင့် ခြေထောက်တွင်သွေးမလျှောက်ပဲ စုခဲမနေစေရန် လေဖိအား သွင်းပေးထားသည်။




အနုမြူ သိပ္ပံ ပညာရှင်များသည် ခဲသားနံရံ နောက်ကွယ်မှ နေ၍ လက်တံရှည် ကရိယာများဖြင့် ရေဒီယိုသတ္တိရှိသော ပစ္စည်းများကို ကိုင်တွယ်ရသည်။



ရေကြောင်းအမြောက်တပ်သားများသည် ယမ်းငွေ့ကာ ဝတ်စုံကို ဝတ်ဆင်ခြင်းဖြင့် ယမ်းငွေ့လောင်ကျွမ်းမှုကို ကာကွယ်နိုင်သည်။



အသက်ကယ် ဝတ်စုံတွင် လေသွင်းထားသဖြင့် သင်္ဘောပျက်သူများအား ဆောင်းတွင်းအအေးဒဏ်ကို ခံနိုင်စေ၍ ရေပေါ်၌လည်း ပေါ်စေသည်။


ခြေထိုးမိလို့
သရုပ်ဖော် - မြင့်မောင်လွင်
ဇာတ်လမ်း - ရွှေဟင်္သာ ရန်နောင်
ဦးဘိုးလှ နှင့် ဦးစံထွန်းတို့သည် ခြံချင်းကပ် နေထိုင်ကြသည်။ ဦးစံထွန်းခြံဖက်တွင် ပိတောက်ပင်ကြီး တပင်ရှိ၍ ဦးဘိုးလှ၏ခြံဖက်တွင် သပြေပင်ကြီး တပင်ရှိသည်။
ဖိုးတေတို့ လူသိုက်သည် နေ့ခင်း နေပူချိန်တွင် ထိုသစ်ပင်ကြီးနှစ်ပင်အောက်၌ အရိပ်ခိုလှုံ၍ ကစားလေ့ရှိသည်။
ပစ်မယ်ဟေ့ ပစ်မယ်ကွ ဒီတခါဆို ဆယ်ချက်ဘဲ
မြန်မြန် လုပ်ကွာ
တနေ့တွင် ဦးစံထွန်းက—
ဟေ့ဟေ့ သိပ်အရူးညံ့ညံ့ မလုပ်ပါနဲ့ကွယ် နေ့ခင်း နေ့လယ် တရေးတမော အိပ်ပါရစေ
ဟုတ် ဟုတ်ကဲ့ဦး
ဒို့ကတွေ ဒီအကိုပ်လေးဘဲ အားထားပြီးကစားနေရတာ.. ဥဘော့
သို့နှင့်
ဒို့ဟာကြောင်း သိကြသေးဘာပေါ့ ကွာ..ဖိုးတေတဲ့ ဟဲဟဲ
အေးဦးဘိုးလှ ကြီးနဲ့တိုင်ပေး ရမယ်ကွ


ဦးဘိုးလှကို တွေ့သောအခါ–
ဘကြီးကို ဟိုဘက်အိမ်က ဦးစံထွန်းက စိတ်ကောင်းမရှိဘူးတဲ့
အသက်ကြီးပြီး ဉာဏ်လဲ မကောင်းဘူးလို့ ဘကြီးအိမ်မှာ အတင်းပြောတယ်
အမယ်သူက ငါ့ကို ဒီလိုဘဲ ပြောသလား ကွ
တဖန် ဦးစံထွန်းနှင့် တွေ့သောအခါ–
ဦးလေးကို ဦးဘိုးလှက လောဘကြီးပြီး ကောက်ကျစ်တယ်တဲ့ လူကြီးပြီး အချိန်မစီးဘူးတဲ့
ဒေါ်လေးညွန့်တို့ အိမ်မှာပြောတာ ကြားခဲ့ရတယ်
အမယ်. ဒါ. ငါ့ကို တမင် စော်ကား တာဘဲ
ကလေးများ ပြောသည့်စကားကို ယုံကြည်ပြီး အဖိုးကြီး နှစ်ဦးစလုံး ဒေါပွ၍ နေကြ၏။
တကယ် ငါ့အကြောင်း မကောင်း ပြောလို့သာ ဖြစ်ရမယ် သိကြသေးတာပေါ့ကွာ တောက် !


သို့ဖြင့် တယောက်ကိုတယောက် အထင်လွဲ၍ နေကြလေသည်။
ဟော့ သတ္တိရှိယင် ရှေ့တင်ပြောင်ပြောကွ လွှီး ...
ပုဆိုးခြုံထဲက လက်သီးပြတဲ့ကောင် မဟုတ်ဘူးကွ လာလေ -ရှောင် ရှင်းအောင်လား
တနေ့တွင်
ဗျို့ ဦးစံထွန်း ခင်ဗျားပိတောက်ကိုင်းတွေ ကျုပ် ခြံဘက်ကို ယိုင်ကိုင်းနေတယ်ဗျ နှံ့နဲ့တော့ ခုတ်လိုက်ယင်ကောင်းမယ်
ဟော်. ဒီလိုလား ရပါတယ်. ကျုပ် ခြံထဲရောက်နေတဲ့ ခင်ဗျား သပြေကိုင်းကိုလဲ ခုတ်ပေါ့
ခုတ်လေ. ကန်းကင်းရှင်းရှင်း ဖြစ်လေ.ကောင်းလေဘဲ.
ခုတ်
နှစ်ဦးသား ဒေါသ အလျောက် ခုတ်လှဲကြပြီး နောက် —
ခုတ်တယ်
ခုတ် တယ်
ဖိုးတေတို့ လူစုရောက်လာကြသော အခါ —
ဟင်!
ဒို့ကြားအိုးဘုံ ပျောက်ပါပကောလား ဟရို့

# သစ်ပင်၏ သက်တမ်းကို မည်သို့ သိနိုင်သနည်း

သစ်ပင်တပင်၏ ပင်စည်ကို လွှဖြင့် ညီညာစွာဖြတ်လိုက်လျှင် အတွင်းသား အရစ်ပိုင်းများကို တွေ့ရပေမည်။ ယင်းအရစ်ပိုင်းများကို ရေတွက်ခြင်းဖြင့် သစ်ပင်၏သက်တမ်းကို သိနိုင်ပေသည်။ ယင်းသို့ လေ့လာကြည့်သောအခါ အနှစ် ၃,၀၀၀ အထိ သက်တမ်း ကြာမြင့်ခဲ့သော သစ်ပင်ကြီးများကို တွေ့ရသည်။


အရစ်ပိုင်းများကို ကြည့်ရှုလေ့လာပါက အရောင်ရင့်သော အရစ်ပိုင်းများနှင့် အရောင်နုသော အရစ်ပိုင်းများကို တွေ့ရပေမည်။ မိုးရာသီတွင် ရေနှင့် အားကောင်းသော နေ၏ အလင်းရောင်ကို ရသဖြင့် သစ်ပင်ကြီးထွားမှုမြန်သည်၊ ထိုအခါ အရောင်နုသော အရစ်ပိုင်းပေါ်လာသည်။ နွေရာသီသို့ ရောက်သောအခါ ရေအရနည်းပြီး ကြီးထွားနှုန်း လျော့သွားသဖြင့် အရောင်ရင့်သော အရစ်ငယ်သာ ပေါ်လာသည်။ အရောင်နုသောအရစ်နှင့် အရောင်ရင့်သော အရစ် နှစ်ရစ်ပေါင်းကို ဘနှစ်ဟု မှတ်ယူရသည်။



ကြယ်ဖြူ

## ငါးဘယ်နှစ်ကောင်လဲ

ငါးတွေ ညာဖက်ကို သွားနေသလား၊ ဘယ်ဖက်ကိုသွားနေသလား၊ စုစုပေါင်း ငါးဘယ်နှစ်ကောင် တွေ့မြင်ရသလဲ။



အဖြေ — ငါးအားလုံး အကောင် ၃၀ ရှိသည်။



# လမ်းမှန်

ဗိုလ်ခိုင်မြင့်

မွေးမွေးတို့ မိသားစု မန္တလေး ငပိတန်းမှ ကြည့်မြင်တိုင်သို့ ပြောင်းလာကြသည်။မောင်နှမရှစ်ယောက်အနက် မွေးမွေးသည် အငယ်ဆုံးဖြစ်သည်။ အကြီးများမှာ အစ်မများ ဖြစ်ကြ၏။ မောင်ငယ်လေးအား ချစ်လွန်းသဖြင့် မွေး၍ မဝနိုင်ကြပါ။ ထို့ကြောင့် "မွေးမွေး" ဟု ခေါ်ကြလေသည်။

မွေးမွေးတို့ အိမ်ဘေး၌ အတန်းပိုင်ဆရာမနေသည်။ ယင်းဆရာမမှာ မွေးမွေး၏ မမများနှင့် ခင်သည်။ ထို့ကြောင့် မွေးမွေး၏ မမများ ခေါ်သလိုပင် "မွေးမွေး"ဟု ခေါ်၏။သို့သော် မွေးမွေး၏ ကျောင်းနာမည်မှာ "မောင်မောင်မွေး" ဖြစ်သည်။

မွေးမွေးကျောင်းသွားတိုင်း မမကြီးက သနပ်ခါး လိမ်းပေး၏။ ရေမွေးဆွတ်ပေး၏။ခေါင်းကို သပ်သပ်ရပ်ရပ် ဖီးပေး၏။ အင်္ကျီ လှလှလေးများလည်း ဝတ်ပေးတတ်၏။

ထို့ကြောင့် တမျိုးဆန်းနေသောမွေးမွေးအား သူငယ်ချင်းတချို့က မိန်းမရှာဟု ထင်နေကြသည်။

ထို့ပြင် မွေးမွေးသည် ခုန်ပေါက်၍ မကစားတတ်။ အားလပ်ချိန်၌ ပန်းချီဆွဲ၍ နေတတ်သည်။ လူအေးလေး မွေးမွေးအား သူငယ်ချင်းများက အထင်မှားကြသည်။ ထို့ကြောင့် "မိန်းမရှာ"ဟု စကြလေသည်။

နေ့စဉ် အပြောင်ခံရသဖြင့် မွေး မွေး သည် စိတ် ဆိုး လာသည်။ သည်းမခံနိုင်တော့ပေ။ ထို့ကြောင့် သူနှင့်ယှဉ်၍ ထိုင်သော ဘတူနှင့် တိုင်ပင်လေသည်။

"ငါတော့ ဒီကောင်တွေ ဒီလောက် စနေယင် ဆရာမကို တိုင်မယ်"

"မင်းတိုင်ယင် မင်းကို သတ္တိမရှိလို့တိုင်တယ်လို့ ထင်ကြမှာပေါ့။ ဒီတော့ ငါပြောသလိုလုပ်။ နက်ဖန်ကျယင် ဒီကောင်တွေ ကို မှတ် လောက် အောင် တီးလိုက်"

ဘတူက ယင်းသို့ အကြံပေးလိုက်သည်။ မွေးမွေးက ဘတူ၏ အကြံကို လက်ခံရန် ဆုံးဖြတ်လိုက်သည်။

နောက်နေ့ ကျောင်းသွားခါနီးတွင် မွေးမွေးသည် ပက်လက်ကုလားထိုင်မှ တုတ်လုံးကို ဖြုတ်ကာ လွယ်အိတ်ထဲသို့ ထည့်လိုက်သည်။ ဖေဖေကမြင်သွားလေသည်။

"သား ဘာလုပ်ဖို့ တုတ်ကို ဖြုတ်ရတာလဲ"

ဖေဖေက မွေးမွေး၏ မျက်နှာကို စေ့စေ့ကြည့်နေသည်။

"မွေးတို့ကျောင်းကကောင်

လေးတွေက အခြောက် အခြောက်လို့ စလွန်းလို့ တီးပစ်ဖို့ ယူတာပါ''

မွှေးမွှေးသည် လိမ်တတ်၊ ညာတတ်သူ မဟုတ်ပေ။ သို့ကြောင့် အမှန် အတိုင်း ပြောလိုက်သည်။

''သားက လူမိုက်လား။ ရန်ဖြစ်တာကို ဖေဖေမကြိုက်ဘူး။ ဆရာမကို တိုင်ပါလား''

''တိုင်ယင်သူတို့ကိုကြောက်တယ်လို့ထင်မှာပေါ့''

''ဒီအယူအဆဟာမှားတယ် သားရဲ့။ ဥပမာ လူတယောက်က အရက်မူးပြီး ဖေဖေ့ကို လာဆဲတယ်ဆိုပါတော့။ ဆဲရမလားဆိုပြီး သူနဲ့သွားပြီး ရန်ဖြစ်ယင် ကောင်းပါ့မလား။ ဒီတိုင်းငုံ့ခံနေယင်လဲ ကြောက်တယ်လို့ထင်ပြီး ပိုဆိုးလာမယ်။ ဒီတော့လမ်းမှားတဲ့ လူကို လမ်းမှန် ရောက်အောင် တရားဥပဒေဆိုတာ ရှိတယ်။ ပြည်သူ့ရဲတပ်ဖွဲ့ကို သွားတိုင်လိုက်ယင် သူ့ကို ပညာပေးဖို့ ရဲကလာခေါ်မှာဘဲ။

''သားကိုလဲ သူငယ်ချင်းတွေကစယင် သားက လမ်းမှန်အတိုင်း လုပ်ရမယ်။ သူတို့ကို အုပ်ထိန်းတဲ့ ဆရာမကို သွားတိုင်ရမယ်။ ဒါမှမဟုတ် သူတို့မိဘတွေကို သွားတိုင်ရမယ်''

မွှေးမွှေးသည် အတန်ငယ်တွေ၍ စဉ်းစား နေသည်။ ထို့နောက် ကုလားထိုင် တုတ်ကို ချလိုက်ကာ ဖေဖေ ပြောသော လမ်းမှန်အတိုင်းလုပ်ဖို့ ဆုံးဖြတ်ချက် ချလိုက်လေသည်။






## ပြည်သူ့အားကစား

သဇင်ပွင့်တွေ တဝေဝေ၊
ငွေနှင်း တစွေစွေ။

မြောက်ပြန်လေပြေ
ဆော့သရမ်း၊
တို့မျှား ခိုက်တုန်ချမ်း။

ကျန်းမာရေးတွက် နံနက်ဝယ်၊
တို့မျှား လမ်းလျှောက်မယ်။

ချမ်းတယ်အေးတယ် မဆိုနဲ့၊
လူပျင်းတွေ့ရဲ့ အကျင့်ကွဲ့။

တကဲ့လူတော် ဖြစ်ဖို့ရာ၊
ဝီရိယလဲ ရှိသင့်တာ။

ကျန်းမာဖို့ရာ တို့လှုပ်ရှား
ပြည်သူ့ အားကစား။ ။

မောင်ငယ်သွေး(မလှိုင်)

K. 517

# မျောက်စပ်




မျောက်စပ်သည် မျောက်မျိုးထဲတွင် အရွယ်အစားအားဖြင့် အလယ်အလတ်စားမျိုးဖြစ်သည်။ တကိုယ်လုံးရှိ အမွေးအရောင်မှာ အများအားဖြင့် နီညိုရောင် ဖြစ်သည်။ ဝမ်းပိုက်ပိုင်းတွင် အရောင်ဖျော့ပြီး ကျောပိုင်းတွင် အရောင်ရင့်သည်။ ပါးနှစ်ဖက်နှင့် နဖူးပေါ်တွင် အရောင်ရင့်သော အမွေးရှည်များ ပေါက်နေသည်။ နီညိုသော အသွေးအရောင်ကို ယူ၍ မျောက်နီဟုလည်း ခေါ်ကြသည်။ ကိုယ်ထည် အလျား ၁၇ လက်မခန့်ရှိ၍ အမြီး ကိုးလက်မခန့်အထိ ရှည်သည်။

အုပ်လိုက် စုပေါင်းနေလေ့ရှိသည်။ တောနက်ကြီးများ ထဲတွင် မနေပဲ၊ တောပါးသော တောင်စောင်းများ၊ မြစ်ကမ်းပါးယံများတွင် တွေ့ရ တတ်သည်။ ဘေးအန္တရာယ် တွေ့ကြုံလျှင် သစ်ပင်ထိပ်ဖျားများတွင် မနေပဲ ထူထပ်သော ချုံများအတွင်းသို့ ဝင်ရောက် ပုန်းခိုနေတတ်သည်။ အခြား မျောက်များ ကဲ့သို့ပင် အသီးအရွက်များနှင့် ပိုးကောင် မွှားကောင်များကို စားသည်။ တခါတရံ တောင်ယာစိုက်ပျိုးခင်းများသို့ အုပ်လိုက် ဝင်ရောက်ဖျက်ဆီး စားသောက်တတ်သည်။

ဆောင်းအကုန် နွေအကူးတွင် သားပေါက်ကလေးများကို တွေ့ရသည်။ တကြိမ်လျှင် တကောင်သာ ပေါက်ဖွားပုံရသည်။

အာသံပြည်နယ်၊ နာဂ တောင်တန်းနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းတို့တွင် အများ အပြား တွေ့ရသည်။



ရဲမြင့်



ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ ဘရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၅၀။

# ရွှေသွေး ဂျာနယ်


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ဧေးမောင်


၁၃၃၃ ခု၊ နတ်တော်လဆုတ် ၉ ရက် (၁၁-၁၂-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။


ကဲ - ကိုယ့်အိမ်မှာရှိတဲ့ လက်နက်ကို ယူခဲ့ပြီး - ရွာဦးကျောင်း အနောက်ဘက် ရေဆိပ်ကို လိုက်ခဲ့ကြဟေ့
ဟုတ်ကဲ့ - ဦးဖိုးတို့ သွားနှင့်လေ
ခဏလေး နေယင် ရောက်လါမယ်
ကဲ- လှေလေးစင်းမှာ လူမျှပြီး တက်ကြဟေ့ ----
ကျန်တဲ့လူတွေ ဒီကဘဲ စောင့်ရစ်ကြပေါ့
မောင်ထွေး - တက်- လူလေးက လမ်းပြ--
သို့ဖြင့် ကိုင်းတောဆီသို့ လှေလေးစင်း ချီတက်သွားကြလေသည်။
အဘ- ဒီနေရာဘဲဗျ- ကျနော်တို့ ရောက်ခဲ့တာ
အခု- သစ်တုံးကြီးတွေရော- လူကြီးတွေရော မရှိတော့ဘူး
ကိုင်းတောထဲဝင်မိ၍ ခဏကြာသော် -
ဒီမှာ- ကိုင်းပင်တွေ လဲနေတဲ့- လမ်းကြောင်းကြီးဟ
ဒီကောင်တွေ သစ်ဆွဲတဲ့ လမ်းဘဲဖြစ်ရမယ်။
ကဲ- လှေနှစ်စင်းစီခွဲပြီး ဒီသစ်ဆွဲသွားတဲ့ လမ်းကြောင်းနဲ့ဘေးအတိုင်း လိုက်ကြ...
သူတို့သည် သတိကြီးစွာဖြင့် လိုက်ကြ၏။


အဘ –
ဟို - ဟိုမှာ
ရွှတ်
တဖြည်းဖြည်း လိုက်ကြရင်း ကိုင်းတောကြီး တဖက်စပ်သို့ရောက်သော်–
အဘသည် တဖက်မှ ရွာသားများကို လက်ဖြင့် အချက်ပြလိုက်သည်။
သစ်တုံးများကို မဲ၍ဆွဲနေသော သစ်သူခိုးများကား နောက်မှလိုက်လာသည်ကို မသိကြ။
ဟော့-ရပ်လိုက်
မလှုပ်နဲ့
ထိုအခိုက် အဘကလှမ်း၍ –
လှေပေါ်မှ သေနတ်ကိုင်လူကြီးက သေနတ်ကို ပစ်ရန် မြှောက်လိုက်စဉ် မောင်ထွေးက–


အား
လေးခွဖြင့် တအားဆွဲပစ်လိုက်သဖြင့်—
မပြေးစေနဲ့
ရပ်နေ
သေသွားမယ်
မလှုပ်နဲ့
ငြိမ်နေ
အဘတို့လူသိုက်သည် သစ်သူခိုးများကို—
ဖမ်းဆီးချုပ်နှောင်၍—
သူကြီးအိမ်သို့ ခေါ်လာကြရာ—
ဘာဖြစ်လာကြတာတုံး -
ဒီလူတွေက-ဘာတွေတုံး
ဟင်-ကိုဖြိုးလဲ
ပါလာသကိုး
သူကြီး-ဒီလူတွေက
သစ်သူခိုးတွေပါ။
ဗြော်-ဒီလိုကိုး-
မောင်ထွေးက
တယ် သတ္တိကောင်း
ပါလားကွယ်။
အစိုးရက-
မင်းကို
ဆုချအုံးမှာ
ပေါ့ကွာ။


ယခင်အပတ်မှအဆက်
လူ ဖြစ်တာ အကောင်းဆုံး
ဇာတ်လမ်း-မြေရိုင်း
သရုပ်ဖော်
ခွေးတွေပါ၊
ဒေါင်
ဟာ- ဖိုးထောင်ကို ကားတိုက် သွားပြီ၊
အင်း- ခွေးကိုတိုက်သွားတာဘဲ၊ ငါတို့ကလူကိုများ တိုက် သွားတာလားလို့-
သူငယ်ချင်းဖိုးထောင်-သူငယ်ချင်း- သူငယ်ချင်း..




ဟ-ဖိုးတောင်နဲ့သံချောင်းတို့ ပါလား၊
ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ ဒီနေ့ကစပြီး၊ ဆရာ့ဆီမှာ ညတိုင်းစာလာသင်ပါရစေဆရာ၊
လာသင်ပေါ့ကွ၊ လူဟာ ကြိုးစားရင် ဘာမဆို ဖြစ်တာပေါ့ကွ၊
ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ ဒီနေ့ကစပြီး၊ ကြိုးစားပါတော့မယ် ဆရာ၊
ကျွန်တော်တို့ လူတော်ဖြစ်ချင်ပါတယ်ဆရာ၊
ဟ-ခုမှ တို့ကလူတော်မဟုတ်လား၊ လူဆိုတာ ကြိုးစားရင် ဘယ်သူ့ကိုမဆို အောင်နိုင်တယ်၊
သူတို့လည်း၊ ထိုနေ့ကစပြီး၊ ကြိုးစားမည်ဟု ဆရာ့အားကတိပေးကြသည်။
ခုလို ကြားရတာ ဆရာဝမ်းသာ တာဘဲကွာ၊
လူဖြစ်တာ အကောင်းဆုံးဆိုသည်ကို၊ သံချောင်းကော ဖိုးတောင်ပါ၊ သဘောပေါက်နားလည်နေပါတော့ သတည်း။




လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ ခန့်က အီတလီပြည် ဗင်းနစ်မြို့တွင် မာကိုပိုလို အမည်ရှိ လူငယ်တယောက် ပေါ်ထွန်းခဲ့၏။ မာကိုပိုလို၏ ဖခင်မှာ နီကိုလိုဖြစ်၍ ဦးလေးမှာ မဖီယိုဖြစ်သည်။ သူတို့သည် စွန့်စားသွားလာရန် ဝါသနာပါသော ကုန်သည်များ ဖြစ်ကြပေသည်။ နီကိုလိုနှင့် မဖီယိုတို့သည် ယခင်ကပင်လျှင် တရုပ်ပြည်သို့ ရောက်ခဲ့ကြဘူး၏။

၁၂၇၁ ခုနှစ်တွင် နီကိုလိုနှင့် မဖီယိုတို့သည် တရုပ်ပြည်သို့ ဒုတိယအကြိမ် သွားကြပြန်သည်။ ဤအကြိမ်တွင်မူ ယင်းတို့နှင့်အတူ မာကိုပိုလိုလည်း လိုက်ပါသွား၏။ ထိုအချိန်က မာကိုပိုလိုမှာ ၁၇ နှစ် အရွယ်သာ ရှိသေးသည်။

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ ကျော်ကျော်

သူတို့သည် မြေထဲပင်လယ်ကို ရွက်သင်္ဘောဖြင့် ဖြတ်ကျော်ကာ ပါလက်စတိုင်းပြည်သို့ ရောက်ကြ၏။ ထိုမှတဖန် အရှေ့မြောက်ဖက်သို့ ခရီးဆက်ခဲ့ရာ ပူအိုက် ခြောက်သွေ့သော ဒေသများကို ဖြတ်ကျော်ကြရ၏။ မြည်းများကိုငင်း၊ လားနှင့် မြင်းများကိုငင်း စီးကာ ခရီးသွားကြရပေသည်။ ထိုမှတဆင့် ပါရှားပြည်သို့ ရောက်လာကြသည်။ ပါရှားပြည်မှ အရှေ့အရပ်သို့ ခရီးဆက်ခဲ့ကြပြန်ရာ သဲကန္တာရကြီးများကို တခုပြီးတခု ဖြတ်ကျော်ခဲ့ကြရ၏။ ခြစ်ခြစ်တောက် ပူပြင်းလှသော သဲကန္တာရအတွင်း ခရီးသွားရသည်မှာ ပင်ပန်းလှ၏။ သစ်ပင်ဟူ၍ လုံးဝမရှိ။ မောပန်းလျှင် ရွက်ထည်တဲထိုး၍ ခဏနားကြရသည်။ ရေငတ်သော အခါတွင်လည်း ပါလာသော ရေကလေးကို အာစွတ်ရုံသာ သောက်ရ၏။ တခါ





တရုံသဲမုန်းတိုင်းကျလျှင် ခေါင်းနှင့် မျက်နှာများကို အဝတ်နှင့်အုပ်ကာ သဲပေါ်၌ ဝပ်နေကြရလေသည်။


သဲကန္တာရ ခရီးတွင် ကုလားအုပ် များကို အသုံးပြုကြ၏။ ကုလားအုပ်၏ ခြေထောက်များသည် သဲထဲ၌မကျွံမနစ်ပဲ ခရီး တွင်ကျယ်အောင် သွားနိုင်ကြသည်။ ရေမသောက်ပဲ ရက်အတော်ကြာကြာ နေနိုင်သော သတ္တဝါလည်းဖြစ်၏။ သဲကန္တာရခရီးတွင် ကုလားအုပ်များမှာ အလွန်အဖိုးတန်သဖြင့် "သဲကန္တာရသင်္ဘော" ဟုပင်ခေါ်ကြသည်။

မာကိုပိုလိုတို့သည် နားလိုက်သွားလိုက်နှင့် ရက်အတော်ကြာသော် အာဖဂန်နစ္စတန်ပြည်သို့ရောက်၏။ တောင်ပေါ်စခန်းမြို့ တမြို့သို့ရောက်သော် မာကိုပိုလိုသည် ခရီးပန်းပြီး မကျန်းမမာဖြစ်သဖြင့် ကိုးလမျှ နားနေရသေး၏။ ကောင်းစွာ ကျန်းမာလာမှ အရှေ့ဖက် တောင်ကုန်းမြင့်ကြီးများပေါ်သို့ ခရီးဆက်ကြရလေသည်။ ဤသို့ဖြင့် ပင်ပင်ပန်းပန်း ခရီးသွားကြရပြီး သုံးနှစ်ကြာမှ တာတာဘုရင် ကူဗလိုင်ခန်၏ ပီကင်းမြို့တော်သို့ ရောက်ရှိကြတော့သည်။

မာကိုပိုလိုသည် ဥာဏ်ထက်မြက်၍ ဖျတ်လတ်သွက်လက်၏။ အပြောအဆို စေ့စပ်လိမ်မာ၏။ ထို့ကြောင့် ဘုရင် ကူဗလိုင်ခန်၏ မြှောက်စားခြင်းခံရသည်။ သူသည် တရုပ်ပြည်အတွင်း အနှံ့အပြား သွားလာခွင့်ရ၏။

ထိုခေတ်က တရုပ်ပြည်သည် ကြွယ်ဝချမ်းသာရုံမျှမက ယဉ်ကျေးမှု အဆင့်အတန်းလည်း မြင့်မားနေပေပြီ။ တရုပ်လူမျိုးသည် စာပုံနှိပ်စက်ကို အသုံးပြုနေကြပြီဖြစ်၏။ တရုပ်နန်းတော်ကြီးမှာ ခမ်းနား ထယ်ဝါလှ၏။ တရုပ် မှူးကြီး မတ်ကြီးများသည် ခရီးသွားလာရာတွင် ထမ်းစင်စီး၍ သွားလာကြ၏။


မာကိုပိုလိုသည် သူတွေ့မြင်သမျှကို မှတ်တမ်းရေးသားခဲ့သည်။ တရုပ်ပြည်၌ နှစ်ပေါင်း ၂၀ မျှ နေပြီးမှ မာကိုပိုလိုတို့သည် အီတလီသို့ ပြန်ခဲ့ကြ၏။



မာကိုပိုလို၏ တရုပ်ပြည် ခရီးကား ခက်ခဲကြမ်းတမ်းသောစွန့်စားမှုတရုပ်ပင်ဖြစ်ပေသည်။


စါတမ်းကလေးများ
ဖိုးတူး ပါလား မလာစဖူး
စာဖတ်မလို့ ပေါ့ကွ
စာကြည့်တိုက်မှူး
ဝမ်းသာပါတယ် ကွာ
မိုးမိုးသည် ကျောင်းတွင်းစာဖတ်ခန်းမှ စာကြည့်တိုက်မှူးဖြစ်သည်။ တနေ့တွင်....
ဖိုးတူး သည် စာအုပ် သွားယူသော်....
စာအုပ်များကို စံနှစ်တကျယူပါ
အာ မယ် စာအုပ်များကို စံနစ်တကျယူ ဆိုပါလား
စံနစ်တကျ မယူလို့ ဘယ်သူက - လက်ကမြင်းပြီ ယူမှာမို့လဲ -
စာအုပ်များကို စံနစ်တကျယူပါ
ဖိုးတူးမကျေမနပ်နှင့် စာအုပ်တအုပ်ကိုယူပြီး စာကြည့်စာပွဲသို့ လာခဲ့သည်။
ဗုဒ္ဓေါ
ဗျန်း!
ဟဲ့ နောင်ကြီး ဒီမှာ - စာရေးထားတာ မတွေ့ဘူးလား
ဘာကွ


ဪ— မဆူညံရ ဆိုပါလား
မဆူညံရ
စာကြည့်ခန်းထဲ ဘယ်သူက တမင် လာဆူပါ့မလဲ — ဒေါ်ပွလို့ပေါ့-ဟွီး
ဟွီး- စာလာဖတ်တဲ့ လူတွေကို ဘာများထင်နေသလဲ မသိဘူး သတိပေးချက်ကြီးတွေနဲ့ - ဟင်း
ဟေ့ကာ မင်းပြန်တော့ မလား
သတိပေးချက်တွေ နေရာတကာ ချိတ်ထားတာက - စာလာဖတ်တဲ့ လူတွေကို အထင်သေး ရာ-မကျလွန်း ဘူးလားကွ
ဪ- ဒါကို မကျေနပ်တာလား ကဲ- ခုတော့ မင်းကြောင့် စာတမ်းတခု ထပ်ချိတ်ဘို့မလို့ ဒီမှာကြည့်
ဟင်
အို- ဒါကတော့ ငါ့အကျင့်ဖြစ်နေလို့ အမှတ်တမဲ့ ဖြစ်သွားတာပါ
အေး- သတိပေး ချက်စာတမ်းတွေ ဟာလဲ-မင်းလို အကျင့်ဖြစ်နေတဲ့ လူတွေ အမှတ်တမဲ့ မဖြစ် အောင် ချိတ်ထားရတာ ပေါ့ကွ
အမ်


အအိပ်မကြီး ပါဘူးဟယ်
သရုပ်ဖော် ကာတွန်းကြယ်လေး
ပုတုးကိုမနက် စောစောထဖို့ သွားပြောထား အုံးမှဘဲ
ဟေ့-ပုတုး
လမ်းလျှောက်ပွဲ လိုက်မယ်ဆိုယင် စောစော ထနော်
အေးပါဟယ် ငါစောစော ထနေမှာပါ
ငါလာနှိုးမယ် နော်
အရမ်းအော်မနှိုးနဲ့ နော်-ဖွါးဖွါးနှိုး သွါးလိမ့် မယ်
နင်မနိုးတော့ ဘယ်လို လုပ်မလဲ
ငါအအိပ် မကြီးပါဘူး ဟယ်
ပေါ်ဒီပြူတင်းပေါက်ကခဲနဲ့ ပစ်နှိုးပေါ့ ငါဒီဖက်နားမှာ အိပ်တယ်
ကောင်းပြီ
ခေါ် Z-
ခေါ် Z-
ခေါ် Z ခေါ် Z
ပြီး

# စိန်သည်အဘယ်ကြောင့်အဖိုးတန်သနည်း



အလွန် ရှားပါးခြင်းကြောင့်၎င်း၊ တူးဖော် ထုတ်လုပ်ရာနှင့် ခွဲစိတ်ဖြတ်တောက်ရာတွင် စရိတ်ကြီးလေးခြင်းကြောင့်၎င်း စိန်သည် အခြားသော ကျောက်မျက်ရတနာများထက် အဖိုးတန်လေသည်။ လူတို့၏ စိတ်သဘောမှာ ရှားပါးသောပစ္စည်းကို အထင်ကြီးစွာဖြင့် ရယူလိုသည့် သဘောရှိသည်။ ထို့ကြောင့် ရှားပါးသောစိန်ကို တန်ဖိုးကြီးစွာပေး၍ ဝယ်ယူကြခြင်းဖြစ်သည်။




စိန်ကို အလွန်နက်သော မြေအောက် မြေလွှာများမှ တူးဖော်ယူရသဖြင့် ကုန်ကျစရိတ် များသည်။ တဖန် တူးဖော်ရရှိသော စိန်ရိုင်းတုံးများကို လိုအပ်သော ပုံသဏ္ဍာန်ဖြစ်အောင် ခွဲစိတ်ဖြတ်တောက် သွေးယူရပြန်သည်။



စိန်သည် အလွန်မာကျောသဖြင့် အခြားကျောက်မျက်ရတနာများထက် ကြာမြင့်စွာ တည်တံ့နိုင်သည်။ မာကျောသည့် အတွက် စိန်ကိုဖြတ်တောက်ရေး ကရိယာများတွင် အသွားအဖြစ် တပ်ဆင်အသုံးပြုလေ့ရှိသည်။

ကြယ်ဖြူ





# မနှောင်းသေးပါ

(မြလွန်းကြာညို ဘိုကလေး)

ယနေ့ တနင်္ဂနွေနေ့ ဖြစ်သည်။ မောင်မျိုးသည် ရေနံဆီ ဝယ်ပြီး အိမ်သို့ ပြန်မည်အပြု တွင် လမ်းမပေါ်၌ တစုံတရာကို တွေ့၍ ရပ်ကြည့်နေမိသည်။

သူနှင့် ရွယ်တူ လူငယ် တယောက်သည် ခေါင်းပေါ်တွင် ဗန်းကြီးတခုရွက်လျက် လက်တဖက်က သံပုံး၊ အခြား လက်တဖက်က ချိုင့်ကိုဆွဲကာ လျှောက်လာနေသည်။ခေါင်းပေါ်မှ ဗန်းထဲ၌ အိုးနှစ်လုံးဆင့်ထားသည်။ အပေါ်မှ အိုးကလေးမှာယိုင်ကျလာပြီး အရည်အချို့ ဖိတ်ကျလာသည်။ လူငယ်သည် သံပုံးနှင့် ချိုင့်ကို ချစ်ချရမလို၊ ဗန်းကို ကိုင်ရမလိုနှင့် ယိုင်ထိုး ယိုင်ထိုး ဖြစ်သွားသည်။ မောင်မျိုးက ရပ်ကြည့်ပြီး ပြုံးနေသည်။

“ဟေ့ - ခလေး၊ ဟိုသူငယ်ကို သွားကူပေး လိုက်စမ်းပါကွယ်။ ဟိုမှာလဲတော့မယ်။ ဒီမှာ ဦးလက်မအားလို့”

မောင်မျိုးက လှည့်ကြည့်လိုက်သည်။ လက်တဖက်တွင် ပလာစာအုပ်များနှင့် စက္ကူလိပ်များကို ကိုင်ထားပြီး၊ အခြားတဖက်က လွယ်အိတ် ဖောင်းဖောင်းကြီး တလုံးကို ကိုင်ထားသော အသက် ၃၀ အရွယ် လူကြီးတယောက်ကို တွေ့ရသည်။

လဲလု လဲခင် ဖြစ်နေသော ကောင်ကလေးကို မောင်မျိုးသိသည်။ တခါက သူနှင့် သားရေကွင်းပစ်ကစားရင်း ရန်ဖြစ်ဘူးသော တင်ညွန့် ဖြစ်သည်။

“ဟာ - ကျတော့်အမေ ဆူနေလိမ့်မယ်၊ အမေက မြန်မြန်ပြန်လာရမယ်တဲ့”

ထိုစဉ် လမ်းမအလယ်မှ ဝုန်းကနဲ အသံနှင့်အတူ တင်ညွန့်လဲသွားပြီး သူ၏ခေါင်းပေါ်မှ ဗန်းကြီးမှာ အောက်သို့မှောက်ကျသွားတော့သည်။ အထုပ်များကိုင်ထားသောလူကြီးသည် ဖြုန်းကနဲ အထုပ်များ လွှတ်ချကာ တင်ညွန့်ရှိရာသို့ ပြေးသွားသည်။ မောင်မျိုးလည်း အိမ်သို့ တကြိုးတည်း လစ်ပြေးခဲ့လေတော့သည်။

နောက်နေ့တွင် မြန်မာစာဆရာ အသစ်လာမည်ဟု ဆရာကြီးက ပြောထားသဖြင့် မောင်မျိုးတို့ တတန်းလုံး စိတ်ဝင်စားနေကြသည်။ ဆရာ အသစ်ဝင်လာသောအခါ မနေ့က လူကြီးဖြစ်နေသည်ကို မောင်မျိုးအံ့ဩစွာ တွေ့လိုက်ရသည်။

ဆရာအသစ်က မိတ်ဆက်စကား ပြောရင်း အတန်းကို အကဲခပ်လိုက်သည်။ မောင်မျိုးကို မြင်သောအခါ လက်ညှိုးထိုး၍ မေးလိုက်သည်။

“မင်း နာမည် ဘယ်သူတဲ့ကွ”

“မောင်မျိုး ပါ ဆရာ”

“အော် - မောင်မျိုးတဲ့လားကဲ အခု ဆရာ မင်းတို့ရေးထားတဲ့ စာစီစာကုံး စာအုပ်တွေကို ပြောင်းသွားတဲ့ ဆရာဆီက တောင်းယူစစ်ဆေးပြီး အမှတ်ပေး လာတယ်။ မောင်မျိုး

မင်းစာအုပ်ကို လာယူပြီး မင်းရေးထားတာကို တတန်းလုံးကြားအောင် ဖတ်ပြစမ်းကွာ”

မောင်မျိုးသည် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် သူ့စာအုပ်သွားယူကာ “သူတပါးအားကူညီခြင်း၏ အကျိုး” ဟူသော ခေါင်းစဉ်ဖြင့် သူရေးထားသော စာစီစာကုံးကို ဖတ်ပြရလေသည်။

“ကျွန်ုပ်တို့ မြန်မာလူမျိုးသည် ဒုက္ခရောက်နေသူကို ကူညီ စောင်မတတ်သူများ ဖြစ်သည်။ ဒုက္ခရောက်နေသူကို ကူရခြင်းသည် ငွေကုန်ခံပြီး မလှူရပဲ ကုသိုလ်ရနိုင်သည်။ သူတပါးကို ကူညီသူသည် တနေ့မိမိတွင် အကူအညီ လိုအပ်ချိန်၌ မိမိကို ကူညီသူပေါ်ပေါက်လာပေမည်။ သူတပါးကို ကူညီခြင်းသည် လူယဉ်ကျေးတို့၏ အပြုအမူ တရပ် ဖြစ်သည်။ ထို့ကြောင့်....”

“တော်ပြီ မောင်မျိုး။ မင်းရေးထားတဲ့ စာသားလေးတွေကောင်းသလောက် မင်းစိတ်ထားက မဟုတ်ပါလားကွယ်။ မနေ့က အဖြစ်ဟာ ဘယ်လောက်ရိုင်းသလဲ။ ခမျာမှာ ဖအေလဲမရှိ၊ သားအမိ နှစ်ယောက် မရှိဆင်းရဲနဲ့ မုံ့ဟင်းခါးရောင်းစားရရှာတာ။မနေ့က လဲကျပြီး ဖိတ်ကုန်တော့ အရင်းပါ ပြုတ်တာပေါ့။ ဆရာ သူတို့အိမ်လိုက်သွားတော့ မအေကြီးက ငိုလိုက်တာ။ မောင်တင်ညွန့်ကို ရိုက်မယ်လုပ်လို့ ဆရာ မနဲဆွဲခဲ့ရတယ်။ တကယ်လို့ မင်းသာ အချိန်မီ ပြေးထိန်းယင် ဒီအခြေရောက်ပါ့မလား မောင်မျိုး”

မောင်မျိုးဘာမျှပြန်မပြောပဲ ခေါင်းငုံ့ရပ်နေသည်။ တင်ညွန့်မှာ ကျောင်းပင် မတက်နိုင်ရှာပေ။ တတန်းလုံးက မောင်မျိုးကို ဒေါသဖြင့် ဝိုင်းကြည့်နေကြသည်။ မောင်မျိုးသည် နောင်တစိတ်၊ ယူကျုံးမရစိတ်တို့ဖြင့် ထူပူနေသည်။

“ကျွန်တော် တောင်းပန်ပါတယ်ဆရာ။တင်ညွန့်ကိုလဲ ကျွန်တော် သွားတောင်းပန်ပြီး အကူအညီပေးပါ့မယ်။ ကျွန်တော် ရိုင်းမိတာ ခွင့်လွှတ်ပါ”

မောင်မျိုးသည် ပြောရင်း မျက်ရည်များပင်ကျလာသည်။

“အေး–ငါ့တပည့်၊ ကိုယ့်အမှားကို ခုလိုပြင်နိုင်တာ ဆရာ ဝမ်းသာတယ်။ အချိန်မနှောင်းသေးပါဘူး။နောင်ကို မမှားစေနဲ့။ မင်းတို့အားလုံး သူတပါးကို အချိန်မရွေး ကူညီကြပါလို့ ဆရာ တိုက်တွန်းတယ်။ ထိုင်–မောင်မျိုး”

မောင်မျိုးသည် ထိုင်လိုက်ရင်း အတန်းကို အကဲခပ်ကြည့်ရာ အတန်းသားများက သူ့ကို အားပေးသည့် အကြည့်ဖြင့် ကြည့်နေကြသည်ကို တွေ့ရသည်။ ယခုမှ မောင်မျိုး၏စိတ်မှာ ရှင်ပျသွားတော့သည်။

# လူကလေးသိုင်းဘုရင်

ဒက်ဒက်ဒေါက် ဒက်ဒက်ဒေါက်၊
ဒုတ်တိုဒုတ်ရှည် လူလေးခေါက်။

ထက်အောက်ဘယ်ညာ
ဝေ့ဝိုက်ဝင်၊
လူလေး သိုင်းဘုရင်။

မျက်စိရှင်ရှင် ဖွင့်ကာထား၊
လူလေး သိုင်းကစား။

ဓားခုတ်ဓားနုတ်
လျင်သွက်မြန်၊
လူလေး သိုင်းကွက်ဟန်။

အခြေခံ ဓားလေးချက်၊
ထိုးခုတ်ပိုင်းနဲ့တွက်။

လက်ဟန်ပြလို့ ခြေကဝင်၊
ဒူးလည်းစောင့်လို့ပင်။

လျင်လျင်မြန်မြန်
ကျင့်ကာထား၊
ကျားဆိုမှ ကျား။ ။

ကျော်စိန် (နတ်သားတော)



R. 517

# ဂန္ဓမာပန်း

ဂန္ဓမာပန်းများကို ဆောင်းဦးပန်းဟု ခေါ်ရပေမည်။ မြန်မာနိုင်ငံ၌ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ဂန္ဓာမာပန်းများ လှိုင်လေပြီ။

ဂန္ဓမာပန်းသည် မျိုးစိတ် ၃,၀၀၀ ကျော်ခန့်ရှိသည်။ အပွင့်အရွယ် လက်မဝက်ခန့်မှ ရှစ်လက်မခန့်အထိ အစားစားရှိသည်။ ပွင့်ချပ်တထပ်ချင်းလည်း ရှိသည်၊ အထပ်များများလည်း ရှိသည်။ အချို့အပွင့်များက ကားကားစွင့်စွင့်၊ အချို့က ကြွက်လည်ဆံလို ကော့ပျံနေလျက်၊ အချို့ ကကြိုးမျှင်ကဲ့သို့ ဖွားရရားကျနေသည်။ အပွင့်ကြီးမျိုးတွင် လုံးလုံးဝန်းဝန်း ပွင့်သော ဂန္ဓမာမျိုးသည် အလွန်လှပသည်။ မျိုးစပ်သော ဂန္ဓမာပန်းတို့သည် ပို၍လှပသည်။ လှပသောဂန္ဓမာပန်းမျိုးများကို တရုပ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် တွေ့ရလေသည်။

အပွင့်များ၏ အသွေးအရောင်မှာ အဖြူ၊ အဝါ အနီ့အရင့်၊ ပန်းရောင် အနုအရင့်မှ မရမ်းစေ့ရောင် အထိ ရှိသည်။ အချို့မျိုးသည် တပွင့်ချင်း ပွင့်၍ အချို့မျိုးက တခိုင်လျှင် ၁၂ ပွင့်အထိ ပါရှိလေသည်။





## ခိုင်ပန်းစုံ

ဂန္ဓမာသည် ပန်းပင်ငယ်မျိုး ဖြစ်လေ သည်။ နှစ်ရှည်ခံသည်။ တနှစ်တခါ အပင်သစ် ပြန်စိုက်ပေးရသော အပင် မျိုးလည်း ရှိသည်။ ဂန္ဓမာ၏ မူလဇာတိဒေသမှာ တရုပ်နိုင်ငံ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂,၀၀၀ ခန့်က ဂျပန်နိုင်ငံသို့ အပင်မျိုး ပျံ့သွားရာ၊ ဂျပန်လူမျိုးတို့၏ အသည်းစွဲပန်းတမျိုးဖြစ်လာသည်။ ဂျပန်ဧကရာဇ်များက ၁၄ ရာစုမှစ၍ ဂန္ဓမာပန်းကို ထီးသုံးနန်းသုံးအမှတ်တံဆိပ်အဖြစ် အသုံးပြုကြသည်။ သမပိုင်းတိုင်းပြည်များတွင် ချမ်းအေးလှသည့်ဆောင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်သဖြင့် အမြတ်တနိုး ရှိကြသည်။ သမပိုင်း ဒေသပေါက် အပင်မျိုး ဖြစ်သော်လည်း မြန်မာနိုင်ငံကဲ့သို့ အပူပိုင်း နိုင်ငံများသို့လည်း မျိုးပျံ့နှံ့၍ ပေါက်ရောက်ဖြစ်ထွန်းလေသည်။

တင့်တင့်

၂၅ ပြား


ရန်ကုန်မြို့၊ ၅၂/၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ—၃၊ အမှတ်—၅၀၊




# ရွှေသွေး
ဂျာနယ်

၁၃၃၃ ခု၊ ပြာသိုလဆန်း ၂ ရက် (၁၀-၁၂-၇၀)




တခါတုန်းက ဘဲမကြီးတကောင်မှာ ချစ်စရာကောင်းတဲ့ ဘဲကလေး ငါးကောင်ရှိသတဲ့။





တနေ့မှာ သားအမိတတွေ မြစ်ကမ်းစပ်မှာ အစာ ရှာဖွေနေစဉ် လေမုန်တိုင်း ကျပါလေရော—





ဘဲဝါလေး ဘိုးကဲဟာ သူ့အမေ ခေါ်ရာကို မလိုက်ဘဲ တကောင်ထဲ နောက်ချန်နေရစ်ခဲ့တယ်။

စနေနေ့တိုင်း ထုတ်ဝေသည်။


ဟင်..ဘဲဝါလေး ဘယ် ကျန်ခဲ့ပါလိမ့် အမလေး သေပြီ ထင်ပါရဲ့
လွတ်လာပြီ-လွတ်လာပြီ ခုမှ သွားချင်ရာသွားရ တော့တယ်
ဦးဗျိုင်းကြီး ဘာ လုပ်နေတာလဲ
မင်းက ကော ဘာလုပ် ဘို့လာတာလဲကွ
ဟား! ဟား! ကျနော် ကတော့ကမ္ဘာကြီး ကို လှည့် လည်ကြည့်ဘို့လာခဲ့တာဘဲဗျ
တယ်ကြီးကျယ်ပါလားကွ မင်း အမေ့ဆီမှာပညာသင် ပါဦး ကွာ-ဟား ဟား
အလို-ကွင်းပြင်ကြီး ကလဲ စိမ်းလန်း စိုပြေလို့-တယ် သာယာပါကလား
ဘဲပေါက်စ ဘယ်လိုဖြစ်လာ တာလဲ...ဟေ....
ကျနော်ကတော့ကမ္ဘာ ကြီး ကိုလှည့်လည် ကြည့်ဘို့လာခဲ့တာဘဲ
ငယ်ပါသေးတယ်ကွာ မင်းအမေ့ဆီကိုပြန် သွားပါကွာ


လူကြီးမိဘ ဆိုဆုံးမတာ ကို နားမထောင်ယင် ဒုက္ခ တွေ့တတ်တယ်
ငါ့သဘော လုပ်ချင်ရာလုပ် မှာဘဲ
အမလေး
အား-နာတယ် နာတယ် အမေ ရေ..ကယ်ပါဦး
ငါ့ နေရာရောက်ပြီ အမောပြေပြီးမှ မင်းကို ဇိမ်နဲ့ စားမယ်
အသက်ချမ်းသာပေး ပါ...ကျနော်ဟာ ကမ္ဘာ ကြီး ကို လှည့်လည် ကြည့်ဖို့လာခဲ့တာ ပါ ခင်ဗျာ
ဟား ဟား ဟား- အကောင် က လက်မလောက်-အပြောကမတန် မရာနဲ့..မင်းကို ဝါးစားမယ်


ဘဲဝါကလေးကိုသုတ် သွားတဲ့ စွန်ရဲကြီးကွ ပစ်... ပစ်!
ဘဲထိန်းတို့ ရောက်ရှိလာပြီး လေးခွဖြင့် ပစ်သဖြင့် စွန်ရဲကြီး ထွက်ပြေးလေ၏။
ဘဲပိုင်ရှင်တွေ လိုက်လာ ကြပြီ ပြေးမှဘဲ
ကယ်ဖို့လူလာပေလို့ ပေါ့ သားလေးရယ်.... စွန်ရဲ အစာဖြစ်တော့မလို့
မေမေ့စကား နားမထောင်ဘဲ ထင်ရာလုပ်မိလို့ ဒုက္ခတွေ့ရတာ ပါ-နောက် ကို ဒီလိုမလုပ်တော့ ပါဘူး မေမေရယ်
ငါ့သားက ငယ်ပါသေးတယ်ကွယ် အတတ်ပညာစုံလင်မှ ရူးရမ်းမှု ဆိုတာ ပြုရတယ် ကွဲ့- ပညာကို သင်ပါဦး သားရယ်
ပညာ တတ်အောင် သင် ပါတော့မယ် မေမေရယ်


ပန်းချီ မောင်မြတ်မိုး
ဇာတ်လမ်း - ငွေအောင်
အမတ်ကြီးဦးပန်းဝါ
တခါက ကာသိတိုင်းတွင် ဦးပန်းဝါဆိုသူ ပညာရှိ အမတ်ကြီး တဦး ရှိလေ၏။
အမတ်ကြီးများ ၊ကာသိတိုင်းက အမတ်ကြီးဦးပန်းဝါဆိုသူဟာ တယ်တော် ဆိုပါလား
ကျော်စောသတင်း ရှိကြောင်းပါဘုရား
ဒါဖြင့် ဦးပန်းဝါကို ဥတ္တရတိုင်းသို့လာ ရောက်အမှုထမ်းစေလို တယ်၊ ကြံကြစမ်း ပါအုံး
အိမ်း... ဒီအကြံဉာဏ်လဲ မဆိုးဘူး - အမတ်ချုပ်ကြီး နေမျိုးမလနှင့် စီစဉ်ကြစေဗျား
ဝန်မင်း၊ ဘုရင်သီဟရာဇာရဲ့ အမတ်ချုပ်ကြီးလာမည့်အကြောင်း သဝဏ်လွှာရေးပြီး ဧည့်ဝတ်ကျေပွန်စွာပြုစုကြစေ...
ကာသိတိုင်းသို့ ကျွန်တော်မျိုးတို့၏ အမတ်ချုပ်ကြီးအား သွားရောက်စည်းရုံး စေလျှင် သင့်တော် မည်ထင်ပါတယ် အရှင် ...
ကာသိတိုင်း ဘုရင်ကျော်စွာသည် အမတ်ချုပ်ကြီးတို့အား ဧည့်ခံရန် ပြင်ဆင်စေသည်။


သတ်မှတ်ထားသောရက်တွင် အမတ်ချုပ်ကြီးတို့
အဖွဲ့ ဆိုက်ရောက်လာကြပြီး မြို့တော် အပြင် ဖက်
၌ စခန်းချ ရပ်နားနေကြသည်။
ဦးပန်းဝါ ဘယ်လောက်ဉာဏ်ရှိတယ် ဆိုတာ သိရအောင်၊ စားလို့ အဝတ်ဆင် တူဝတ်ထားကြ --
ထိုအခိုက် အမတ်ချုပ်ကြီးက အဖွဲ့သားအားလုံး
ကို အဝတ်ဆင်တူ ဝတ်ထားကြရန် စီစဉ်သည်။
ဧည့်သည်တော်များကို သွားရောက်ခရီး ဦးကြို ဖို့လော့ အမတ်ကြီး ...
ကာသိတိုင်း ဘုရင်ကျော်စွာ၏ နန်းတော်တွင်—
ဦးပန်းဝါသည် ယာယီတဲနန်းသို့ ကွမ်းဆေး
လက်ဖက်တို့ဖြင့် ဧည့်ခံရန် ထွက်လာသည်။
ယာယီတဲနန်းအတွင်း၌ ဆူညံစွာ စကားပြောဆို
နေကြပြီး ဦးပန်းဝါအား မည်သူမျှ ခရီးဦးကြိုဆို
မပြုပဲနေကြသည်။
အကြည်တော် အမတ်ကြီးခင်ဗျား ကွမ်းဆေးတွိုကိုသုံးဆောင်ပါ . . .
ရုတ်တရက်သော် မည်သူသည် အမတ်ချုပ်ကြီး
မှန်း မသိသဖြင့် ခေတ္တမျှ အကဲ ခပ်လေ့လာပြီး—


ဆို... အကြံညဉ်တော် ကျွန်ုပ်မည်သူ ဖြစ်သည်ကိုသင်မည်သို့သိပါသနည်း
အမတ်ချုပ်ကြီးမှန်း သိသွားသည်ကို အားလုံး ကပင် အံ့ဩနေကြသည်။
ပထမတော့ ခေါ်ခွဲမရပါ။ သို့သော် အကြံညဉ်တော်တပါးတည်း သာ ကျွန်ုပ်ကို အာကာခံ တာတွေ့ ရပြီး ကျန်လူတွေက အကြံညဉ်တော် ကို မကြောက်လှမ်း၍ အာကာခံပ တာတွေ့ ရသဖြင့် အကြံညဉ်တော်သာလျှင် ဘုရင် သီဟ ရာဇာ၏ကိုယ် စားလှယ် တော် ဖြစ်မည် ကို သိရပါတယ်...
အမတ်ချုပ်ကြီးကလည်း ဦးပန်း၀၁၏ ဉာဏ် ပညာကို လေးစားလျက်ရှိ၏။
အကြံညဉ်တော်ဟာ ဉာဏ်ပညာနှင့် ပြည့်စုံပါပေတယ်။ ဥတ္တရတိုင်းကို လိုက်၍ အမှုထမ်းပါက အမတ်ချုပ်ရာထူးကို ပေးမည်...
အမတ်ကြီးကျွန်ုပ်ကို ဥတ္တရတိုင်းကို လိုက်ခဲ့ပါ...
ကျွန်ုပ်သည် မိမိနိုင်ငံနှင့် လူမျိုးကို သစ္စာရှိရမည်ဖြစ်ပါ၍ ဝမ်းနည်းစွာ ငြင်းလိုပါတယ် အကြံညဉ်တော်
ကောင်းပြီ သည်လိုဆိုက၊ တခါတရံ ဥတ္တရတိုင်းသို့ အလည်လာပါ...
များမကြာမီ ဘုရင်သီဟရာဇာထံမှ ချီးကျူး ဂုဏ်ပြု သဝဏ်လွှာနှင့် ဆုလပ်များ ဆိုက် ရောက်လာလေ၏။
ပြီး




# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဇေဖ
ကျော်ကျော်

## ဗတ်စကိုဒဂါးမား

၁၅ ရာစုနှစ်တုန်းကဖြစ်၏။ ငရုတ်ကောင်း၊ ကရဝေး စသော အိန္ဒိယပြည်ထွက် ဟင်းခတ် အမွှေးအကြိုင် ပစ္စည်းများသည် အာရပ် ကုန်သည်များမှတဆင့် ပေါ်တူဂီနိုင်ငံသို့ ရောက်ရှိလာသည်။ ပေါ်တူဂီတို့သည် ထို ဟင်းခတ်အမွှေးအကြိုင်များကို အလွန်ကြိုက်နှစ်သက်ကြ၏။ သို့ဖြစ်၍ အာရပ် ကုန်သည်များထံမှ ဈေးကြီးပေး၍ ဝယ်ကြရလေရာ ဈေးနှုန်းချိုသာစွာဖြင့် ရရှိနိုင်မည့် နည်းလမ်းများကို ရှာကြံနေကြ၏။ သို့ဖြင့် အိန္ဒိယပြည်နှင့် တိုက်ရိုက်ကုန်ကူးသန်းနိုင်ရန် ခရီးလမ်းများကို ရှာဖွေကြလေသည်။




ပေါ်တူဂီဘုရင် မနူးအယ်သည် ရေကြောင်း ဗိုလ်မှူး ဗတ်စကို ဒဂါးမားကို ရွေးချယ်ပြီး အိန္ဒိယသို့ စေလွှတ်ရန် ဆုံးဖြတ်လိုက်၏။

ဗတ်စကိုဒဂါးမားသည် ရွက်သင်္ဘော လေးစင်း၊ နောက်လိုက်ငယ်သား များစွာနှင့်အတူ ၁၄၉၇ ခု ဇူလိုင်လတွင် သူ၏ ရေကြောင်းစွန့်စားခန်းကို စတင်ခဲ့ပေသည်။ သုံးလကျော်သည့်တိုင်အောင် ဗတ်စကို ဒဂါးမားသည် ကမ်းခြေကို မတွေ့မမြင်ရသေးပေ။ သူ၏ နောက်လိုက်အချို့မှာ ထိတ်လန့်တုန်လှုပ်ကာ ဖျားနာကုန်ကြလေသည်။ လမ်းခရီးတွင် လေပြင်းမုန်တိုင်းမိသဖြင့် သင်္ဘောတစင်းကိုလည်း စွန့်လွှတ်ခဲ့ရ၏။

လေးလကျော် ကြာမှ ဗွတ်ဟုပ်အငူကို ကျော်လွန်မိပြီး အာဖရိကတိုက် ကမ်းခြေ တနေရာသို့ ရောက်ရှိ လေ တော့ သည်။ ထို မှ အရှေ့မြောက်ဖက်သို့ ခရီးဆက်ခဲ့ရာ တလမျှ ကြာသော် ပင်လယ် ကမ်းခြေတခုသို့ ရောက်လာကြ၏။ ထို ပင်လယ်ကမ်းခြေ တဝိုက်တွင် ကပ္ပလီ လူမည်းလူရိုင်းများ နေထိုင်ကြ၏။ ဗတ်စကို တို့သည် လူရိုင်းများ ထံမှ





ရေနှင့် အစားအစာကို မှန်ဦးထုပ်စသော ပစ္စည်းများနှင့် လဲလှယ်ယူကြ၏။ သို့သော် လူရိုင်း တို့၏သောက်ရေ၊ သုံးရေ များကို ဗတ်စကို တို့က သင်္ဘော ပေါ်သို့ နေ့စဉ်ရက်ဆက် သယ်ယူကြသောအခါ လူရိုင်းတို့က ရန်မူလာကြလေသည်။ ထို့ကြောင့် ဗတ်စကိုတို့ လူစုမှာ ကမျာကရာ ထွက်ခွာ လာခဲ့ကြရသည်။ ထိုမှတဆင့် ရွက်လွှင့်လာခဲ့ရာ ဗန်တူလူမျိုးများနေထိုင်ရာ နေတယ် ဒေသသို့ ရောက်ရှိ၏။ ယင်းဒေသတွင် ခေတ္တစခန်းချပြီး မြောက်ဖက်သို့ ခရီးဆက်ကြပြန်၏။ လမ်းခရီးတွင် အာရပ် ကုန်သည် သင်္ဘောများကို တွေ့ကြရသည်။ အာရပ်ကုန်သည်များမှာ ရွှေချည် ငွေချည်ထိုးအဝတ်များဖြင့် ဝင်းလက်နေကြလေသည်။


ထို့နောက် မိုဇမ်းဘစ်မြို့ကို ဖြတ်ကျော်ပြီးလျှင် စူလတန်ဘုရင်ပိုင်သော မွန်ဘားဆားမြို့သို့ ရောက်ရှိလေသည်။ စူလတန်ဘုရင်သည် ဗတ်စကိုတို့ လူစုကို မနှစ်သက်သော်လည်း အလိမ်မာသုံး၍ ညှော်ခံ၏။


ထိုဒေသကို လွန်လာခဲ့ပြီးနောက် ပါရှားဘုရင်ပိုင်သော မာလင်ဒီမြို့သို့ ရောက်ရှိလေသည်။ ပါရှားဘုရင်၏အကူအညီဖြင့် အိန္ဒိယပြည်၏ အနောက်ဖက်ကမ်းခြေရှိ ကာလိကတ်မြို့သို့ ဗတ်စကိုတို့ ချောမောစွာ ရောက်ရှိကြလေသည်။

ဗတ်စကိုသည် ကျောက်သံ ပတ္တမြား၊ ဟင်းခတ်အမွှေးအကြိုင်၊ ပိုးထည် စသည်တို့ကို အမြောက်အမြား ဝယ်ယူပြီးလျှင် ပေါ်တူဂီသို့ပြန်လာခဲ့ပေသည်။

ဗတ်စကိုဒဂါးမားကား အိန္ဒိယပြည်နှင့် ဥရောပတိုက်တို့၏ ကူးသန်းဆက်သွယ်ရေးကို လမ်းစ ထွင်ပေးခဲ့သူ ဖြစ်ပေ၏။




သရုပ်ဖော်
ဇာတ်လမ်း-သိပ္ပံမောင်
ဒါတုန်းက ကြောင်ကလေးရွှေနီဟာ အိမ်ရှင်တွေပြောတဲ့ စကားသံကို ပြန်လည် ကြားယောင်မိရာက...
ကျားတို့ ကျားသစ်တို့လဲ ကြောင်မျိုးထဲပါတယ်ဆိုဘဲ
ငါ့မှာဒီလိုရောမ.အမျိုးတွေရှိမှန်း အခုမှသိတယ်၊ တယ်ညံ့တဲ့ငါဘဲ..
ကျားမျိုးဆိုတော့ ကျားလိုမာန်သွင်းနေမှ သင့်မယ်၊ ဒီနေ့က စပြီး ငါ့အစွမ်းအစ ပြဖို့တော်ပြီ...
ထိုစဉ် မြည်းတကောင်ရောက်လာသဖြင့်
အဟမ်း
ရွှေနီသည် မြည်းပေါ်သို့ရုတ်ချည်း ခုန်တက်လိုက်သည်...
ကျားဘသား



ဒါက ဘာလုပ်တာလဲ...
ခင်များကို တက် စီးတာလေ၊
ဒါဖြင့် အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် စီးလိုက်...
အမယ်...ခင်များ လေသံက. တယ်မာပါလား၊ ကဲဗျာ.. ကဲ..
ရွှေနီဟာ မြည်းကြီးရဲ့လည်ပင်းကို ချဲ့ လက်သဲနဲ့တအားထိုးစိုက်လိုက်တယ်...
ဟင်း...ကျုပ်ကိုမကြောက်ဖူးလား ..ဘာမှတ်သလဲ...
ကြောင်ဟာကြောင်ပေါ့၊ ခွေးလို့ မှတ်ရမှာလား၊ အဟတ် ဟတ်ဟား...
ကြောင်ဟာ ဘယ်အမျိုးအနွယ်ကလဲ...၊ ဒါကိုကော ခင်များသိသလား၊ ကျားအမျိုး အနွယ်ကဗျ၊ `ကျား'အမျိုးထဲက..၊ မယုံရင် ဟောဟို ကျီးကြီးကို မေးကြည့်...
ဟုတ်တယ်ဗျ ကိုမြည်းရေ... ..ကြောင်ဟာ ကျားမျိုးစု ထဲက. အနွယ်ဝင်တခုပါ..
ဘယ့်နှယ့်လဲ- ယုံပြီလား၊..ကြာတယ်ကွာ...မြန်မြန်သွားစမ်း၊မသွားရင်လက်သဲစာကျွေး မိမယ်၊
ဘယ်ကိုသွား ရမှာလဲကွ..



ကျားဆိုကိုလား…ကျားသစ်ဆိုကိုလား…၊ ဖြော
ဟာ –––– မဟုတ်ပါဘူး
ဟို ကြောက်တွင်းဆိုကိုမျ…ဟိုကြောက်တွင်းဆိုကို…
မြည်းကြီးဟာ ဂျေနီကို နိုးရာကြောက်တွင်းဆီ ပို့ပေးလိုက်တယ်…
ဒီလိုလိမ်မာမှပေါ့…
ဖိုးတော့ ဂျေနီဟန်ပါပါ ဆင်းသွားတာကိုကြည့်ပြီး
မင်းကိုတခုတော့ သတိပေးလိုက်ရအုံးမယ်ဟေ့…
မင်းကိုငါ အခုလိုလိုက်ပို့ပေးတာ ကြောက်လို့ရယ်မထင်နဲ့၊ ကိုယ့်ဘာဝ ကိုယ်မသိတဲ့သနားစရာသတ္တဝါတကောင် စိတ်ချမ်းသာပါစေဆိုပြီး လိုက်ပို့တာမောင်…
ဖိုးတော့ ကြောင်ဟာကျားနဲ့မျိုးတူပေမဲ့ ကျားတော့မဟုတ်ဘူးဆိုတာလဲ မှတ်မှတ် မှတ်ထားပေါ့ဟုတ်လား၊ ဟား ဟား ဟား…
အင်း…ဟုတ်ပါရဲ့၊

# အသက်နှင့်လဲ၍ တိုက်ခိုက်ရသောပျား


ပျားသည် အခြားသတ္တဝါ တဦးဦးကို တုပ်ပြီးပါက ယင်းကိုယ်တိုင် မကြာမီ သေဆုံးရလေသည်။ ပျား၏အစွယ်မှာ အဖျားပိုင်းတွင် ငါးမျှားချိတ်ကဲ့သို့ အကောက်အချိတ် ပါရှိသည်။ ယင်း အကောက်အချိတ်သည် အတုပ်ခံရသော သတ္တဝါ၏ အသားတွင် ငြိနေပြီး အစွယ်တခုလုံး အရင်းမှ အုံ့လိုက်ပြုတ်၍ ကျန်ရစ်ခဲ့သည်။ ထိုဒဏ်ကြောင့် ယင်းပျားသည် မကြာမီ သေဆုံးသွားလေတော့သည်။ ပျားဘုရင်မ၏ အစွယ်မှာမူ ကွေးရုံကွေးပြီး ချောမွတ်နေသဖြင့် တုပ်သောအခါ ကျွတ်ကျန်ခဲ့ခြင်းမရှိပေ။ သို့သော် ပျားဘုရင်မသည် အခြား ပျားဘုရင်မများကိုသာ တိုက်ခိုက်လေ့ရှိသောကြောင့် ယင်းကို ကျွန်ုပ်တို့ ကြောက်ရန်မလိုပေ။



ကြယ်မြူ







## နှလုံးနီနီမြင်လိုသလား

နှလုံးပုံကို အစိမ်းရောင်ဖြင့် ပြထားသည်။ သို့သော် ပုံအလယ်ရှိ အမည်းစက်ကို စက္ကန့် ၂၀ ခန့် စိုက်ကြည့်ပြီးနောက် အနီးရှိ စက္ကူဖြူပေါ်သို့ ပြောင်း၍ စိုက်ကြည့်ပါ။ အနီရောင် နှလုံးပုံ ပေါ်လာသည်ကို တွေ့မြင် ရပါလိမ့်မည်။

## စေတနာကို နားလည်ခြင်း

မောင်မြဇော်ထက်



ယနေ့သည် ဥပုသ်နေ့ဖြစ်ပါသည်။ ဥပုသ်နေ့ဆိုလျှင် ကျွန်တော်တို့ကျောင်း ပိတ်ပါသည်။ ကျွန်တော်သည် ကျောင်းပိတ်ရက်တိုင်း မေမေ့ကို ကူညီရပါသည်။ မေမေသည် တအိမ်သားလုံး စားသောက်ရန်အတွက် ထမင်းဟင်းများကို နောက်ဖေးမီးဖိုချောင်တွင် ချက်ပြုတ် နေပါသည်။ ကျွန်တော်က မေမေ့အနီးတွင် ငြုတ်သီးထောင်းပေးနေရပါသည်။ ခဏကြာသော် နောက်ဖေးလမ်းကြားထဲမှ လူသံများကို ကြားရပါသည်။

"ဟော–သန့်ရှင်းရေး လုပ်သားကြီးတွေတောင် လာပြီသားရဲ့"

မေမေပြောသဖြင့် နောက်ဖေးဖက်တွင် ဖွင့်ထားသော ပြူတင်းပေါက်မှ ကျွန်တော်လှမ်းကြည့်မိပါသည်။ သူတို့၏လက်ထဲမှ ဂေါ်ပြားကြီးများဖြင့် မြောင်းထဲမှ ရွှံ့ပုပ်များကို ကော်၍တင်နေကြပါသည်။ အချို့က နောက်ဖေး လမ်းကြားတွင် ပေါက်နေသော မြက်များကို ခုတ်နေပါသည်။ အချို့က ခုတ်ပြီးမြက်များကို လက်တွန်းလှည်းပေါ် တင်၍ သယ်သွားကြ၏။ တဖြည်းဖြည်းဖြင့် ကျွန်တော်တို့၏ အိမ်နောက်ဖေးသို့ ရောက်လာကြပါသည်။ ထိုအခိုက် အင်္ကျီတွင် ချွေးရွှဲနေသော လူကြီးတယောက်သည် နောက်ဖေးပြူတင်းပေါက်တွင် လာ၍ရပ်ပြီး–

"အမကြီးခင်ဗျာ– ကျွန်တော့်ကို ရေတခွက်လောက်သောက်ပါရစေ" ဟု ပြောပါသည်။ ထိုလူကြီးမှာ မောနေပုံရပါသည်။ မေမေသည် ဟင်းအိုးမွှေရင်းမှ–

"သားရေ– ရေတခွက်ခပ်ပေးလိုက်ပါကွယ်"

ကျွန်တော် ထိုလူကြီးကို ရေမတိုက်ချင်ပါ။ သူသည် နောက်ဖေးလမ်းကြားမှ ရွှံ့စရာရွှံ့များ၊ အမှိုက်များကို ကိုင်တွယ်ခဲ့သူဖြစ်ပါသည်။ မေမေ့ကိုကြောက်သဖြင့်သာ ခပ်ပေးလိုက်ရပါသည်။ ခပ်သောရေခွက်မှာ ကျွန်တော်တို့ အိမ်တွင် သောက်သော ဖန်ခွက်မဟုတ်ပါ။ ရိုးရိုးဒန်ခွက်ဖြစ်ပါသည်။

"ကျေးဇူးတင်ပါတယ် ခလေးရယ်"

ကျွန်တော်သည် ထိုလူကြီးထံမှ ရေခွက်ကို ပြန်ယူလိုက်ပြီး ဆပ်ပြာဖြင့် အထပ်ထပ်အခါခါ ဆေးနေမိပါသည်။

"သားရယ်– ဘာပြုလို့ ဒီလောက်တောင် ဆေးနေရတာလဲ"

× × × ×

ညဖက်တွင် ကျွန်တော်သည် စာကောင်းကောင်းကြည့်၍ မရပါ။ ခြင်တွေက သိပ်ကိုက်ပါသည်။ ထို့ကြောင့် ဖေဖေက ခြင်ဆေးထိုးတံနှင့် ခြင်ဆေးဗူးကို ဝယ်လာခဲ့ပါသည်။ ကျွန်တော်သည် စာမကြည့်မီ ခြင်ဆေးဖြင့် မှောင်နေသော နေရာများနှင့် စာကြည့်စားပွဲအောက်ကို ဖျန်းပါသည်။

မေမေသည် ကျွန်တော်၏ စာကြည့်စာပွဲအနီးသို့ ရောက်လာပြီး –

“ခြင်တွေ၊ ယင်တွေပေါ်ယင် ဘာဖြစ်တတ်သလဲသား” ဟု မေးစဘူးမေးပါသည်။

“ရောဂါတွေ ဖြစ်တတ်တာပေါ့ မေမေရဲ့”ဟု ကျွန်တော် ဖြေလိုက်ပါသည်။

“အေး–အဲဒီခြင်တွေ ယင်တွေ ဘယ်ကပေါက်လာတာလဲဆိုတာကော သားသိလား”

“ဟုတ်ကဲ့ သိပါတယ်။ မြောင်းပုပ်တွေ၊ ရွှံ့ပုပ်တွေထဲကပါ မေမေ”

“အေး– အဲဒီ ရွှံ့ပုပ်တွေ၊ မြောင်းပုပ်တွေကို ရှင်းမဲ့လူမရှိယင် ရှင်းပမလား”

“မရှင်းပါဘူး မေမေ”

“နို့ – ဒါနဲ့ မနက်ကလူကြီးတွေကို သား ရှုံတယ် မဟုတ်လား။ သူတို့ကို ရှုံ့စရာမဟုတ်ဘူးသားရဲ့”

“အို–မေမေကလဲ သူတို့က ဘာပြုလို့ နောက်ဖေး လမ်းကြားမှာ ညစ်ပတ်တာတွေ လာလုပ်ရတာလဲ”

“အဲဒါ သူတို့ရဲ့ တာဝန်တွေပေါ့သားရဲ့။ ဒီသန့်ရှင်းရေး အလုပ်သမားကြီးတွေသာ မရှိယင် ရွှံ့တွေ၊ ဗွက်တွေ ပေါ်များလာမယ်။ အဲဒီလိုများလာယင် ခြင်တွေ၊ ယင်တွေပေါ်လာပြီး ရောဂါတွေ ရလာမယ်မဟုတ်လား။ သားတို့ကျောင်းမှာ သားတို့ ဆရာမက သင်ပေးတယ်မဟုတ်လား။ အဲဒီခြင်တွေ၊ ယင်တွေ ပေါ်လာယင် သားတို့၊ မေမေတို့၊ ဖေဖေတို့အတွက် ကျန်းမာရေး ဘယ် ကောင်း လာ တော့ မလဲ သားရဲ့”

“မကောင်းပါဘူး မေမေ”

“ဒါပေမယ့် ဒီတာဝန်တွေဟာ သန့်ရှင်းရေးလုပ်သားကြီးတွေရဲ့တာဝန်တွေဘဲဆိုပြီး၊ အမှိုက် တွေ ပစ် ချင် တိုင်း ပစ်၊ မြောင်းတွေ ပိတ် အောင် လုပ်၊ သူတို့လာရှင်းမှာဘဲဆိုပြီး စည်းကမ်းမဲ့ လုပ်လို့မရဘူး သားရဲ့။ ကိုယ်တိုင်ကလဲ သန့်ရှင်းအောင် နေထိုင်တတ်ရမယ်။ ကိုယ့်ပတ်ဝန်းကျင်ကိုလဲ သန့်ရှင်းအောင် ပြုလုပ်နေထိုင်တတ်ရမယ်”

“ဟုတ်ကဲ့မေမေ၊ သားတို့ ကျောင်း မှာ လဲ အ ပတ် တိုင်း သန့်ရှင်းရေးလုပ်ရပါတယ်”

“ကဲ – သား စာ ကျက်တော့”

မေမေသည် ပြောပြော ဆိုဆိုဖြင့် ကျွန်တော်၏ စာကြည့်စာပွဲနားမှ ထွက်၍ သွားပါသည်။

“အင်း–သန့်ရှင်းရေး လုပ်သားကြီးတွေဟာ စေတနာအပြည့်အဝနဲ့ ဒို့တတွေရဲ့ကျန်းမာရေး မထိခိုက်အောင် လာပြီး အလုပ်လုပ်ကြတဲ့ လူကြီးတွေဘဲ။ သူတို့ကို ရှုံ့စရာမရှိဘူး။ နောက်တခါလာယင် ငါမရှုံ့တော့ဘူး။ ဖန်ခွက်နဲ့ဘဲ ခပ်ပေးမယ်”ဟု စိတ်ထဲမှ တွေးနေလိုက်မိပါတော့သည်။

## ကရင်နှစ်သစ်ကူးပွဲ

သဇင်သင်းထုံ ငွေနှင်းမှုန်၊
နှစ်သစ်ကူးတဲ့ နေ့ထူးကြုံ။
မေတ္တာလှုံလို့ ရွှေရင်အေး၊
တောင်ပေါ်မြေပြန့် ချစ်ကြည်ရေး။

ချိုမြအေးတဲ့ တေးသံသာ၊
တို့စလေ့နဲ့ တို့ရိုးရာ။
ပျော်ကာရွှင်ကာ ကခုန်ကွဲ၊
ပားစည်တီးလို့ ခြိမ့်ခြိမ့်သဲ။

လေမှာဝဲလို့ မိုးမှာပျံ့၊
ကရင်သြနဲ့ ဗုန်းယိမ်းသံ။
ကဟန်ဆိုဟန် ကြွကြွမြူး၊
မြင်ရသူတိုင်း ရွှင်ကြည်နူး။


တဦးကိုမြင် တဦးခင်၊
စိတ်ခေတ် အလှဆင်။
ကြည်ကြည်လင်လင် ရွှင်ရွှင်အေး၊
ပန်းလိုလှလို့ ပန်းလိုမွှေး။ ။

ဗန္ဓုရဝင်း



R. 517


# နှင်းဆီပန်း



ကမ္ဘာပေါ်တွင် လူကြိုက် အများဆုံးသော နှင်းဆီးပန်းသည် အဆင်းလည်းလှ၊ ပွင့်ပုံကလည်းခန့်ညား၊ ရနံ့ကလည်း သင်းသဖြင့် ပန်းဘုရင်ဟုပင် ခေါ်ကြသည်။

နှင်းဆီသည် နှစ်ပေါင်း ၄–၅,၀၀၀ ခန့်ကပင် အာရှတိုက်၊ အထူးသဖြင့် တရုပ်နိုင်ငံ၌ စတင်ပေါက်ရောက်ခဲ့သည်ဟု ဆိုကြသည်။ ဥရောပတိုက်သို့ မျိုးပွါးနှံ့ခဲ့ရာ ဂရိ၊ ရောမ စသော ရှေးခေတ် ဒအင်ပိုင်ယာ နိုင်ငံကြီးများခေတ်တွင် အလွန်ခေတ်စားခဲ့သည်။ မြန်မာနိုင်ငံတွင် နှင်းဆီရိုင်းများ ရှေးကပင်ရှိခဲ့ဟန်တူသော်လည်း ပန်းထူးပန်းမြတ်ပေါသော နိုင်ငံဖြစ်၍ နှင်းဆီပန်း အသုံးကို ကုန်းဘောင်ခေတ်လောက်တွင်မှ စ၍တွေ့ရသည်။





## ဒိုင်ပန်းစုံ

မူလ နှင်းဆီရိုင်းမှာ တထပ်တည်းသာရှိသော ပန်းမျိုးဖြစ်သည်။ မျိုးစပ်ခြင်းကို ကမ္ဘာ့နိုင်ငံကြီးများတွင် ပြုကြရာ ယခုအခါနှင်းဆီ မျိုး ပေါင်း သုံးသောင်း ကျော်လေပြီ။ ပုံပန်းသဏ္ဌာန်နှင့် အရောင်အသွေးများမှာ ဆန်းကြယ်လှပ စုံလင်လှပေသည်။



နှင်းဆီပင်တို့သည် ပင်စောက်လည်း ရှိသည်။ အနွယ်လည်းရှိသည်။ ပင်စည်တွင် အများအားဖြင့် ဆူးရှိတတ်သည်။ အပွင့်အရွယ်အစား အမျိုးမျိုးရှိသည်။ တပွင့်ချင်းပွင့်သော အမျိုးရှိသကဲ့သို့ အခိုင်လိုက် ပွင့်သည်လည်းရှိသည်။

ကမ္ဘာ့ နိုင်ငံကြီးများတွင် နှင်းဆီကို ကြီးကြီးကျယ်ကျယ် စိုက်ပျိုးကြသည်။ အဖူးအပွင့် ရောင်းချရန်သာမက ရေမွှေးဖော်စပ်ရန်အတွက် အမွှေးဆီ ထုတ်ယူရန်လည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခုအခါ နိုင်ငံခြားနှင်းဆီ မျိုးဆန်းများကို စိုက်ပျိုး၍ အောင်မြင်နေလေပြီ။

တင့်တင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၃။ အမှတ်-၅၂။

အဖိုးတန်

ပန်းချီ - ဦးဘကြည်

ဇါတ်လမ်း - ပဏ္ဍုမြား

# ရွှေသွေး ဂျာနယ်

၁၃၃၃ ခု၊ ပြာသိုလဆန်း ၉ ရက် (၂၅-၁၂-၇၁)





စနေနေ့တိုင်း ထုတ်ဝေသည်။


သားကို အိမ်ထောင်ပြုခွင့် ပေးပါ
ဘယ်သူ့နဲ့လဲ - သားရဲ့
တောင်ပိုင်းက မချစ်မြ နဲ့ပါ
အင်း - ငါ့သားကြိုက်ရင် ပြီးတာပဲ
တနေ့တွင် သားကြီးက ဖခင်အား ကပ်၍....
သားကြီး မင်္ဂလာဆောင်မယ် ဆိုတော့.... .....ငွေကြေး ပြည့်ပြည့် ဝ,ဝ, အဖေ့မှာ မရှိတော့ဘူး
သားတို့ မင်္ဂလာဆောင် ကိုတော့ - ဖြစ်အောင် လုပ်ပေးပါ - အဖေ
ကဲ - အဖေ့မှာ ရှိတဲ့ ဒီပတ္တမြားဟာ - သားတို့ရဲ့ အမွေပဲ
ဟာ - ပတ္တမြားလက်စွပ်နဲ့ ငွေသား နှစ်ရာပါလား
အေး - လက်စွပ်က အဖေ - အမွေရထားတာ - ငွေ နှစ်ရာက တော့ - အဖေ အလုပ်လုပ်ပြီး - စုဆောင်း ထားတာကွဲ့
အဲဒီ လက်စွပ်ဟာ ဘယ်လောက်တန်သလဲ အဖေ
တသောင်းကျော် လောက် တော့ တန် လေရဲ့
ဒါဖြင့် - လက်စွပ်ကို အမွေအဖြစ် ပေးပါလား အဖေ ။ ဒါမှ - တအိုးတအိမ် ထူထောင်နေနိုင်မှာ....
သားငယ်က သဘောတူ ပါ့မလား ကွယ်....
ညီလေးဟာ လွတ်လပ်သူဖြစ်လို့ သဘောတူမှာပါပဲ
ရပါတယ် - အဖေရယ်၊ ကျနော်က - အဖေနဲ့ တူတူ နေရရင် ပြီးတာပဲ ။ ဘာမှ မလို ချင်ပါဘူး ။
အေး ကွယ် - သာဓု - သာဓု
သားငယ်ကို ခေါ်မေးလေသော်—


ထို့ကြောင့် သားကြီးသည် ပတ္တမြား လက်စွပ်ကို ရောင်းချပြီး တခြား တရွာတွင် လူ့ဇနီးနှင့် တအိုးတအိမ် ထူထောင်၍ နေလေသည်။
သားလဲ - အိမ်ထောင်ပြုချင်ပြီ
တော်ပါတယ် အဖေ၊ မြောက်ဘက်ရွာက သူကြီးသမီးပဲ - ပါ။ အနေအထိုင် ပြောစရာမရှိဘူး၊ လိမ်မာ ပါးနပ်ပါတယ်။
များမကြာမီ သားငယ်ကလည်း ဖခင်အား—
အေး ကွယ် - ငါ့သား သဘောကျ ယင် ပြီးတာပဲ။ အဖေ့ တာဝန် အရတော့ မင်္ဂလာကိစ္စလုပ်ပေး ရမယ်လေ
သားတို့ တအိုး တအိမ် ထူထောင် ဖို့ရာ - ငွေ လိုလာပြီ မဟုတ်လား
အေးလေ
ဒါကြောင့် အဖေ့ဆီ အမွေတောင်းမှ ဖြစ်မှာပဲ
သားကြီး ယူသွားပြီး ကျန်တဲ့ ငွေ သားနှစ်ရာပဲ သား ရဲ့ မင်္ဂလာကိစ္စအတွက်ပဲ။ ဒါ့အပြင် အဖေ့မှာ မရှိတော့ ဘူး
ဖေဖေ ရထားတဲ့ အမွေကိုတော့ သားကို ချစ်ယင် - ပေးပါ
ခက်တော့ တာပဲ - အဖေ့မှာ အခု ဘာအမွေမှ မကျန်တော့ဘူးကွဲ
သားငယ်သည် ဖခင်စကားကို မယုံကြည်လေဟန် ခပ်ပြုံးပြုံး ကြည့်နေပြီးနောက် အနားသို့ ကပ်၍ ပြောပြလိုက်သည်။ ထိုအခါ ဖခင်မှာ ဝမ်းသာပြီး ကတိပြုလိုက်လေတော့သည်။


သားကြီးတို့ ဇနီးမောင်နှံမှာ အမွေရသမျှနှင့် မော်မော်ကြွားကြွား နေထိုင်ကြရာမှ—
ညီလေးတို့ကတော့ကွ - ဘယ်လိုလုပ်ပြီး များ ချမ်းသာ လာတယ်မသိဘူး။
မဟုတ်မှလွဲရော ရှင့်အဖေက - အလွန် အဖိုးတန်တဲ့ ပစ္စည်း တခုခု ပေးဖြဲ့ထင်တယ်
အေး - ဖြစ်နိုင်တယ် ဒါဆိုယင် - မတရားဘူး၊ အဖေကို သွားမေးမယ်
ဆင်းရဲသွား၏။ သားငယ်တို့စုံတွဲမှာ ဖခင်အမွေကို သုံးစွဲပြီး ချမ်းသာလာကြောင်း ကြားလျှင်—
ညီလေးဟာ - အဖေပေးလိုက်တဲ့ အမွေနဲ့ အတော်ချမ်းသာ နေတယ် - ကြားတယ်။
အဖေလဲကြားပါတယ်
ညီငယ်ပါ - ငွေသား နှစ်ရာနဲ့တော့ ဘယ်နည်းနဲ့မှ ချမ်းသာ လာနိုင်မဟုတ်ဘူး ဒါ့အပြင် အဖိုးတန် ပစ္စည်း တခုခု ပေးလိုက်တယ် လို့သား ထင်တယ်။
ထို့ကြောင့် သားကြီးသည် ဖခင်ထံသွား၍—
မှန်ပါတယ် - သား ဒါပေမယ့် - အဖိုးတန်ပစ္စည်း တွေထက် အဖိုးတန်တဲ့ အရာကို တော့ ပေးလိုက် တယ်ကွဲ့
ဘာအမွေလဲ - အဖေ သားကို တော့ မပေးဘဲနဲ့
တခြားတော့ - မဟုတ်ဘူးကွဲ့ - အဖေရဲ့ ဂုဏ်မြောက်လှတဲ့ ပန်းထိမ် အတတ် ပညာတွေကို - အမွေအဖြစ် ပေးလိုက်တာဘဲ
သားလိုချင်ယင်လဲ အဖေက - အချိန် မရွေး ပေးမှာ ပေါ့
တော - ဒါကို:
ဒါကလဲ မကောင်းဘူး၊ အခု သင်ပေးမယ် ဆိုပေမယ့် -


ရွှေကိုင်း မျက်မှန်ကလေး
တနေ့တွင်ညီညီလင်းနှင့် ကိုကိုဝင်းတို့သည် —
ထို့နောက် ညဈေးတန်းသို့ ထွက်လာခဲ့ကြသည်။
မဆူပါဘူးကွ၊ ဒီမျက်မှန်ကို ဖေဖေ သုံးမှ မသုံးတော့ဘဲ၊ အခုဆုံး ငါးကျပ်လောက်တော့ ရမယ်ကွ--
ညဈေးတန်းသို့ ရောက်ခါနီးသော် ခေါင်းရင်းအိမ်မှ ကိုကြွက်နီနှင့်တွေ့ရာ—
ဟ- ကိုကိုဝင်းတို့ ပါလား၊ ဘယ်သွား ကြမလို့လဲကွ-
အင်း- ဒါဟာ ရွှေကိုင်း မျက်မှန်ဘဲ ချာတိတ် တွေတော့--



မင်းတို့အားကောင်း မလို့မှတ်လား၊ ငါ့ကို ကောင်းပါလားကွ ဟေ
ကိုကိုဝင်းသည် ခဏမျှ စဉ်းစားပြီးသော် –
ကိုဖြုတ်နိုင်က ဘယ် လောက်ပေးမှာလဲ
ငါးကျပ်လေး မယ်ကွာ၊ ဘယ့် နှယ်လဲ-?
ဈေးတည့်သွားသောကြောင့် ကိုကိုဝင်းတို့ သည် မျက်မှန်ကို ရောင်းလိုက်၏။
ဆိုင်မှာ တောင်သွားမ ကောင်းရဘူး၊ အဆင် သင့်လိုက်တာ-
နောက်တနေ့ တွင် –
သားတို့ရေ-ဖေဖေ့ မျက်မှန်လေးများမ တွေ့မိကြဘူးလားကွ
ခမျာ၊ ဟင့်-အင့်- အင့်-မတွေ့ပါ ဘူး ဖေဖေ
အင်း၊ အဲဒါမှ ဒုက္ခဘဲ၊ လူခိုးသွားပြီ ထင်တယ်၊ မျက်မှန်က ရွှေကိုင်းကွ ခုနစ်ကျပ်သားလောက်ရှိတယ်-ကိုး ထောင်းပါးလောက်တန်တယ်ကွ
ဟာ!
ဟင်
ကျနော်တို့ ရောင်း လိုက်ပြီ ဖေဖေ-


ကိုကိုဝင်းသည် ကိုကြွက်နီအား ကျိတ် ၍ ဒေါပွနေမိသည်။
ထိုစဉ် ကိုကြွက်နီဝင်လာပြီး ဖေဖေ့အား —
ကိုကိုဝင်းသည် ပစ္စည်းတခု၏ တန်ဖိုးကိုသော်၎င်း၊ လူ တဦးတယောက်၏ တန်ဖိုးကိုသော်၎င်း အပေါ်ယံကြည့် ၍ ဆုံးဖြတ်မရနိုင်ကြောင်း သိသွားသည်။



## မဂျယ်လန်

မဂျယ်လန်သည် ပေါ်တူဂီ လူမျိုး မြေပိုင်ရှင် သူဌေးတဦး၏ သားဖြစ်ပေသည်။ အရွယ်ရောက်သောအခါ ရေကြောင်းဗိုလ် တယောက်ဖြစ်လာ၏။ တနေ့တွင် သူသည် ပေါ်တူဂီဘုရင့်ထံ ဝင်ရောက် ခစားရင်း မြေပုံတခုကို တွေ့ရှိခဲ့ရ၏။ ထိုမြေပုံတွင် တောင်အမေရိက တိုက်၏ တောင်ဖက်၌ တရုပ် ပြည်၊ ဂျပန်ပြည်တို့သို့ သွားရန်လမ်းရှိကြောင်း ဖော်ပြပါရှိ၏။ ထို့ပြင် အရှေ့တိုင်းပြည်များအကြောင်း၊ ရှာဖွေ စွန့်စားသူများ အကြောင်းကိုလည်း မဂျယ်လန် ကြားသိခဲ့ရ၏။ ထို့ကြောင့် မဂျယ်လန်သည် စွန့်စားသွားလာလိုစိတ် ပြင်းထန်လာပြီး တောင်အမေရိကကို ပတ်ကာ အရှေ့ဖျားတိုင်းပြည်များသို့ ရွက်လွှင့်သွားရန် ဆုံးဖြတ်လိုက်လေသည်။

## စူးစမ်းရှာဖွေသူများ မုံရွာဝင်းဖေ ကောက်ကျော


သို့သော် မဂျယ်လန်သည် ပေါ်တူဂီဘုရင်နှင့် မသင့်မမြတ်ဖြစ်လာသဖြင့် ဘုရင်က သူ့ကိုမည်သို့မျှ အကူအညီမပေးတော့ပေ။ နောက်ဆုံးတွင် စပိန်ဘုရင် ချားလ်ထံမှ အကူအညီရရှိပြီး မဂျယ်လန်သည် ၁၅၁၉ ခုနှစ် စက်တင်ဘာလတွင် ရွက်သင်္ဘော ငါးစင်း၊ လူ ၃၀၀ နှင့်အတူ ခရီးထွက်ခဲ့လေသည်။ ရေကြောင်းပြကရိယာ၊ လက်နက်ခဲယမ်းမီးကျောက်၊ ရေနှင့် အစားအစာတို့ကိုလည်း အလုံအလောက် ယူဆောင်လာခဲ့၏။

မဂျယ်လန်၏ ရေကြောင်းခရီးသည် အစကတည်းကပင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပေသည်။ မဂျယ်လန်သည် စပိန်ဘုရင်၏ သင်္ဘောကို ခံကာ ခရီးသွားခြင်းဖြစ်သဖြင့် ပေါ်တူဂီဘုရင်က မကျေနပ်ပေ။ ပေါ်တူဂီဘုရင်သည် မဂျယ်လန်၏ လက်အောက်ငယ်သားများကို ပိုက်ဆံပေးပြီးလျှင် ရေကြောင်းခရီး ပျက်ပြားအောင် နှောင့်ရှက်ရန် ခိုင်းစေသည်အထိ ကြံစည်ခဲ့လေသည်။ သို့သော် မဂျယ်လန် ကြိုတင်သိရှိသဖြင့် ယင်းတို့ အကြံမအောင်မြင်ခဲ့ပေ။



မဂျယ်လန်၏ သင်္ဘောသည် အတ္တလန်တိတ် သမုဒ္ဒရာကို ငါးလခန့်ကြာမျှ ဖြတ်ကျော်ရပြီးနောက် တောင်အမေရိကတိုက် ကမ်းခြေသို့ရောက်ရှိ၏။ ဘေးအန္တရာယ်များစွာနှင့် ရင်ဆိုင် တွေ့

ကြုံနေရသဖြင့် သင်္ဘောသားအချို့မှာ လာလမ်းအတိုင်း ပြန်လှည့်ရန် ဆူညံ့စွာ အော်ဟစ်တောင်းဆိုကြတော့သည်။ သို့သော် မဂျယ်လန်ကား ယင်းတို့၏ ဆန္ဒကို ငြင်းဆန်ကာ ခိုင်မာသော ဆုံးဖြတ်ချက်အတိုင်း ခရီးဆက်ခဲ့၏။



ထို့နောက် မိုးကျွန်နည်းပါးလာပြီး ဆောင်းရာသီ မုန်တိုင်းများလည်း ကျရောက်လာပြီဖြစ်သဖြင့် ဆန်ဂျူလီယန် ပင်လယ်ကွေ့ထဲတွင် ဆောင်းကုန်သည်အထိ နားနေကြရသည်။ နားနေရင်း ရိက္ခာ ရှာဖွေ စုဆောင်းကြရ၏။ ပျက်စီးနေသော သင်္ဘောများကို ပြုပြင် ဖာထေး ကြရ၏။ ထိုစဉ် မဂျယ်လန်၏ လက်ထောက် ကက်ပတိန်လေးဦးသည်မဂျယ်လန်ကိုသတ်ပြီး စပိန်သို့ ပြန်လှည့်ရန် ကြံစည် အားထုတ်ကြ၏။ သို့သော် မဂျယ်လန် သိရှိသွားသဖြင့် နှစ်ဦးကို သတ်ပစ်လိုက်ပြီး ကျန်နှစ်ဦးကို ကမ်းပေါ်တွင် စွန့်ပစ်ထားခဲ့လေသည်။

လမ်းခရီးတွင် သင်္ဘောတစင်း ပျက်စီးသွားသဖြင့် ကျန် သင်္ဘောလေးစင်းဖြင့် ခရီးဆက်ခဲ့ရပေသည်။ ထို့နောက် ယခု မဂျယ်လန် ရေလက်ကြားဟုခေါ်သော ရေလက်ကြားကို တွေ့ရှိခဲ့၏။ ထိုမှ ခရီးဆက်ခဲ့ရာ ပြင်းထန်သော မုန်တိုင်းဒဏ်များကို ရက်သတ္တ ငါးပတ်ကျော်မျှ ခံစားကြရပေသည်။ ထို့နောက် လှိုင်းလေငြိမ်သက်သော ရေပြင်ကျယ်ကြီးအတွင်း ရောက်ကြရပေသည်။ ထိုရေပြင်ကျယ်ကြီးကို မဂျယ်လန်က ''ပစိဖိတ်''ဟု အမည်ပေးလိုက်၏။

ထို့နောက် ၉၆ ရက်လုံးလုံး ကမ်းမမြင်လမ်းမမြင်ဖြင့် ရွက်လွှင့်ခဲ့ကြရသည်။ အစာရေစာလည်း ပြတ်လပ်လာပြီဖြစ်သဖြင့် သင်္ဘောသားအချို့မှာ ဖျားနာ သေဆုံးကုန်ကြ၏။ ထိုသို့ ဒုက္ခခံပြီးနောက် ဖိလိပိုင်ကျွန်းစုသို့ ရောက်ရှိကြ၏။

ထိုမှတဆင့် ကျွန်းတကျွန်းသို့ ရောက်ရှိသောအခါ ကျွန်းသား လူရိုင်းများ၏ တိုက်ခိုက်မှုကြောင့် မဂျယ်လန်နှင့် သင်္ဘောသား များစွာမှာ ကျဆုံးကြရလေသည်။ သင်္ဘောနှစ်စင်းနှင့် လူအနည်းငယ်သာလျှင် ရန်သူ့လက်မှ လွတ်မြောက်ပြီး ခရီးဆက်ခဲ့ကြရ၏။ နောက်ဆုံးတွင် ''ဗိတိုရိယ'' အမည်ရှိ သင်္ဘောတစင်းသာလျှင် စပိန်ပြည်သို့ ပြန်လည်ရောက်ရှိခဲ့လေသည်။



မဂျယ်လန်၏ ကမ္ဘာ တပတ်ရေကြောင်း ခရီးသည် သုံးနှစ်ခန့် ကြာခဲ့၏။ မဂျယ်လန် အသက် သေဆုံးရသော်လည်း သူ၏ သင်္ဘောကား ကမ္ဘာကြီးကို တပတ် ပြည့်အောင် ပတ်နိုင်ခဲ့လေသည်။


အင်းငွေရပေါက်ကြံအုံးမှဘဲ
တခါတုန်းက ရွာတရွာသို့ လူလိမ်တယောက် ရောက်ရှိလာသည်။
ဟုတ်ပြီ ဒီအကြံ ကောင်းတယ်
ယင်းသို့ စဥ်းစား ရင်း
ဒီနွားဟာ ငါ့အတွက် ငွေရပေါက်ဘဲ
ဟိုမက်တော်အုပ်ထဲမှ ကျည်းပင် အောက်မှာသွား ချည်ထားမယ်
ကဲ..ဒီမျိုးထဲမှာ နေနှင့်အုံး မင်းကြောင့် ငါငွေရမှာမို့ ကျေးဇူးတင်တယ်ကွာ
ပန္တသည်းပျောက်၊ လူပျောက်၊ ကျွဲ နွား ပျောက်ဟောတယ်
လူလိမ်သည် ရွာထဲသို့ပြန်သွားပြီး ....



အင်း-ငါ့ နွားကိုလိုက်ရှာတာလဲ ဘယ်မှာမှလဲ မတွေ့ဘူး-မောလိုက်တာ
ထိုအချိန်တွင် ဦးမှတ်ကြီး၏နွားမှာ ပျောက်ဆုံးနေလေသည်။
မေဒင်မေးကြမလား၊ ကျွဲ နွား ပျောက်အမှန် ဟောတယ်
ဟန်ကျပြီ-ငါ့ နွား ပျောက်တာ မေဒင်မေးမှဘဲ
ဟို့-မေဒင်ဆရာ ဒီကိုလာပါအုန်း
ကဲ-ကျုပ်နွားပျောက်လို့ တွက်ကြည့်စမ်း ဗျာ
ဟုတ်ကဲ့
ခင်ဗျားနွားက ဘာရောင်လဲ
အနီရောင်မှာ အနက်ကွက်ဗျ
ခင်ဗျားနွား ဖိုဖက် တောအုပ်ထဲကမန်ကျည်း ပင်အောက်မှာရှိတယ် သွားရှာဗျ
တကယ်ရှိမှာလား
ရှိပါတယ် မမှန်တာ မဟောဘူး
ကဲ-မယုံယင်ကျုပ် ကိုယ်တိုင် လိုက်ယူပေးမယ်ပြီးတော့ မေဒင်ဟောခ ပေးဘို့ မမေ့ နဲ့အုံး- ကဲ သွားကြမယ်


ဟင်-ငါဝှက်ထားတဲ့ နွားမရှိတော့ပါလား
ဗျို့-ဦးမှတ်ကြီး-ဒီမန်ကျည်းပင် အောက်ဘာလာလုပ်တာလဲ
တောအုပ်အတွင်းသို့ ရောက်ကြလျှင် –
မန်ကျည်းပင်ပေါ်မှ ကိုဖြူသီး ဆင်းလာပြီး –
ကျုပ်နွားပျောက်တာ ဒီမေဒင်ဆရာကဒီမှာ နွားရှိတယ် ဟောလို့ဗျ
သူကမေဒင်ဆရာ မဟုတ်ဘူး နွားသူခိုးဗျ
ကျုပ်နွားခိုးတာ သူလား
ဟုတ်တယ်ခင်ဗျား နွားကိုဒီမှာလာချည် ထားတာသူဗျ
မေဒင်ဆရာယောင် ဆောင်ပြီး ငွေလိမ်နေတာ
ခင်ဗျားနွားမှန်း သိလို့ နွားကိုကြိုး ဖြေပြီး လွှတ်လိုက် တယ်၊ အခုဆိုခင်ဗျား နွားအိမ်မှာရောက် နေရောပေါ့
ကဲ-လိမ်စားချင်တဲ့ နွားသူခိုး ရဲစခန်းကို လိုက်ခဲ့ပေတော့
ပြီး


# မြွေများ အဘယ်ကြောင့် အရေလဲသနည်း

မြွေသည် ကြီးထွားလာသည်နှင့်အမျှ ယင်း၏အရေမှာ ကိုယ်ထည်တွင် ပို၍ကျပ်လာတော့သည်။ တချိန်တည်းတွင် အရေဟောင်း၏ အောက်မှ အရေသစ် ဖြစ်ပေါ်လာသည်။ ထိုအခါ အရေဟောင်းကို ချွတ်ပစ်ရန် အချိန်စေ့လာပြီး မြွေသည် ယင်း၏ ဦးခေါင်းကို ကျောက်တုံးကဲ့သို့ ကြမ်းတမ်းသော အရာနှင့် ပွတ်တိုက်လေတော့သည်။ မေးရိုးရှိ အရေမှာ စ၍ ကွာထွက်ပြီး နောက်ဖက်သို့ လန်သွားသည်။ ဤသို့ဖြင့် မြွေသည် အရေဟောင်း အတွင်းမှ ရုန်းထွက် လေ သည်။ ကျွန်ုပ်တို့သည်ခြေထောက်မှ ခြေအိတ်ကို ချွတ်သည့်အခါတွင် ခြေအိတ် ပြောင်းပြန် လန်သွားသကဲ့သို့ မြွေအရေဟောင်းသည်လည်း ပြောင်းပြန်လန်၍ ကျွတ်ထွက်သွားလေသည်။



မြွေများသည် တနှစ်လျှင် သုံးလေးကြိမ် အရေလဲလေ့ ရှိသည်။ အရေလဲသည်နှင့် အမျှ မြွေ၏ ကိုယ်ထည်သည်လည်း ကြီးထွားလာလေသည်။ ကြီးထွားမြန်သော မြွေငယ်များက မြွေကြီးများထက် အရေလဲနှုန်း ပိုများလေသည်။

ကြယ်ဖြူ



# ဆီးပင်လယ်ပွဲ

စန္ဒာမြင့်



တခါက ဆီးပင်ကြီး တပင်ပေါ်တွင် ဆီးသီးကလေးနှစ်လုံးရှိလေသည်။ တဦးနှင့်တဦး အလွန် ချစ်ကြသည်။ တလုံးမှာ ငယ်စဉ်က လေပြင်း ဒဏ်ကြောင့် ထိခိုက် ဒဏ်ရာ ရခဲ့သဖြင့် အမာရွတ် ကလေးနှင့် ဖြစ်နေသည်။ သူ့ကို သူ့အဖော် ဆီးသီးကလေးက ချစ်စနိုးဖြင့် “ကိုရုပ်ဆိုး” ဟု ခေါ်သည်။

“သူငယ်ချင်းမင်းလဲ တနေ့ အခြား ဝင်းလို့ ဝါလို့ လှလာ [illegible]ဘာ။ ဒီလို လှလာလေ မင်းနဲ့ငါ ခွဲရမဲ့အချိန်ဟာ နီးလာလေဘဲ”

ကိုရုပ်ဆိုးလေးက သူ့အဖော်ကို ပြောသည်။

“မင်းလဲ ငါ့လိုပါဘဲကွာ၊ ခုဆို မင်းရဲ့အမာရွတ်ကြီးတောင် တဖြည်းဖြည်း ပျောက်လာပြီ”

“ငါတော့ ဒီအပင်ကြီးက ခွာယင် ဝေးဝေးလံလံနေရာကို ရောက်အောင် သွားမယ်။ နေပူကွင်းကြီးထဲမှာ အပင်ပေါက်မယ်။ ဒါမှ လူတွေကို အရိပ်ပေးပြီး ငါ့အသီးလဲ ကျွေးနိုင်မယ်”

ကိုရုပ်ဆိုးလေးက ပြောသည်။

“မင်းနှုယ်ကွာ အပင်ပန်းခံလို့၊ ငါတော့ မစွန့်စားချင်ဘူး”

သို့ဖြင့် ပင်မကြီးမှ စွန့်ခွာရမည့်နေ့သို့ ရောက်လာသည်။ ယင်းဆီးပင်အောက်သို့ တောမှ မြို့သို့ နေ့စဉ် ဟင်းရွက် လာရောင်းသော မိန်းမကြီး တယောက် ရောက်လာသည်။

“သွားပြီ သူငယ်ချင်းရေ” ကိုရုပ်ဆိုးလေးသည် ဟင်းရွက်သည်မကြီး၏တောင်းထဲသို့ ခုန်ချလိုက်သည်။

မကြာမီ အဖော် ဆီးသီးကလေးလည်း အပင်ပေါ်မှ ခုန်ချလိုက်သည်။ ထို့နောက် ဝေ့တိုက် လိုက် သော လေပြင်း၏ အကူအညီဖြင့် တဖက် ဥယျာဉ်ခြံထဲသို့ လိမ့်ဝင်သွားသည်။

နေရာမှာ လယ်ကွင်းပြင်ထဲမှ ကန်သင်းရိုး တခု ပေါ်တွင်ဖြစ်၏။ ဈေးသည် မိန်းမကြီးသည် ကန်သင်းရိုးပေါ်တွင် ထိုင်၍ တောင်းထဲ၌ ထည့်လာသော မီးခြစ်နှင့်ဆေးလိပ်တိုကို လက်ဖြင့် စမ်းသည်။

“ဟယ်- ဆီးသီးကလေး တလုံးပါလား”

ဈေးသည် မိန်းမကြီးသည် ဆီးသီးကလေးကို ကောက်ကာ စားလိုက်၏။ ထို့နောက် အစေ့ကို လယ်ကန်သင်း ပေါ်တွင် ပစ်သွား လေသည်။ မိုးဦး ကျသောအခါ အပင်ကလေးပေါက်လာသည်။

“အတော်ဘဲဟေ့၊ လယ်ထဲမှာ နားစရာ အရိပ်ရအောင် ပျိုးထောင်ထားအုံးမှ”

လယ်သမားကြီးက ဆီးပင်ငယ်ကို အကာအရံ လုပ်ပေးထားလိုက်သည်။

တဖြည်းဖြည်း နှစ်တွေကြာလာသော် ဆီးပင်ငယ်မှာ အခက်အလက် တွေ ဝေဆာလာသည်။ နွားကျောင်းသားတိုင်း၊

လယ် သမားတိုင်း ပင် နေ့ပူ တွင် နားခိုရန် သူ့အရိပ်သို့လာ တတ်ကြသည်။ ဆီးပင်က သူတို့ ကို အရိပ်လည်း ပေးသည်၊ အ မောအပန်းပြေအောင် ဆီးသီး ကိုလည်း ကျွေးမွေးသည်။

ဆီးပင်သည် သူ့ဘဝ သူ့နေ ရာကို ပျော်နေသည်။ သို့သော် သူ့သူငယ်ချင်းဟောင်း ဆီးသီး ကလေး အကြောင်းကို မေ့မိ သဖြင့်သူ့ဆီသို့လာရောက်သော ကျေးငှက် များကို မကြာခဏ မေးကြည့်တတ်သည်။

တနေ့တွင် သူ့ဆီသို့ သာလိ ကာကြီးတကောင် ရောက်လာ သည်။

"ဒီမှာ သာလိကာကြီး၊ ကျုပ်သူငယ်ချင်း ဆီးသီးလေး အကြောင်းများ မကြားမိဘူး လားဗျာ"

"ဟာ - ဟုတ်ပါ့၊ ကျုပ်ကို ခင်ဗျားလိုဘဲ ဆီးပင် တပင်က မေ့တောင်းမေးတယ်။ သူ့ သူငယ် ချင်း အကြောင်း သိလားတဲ့။ နာမယ်ကရုပ်ဆိုးလို့ခေါ် သတဲ့"

"ဟာ - ဒီလိုဆို ခင်ဗျားသိ တယ် ပေါ့၊ ပြောစမ်း ပါဗျာ မြန်မြန်"

"သူလဲ အရွယ် ရောက်လို့ သီးပွင့်နေပြီ။ သူ့ အရင်နေခဲ့တဲ့ ဆီးပင်ကြီးနားက ဥယျာဉ်ထဲ မှာ။ ဒါပေမယ့် သူက ခင်ဗျား လို သန့်သန့်စွမ်းစွမ်းမရှိလှဘူး။ ဥယျာဉ်ထဲမှာ လောင်းရိပ်မိပြီး ပိန်ရှည်ရှည်နဲ့ ချုချုချာချာ ဘဲ။ သူက ပြောတယ်၊ ဆင်းရဲရဲနဲ့ အင်မတန် မျက်နှာ ငယ်ပါတယ်တဲ့။ ဥယျာဉ်မှူးက သူ့ထက်သာတဲ့ သရက်ပင်၊ ပိန္နဲ ပင်တွေကိုဘဲ ယုယပြီး မျက်နှာ သာပေးသတဲ့"

"ဖြစ်မှ ဖြစ်ရလေဗျာ"

"ခင်ဗျားသတင်းတော့ သူ ကြားပါတယ်။ တောသူ တော သား အားလုံးရဲ့ အချစ်တော် ဖြစ်ပြီး အယုအယခံလို့၊ ခင်ဗျား ကို ဂုဏ်ပြုတဲ့အနေနဲ့ လယ်ပွဲကို တောင် 'ဆီးပင်လယ်ပွဲ' လို့ မှည့် ထားကြတာသိရတော့ ခင်ဗျား အတွက် သူ ဂုဏ်ယူပါတယ်တဲ့"

"ကျုပ်လဲသူ့ကိုအမြဲသတိရ တဲ့အကြောင်းပြောပေးပါဗျာ"

များမကြာမီ တနေ့တွင် -

"ရှင့် သူငယ်ချင်း တော့ သွားရှာပြီ။ ဥယျာဉ်မှူးက ရှုပ် တယ်ဆိုပြီး အရင်းကနေ ခုတ် လှဲပစ်လိုက်ပြီ"

ဆီးပင်တွင် နားလာသော ဗုတ်ကလုံမကလေးတကောင်က ပြောပြသည်။ ဆီးပင်မှာ သူ့ သူငယ် ချင်း အ တွက် စိတ် မ ကောင်းရှာပေ။

ထိုစဉ် နွားကျောင်းသား တစု ဆီးပင်အောက်သို့ ရောက် လာ၏။ သူတို့သည် ဆီးပင်ရိပ် တွင် အနားယူရင်း သီချင်းဆို သူကဆို၍ ပလွေမှုတ်သူက မှုတ် နေကြသည်။

ဆီးပင်သည် နွားကျောင်း သားတို့၏ သီချင်းသံနှင့် ပလွေ သံကို နားထောင်ရင်း ကျေနပ် နှစ်သိမ့်၍ နေလေသတည်း။

## နာတာလေး ပွဲတော်

ဒေါင်ဒေါင်ဒင် ဒေါင်ဒေါင်ဒင်၊
ခေါင်းလောင်းသံချိုလွင်။

ဓမ္မဘုရင့်ရဲ့ မွေးနေ့ထူး၊
ပွဲတော်နာတာလေး။


မြို့ကြီးကြီး ပျော်ရွှင်စွာ၊
[illegible]

ဒီဇင်ဘာလ နှစ်ဆယ့်ငါး၊
[illegible]

လူသားတို့အား ဝေမျှလျက်၊
ကြင်နာ [illegible]

[illegible]
[illegible]

[illegible] ကြည်မာ



R. 517

# မယ်ဇလီပွင့်



အကိုင်းဖျား၊ ရွက်လက်၏ အရင်းမှနေ၍ မယ်ဇလီ ပန်းခိုင်များသည် ခပ်ထောင်ထောင် ထွက်သည်။ ပန်းခိုင် တခိုင်တွင် အဖူးလုံးကလေး အများအပြား ပါရှိ၍ အဖူးသည် အပွင့်ထက် ပိုများသည်။ ဝါစိမ်းစိမ်း အဖူးများသည် ပွင့်လာသောအခါ အဝါရောင်ပွင့်ချပ် ငါးခု ပါရှိသည်။ ပွင့်ချပ် သုံးခုက အတန်ငယ်ကြီး၍ နှစ်ခုက သေးသည်။ ပွင့်ချပ် တခုနှင့်တခု ထိကပ်မနေချေ။ ဝတ်ဆံများသည် တပိုင်းက အညို၊ တပိုင်းက စိမ်းနုရောင်။ အပွင့်များသည် ကြာရှည်မခံချေ။

မယ်ဇလီသည် အပင်အလတ်စားမျိုး ဖြစ်၍ အထက်အောက် မြန်မာနိုင်ငံ သစ်တောများ၌ အများအပြား ပေါက်ရောက်သည်။ အမြဲစိမ်း အပင်မျိုး ဖြစ်၍ အရိပ်လည်း ကောင်းသည်။ အရွက်များသည် အရင်း အဖျား ဝိုင်းသည်။ ရွက်ပေါင်း ဖြစ်၍ ရွက်လက်တခုသည် ၆–၁၂ လက်မအထိ ရှည်သည်။ အသီးတောင့်များသည် ပြား၍ ခြောက် လက်မခန့် ရှည်သည်။ ဖူးပွင့်နေသော ပန်းခိုင်တွင် အသီးတောင့် စိမ်းစိမ်းများလည်း ရှိတတ်လေသည်။



## ခိုင်ပန်းစုံ

မယ်ဇလီ အဖြူအနီ ဟူ၍ နှစ်မျိုးရှိသည်။ နှစ်မျိုးလုံး၏ အဖူးနှင့် ရွက်နုတို့ကို စားသုံးကြရာ အနီမျိုး၏ အဖူးအရွက်တို့သည် အရသာ ခါးသက်သက်ရှိသည်။ တန်ဆောင်တိုင် ပွဲတော်နှင့် မယ်ဇလီ ဖူးပွင့်ချိန်သည် ဆက်စပ်မှုရှိသည်။ တန်ဆောင်မုန်း လပြည့်ချိန်တွင် ကြတ္တိကာ နက္ခတ်နှင့် စန်းယှဉ်သည်။ ထိုအချိန်၌ မယ်ဇလီဖူးတို့၌ ဆေးပေါင်းခသည်။ ထိုအချိန်တွင် ဆွတ်ခူးသော မယ်ဇလီဖူးကိုစားလျှင် အနာရောဂါ ကင်းဝေးသည်ဟု မြန်မာရိုးရာ ယုံကြည်မှုရှိသည်။ ထို့ကြောင့် ထိုလပြည့်နေ့ ညတွင် မယ်ဇလီဖူးများကို ဆွတ်ခူးပြီးလျှင် ပြုတ်၍ သုပ်စားကြလေသည်။


ဟင်္သာတင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၁၁၂၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


# ရွှေသွေး
ဂျာနယ်

## ပေါင်းချုပ်











အတွဲ ၃ အမှတ် ၂၇ မှအတွဲ ၃ အမှတ် ၅၂ ထိ

Read more Shwe Thway Journals at




➜ Click below link ➜

https://www.facebook.com/shwethwayjournal/